# နုနုရည်အင်းဝ

# အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဗောတံတား



ဒုတိယအကြိမ်

# အမှတ်မရှိလမ်းမရှိကီလီဗောတံတား

နုနုရည်(အင်းဝ)

## အပိုင်း ၁

စက်ဝိုင်း....အခုရောက်နေတာ ထောင်...တဲ့ ။ ထောင် ... ။ ထောင် ။ ထောင်ဆိုတာဟာ ခိုင်ခံ့လုံခြုံတဲ့ တိုက်ခန်းကြီးတစ်ခန်းပါပဲ။
ကြောက်စရာကောင်းတဲ့ ဆူပူကြိမ်းမောင်းသံတွေသာ မရှိဘူးဆိုရင် ၊ ညစ်ပတ်နံစော်နေတဲ့ အနံ့အသက်တွေသာ မရှိဘူးဆိုရင် ၊ တရွရွကိုက်တတ်တဲ့ ကြမ်းပိုးတွေခြင်တွေသာ မရှိဘူးဆိုရင် ၊ နိုင်လွန်ပလုံး ဆိုတဲ့ ရေလုံပြုတ်ဟင်းချို လုံးတီးနီတာရဲထမင်းကိုလည်း စားမနေရဘူး ဆိုရင် သည်တိုက်ခန်းကြီးဟာ ဘယ်လောက်နေလို့ကောင်းလိုက်မလဲ ။
" စက်ဝိုင်း " စွန့်ခွါခဲ့တဲ့ အမေသိန်းနဲ့ ဦးလေးကြည်တို့ရဲ့ ငမိုးရိပ်ချောင်းဘေးက တဲအိမ်လေးထက်လည်း သာမှာပဲ ၊ ခုလတ်တလော စက်ဝိုင်းနေတဲ့ ရုပ်ရှင်ရုံရှေ့က ကြယ်မြင်လမြင် ပလက်ဖောင်းအိမ်ထက်လည်း သာမှာပဲ ။ ဒါကြောင့်မို့မျာ အမေသိန်းက ထမင်းချက်စရာမရှိတဲ့ အခါမျိုးတွေမှာ အရက်မူးနေတဲ့ ဦးလေးသိန်းကို " ရှင့် သတ်ပြီး ကျုပ်ထောင်ထဲသွားနေမယ် " လို့ ခဏခဏ ပြောတာများလား ။
တစ်ခန်းလုံးဆူညံနေတဲ့ အသက်ရှုသံ ပြင်းပြင်းတွေ ကြားထဲမှာ အိပ်မပျော်တဲ့ မျက်လုံးတွေကို ကြိုးစားမှိတ်ရင်း စက်ဝိုင်း ဟိုဘက်ကိုအသာလွန့်လိုက်တယ် ။ ဖျတ်ဆို ဟိုဘက်က အမေစိန်ရဲ့ ခန္ဓာကိုယ်ဝဝကြီး တွန့်ခနဲဖြစ်သွားပြီး စက်ဝိုင်းလက်ကို လာဆိတ်တယ် ။ အိပ်စမ်းဆိုတဲ့ သဘော ။ တော်တော်ပါးတဲ့ အမေစိန်ပါလား ။ သည်လောက်အိပ်မောကျနေတဲ့ကြားက ထိမိရုံလေးနဲ့ ဖျတ်ဆိုသတိနဲ့ နိုးလာတဲ့ အကျင့်ဟာ အမေစိန် ပြောသလို ပလက်ဖောင်းကို အိပ်ရာလုပ်ရင်းက ရလာတဲ့အကျင့် ထင်ပါရဲ့။ စက်ဝိုင်း အသာငြိမ်နေရင်း အသက်ရှူမှန်မှန်နဲ့ အိပ်ချင်ယောင်ဆောင်ပြလိုက်တယ် ။ ခဏလေးအတွင်းမှာပဲ အမေစိန်ဟောက်သံ ပြန်ပေါ်လာတာပါပဲ ။
စက်ဝိုင်းရယ်ချင်သွားမိတယ် ။ အမေစိန်ဟာ ကြောက်စရာကောင်းပေမယ့် ရယ်စရာလည်း ကောင်းတာပဲ ။ အမေစိန်နဲ့သိတာ ဒီညနဲ့ပါဆို နှစ်ညပဲရှိပေမယ့် စက်ဝိုင်းသိပါတယ် ။ မျက်နှာ အမူအရာနဲ့ ပါးစပ်က ကြမ်းတမ်းဆဲဆိုတတ်ပြီး ၊ ညအိပ်ခါနီး ပလက်ဖောင်းပေါ်မှာ သီချင်းတစ်ပုဒ် ဆိုတတ်တဲ့ မိန်းမကြီးတစ်ယောက်ဟာ ကြောက်စရာကောင်းသလို ရယ်စရာလည်း မကောင်းဘူးလား ။
အင်း... အမေစိန် လိုပါပဲလေ ။ စက်ဝိုင်းအဖြစ်က ကြောက်စရာလည်းကောင်းသလို ရယ်စရာလည်း ကောင်းရဲ့။ တစ်မြန်နေ့ညကဆို စက်ဝိုင်း ငမိုးရိပ်ချောင်းဘေးက ကလေးသေးနံ့တွေ နံစော်တဲ့ အခန်းကျဉ်းလေးထဲမှာ ၊ မနေ့ညကကျ ရန်ကုန်မြို့လယ်ခေါင် ရုပ်ရှင်ရုံဘေးက ဓါတ်ဆီနံ့ ၊ ကတ္တရာနံ့တွေ မွှေးပျံ့နေတဲ့ ပလက်ဖောင်းပေါ်မှာ ။ ဟော... သည်နေ့ညကျတော့ မိလ္လာစော်နံ့တွေ စူးရှနေတဲ့ မိလ္လာချောင်

ထောင်ထဲမှာ ..... တိတိကျကျဆိုရင် မနေ့ညက ပလက်ဖေါင်းပေါ်မှာ ညတစ်ဝက် ၊ အချုပ်ထဲမှာ ညတစ်ဝက်ပေါ့ ။
ဒါတွေအတွက် စက်ဝိုင်း ဝမ်းမနည်းတဲ့ အပြင် စိတ်ဝင်စားလို့တောင်နေမိသေးတယ် ။
အပြောင်းအလဲအတွက် စွန့်စားထွက်ပြေးလာတဲ့ စက်ဝိုင်းပဲ ။ ဘယ်မှာမွေးမှန်းမသိတဲ့ စက်ဝိုင်း အမေသိန်းတို့လက်ထဲ ရောက်ကတည်းက အပျိုသာဖြစ်ကရော ငမိုးရိပ်ချောင်းဘေးကနေ ရန်ကုန်မြို့ထဲ တစ်ခေါက်တစ်လေမှ မရောက်ဖူးခဲ့တာ ။ ရန်ကုန်မြို့လယ်ခေါင်ဟာ စက်ဝိုင်းအတွက် တကယ့်ကို ရင်ခုန်ထိတ်လန့်စရာ အပြောင်းအလဲကြီးပဲ ။
အို... ရင်ခုန်တာကတော့ မပြောနဲ့ ။ မြို့လယ်ခေါင်ရောက်မှ မဟုတ်ဘူးရယ် ၊ ငမိုးရိပ်ချောင်းကိုဖြတ်ပြီး " ရန်ကုန်ကို ... ရန်ကုန်ကို " ဆိုတဲ့ ဘတ်စ်ကားပေါ်တက်လိုက်ကတည်းက ရင်တွေ တဒိုင်းဒိုင်းခုန်တော့တာ ။ ကားပေါ်ရောက်ရောက်ချင်းပဲ မိန်းမဖော်ရှိတဲ့ ထိုင်ခုံမှာ ကပျာကရာ ဝင်ထိုင်ချလိုက်တဲ့အထိ စက်ဝိုင်းရင်တွေက တုန်နေတုန်းပဲ ။ လှလှပပဖြီးလိမ်းခြယ်သထားတဲ့ ဘေးကမိန်းမ ဟိုဘက်တိုးထိုင်လိုက်တာကိုလည်း စက်ဝိုင်းမသိဘူး ။ ကိုယ့်ဟာကိုယ် ဣန္ဒြေရအောင် မျက်နှာထား ထားရင်း လက်ထဲက ကျပ်တန်တစ်ရွက်ကို အားကိုးရာတစ်ခုလို ဆုပ်ထားမိတယ် ။
သည်ကျပ်တန်တစ်ရွက်က အမေသိန်းရဲ့နောက်ဆုံးလက်ကျန်ပိုက်ဆံနဲ့ တူပါရဲ့.. ။ ဖျာအောက်က စက္ကူအိတ်လေးတွေကြားမှာ စက်ဝိုင်းမနည်းရှာရတာ ။ အမေသိန်းမှာ မရှိမှန်းသိပေမယ့် ဖျာအောက်မှာ အနည်းဆုံး ငါးကျပ်တန်လေးတစ်ရွက်တော့ ထွက်စမ်းပါတော် ဆုတောင်းလိုက်ရတာ ။ အလကားပဲ ။ ကျပ်တန်တစ်ရွက် ထွက်လာတာတောင် ကံကောင်း ။
တွီခနဲ ခရာမှုတ်သံနဲ့အတူ ကားစက်နှိုးသံကြားတော့ ငြိမ်မလိုလိုဖြစ်နေတဲ့ရင် သိမ့်ခနဲ ဖြစ်သွားတယ် ။ ကားထွက်တော့မယ် ... သည်ကားကြီးက ရန်ကုန်ထဲကို ရောက်သွားလိမ့်မယ် ။ ရန်ကုန်ထဲရောက်ရင် ၊ ဆင်းပြီး စက်ဝိုင်း ဘယ်သွားမလဲ.... ။
" လက်မှတ် ယူရအောင်ခင်ဗျာ.... "
စက်ဝိုင်းတို့ခုံနား လာရပ်တဲ့ လက်မှတ်ရောင်းသမားကို စက်ဝိုင်းဘေးက မိန်းမက ငါးကျပ်တန် အသစ်ကလေး တစ်ရွက်လှမ်းပေးပြီး " တစ်ယောက် " တဲ့ ။ စက်ဝိုင်းလည်း ခပ်တည်တည်ပဲ ၊ လက်ထဲက ကျပ်တန်လေး လှမ်းပေးပြီး တိုးတိုးလေး " တစ်ယောက် " လို့ ပြောလိုက်တယ် ။
" အကြွေမပါဘူးလား အစ်မလေး "
စက်ဝိုင်းကို ပိုက်ဆံ အမ်းပေးရင်း လက်မှတ်ရောင်းသမားလေးက မိန်းကလေးကိုမေးတယ် ။ " ဟင့်အင်း " ဆိုပြီး ခပ်တည်တည် ခေါင်းခါပြတဲ့ မိန်းမကိုကြည့်ပြီး စက်ဝိုင်း သဘောကျနေမိတယ် ၊ အားကျနေမိတယ် ။ သူ့ပုံစံက ရဲရဲဝံ့ဝံ့ရှိလိုက်တာ ။

ဘေးဘီကိုလည်း ဟိုကြည့်သည်ကြည့် မလုပ်ဘူး ၊ ရှိုးတိုးရှန့်တန့်လည်း မဖြစ်ဘူး... ။ သူ့လည်ပင်းက ဆွဲကြိုးရယ် ၊ လက်က နာရီရယ် ၊ လက်ကောက်ရယ် ၊ သူဝတ်ထားတဲ့ အဝတ်အစားတွေရယ်ကို ကြည့်ပြီး စက်ဝိုင်း ကိုယ့်ကိုကိုယ် ငုံကြည့်မိပြန်တယ် ။ အမေသိန်း အင်္ကျီခါးရှည်ရှည်ကို ဆွဲချမိပြန်တယ် ။ အမေသိန်း အင်္ကျီက မဆိုးပါဘူး ။ သူ့ရဲ့တစ်ထည်တည်းသော အကောင်းစားအင်္ကျီ ၊ သိမ်းထားတာ ။ အမေသိန်းက ပိန်တော့ စက်ဝိုင်းကိုယ်လုံးနဲ့ဆို သိပ်မချောင်ဘူး ။ ထဘီကလည်း အရောင်လွင့်ပြယ်စပြုပေမယ့် နဂိုအရောင်က အဝါရောင် တောက်တောက်ဆိုတော့ ကြည့်ပျော်ရှုပျော် ရှိသေးတယ် ။ အမေသိန်းက သည်အင်္ကျီနဲ့ ထဘီကို ငမိုးရိပ်ချောင်း ဟိုဘက်ကမ်းကဈေးကို ငါးလေးဘာလေး သွားရောင်းမှ ဝတ်တာ ... ။ အမေသိန်း စက်ဝိုင်းကို ဘယ်လောက်စိတ်ဆိုးလိုက်မလဲ ။
" ဗဟိုဈေးပါတယ် ၊ ဗဟိုဈေး... "
ဘေးက မိန်းကလေးက ဆတ်ခနဲ ထရပ်ပြီး လူတွေကြားထဲ တိုးဆင်းတယ် ။ ကျောင်းဆရာမ သားအမိနှစ်ယောက် ၊ သမီးလေးက ငါးနှစ်ခြောက်နှစ်လောက်ပဲ ရှိဦးမှာ ။ ရည်မွန်နူးညံ့ပုံရတဲ့ အမေက သူ့ပေါင်ပေါ်က ကလေးလေးကို ကြင်ကြင်နာနာ ဖက်ထားလိုက်တာ ။
ရည်မွန်နူးညံ့တဲ့အမေ... ။ ဟုတ်တယ် ၊ သည်လိုအမေမျိုးဟာ စက်ဝိုင်း အင်မတန်လိုချင်တဲ့ အမေပေါ့... ။ နာကြည်းဝမ်းနည်းစိတ်ကြောင့် စက်ဝိုင်းရင်တွေ ကျင်ခနဲ နာရပြန်တယ် ။ အမေသိန်းက " နင့်အမေဟာ.. အဲလိုနူးနူးညံ့ညံ့ဆိုရင် နင့်ကို ထားခဲ့မလားဟဲ့ မိစက်ရဲ့ " တဲ့ ။ ချိုးချိုးဖွဲ့ဖွဲ့ ပြောရက်လိုက်တာ ။ စက်ဝိုင်အမေကို သူသိလို့လား ၊ သူမြင်ဖူးလို့လား ။ စက်ဝိုင်းအမေဟာ စက်ဝိုင်းကို ထားပစ်ခဲ့တာ တစ်ခုတည်းနဲ့ နူးညံ့တဲ့မိန်းမ မဖြစ်နိုင်တော့ဘူးတဲ့လား ... ။ စက်ဝိုင်းကို အမေသိန်းတို့ တွေ့ခဲ့တဲ့ပွဲဈေးတန်းမှာ အမေက စက်ဝိုင်းကို ထားခဲ့တာ မဟုတ်ပဲ သားအမိနှစ်ယောက် လူတွေညပ်ပြီး ကွဲသွားတာကော မဖြစ်နိုင်ဘူလား ... ။
ကားလမ်းချိုင့်ဝှမ်းတွေထဲ ဘတ်စ်ကားက ဒုန်းဒုန်းကျပြီး ဆောင့်တဲ့အရှိန်နဲ့ ခေါင်းကိုကားနံရံက လာဆောင့်တော့ ခေါင်းကဒဏ်ရာက နာလိုက်တဲ့အမျိုး ။ အမေသိန်းရိုက်တဲ့ ဒဏ်ရာလေ... ။ သည်ဒဏ်ရာကြောင့်လည်း အမေသိန်းဆီက မြန်မြန်ထွက်ပြေးမိတာ ထင်ပါရဲ့ ။ ကလေးတွေနဲ့ ဦးလေးကြည်က ခဏခဏ နှင်တာလဲ ပါတာပေါ့ ။ စက်ဝိုင်းမှာလည်း စိတ်ရှိတာပေါ့ ၊ လူပဲဥစ္စာ ... ။ သူတို့ရိုက်တာ ခိုင်းတာကျ မပြောဘူး ။ သူတို့ ကျွေးရတာမွေးရတာပဲ တစ်ချိန်လုံးပြောနေတာ ။ ပြောနေတာမှ ရင်ထဲမှာ တစစ်စစ်နာကျင်လာတဲ့ အထိပြောတာ... ။
ကျွေးကျေးဇူး မွေးကျေးဇူးဆိုတာကိုလည်း ညည်းခေါင်းထဲ မြဲမြဲမှတ်ထား မိဖုရားမ ။ ကျေးဇူးကို ခုတည်းက ကန်းချင်မနေနဲ့... ။ တို့မယ် မရှိတဲ့ကြားထဲက မွေးထားရတာ ။ ကိုယ့်သားနဲ့ကိုယ့်သမီးနဲ့မှ အနိုင်နိုင် လုပ်စားနေရတဲ့အထဲမှာ ပါးစပ်တစ်ပေါက်တိုးလာတဲ့ ကိစ္စ ။ ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ ။ ဘယ်လို မအေဖအေမျိုးလည်း မသိပါဘူးတော် ၊ အားတိုင်းယားတိုင်းမွေးပြီး ပစ်စလက်ခတ် ၊ ဟိုနားသည်နား ထားပစ်ခဲ့ကြ ။ ကံဆိုးသူမောင်ရှင်ခေါင်းကျ ပြီးရော.... ။

ကူဖော်လောင်ဘက်ကလေးမှ ရမယ်မကြံသေးဘူး ၊ တကတဲ အပျိုကလည်း ဖြစ်လွယ်လိုက်တာ ။ မတော်တရော် မဖြစ်အောင်ဟဲ့ဆိုပြီး ကြည့်ရှုရတဲ့ဒုက္ခက ပိုပြန်ရော ။ မိစက်ရယ်.... ညည်းအတွက်နဲ့ ငါစိတ်ဆင်းရဲပါတယ် ။

သည်လိုစကားတွေကို နေ့စဥ်နေ့တိုင်း နားထောင်ပြီးစားရတော့လည်း မဝရေစာ ။ သည်ကြားထဲမှာ အမေသိန်း နောက်ယောက်ျား ဦးလေးကြည်ရဲ့မူးရူးအော်ဟစ်သံတွေကို ခေါင်းငုံ့ခံရသေးတယ် ။ စက်ဝိုင်းရင်ထဲမှာ တစိမ့်စိမ့် ဝမ်းနည်းရင်း တမ်းတမိတာက ဘယ်မှာမှန်း မသိတဲ့ စက်ဝိုင်းအမေကိုပဲ ။ အမေဘယ်မှာလဲ ။ စက်ဝိုင်းကို ဘာဖြစ်လို့ထားခဲ့တာလည်း ။ သည်လောကကြီး တစ်နေရာမှာ အမေရှိနေသေးလား.... ။

စက်ဝိုင်းကို အမေသိန်းနဲ့ ဦးလေးကြည်က ပွဲဈေးတန်းတစ်ခုမှာ တွေ့ခဲ့တာ...တဲ့ ။ အမေသိန်းနဲ့ ဦးလေးကြည်က အဲသည်တုန်းက ပွဲဈေးတန်းမှာ ရာသီပေါ် အသီးအနှံလေးတွေ လိုက်ရောင်းကြတော့ သူတို့ဆိုင်နားကို နှစ်နှစ်သမီးလောက်ရှိမယ့် စက်ဝိုင်းက တအားအော်ငိုရင်း ရောက်လာခဲ့တာတဲ့ ။ အဲသည်အချိန်မှာ ဆိုင်နောက်က ဂုန်နီအိတ်ပေါ်မှာ အတုံးအရုံး အိပ်ပျော်နေတဲ့ အမေသိန်းကလေးက သုံးယောက် ။ အလျင် ယောက်ျားနဲ့ နှစ်ယောက် ၊ နောက်ယောက်ျား ဦးလေးကြည်နဲ့က တစ်ယောက် ။ ဆိုင်နားက လူတွေက စက်ဝိုင်းကို ဆွဲပြီး ကွဲသွားတဲ့ကလေးပဲ ၊ ကလေးမိဘပြန်လာရင် မြင်သာအောင် ဆိုင်က ခဏ ခေါ်ထားလိုက်ပါဆိုပြီး အမေသိန်းတို့ဆီမှာ အပ်ထားခဲ့တော့ လက်ခံထားရင်းတစ်ညသာကုန်လို့ မိုးသာလင်းသွားရော ၊ ရှိုက်ကြီးတငင်နဲ့ငိုနေတဲ့ကလေးလည်း မောပြီး အိပ်ပျော်သွားရော ၊ ကလေးမိဘကတော့ ပေါ်မလာတော့ဘူး ။

သည်မှာတင် အမေသိန်းတို့ ဒုက္ခဖြစ်ပြီး ဟိုလူ့လိုက်မေး သည်လူ့လိုက်မေးလုပ် ။ ပွဲဈေး နောက်တစ်ဈေးကလည်း ကူးရတော့မယ် ။ ဘယ်မှ လိုက်မေးမရတော့.... တစ်ခါ ဟိုလူ သည်လူ မွေးစားချင်တဲ့လူ လိုက်ပေးပြန်တော့လည်း မိန်းကလေးမို့ မယူချင်ကြဘူးတဲ့ ။ ဒါနဲ့ပဲ အမေသိန်းတို့ စက်ဝိုင်းကို မလွှဲသာ မရှောင်သာ မွေးစားခဲ့ရတာ ။ စက်ဝိုင်း ကံကလည်းဆိုးချင်တော့ အမေသိန်းမှာ ရှိနှင့်ပြီးသား ကလေးသုံးယောက်လုံးကလည်း မိန်းကလေးတွေချည်းပဲ ။

မွေးစားခါစကတော့ အမေသိန်းတို့ စက်ဝိုင်းကို နည်းနည်းတော့ ချစ်သေးတယ်ထင်ပါရဲ့ ။ သူ့သမီးတွေနဲ့ အင်္ကျီဆင်တူတွေဘာတွေချုပ်ပေးတာပဲ ကြည့်လေ ။ ဒါပေမယ့် အမေသိန်းက စက်ဝိုင်းကို ဘယ်တော့မှ " သမီး " လို့တော့ မခေါ်ဘူး ။ သူများထက် တမူထူးခြားစွာ ဝိုင်းစက်နေတဲ့မျက်နှာကို အစွဲပြုပြီး နာမည်တွင်သွားတဲ့ " စက်ဝိုင်း " ပဲခေါ်တယ် ။ " မိစက် " လို့ ခေါ်ချင်ခေါ်တယ် ။ တစ်ခါတလေ .... စက်ဝိုင်းရဲ့ အမေရင်းက ဘယ်လို နာမည်မျိုးလေးများပေးထားသလဲ ဆိုတာကို... သိပ်သိချင်တာပဲ ။ သည်လို နာမည်မျိုးကြီးကိုတော့ မပေးမှာ သေချာပါတယ် ။ ဟင်း.... ခုတော့ ... အကုန်လုံးက " စက်ဝိုင်း " တဲ့ ။ " ဒီနာမည်ကြီးကို ပြောင်းပေးပါ အမေသိန်းရယ် " လို့ တစ်ခါ ပြောမိပါတယ် ။ အမေသိန်းက " နင် လင်ရမှ နင့်လင်ပြောင်းခိုင်း " တဲ့ ။ တစ်ခွန်းတည်းနဲ့ မျက်ရည်ဝဲအောင် ပြောတတ်ပါပေ့ အမေသိန်းရယ် ။

တကယ်တော့.. အမေသိန်း သမီးတွေကသာ မိုက်တာပါ ။ စက်ဝိုင်းနဲ့ ရွယ်တူ ၊ အမေသိန်းသမီး နှစ်ယောက်စလုံး ငယ်ငယ်လေးတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ကျကုန်ကြတာပဲ ။ ပြီးတော့ ကလေးတိုးလို့တွဲလောင်းတွေနဲ့ လင်တွေနဲ့ အမေအိမ်ပြန်ရောက်လာကြတာပဲ ။ ဘာ အလုပ်အကိုင်မှ မည်မည်ရရ မရှိ ။ ဒါကိုပဲ အမေသိန်းက သူ့သမီးတွေ ပထွေး အရက်အိုးဒဏ်ကြောင့် သည်လိုဖြစ်ရတာတဲ့လေ ။ စက်ဝိုင်းကျတော့ အပျိုဖြစ်ရတာကိုပဲ အပြစ်တစ်ခုလို ပြောမဆုံးပေါင် တောသုံးတောင် ။ အို... မတရားပါဘူး ။ အမေသိန်းလုံးဝ မတရားပါဘူး ။ စက်ဝိုင်း အပေါ်မှာ နည်းနည်းလေးမှ သားစိတ်သမီးစိတ်မထားပါဘူး ။
အမေသိန်းရယ် ၊ ဦးလေးကြည်ရယ် ၊ အမေသိန်းသမီးတွေနဲ့ လင်တွေ အိမ်က အကုန်ထွက်ပြီး အလုပ်လုပ်ကြတော့ ကျန်တဲ့ ကလေးတွေ ဒုက္ခနဲ့ အိမ်မှုကိစ္စအားလုံး စက်ဝိုင်း ဒိုင်ခံလုပ်ပြီးကျန်ခဲ့ရတယ် ။ သူတို့တစ်တွေ အလုပ်လုပ်တယ်ဆိုတာ သူများတွေလို ဆိုင်တို့ ကန္တားတို့ရှိရာတို့ ။ ရုံးအလုပ်ရှိရာ တို့ကို သက်သောင့်သက်သာသွားကြရတာ မဟုတ်ဘူးဆိုတာ စက်ဝိုင်းလည်း သိသားပေါ့ ။ ရရာအလုပ် ၊ ကြုံရာအလုပ်ကို တွေ့ရာလုပ်ပြီး တစ်နေ့စာ ဖြေရှင်းဖို့ သွားကြရတာ ။ စက်ဝိုင်း နားလည်ပါတယ် ။ အိမ်ကနေ တတ်နိုင်သမျှ ထိန်းသိမ်းပြီး ချက်ပြုတ်ပါတယ် ။ အားတာနဲ့ ၊ အငယ်ကလေးတွေ အိပ်တာနဲ့ အကြီးကလေးတွေနဲ့ ငမိုးရိပ်ချောင်းထဲမှာ ငါးဖမ်းတယ် ၊ ပုဇွန်သဲ့တယ် ၊ အနားရှိတဲ့ အသီးအရွက် လိုက်ခူးတယ် ။ စက်ဝိုင်းလည်း တတ်နိုင်သမျှ ကြံဖန်တာပါပဲ ။
ဒါပေမယ့် စက်ဝိုင်းလုပ်သမျှ တစ်ကွက်မှ ကောင်းရာ မထင်ဘူး ။
အပြင်မှာ သူတို့ အဆင်မပြေသမျှတွေဟာ စက်ဝိုင်းကြောင့်လို့ချည်းများ သတ်မှတ်ထားသလား မသိပါဘူး .... ။ အားအားရှိ စက်ဝိုင်းကို ဆူဖို့ပဲ ၊ ရိုက်ဖို့ပဲ ၊ နှင်ဖို့ပဲ ။ ကြာတော့ စက်ဝိုင်းလည်း စိတ်နဲ့လူပဲ ၊ ပြန်ပြောပစ်တာ ပေါ့ ။ ပြန်ပြောတော့ အမေသိန်းက ရိုက်တယ် ။ ဦးလေးကြည်က မူးမူးနဲ့ တွေ့ကရာနဲ့ ထုတယ် ။ သည်ဒဏ်ကို စက်ဝိုင်း ဘယ်လောက်ကြာကြာ ခံရမှာလဲ ... ။ ဘယ်လောက်ကြာကြာ ခံနိုင်မှာလဲ ... ။ စက်ဝိုင်း လွတ်မြောက်ချင်တာပေါ့ ။ သည်နေရာက ဝေးချင်တာပေါ့ ။ ဒါပေမယ့်... စက်ဝိုင်း ဘယ်သူ့အားကိုးနဲ့ လွတ်ရာကျွတ်ရာ ပြေးနိုင်မှာတဲ့လဲ ။ တကယ်ပါ ၊ ယောကျ်ားယူပြီး လွတ်မြောက်ဖို့လမ်းကို ရှာဖို့လည်း စက်ဝိုင်း ယောင်လို့တောင်မစဉ်းစားရဲပါဘူး ။ စက်ဝိုင်းကို ရှုးနေတဲ့ ကောင်မလို့ ၊ အမေသိန်းနဲ့ သူ့သမီးတွေပြောတာ မှန်များ မှန်နေရော့လား ။ စက်ဝိုင်းဘယ်သူ့ကို အားကိုးတယ် မှတ်လဲ .... ။ အမေ့ကိုလေ ... အမေ့ကို ...။ ဘယ်ဆီမှာနေမှန်းမသိတဲ့ အမေ့ကို ။ စက်ဝိုင်း အမေ့ကို လိုက်ရှာချင်တယ် ၊ တွေ့ချင်တယ် ။ စက်ဝိုင်းကိုမြင်ရင် သွေးကပြောပြီး အမေ မှတ်မိမှာပါ ။
" မေမေ ... သမီးကို မွေးဦး "
" သမီးကလဲကွာ ... လူတွေ ကျပ်ရတဲ့ အထဲ... "

ငိုင်နေတဲ့ စက်ဝိုင်း ဆတ်ခနဲတုန်ပြီး ဘေးကို ငဲ့ကြည့်မိတယ် ။ ချွဲနွဲ့တတ်တဲ့ သမီးလေးအလိုကျ ၊ ဆရာမ အမေက လှည့်ပေးနေတဲ့ ပါးလေးကို နမ်းနေတယ် ... ။ ဘယ်လောက်ကြည်နူးဖို့ကောင်းတဲ့ မြင်ကွင်းလဲ ။ စက်ဝိုင်းကိုလည်း အမေက ငယ်ငယ်ကလေးမှာ သည်လို နမ်းခဲ့မှာပါပဲနော်... ။
စက်ဝိုင်း ကား အပြင်ဘက်ကို ပြန်ငေးနေလိုက်တယ် ။ အင်း ... သည်အချိန်ဆို အမေသိန်း ပြန်ရောက်ပြီလား ။ သူ သည်နေ့ စောစော ပြန်မရောက်ပါဘူး ။ ပြန်ရောက်တဲ့ အချိန်ကျလည်း ဘာဖြစ်လဲ ။ ဒေါသထွက်တော့ရော ဘာဖြစ်လဲ ၊ သူ စက်ဝိုင်းကို မနေ့ကလို မရိုက်နိုင်တော့ဘူးလေ ။ သည်နေ့ စက်ဝိုင်းက သူနဲ့ အဝေးကြီးနေရာမှာ ရောက်နေပြီ ။ စက်ဝိုင်း ရင်ထဲမှာ ကျေနပ်လို့လာတယ် ။ ပိုက်ဆံမပါတာ ၊ ဘယ်သွားရမှန်းမသိတာတွေ ခဏ ဘေးချိတ်ထားလိုက်စမ်းပါ ။ ခုလောလောဆယ်မှာ စက်ဝိုင်း ဘယ်လောက် လွတ်လပ်တုန်း ... ။
ကြည့်စမ်း.... လူတွေ ၊ လူတွေ.... ။ ဘတ်စ်ကား အပြင်ဘက်က လမ်းပေါ်မှာ ။
သည်လောက်များတဲ့လူတွေကို စက်ဝိုင်း တစ်ခါမှ မမြင်ဖူးပေါင် ။ သည်မျက်နှာပေါင်း များစွာတွေထဲမှာ စက်ဝိုင်းရဲ့ အမေ မပါနိုင်ဘူးလား..... ။
" ရုပ်ရှင်ရုံ... ရုပ်ရှင်ရုံ ၊ ဆူးလေ.. ဆင်းလို့ရတယ် "
ဟော... ရုပ်ရှင်ရုံ ၊ ဆူးလေတဲ့... ။ ဒါ.. ရန်ကုန်ထဲ ရောက်တာပဲ ။ ဆင်းမှ ၊ ဆင်းမှ ။ တော်ကြာ ကားဂိတ်ဆုံးနေလို့ မဆင်းသေးဘူးဆိုရင် စက်ဝိုင်းကို ကားမစီးဖူးမှန်း လူသိမယ် ။ ရုပ်ရှင်ရုံ ပလက်ဖောင်းပေါ်မှာ ရပ်မိတော့ ရင်တွေ တဒိတ်ဒိတ်ခုန်ချင်လာပြန်တယ် ။ ဘယ်သွားရမလဲ ။ ရုပ်ရှင်ရုံ ပိုစတာတွေကို စက်ဝိုင်းခဏ ငေးနေမိပြန်တယ် ။ အင်္ဂလိပ်စာတွေမို့ စက်ဝိုင်း ဘာမှ နားမလည်ပါဘူး ။ အင်း... သည်လိုဆိုရင် ဟိုဘက်ရုံတွေက ဗမာရုပ်ရှင်စာတွေတော့ နားလည်မှာပေါ့လို့ ထင်လိမ့်မယ် ။ ဟင့်အင်း.... စက်ဝိုင်း တစ်လုံးမှမသိ ၊ တစ်လုံးမှာ နားမလည် ။ စက်ဝိုင်းမှ စာမတတ်တာ ။ ရုပ်ရှင်ရုံရှေ့ကို ကားလေးတွေ တစ်စီးပြီးတစ်စီး ထိုးဆိုက်နေကြတယ် ။ အဲသည်ကားတွေပေါ်က ဆင်းလာတဲ့ မိန်းမဝဝကြီးတွေကို စက်ဝိုင်းလိုက်ကြည့်နေမိတယ် ။ အဲသည်ထဲက တစ်ယောက်ယောက်ဟာ အမေမဖြစ်နိုင်ဘူးလား ။ သူတို့ ကားပေါ်ကဆင်းရင်း စက်ဝိုင်းကို ဖျတ်ခနဲ လှမ်းကြည့်ရင် စက်ဝိုင်း ရင်တွေ ထိတ်လာတယ် ။ နောက်တစ်ခါများ ထပ်ကြည့်ပြီး စက်ဝိုင်းဆီ လာလေမလား ။ ဟုတ်များ ဟုတ်ခဲ့ရင်တော့ စက်ဝိုင်းကို ကားပေါ်တင်ပြီး ခေါ်သွားမှာပဲနော် ... ။ စက်ဝိုင်း သက်ပြင်းချမိရင်း လမ်းဘက်ကို တစ်ခါ ကြည့်မိပြန်တယ် ။ အေးလေ... အဲသည် မိန်းမကြီးတွေ မဟုတ်လည်း ဟို လမ်းပေါ်မှာ ဆွဲခြင်းလေးတွေနဲ့ သုတ်သီးသုတ်ပျာ သွားနေတဲ့ ဣန္ဒြေရရ ခပ်နွမ်းနွမ်း မိန်းမကြီးတွေထဲကဆိုလည်း ဘာဖြစ်တုန်း ။ အမေဟုတ်ဖို့ပဲ အရေးကြီးတာပါ ။
လမ်းပေါ်က မိန်းမကြီးတွေကို လိုက်ငေးရင်း
ကြာတော့ ခေါင်းနောက်စ ပြုလာတယ် ။ ဗိုက်ထဲမလည်း တလှပ်လှပ်ဖြစ်လာသလိုပဲ ။ ဧကန္တတော့ ဆာတာနဲ့တူရဲ့ ။ လက်ထဲက ပိုက်ဆံကို ခုမှ ဖြန့်ကြည့်မိတယ် ။ ဘတ်စ်ကားသမား အမ်းလိုက်တာ

ပြားခြောက်ဆယ် ။ တစ်ယောက်ကို ပြားလေးဆယ်ပဲကျတာပေါ့နော် ။ ဒါလောက်တော့
စက်ဝိုင်းတွက်တတ်ပါတယ် ။ အရွက်ကြီးကြီးတွေ ဆိုရင်တော့ သိပ်မတွက်တတ်တော့ဘူး ။ အမေသိန်းက "
အ , ရမလားဆိုပြီး ခဏခဏရိုက်တယ် ။ စက်ဝိုင်း ဘယ်လိုလုပ်တွက်တတ်မလဲ ။ ပိုက်ဆံအရွက်ကြီးဆိုတာ
တစ်ခါတလေမှ မြင်ဖူးတာ ။ စက်ဝိုင်းရဲ့အကြီးအကဲ အမေသိန်းတောင် အစိတ်တန်ဆိုတာ
အကြီးဆုံးမြင်ဖူးတဲ့ နောက်တော့ ဆယ်တန်လောက်ဆို စက်ဝိုင်း မတွက်တတ်တော့တာ အဆန်းလား ။
ပြားခြောက်ဆယ်နဲ့ ဘာစားရပါ့မလဲဆိုတဲ့ အတွေးနဲ့ စက်ဝိုင်း ရုပ်ရှင်ရုံအောက်ကို လျှောက်ကြည့်မိတယ် ။
အချဉ်ထုပ် ဆိုင်တွေကတော့ အများကြီးပဲ ။ တစ်ခါတလေမှ စားရတဲ့ အချဉ်ထုပ်ကို စက်ဝိုင်း
သိပ်ကြိုက်တယ် ။ ဒါပေမယ့် အချဉ်ထုပ်ထက်တော့ ဝတာ စားမှဖြစ်မယ် ။ ဟော ... ဟိုနားမှာ အထမ်းနဲ့
ငှက်ပျောသီးသည် ။ ကောင်းတယ် ၊ ငှက်ပျောသီး တစ်လုံး ဝယ်စားမယ် ။ ပိုတာနဲ့ အချဉ်ထုပ်ဝယ်မယ် ။
ဝင်းမှည့်နေတဲ့ သီးမွှေး ငှက်ပျောသီးကြီးကြီး တစ်လုံးကို စက်ဝိုင်းလက်ညှိုးထိုးရင်း " ဘယ်လောက်လဲ " လို့
မေးလိုက်တော့ ဈေးသည်လူကြီးက မော့ကြည့်တယ် ။

" အဲဒါ ပြားခုနှစ်ဆယ် ၊ ဒီဘက်က ငါးမူး ၊ ဟိုဘက်က အသေးလေးတွေက ပြားသုံးဆယ် "

ဘုရားရေ.... သီးမွှေးငှက်ပျောသီး အကြီးက ပြားခုနစ်ဆယ်တဲ့ ။ စက်ဝိုင်း မျက်နှာလွှဲလိုက်ပြီး
ပြားသုံးဆယ်တန် မည်းခြောက်ခြောက် တစ်လုံးကိုပဲ ယူလိုက်တယ် ။ တကယ့် သေးသေးလေး ။ စက်ဝိုင်း
တကယ်စားရင် ဆယ်လုံးတော့ ကုန်ချည်ရဲ့။

ငှက်ပျောသီးစားပြီး စက်ဝိုင်းကြိုက်တဲ့ အချဉ်ပေါင်း တစ်မတ်တန်တစ်ထုက်လောက်တော့
ဝယ်စားလိုက်ဦးမယ် ။ ရုပ်ရှင်ရုံအောက်က အချဉ်ထုပ်သည်ဆီမှာ အသေးဆုံး အချဉ်ထုပ်ကို လိုက်ရှာရင်း
သူ့ဗန်းထဲက စက္ကူရောင်စုံနဲ့ မုန့်တွေကို အံ့သြငေးမောမိတယ် ။

" ဘာယူမလို့လဲ "

ဈေးသည် မိန်းမလေးကမေးတော့မှ အသေးဆုံး အချဉ်ထုပ်ကိုဆွဲထုတ်ပြီး ပိုက်ဆံပေးလိုက်တယ် ။
စက်ဝိုင်းမှာ ရှိတဲ့ ဆယ်ပြားစေ့ သုံးစေ့ ။

" ငါးပြား လိုသေးတယ် ၊ တစ်ထုပ် သုံးဆယ့်ငါးပြား "

" ဟင်.... တစ်မတ်တန် မဟုတ်ဘူးလား "

"တစ်မတ်တန် မရှိတော့ဘူးလေ ။ အကုန်လုံး သုံးဆယ်ငါးပြားချည်းပဲ ၊ ဒီဘက်ဟာတွေဆို တစ်ကျပ် ၊
ငါးမတ် "

စက်ဝိုင်း အချဉ်ထုပ်ကို ဗန်းပေါ် ပြန်တင်လိုက်တယ် ။ ဈေးသည် မိန်းကလေးက ငါးပြားထပ်မပေးနိုင်တဲ့
စက်ဝိုင်းကို အထူးအဆန်းလို ကြည့်နေရင်းက...

" မရှိရင်လဲ ယူသွားလေ .... ရော့ "

စက်ဝိုင်းလှမ်းယူရင်း ခပ်ရှက်ရှက်နဲ့ စျေးသည်အစ်မကို ပြုံးပြလိုက်တယ် ။ ငါ့နှယ်နော်...
အချဉ်ထုပ်လေးတောင် အမြဲဝယ်မစားနိုင်ဘူးဆိုတာ သိသာလိုက်တာ ။ စက်ဝိုင်း လူတွေနဲ့ရောပြီး
ခပ်သုတ်သုတ် လျှောက်ရင်းကအချဉ်ထုပ်ကို တင်းတင်းဆုပ်ထားမိတယ် ။
ဟင်း... စက်ဝိုင်းဟာ သည်လိုမနေသေးပါဘူးလေ ၊ စက်ဝိုင်း ပိုက်ဆံတွေ အများကြီးရှိမှ တစ်ကျပ်တန်
အချဉ်ထုပ်တွေကို တစ်နေ့ ဆယ်ထုပ်လောက် စားပစ်လိုက်ဦးမယ် ။
ဟိုဘက်လမ်း တစ်ဘက်ကူးမယ့်သူတွေကြား ၊ စက်ဝိုင်းတိုးဝင်ပြီး ကြောက်ကြောက်နဲ့ သူတို့ကူးသလို
လမ်းကူးခဲ့တယ် ။ ပလက်ဖောင်းအတိုင်း ရှေ့တည့်တည့်ကို စက်ဝိုင်း လျှောက်ခဲ့တယ် ။ ဟင်...
ဒီဘက်မှာလည်း ရုပ်ရှင်ရုံတွေချည်းပဲ ။ လမ်းကူးလေးတွေကို လူတွေနဲ့ ရောကူးရင်း ရုပ်ရှင်ရုံတွေကို
စက်ဝိုင်း ရေလာခဲ့တယ် ။ တစ်ရုံ ၊ နှစ်ရုံ ၊ သုံးရုံ... ရုပ်ရှင်ရုံတွေကုန်တဲ့နား ရောက်တော့ စက်ဝိုင်း
ရပ်နေမိတယ် ။ သည်လမ်းကူးဖို့က အကျယ်ကြီးရယ် ။
စက်ဝိုင်း မကူးရဲဘူး ။ မောမောနဲ့ ရုပ်ရှင်ရုံထောင့်မှာ ထိုင်ချလိုက်ပြီး အချဉ်ထုပ်ကို ဖောက်လိုက်တယ် ။
ကြည့်ပါဦး... ။ စက်ဝိုင်းနဲ့ မျက်နှာချင်းဆိုင်က တိုက်ကြီးက နည်းတာကြီး မဟုတ်ဘူး ။ အဲသည်တိုက်နဲ့
ဟိုဘက်လမ်းကို တံတားအခုံးလေးနဲ့ ဆက်ထားတာ လှလိုက်တာ ။ ဟိုဘက်လမ်းမှာ မီးရထားတွေ
ရှိတာပဲ... ။ ဟောသည် လမ်းကျယ်ကိုသာ စက်ဝိုင်းကူးနိုင်ရင် အဲသည်တံတားလေးပေါ်မှာ
လျှောက်ပြီးသွားရ သိပ်ကောင်းမှာပဲ ။
ဆီးသီးကို အရသာရှိရှိမြုံ့ရင်း တိုက်ကြီးကို သေချာငေးကြည့်မိတော့ လူတွေဆင်းကြ ၊ တက်ကြတာ
မနည်းပါလား ... ။ အောက်မှာလည်း စျေးသည်တွေ အများကြီး ။ ဘာကြီးပါလိမ့် ။ တိုက်ကြီးပေါ်မှာ
ဆိုင်းဘုတ်တော့ရှိတယ် ။ ဘာမှန်းမှ စက်ဝိုင်းမသိတော့လည်း ခက်တယ် ။ လူတွေကတော့
တက်နေကြတာပဲ ။ လူတကာ တက်လို့ရတယ်ဆိုရင်တော့ စက်ဝိုင်းလည်း တက်ကြည့်ရရင်ကောင်းမယ် ။
" ဆီးသီးကျွေးစမ်းပါ ၊ ရှစ်... ရှစ် ... ဆီးသီးတစ်လုံးလောက် "
ဇိမ်နဲ့ထိုင်ပြီး အားရပါးရ ဆီးထုပ်မြုံ့နေတဲ့ စက်ဝိုင်း... ထခုန်မိမတတ် လန့်ဖျပ်သွားပြီး
နောက်လှည့်ကြည့်တော့ .... ရုပ်ရှင်ရုံလက်မှတ်ပေါက်နားမှာ ကောင်လေးတွေရယ် ။ စပ်ဖြဲဖြဲတွေနဲ့ ။
စက်ဝိုင်းဆီကို လန့်ဖြန့်ခံရင်း စူးစူးရဲရဲ ဝိုင်းကြည့်နေကြတယ် ။ စက်ဝိုင်းကြောက်လိုက်တာ ။ စက်ဝိုင်း
ကပျာကယာထရပ်တာကို သူတို့က ရယ်ကြသေးတယ် ။
" နေပါဦး... သွားတော့မလို့လား "
" လာပါ ... ရုပ်ရှင် ကြည့်ရအောင် "
စက်ဝိုင်း လမ်းမကူးရတဲ့ သည်ဘက် ပလက်ဖောင်းကွေ့အတိုင်း ၊ တောင်ဘက်ကို
အမြန်ဆုံးလျှောက်လိုက်တယ် ။ ဘယ်သူတွေပါလိမ့်.... တစ်ယောက်တည်းဆိုတာ သိသွားပြီး
ဆွဲလားရမ်းလားလုပ်ရင် ဘယ့်နှယ့်လုပ်မလဲ ။ အို.... အော်ပစ်လိုက်မှာပေါ့ ။ ဘေးကလူတွေ ကြည့်နေကြမှာ

မဟုတ်ပါဘူး ။ ကောင်လေးတွေ ပုံစံကိုက မိုက်တိမိုက်ကန်းနဲ့ ။ လူကောင်း သူကောင်း သားသမီးတော့ ဟုတ်ဟန်မတူဘူး ။
" ဖြည်းဖြည်းလျှောက်.... ဖြည်းဖြည်း "
" မဟုတ်ဘူးကွ ၊ မြန်မြန်လျှောက်တာ ကြည့်လို့ကောင်းတယ် ၊ ဟားဟား ... "
ဒုက္ခပဲ ။ ဟိုကောင်လေးတွေ နောက်ကလိုက်လာကြပြီ ။ စက်ဝိုင်းဘာလုပ်ရမလဲ ။ အော်လိုက်ရမလား.... ။ မဖြစ်သေးပါဘူး ။ ရဲတွေဘာတွေလာပြီး စက်ဝိုင်းကိုပါ မေးရင် အခက် ။ သည်ကောင်တွေနဲ့ လွတ်အောင် အလျင်ဆုံးလမ်းကူးရဲဖို့ အရေးကြီးတယ် ။ ဟုတ်တယ် ၊ လမ်းကူးပြီးရင် ဟိုတိုက်ကြီးပေါ်ကို စက်ဝိုင်းတက်ပြေးမယ် ။ ကောင်းတယ် .... ။ လမ်းကူးမယ် ။ စက်ဝိုင်း လမ်းအစပ်မှာ တုံ့ခနဲ ရပ်လိုက်ပြီး ကားတွေကို ကြောက်ကြောက်နဲ့ ကြည့်နေတုန်း ဖြုန်းဆို ဟိုကောင်လေး နှစ်ကောင်က စက်ဝိုင်းဘေး တစ်ဘက်တစ်ချက်မှာ လာရပ်ကြတယ် ။
" ဘယ်သွားမလို့လဲ ၊ လိုက်ပို့ပေးမယ်လေ... "
ရင်တွေ တဒိတ်ဒိတ်ခုန်ပြီး ကြောက်လန့်နေတဲ့ စက်ဝိုင်း သူတို့ကို လုံးဝလှည့်မကြည့်ပဲ ကားအရှင်းမှာ လမ်းကို တအား ဖြတ်ကူးပစ်လိုက်တယ် ။
ကြည့်စမ်း... ဒီကောင်တွေက စက်ဝိုင်းအဖြစ်ကို အားရပါးရရယ်ကြရင်း နောက်ကလိုက်ကူးတော့ သည်ဘက်ရောက်တော့လည်း စက်ဝိုင်းနဲ့ အတူတူ ။ ခက်တာပဲ.... ။ စက်ဝိုင်း ကြောက်လှပြီ ။ ကြောက်ကြောက်နဲ့ ဟိုတိုက်ကြီးဆီရောက်အောင် စက်ဝိုင်း လျှောက်တယ် ။ တဖြည်းဖြည်းနဲ့ နောက်က ပြောလိုက်လာတဲ့ ဟိုကောင်လေးတွေရဲ့ စကားတွေကလည်း ရိုင်း ရိုင်းလာကြပြီ ။ စက်ဝိုင်းနားကိုလည်း ထိတော့မတတ် ကပ်လိုက်လာနေကြတာ ။
စက်ဝိုင်း တိုက်ကြီးအပေါ်ကိုပြေးတတ်ရင်လည်း သူတို့ သည်လိုပဲလိုက်လာကြဦးမှာလား မသိဘူး ။ ဟော.... ဟိုမှာ တိုက်ကြီးရဲ့ လှေကားဘေးက တံခါးပေါက်တွေရှေ့မှာ မိန်းမတွေ အများကြီးပဲ ထိုင်နေကြတာ ... ။ အဲသည်ကြားထဲဝင်ထိုင်မှပဲ ။ ဟောဟိုနားက ထမင်းထုပ်ဖြေစားနေတဲ့ မျက်နှာပေါက်ကြမ်းကြမ်းနဲ့ မိန်းမကြီးနား သိသလို ဘာလိုနဲ့ ဝင်ထိုင်လိုက်ရင် သည်ကောင်တွေ ပိုကြောက်သွားမယ် ။
ဖျတ်ဆို.... သူ့နား စက်ဝိုင်း ဝင်ထိုင်လိုက်ပေမယ့် ... မိန်းမကြီးက ခပ်တည်တည်ပဲ ၊ ထမင်းစား မပျက်ဘူး ။ စက်ဝိုင်းက " စားကောင်းရဲ့လား အဒေါ်ကြီး " လို့ မေးလိုက်တော့မှ မိန်းမဝဝကြီးက စက်ဝိုင်းကို ကြည့်တယ် ။ စက်ဝိုင်းရဲ့ ကြောက်လန့် တုန်လှုပ်နေတဲ့ မျက်နှာကို မိန်းမကြီးက ကြည့်နေတုန်းမှာပဲ..
" ဒေါ် စိန်ပွင့် ဘာဟင်းတုံးဗျ "
ဘုရားရေ ၊ မလှမ်းမကမ်းမှာ ရပ်သွားတဲ့ ဟိုကောင်တွေဆီက မိန်းမကြီးကို လှမ်းပြောတဲ့ အသံ ။ မိန်းမကြီးက သူ့ မျက်နှာကြမ်းကြမ်းနဲ့ စက်ဝိုင်းကို ကြည့်ပြီး ရုတ်တရက် သဘောပေါက်သွားသလို....
" ဟဲ့... ငပိန်... ဘာလိုက် အနှံ့ခံပြန်ပလဲ ၊ နင့်အမေလှမ်းအော် တိုင်လိုက်ရမလား၊ ဟေ့ ... "

မိန်းမကြီးအသံက ကျယ်သလောက် အားရှိစရာကောင်းလိုက်တာ ။ တစ်ခါတည်း ဟိုကောင်လေးနှစ်ကောင် မကျေမနပ်နဲ့ ရုပ်ရှင်ရုံဘက် ပြန်ကူးပြေးတယ် ။
" လူကလေးကသာ လက်တောက်လောက်ရယ် ၊ မိန်းကလေးမြင်ရင် ငမ်းငမ်းတက် ၊ ဈေးတော့ ဖြစ်မြောက်အောင် မရောင်းချင်ဘူး ၊ ကောင်လေးတွေက ရုပ်ရှင်ရုံလူလည်တွေ ဖြစ်နေပြီ ၊ အခု... ညည်းနောက် လိုက်လာတာ ဟုတ်လား "
စက်ဝိုင်းအားကိုးတကြီး ခေါင်းညိတ်ပြလိုက်တယ် ။ ဒေါ် စိန်ပွင့်က စားလက်စထမင်းကို အားရပါးရနယ်ရင်း ဆက်စားတယ် ။ ဝက်သားဟင်း အနှစ်နီရဲရဲနဲ့ ချဉ်ပေါင်ကြော်တွေရောပုံထားတဲ့ ထမင်းက စားချင့်ဖွယ် ကောင်းလိုက်တာ ။ မနက်ကတည်းက ငှက်ပျောသီး တစ်လုံးပဲ စားထားတဲ့ စက်ဝိုင်း တံတွေးကို မသိမသာ မျိုချလိုက်မိတယ် ။ အမေသိန်းတို့အိမ်မှာ ဝက်သားဟင်းနဲ့ ထမင်းမစားရတာ ဘယ်လောက်တောင်ကြာပြီလဲ ... ။
" ဟဲ့ ... ညည်းထမင်း စားပြီးပလား "
ဒေါ် စိန်ပွင့်က တော်တော်ပါးတယ် ။ စက်ဝိုင်း ခဏခဏ တံတွေးမျိုချနေတာကို သူသိသွားလား မသိပါဘူး ။ စက်ဝိုင်း ယောင်ရမ်းခေါင်းညိတ်ပြတာကို သူက စူးစမ်းသလို ကြည့်ပြီး နောက်ဆုံးထမင်းတစ်လုပ်ကို အပြီးသတ် စားရင်း...
" ညည်း... ကုန်တိုက်ပေါ်တက်မလို့လား "
" ရှင် ... ဘယ်ကုန်တိုက်လဲ "
" ဩော် ... ဒီကုန်တိုက်ပေါ့ ၊ ညည်းနောက်က ကုန်တိုက်ကို ပြောတာ ၊ ဒုက္ခပါပဲ ၊ ကုန်တိုက် (၂) ဆို ကုန်တိုက် (၂) လို့ ပြောမှာပေါ့အေ "
ဩော် ... ဒါကြီးက ကုန်တိုက်ကြီးကိုး ။ စက်ဝိုင်းကြားတော့ ကြားဖူးတာပေါ့ ။ ဒါကြောင့်လည်း ခမ်းနားကြီးကျယ်တာကိုး ... ။ စက်ဝိုင်း ကုန်တိုက်ကြီးကို မော့ကြည့်နေတုန်းမှာပဲ ဒေါ် စိန်ပွင့်က ထမင်းထုပ်ဖက်ကို သစ်ပင်ဘေးနားသွားပစ်ပြီး ရေခဲရေသည်ဆီကို သွားတယ် ။ ရေခဲရေ တစ်ခွက်ကို အလျှင်သောက်ပြီး ကျန်တာနဲ့ လက်ဆေးတယ် ။ ပြီးတော့ ရေခဲရေသည်ဆီက အဝတ်စုတ်နဲ့ လက်သုတ်ပြီး စက်ဝိုင်းအနားကို ပြန်လာတယ် ။ စက်ဝိုင်းနားမှာ ပြန်ထိုင်ချရင်း စလွယ်သိုင်းထားတဲ့ လွယ်အိတ်ထဲက ဆေးပေါ့လိပ်ကို ထုတ်တယ် ။
" ဟဲ့... ကောင်လေး ဒီနားခဏလာစမ်း "
ရေခဲရေသည်နားမှာ ရပ်ရောင်းနေတဲ့ ဆေးလိပ်ဗန်းစလွယ်လေးနဲ့ ကောင်လေးကိုခေါ် ပြီး ဒေါ် စိန်ပွင့်က မီးညှိလိုက်သေးတယ် ။ ဆေးပေါ့လိပ်လည်း ထပ်ဝယ်တယ် ။
" ကဲ... ညည်းလဲ တက်တော့လေ ၊ ညနေပိုင်းလဲ တစ်ခုခုတော့ ပေးဦးမှာပါ ၊ ငါတော့ " နှစ် " ကိုသွားလိုက်ဦးမယ် ။ မမခင်ရေ... ကျုပ် " နှစ် " ကိုသွားဦးမယ် ၊ ခဏ စောင့်ဦးနော် "
" သွားလေ ၊ စောင့်တာပေါ့ "

ဒေါ် စိန်ပွင့်နဲ့ ထိုင်နေတဲ့ မိန်းမတွေကြားက ရွှေဆွဲကြိုး အကြီးကြီးနဲ့ မိန်းမကြီးတို့ ပြောနေတာကို စက်ဝိုင်း ကျိုးကြည့် ကြောင်ကြည့် ကြည့်ရင်း ဒေါ် စိန်ပွင့်လို့ ထရပ်လိုက်တယ် ။ စက်ဝိုင်းကို ဒေါ် စိန်ပွင့်က လာနေကျလို့ ထင်နေပုံရတယ် ။ စက်ဝိုင်းက ကုန်တိုက်ပေါ်တက်ပြီး ဘာလုပ်ရမှာလဲ ။

" ကျွန်မ ၊ ဒေါ်ကြီးနဲ့ လိုက်ခဲ့မယ် "

" ဟဲ့ ၊ ဒီပေါ် မတက်ဘူးလား "

" ကျွန်မမှ မလုပ်တတ်တာ ၊ ကျွန်မ ဒီပေါ်ကို တစ်ခေါက်မှတောင် မရောက်ဖူးဘူး "

ဒေါ် စိန်ပွင့်က " ဟောတော် " ဆိုပြီး စက်ဝိုင်းကို သေချာ ကြည့်တယ် ။

" ညည်း အိမ်က ထွက်ပြေးလာတာလား ၊ ဟုတ်လား "

" ဟုတ်တယ် ၊ ကျွန်မအမေကို လိုက်ရှာမလို့ "

" ဟင်... ခု ညည်းက ဘယ်သူ့ဆီက ထွက်ပြေးလာတာလဲ "

" ကျွန်မကို မွေးစားတဲ့ မိဘတွေဆီကနေ ထွက်လာခဲ့တာ ၊ သူတို့က ဆင်းရဲတယ် ဒေါ်ကြီးရဲ့၊ ကျွန်မအတွက် ဝန်လေးနေရတာ ၊ ဒါကြောင့် ကျွန်မ ထွက်လာတာ "

" ခက်လိုက်တဲ့ ကာလသားသမီးတွေအေ ၊ ညည်းအရွယ်လေးနဲ့ ဘာဖြစ်သွားနိုင်တယ် မှတ်သလဲ ၊ ညည်းအမေဆိုတာနဲ့ မတွေ့ခင် မကောင်းတဲ့လူနဲ့တွေ့သွားမှ တစ်ခါ တည်း ဟုတ်နေမယ် ။ ငါက သားသမီးချင်း စာနာချင်ပါရဲ့အေ ။ ငါလည်း တစ်ယောက်တည်းသမားပဲ ၊ ဒါပေမယ့် ငါနေတဲ့ နေရာက ညည်းခေါ်ထားလို့ မဖြစ်ပါဘူး "

" ဒေါ်ကြီးက ဘယ်မှာနေလို့လဲ "

" ငါက ပပဝင်း ရုပ်ရှင်ရုံ ရှေ့က ပလက်ဖောင်းပေါ်မှာ နေတာ "

## အပိုင်း ၂

အိပ်ရာပေါ်က မြင်နေရတဲ့ ကြယ်ကလေးတွေ တလက်လက်ကို စက်ဝိုင်း အထူးအဆန်းလို ငေးကြည့်နေမိတယ် ။ စက်ဝိုင်း ကျောအောက်က ပလက်ဖောင်းရဲ့အတွေ့ဟာ အမေသိန်းတို့ ဝါးကြမ်းခင်းလောက် မာတာပါပဲ ။ နေ့လယ်က နေပူဒဏ်ကြောင့် ပလက်ဖောင်းက အတော်လေး ပူနေသေးတယ် ။ ဒါပေမယ့် ညသန်းခေါင်လေအေးကြောင့် အအိုက်သက်သာပါတယ် ။ အလင်းရောင်ကတော့ .... အလင်းရောင်ကတော့ အမေသိန်းတို့အိမ်ထက် အဆပေါင်းများစွာ သာတာပေါ့ ။ မီးလုံး မီးချောင်းတွေ ထိန်ထိန်လင်းလို့ ။

" ကဲ ၊ မအတုလေး ၊ ညည်းနာမည်လဲ ပြောပါဦး "

စက်ဝိုင်းဘေးက ဒေါ် စိန်ပွင့် အသံကျယ်ကျယ်ကြောင့် စက်ဝိုင်းမျက်နှာ ရှုံ့မဲ့သွားတယ် ။ စက်ဝိုင်း အင်မတန် မဖြေချင်တဲ့ နာမည်ကို ပြောရမှာမို့ပေါ့ ။ ငြိမ်သက်နေမိတဲ့ စက်ဝိုင်းကို ဒေါ် စိန်ပွင့်က ထပ်ပြီး ...

" ဟဲ့ ၊ နာမည်ဘယ်သူတုံးလို့ ငါမေးနေတယ်လေ "

" စက်ဝိုင်း တဲ့ "

" အံမယ်လေးဟဲ့ ၊ နာမည်ကလဲ ဘယ်လိုဟာကြီးတုံး ၊ ငါတော့ လွယ်လွယ်ကူကူ အဝိုင်းပဲ ခေါ်တော့မယ် ။ ညည်းလဲ ငါ့ ဒေါ်ကြီးဒေါ်ကြီးနဲ့ လုပ်မနေနဲ့ ၊ တခြားသူတွေ ခေါ်သလို အမေစိန်လို့ခေါ် ၊ အမေလဲ အမေ မဟုတ်လား ၊ ညည်း ငါမွေးစားလိုက်ရတာပဲ ဥစ္စာ ၊ အံမယ် ... ညည်း လိုက်ရှာတဲ့ အမေဟာ ငါဖြစ်ချင်လဲ ဖြစ်နေမှာဟဲ့ "

ဒေါ် စိန်ပွင့် အဝိုင်း ခေါ်တာကို မကျေမနပ်ဖြစ်နေရာက စက်ဝိုင်းရင်ထဲ ဒိန်းခနဲ တုန်လှုပ်သွားတယ် ။ ဒေါ် စိန်ပွင့်ဟာ စက်ဝိုင်းအမေ ဟုတ်ချင်လည်း ဟုတ်နိုင်တာပေါ့နော် ။ စက်ဝိုင်း ဒေါ် စိန်ပွင့်နား အားတက်သရော ပြေးကပ်ရင်း...

" အမေစိန်မှာ ယောကျ်ားရှိလား "

" ရှိတာပေါ့ ၊ နှစ်ယောက်တောင် ၊ ခုကွဲကုန်ပြီ "

" ဒါဖြင့် သားသမီးတွေရော ရှိလား "

" ရှိတာပေါ့ ၊ သားတစ်ယောက် ၊ သမီးတစ်ယောက် "

" ဟင် ... သူတို့က ဘယ်မှာလဲ "

" ဘယ်သိပါ့မလဲအေ "

" အမေစိန် သမီးနဲ့ ပွဲဈေးတန်းမှာ ကွဲသွားဖူးလား ဟင် "

" ကြဲကြဲဖန်ဖန် ၊ ငါနဲ့တော့ မကွဲဖူးပါဘူး ၊ သူ့အဖေနဲ့ သွားရင်း ကွဲသွားရင်တော့ မသိဘူးပေါ့ ၊ ကလေးတွေက သူ့အဖေနဲ့ နေရစ်ခဲ့ကြတာကိုး "

စက်ဝိုင်း စိတ်ပျက်သွားတယ် ။ အမေစိန်ဟာ စက်ဝိုင်း အမေ မဟုတ်လောက်ပါဘူး ။ စက်ဝိုင်းအမေဟာ အမေစိန်လို ကြမ်းကြမ်းတမ်းတမ်း အမေမျိုး မဟုတ်ပါဘူး ။

" အမေစိန်က ကိုယ့်သားသမီးတွေကို မလွမ်းဘူးလား "

" တစ်ခါတလေတော့ လွမ်းသားပဲ "

" လွမ်းရင် ကိုယ့်သားသမီးတွေနဲ့ သွားနေပေါ့ ၊ ဘာလို့ ဒီမှာလာနေလဲ "

အမေစိန် သက်ပြင်းချတယ် ၊ ပြီးတော့မှ နည်းနည်း ပျော့ပျောင်းတဲ့အသံနဲ့...

" ညည်းနားမလည်ပါဘူးအေ ၊ ဒီလိုပဲ နေကြရတာပဲ "

" အမေစိန် ဘာပြုလို့ ဒီမှာနေတာလဲ "

" ဟဲ့ .. နေစရာ အိမ်မရှိလို့ပေါ့ "

" အမေစိန် ယောက်ျားက ဆောက်မပေးဘူးလား "

" ဆောက်နိုင်ဖို့ ဝေးလို့ .. သူတောင် ပလက်ဖောင်းပေါ် နေရပါတယ်ဆိုမှ ၊ အဲ ... အဲ .. ငါ့နောက်ယောက်ျားပြောတာ ၊ ပျောက်သွားတဲ့ ယောက်ျားလေ ၊ ကြာသေးဘူး ။ မနှစ်ကမှတင်... သူ့သူငယ်ချင်း တစ်ယောက်က မြစ်ကြီးနားဘက် ကျောက်သယ်ဆိုပြီး ခေါ်သွားတာ ခုထိ ပြန်မလာတာပဲ ။ သေပြီ ထင်ပါရဲ့အေ ။ ငါက အရင်လင်နဲ့ ကွဲပြီး သူငယ်ချင်းမ တစ်ယောက်အိမ်မှာ လိုက်နေတယ် ။ သူငယ်ချင်းမနဲ့ ကုန်တိုက်တိုးစားကြတယ် ။ ကုန်တိုက်တိုးစားရင်း သည်ယောက်ျားနဲ့တွေ့တာ ၊ သူက ညကျ ဒီပလက်ဖောင်းပေါ်မှာ အိပ် ၊ နေ့ကျ ရုပ်ရှင်ရုံတွေအောက်မှာ ကြုံရာလုပ်စားပေါ့ ။ အဲဒီမှာ တွေ့ပြီး ငါတို့ ယူလိုက်ကြတာပဲ "

" အမေစိန်ယောက်ျား ပြန်မလာတော့ တစ်ယောက်တည်းမကြောက်ဘူးလား "

" အံမယ်... ငါက ဘာကြောက်ရမှာလဲ ၊ ယောက်ျားယူတာ ကြောက်လို့ယူတာမှ မဟုတ်တာအေ ၊ ငါတစ်ယောက်တည်း ရှာစားလို့ရတာပဲ ။ နေလို့ရတာပဲ ၊ အလကား.. သူများတွေက အားကိုးလေးရှိတော့ ကောင်းတာပေါ့ ၊ ဘာပေါ့နဲ့ ပြောလွန်းအားကြီးလို့ ယူလိုက်တာ ။ တကယ်တော့အေ ... ငါ့အသက်အရွယ်နဲ့ စိုးရိမ်စရာ မလိုပါဘူး ။ အဲ .... ညည်းတို့လို ကောင်မမျိုး အရွယ်တွေသာ လိုတာ ၊ ညည်း မြန်မြန်ယောက်ျားယူရင် ကောင်းမယ် "

" အို.... မယူချင်ပါဘူး အမေစိန်ကလဲ "

" မယူလို့ ညည်းက ဘယ်သူ့အားကိုးနဲ့ နေမှာလဲ "

" အမေစိန့် အားကိုးနဲ့ ပေါ့ "

အမေစိန် ခဏ ငြိမ်သွားတယ် ။ ပြီးမှ သက်ပြင်းတစ်ချက်ကို ချလို့ ....

" ကောင်မလေးရယ် .. ညည်းမသိသေးတာတွေ အများကြီးပါအေ ၊ ငါ့ပါးစပ် ဘယ်လောက် ကြမ်းကြမ်း ၊ ငါမနိုင်တဲ့ အန္တရာယ်တွေ ဒီနားမှာ အများကြီးရှိတယ် ။ ငါတို့ အိပ်ရတာကိုက လူတကာပိုင်တဲ့ ပလက်ဖောင်း ၊ ညည်းစဉ်းစားကြည့်လေ.... ဒီမြို့လယ်ကောင် လူရှင်းတဲ့အချိန် ဆယ့်နှစ်နာရီလောက်မှ ငါတို့ ဝင်အိပ်ရတာ ၊ ဟော... သုံးနာရီ လေးနာရီဆို ကားတွေ လူတွေပြန်စည်ပြီး အိပ်ရတဲ့ အချိန်လေး သုံးလေးနာရီအတွင်းမှာ

ခွေးကြောက်ရ ၊ လူကြောက်ရ ၊ ဘေးနားမှာ ကိုယ့်လိုလူအချင်းချင်းတွေ ရှိလို့သာပေါ့ ၊ တို့ ဟိုဘက်လှမ်းလှမ်းမယ် မြင်လား... "
စက်ဝိုင်း လှမ်းကြည့်လိုက်တယ် ။ အိပ်ရာပေါ် ပက်လက်လှန်ရင်း ဆေးလိပ်မီးခိုးတွေ တထောင်းထောင်းထအောင် ဖွာနေတဲ့ အဖိုးကြီးတစ်ယောက် ။
" အဲဒီ အဖိုးကြီးက သတ္တိကောင်းတယ် ၊ သူက ဒီမှာ ညတိုင်းလာအိပ်တာ ၊ ဟို ရုပ်ရှင်ရုံနဲ့ လက်မှတ်ရုံ ထောင့်ကွေးကွေးလေးမှာလဲ ကောင်လေးတစ်ယောက် တစ်ခါတလေ လာအိပ်တတ်တယ် ၊ သူလဲ အားကိုးရသား ၊ ဒီနေ့ည သူမလာသေးဘူး "
" ဟိုဘက် ပလက်ဖောင်းက လူတွေကကော "
" သူတို့လဲ တို့လိုလူတွေပေါ့ ၊ ဟိုနား စုစု စုစုနဲ့ ဟာက ကုလားမိသားစုတွေ "
" လူတွေ အများကြီးပဲ ၊ ဒါဆို ဘာကြောက်စရာရှိလဲ အမေစိန်ရဲ့၊ ယောက်ျားယူစရာ မလိုပါဘူး "
" ကဲအေ ... အိပ်စမ်း ၊ လိုမလို နောက်တော့ ညည်း သိလာလိမ့်မယ် ၊ ငါအိပ်ချင်နေပြီ "
အမေစိန်က အားရပါးရသမ်းရင်းက ဟိုဘက်စောင်းသွား၏ ။ စက်ဝိုင်းလည်း သည်ဘက်စောင်းပြီး အိပ်မလို့လုပ်တုန်း အမေစိန်ရဲ့တဟင်းဟင်း ချောင်းဟန့်သံနဲ့ အတူ ထွက်လာတဲ့ မာမာပြတ်ပြတ် သီချင်းသံ ။
" အစက.. ဝ တစ်လုံးဟာ နှစ်လုံးဖြစ်လာပြီ ... နှစ်လုံးဖျက်ပြန်တော့ လေးလုံး ပေါ်ချေပြီ ... နှစ်ဆတိုးတာဟာလေ ... မြန်မာ့တန်ခိုးပါဗျို့... လွန်ထူးဆန်းဟန်ညီ... ဘိုးဘိုးအောင် အာဇာနည်.. "
အမေစိန်ရဲ့အိပ်ချင်မူးတူး သီချင်းသံကို အံ့ဩရင်းနဲ့ တခစ်ခစ်ရယ်နေတဲ့ စက်ဝိုင်းကို အမေစိန်ကတော့ နည်းနည်းမှ အရေးမလုပ် ၊ ဂရုမစိုက်ပဲ .... ဆက်ဆိုနေလေရဲ့။ ဘာ သီချင်းကြီးလဲ ။ စက်ဝိုင်းဖြင့် တစ်ခါမှတောင် မကြားဖူးဘူး ။ ဒါပေမယ့် စက်ဝိုင်း နည်းနည်း ပျော်လာသလိုပဲ ။ အမေစိန်ပြောတဲ့ အန္တရာယ်ဆိုတာတွေ မလာခင်မှာတော့ စက်ဝိုင်းဘဝ သိပ်လွတ်လပ်နေတယ်လေ ။ စက်ဝိုင်း စိတ်ကူးယဉ်ခဲ့တဲ့ အမေ့ကိုလည်း ရှာနိုင်တော့မယ် ။ သည်နေ့ညဟာ မျှော်လင့်ချက်တွေ အများကြီးနဲ့ အိပ်ရမယ့် ညပေါ့နော် ။ နားထဲမှာ အမေစိန် သီချင်းသံ တဖြည်းဖြည်း ပျောက်သွားပြီး မျက်တောင်တွေ စင်းကျလာတယ် ။
" ဟဲ့.. ဟဲ့ ဟိုကောင်မလေး ၊ ထ...ထ "
ဝေါခနဲ ကြားလိုက်ရတဲ့ ကားသံပြင်းပြင်းကြီးတွေနဲ့အတူ အလန့်တကြား ထအော်တဲ့ အမေစိန် အသံကြောင့် စက်ဝိုင်းတို့ကို ကားများတက်ကြိတ်သွားပြီလားဆိုပြီး လူးလဲ ထထိုင်လိုက်တယ် ။
" လာ.... လာ... မြန်မြန်သိမ်း ၊ မြန်မြန်တက် ... မြန်မြန်လုပ် "
ဟောတော် ... ယူနီဖောင်းဝတ် လူကြီးတွေနဲ့ လမ်းပေါ်မှာ ဆိုက်ထားတဲ့ ကားကြီး ။ ဘာလုပ်ကြတာလဲ... ။

စက်ဝိုင်း စဉ်းစားနေတုန်းမှာပဲ စောင်စုတ်တွေကို ဆာလာအိတ်ကြီးထဲ ဗလုံးဗထွေး ထည့်နေတဲ့ အမေစိန်နဲ့ စက်ဝိုင်းကို လူကြီးတစ်ယောက်က ဆွဲခေါ် ပြီး ကားပေါ်တင်လိုက်တယ် ။ ဟင်... ကားပေါ်မှာလည်း လူတွေ မနည်းပါ့လား ။
" ဘာဖြစ်တာလဲ အမေစိန်... ကျွန်မတို့ကို ဘာလုပ်မလို့လဲ "
ကားလယ်ခေါင် ကြမ်းခင်းပေါ်မှာ အမေစိန့်နား တိုးကပ်ရင်း ထိတ်လန့်တုန်ယင်နေတဲ့ စက်ဝိုင်းကို အမေစိန်က စိတ်မရှည်တော့ပဲ ဆွဲဆိတ်ပစ်လိုက်တယ် ။
" ဟဲ့... ကောင်မရဲ့၊ ဒါတို့ကို ဖမ်းနေတာ ၊ မြို့တော် စီမံချက် ၊ ဒီနားမှာ ဘယ်သူမှ မအိပ်ရဘူး ၊ နားလည်လား "
" နာမည် "
" စက်ဝိုင်း "
" အဖေနာမည် "
" ဟိုဒင်း... ဦးကြည် "
" အသက် "
"........... "
" အသက် ... အသက် ၊ အသက်ဘယ်နှစ်နှစ်ရှိပြီလဲ မေးတာ "
"............ "
" ကျွန်မမှ မသိပဲ အမေစိန်ရဲ့၊ အမေသိန်းတို့ ကောက်မွေးတုန်းက နှစ်နှစ်သမီးလောက်လို့ ပြောတာပဲ... ။ ခုဆို... ဘယ်လောက် ရှိပြီလဲ "
" ဒါတော့ ကျုပ်လဲ သံတော်ဦး မတင်တတ်ဘူး... မယ်မင်းကြီးမရေ ... "
" ကဲ... ကဲ .. ကြာတယ် ဒုက္ခပါပဲ ၊ ကိုယ့်အသက်ကို မသိဘူးလို့၊ ဆယ့်ခုနစ်နှစ် ထားလိုက်မယ် ။ ဟုတ်လား ၊ ကဲ .... လိပ်စာ ပြော "
" ရှင် "
" ကျွန်မတို့နေတဲ့ နေရာ အတူတူပဲဆရာ ၊ ဟဲ့ကောင်မ ပြောလိုက်လေ "
" အမှတ်မရှိ လမ်းမရှိ ကီလီဗောတံတား လို့ "
မိလ္လာချောင်ကအနံ့ဆိုး စူးရှရှကို ရှူရှိုက်လူးလိုမ့်ရင်း ကိုယ့်ဟာကိုယ် စက်ဝိုင်း ပြုံးနေမိတယ် ။ အမေစိန် ဆိတ်ဆွဲဆို ဆွဲချင်စရာ ။ ကိုယ့်ရှေ့ကလူတွေ တစ်ယောက်ပြီးတစ်ယောက် ဖြေသွားတာကို နားထောင်ထားပါတော့လား ။ ကိုယ့်အလှည့်မှာ အလိုက်သင့် ပြောပါတော့လား ။ ခုတော့ ... အကုန်လုံး အိုးနင်းခွက်နင်း ။ အို... ဒါ အစဥ်စွာ ၊ စက်ဝိုင်းမှ ဘာမှ မသိသေးတာ ။ ရန်ကုန်မြို့လယ်ကောင်ကိုတောင် မနေ့တစ်နေ့ကမှ ရောက်ဖူးတဲ့ မိန်းမ ။ ထောင် အတွေ့အကြုံ ဆိုတာ ဝေလာဝေးပေါ့ ။
အမေစိန် ကူပြောပေးတာနဲ့ အထစ်ထစ်အငေါ့ငေါ့နဲ့ သာ ပြီးသွားတယ် ။ ဘာတွေမှန်းလဲ မသိဘူး ။ သိချင်စိတ်နဲ့ အမေစိန်ကို ကပ်မေးပြန်မိပြန်တော့ အမေစိန်က ဆွဲဆိတ်ရော ။

" ညည်း.... ဒီလိုသာ အ , နေလို့ကတော့ ငါတို့နေရာ နေလို့မဖြစ်ဘူး ၊ သူများတွေရှေ့က ဖြေနေတာ ညည်းမကြားဘူးလား "
" ကြားသားပဲ ၊ ဒါပေမယ့် ကျွန်မအသက်ကို ကျွန်မ တကယ်မသိတာ အမေစိန်ရဲ့။ ပြီးတော့ လိပ်စာဆိုတော့ ... ကျွန်မ ဘယ်ပြောတတ်ပါ့မလဲ ။ ရုပ်ရှင်ရုံ ပလက်ဖောင်းလို့ ပြောရမှာလား ၊ ငမိုးရိပ်ချောင်းဘေးလို့ ပြောရမှာလား "
" ညည်းရှေ့က လူတွေ အကုန်လုံး " အမှတ်မရှိ လမ်းမရှိ ကီလီဗောတံတား " လို့ပြောနေကြတာ ညည်းနားက ဘာဖြစ်နေတုန်း "
" ဟင်... သိဘူးလေ ၊ ကျွန်မတို့မှ ကီလီဗောတံတား မှ မနေတာကြီး "
" နေနေ မနေနေ ဒီလိုဖြေရတယ် ၊ တို့လိုနေတဲ့ဟာတွေ အများစုက ကီလီဗောတံတားမှာရှိတာ ၊ မှတ်ထား ၊ စွဲစွဲမြဲမြဲ ၊ နောက်ကျ ဒီလိုပဲ ဖြေ "
" ကီလီဆိုတာ ဘယ်မှာလဲ အမေစိန် "
" ကမ်းနားမှာပေါ့ဟဲ့ ၊ အံမယ်လေး... ငါ့နှယ် သူဌေးကတော်ကို တစ်နေ့နေ့ လေ့လာရေး လိုက်ပို့ရဦးမယ် "
စက်ဝိုင်းမှာတော့ ကြားသမျှ မြင်သမျှ ... အားလုံး အသစ် ။ စက်ဝိုင်းတို့ကို ထောင်ထဲက လူကြီးတွေက " သာတီးဒီ " တွေလို့ ခေါ်တယ် ။ သည်တိုက်ခန်းထဲကို စက်ဝိုင်းတို့ ဝင်တော့လည်း အခန်းထဲက မိန်းမတွေက " သာတီးဒီတွေ လာပြီဟေ့ " တဲ့ ။
အခန်းထဲကို မဝင်ခင် စက်ဝိုင်းတို့ကို "ပုံစံ " ဆိုတာ ထိုင်ရသေးတယ် ။ တင်ပျဉ်ခွေ ထိုင်ပြီး လက်နှစ်ဖက်ကို ဆန့်ထုတ်ထားရတယ် ။ လက်သီးကို ဆုပ်ထားတဲ့လက်သီးကြားမှာ လက်မကို သွင်းပြီးထားရတယ် ။ ခေါင်းကို မတ်နေအောင်မော့ ။ ရှေ့တည့်တည့်ကြည့် ။ မျက်တောင်ကို လုံးဝ မခတ်ရဘူး ။ ရင်ကိုဖွင့် ၊ ခါးကို ဆန့်ထားရတယ် ။ သည်လို ထိုင်ရတာ မခက်ပါဘူး ။ ဒါပေမယ့် ခဏလေးကို ပြောတာ ။ အဲလိုပုံစံနဲ့ တစ်နာရီလောက် ထိုင်ရတော့ သေရော ။ ခြင်ကိုက်တာတောင် မျက်တောင် တစ်ချက် မခတ်ရဲ ၊ နားရွက်လေးတစ်ချက် မလှုပ်ရဲ ၊ ကျောက်ရုပ်တွေလို တစ်နာရီလောက်နေရတဲ့ ဒုက္ခဟာ ဘယ်လွယ်မလဲ ။
စက်ဝိုင်းတို့ကို ဖျာကြမ်းတစ်ချပ်စီ ပေးတယ် ၊ ဖျာကြမ်းလေးတွေကိုင်ပြီး ဝင်လာတဲ့ စက်ဝိုင်းတို့ " သာတီးဒီ " တွေကို အခန်းထဲက အခန်းလူကြီး ၊ မိန်းမကြီးက နေရာချပေးတယ် ။ အနံ့ဆိုးတွေ တလှိုင်လှိုင်ထွက်နေတဲ့ မိလ္လာချောင်ထဲမှာ ။
စက်ဝိုင်းဖြင့် အဲသည် အခန်းလူကြီးဆိုတဲ့ မိန်းမကြီးကိုထောင်က တကယ့် ဝန်ထမ်းမိန်းမကြီး မှတ်ပြီး ကြောက်လိုက်ရတာ ။ ပြီးတော့ မဟုတ်ဘူး ။ သူလဲ ထောင်ကျ မိန်းမပဲတဲ့ ။ သူက နှစ်ကြီးသမားမို့ လူကြီးပြန်ခန့်တာတဲ့ ။ အသက်ငါးဆယ်လောက်ရှိပြီး ကျတဲ့ အမှုကလည်း လူသတ်မှု ၊ ကိုယ့်ယောကျ်ားကို ပြန်သတ်မှုတဲ့ ။ အဲသည် မိန်းမကြီးပုံစံက တကယ့်ကို ကြောက်စရာကြီး ။ ကြမ်းလှပြီဆိုတဲ့ အမေစိန်တောင် မိန်းမကြီးနဲ့ ယှဉ်လိုက်ရင် ဝပ်သွားတာပဲ ။

အဲသည်မိန်းမကြီးက လူကြီးဆိုတော့ အခန်းထိပ်မှာ အိပ်တယ် ။ သူ့ မွေ့ရာက အထူဆုံးပဲ ။
တခြားမိန်းမတွေမှာလည်း မွေ့ရာလေးတွေပါပါတယ် ။ မွေ့ရာမပါ ၊ စောင်မပါ ၊ ခေါင်းအုံးဗလာနဲ့
ဖျာကြမ်းပေါ်မှာ စုပြုံထပ်အိပ်ရတာက စက်ဝိုင်းတို့ " သာတီးဒီ " တွေချည်းပါလား ။
ပြီးတော့ သည်နေ့ ထမင်းစားရတော့လည်း စက်ဝိုင်းတို့သာ ထောင်က ကျွေးတဲ့ နိုင်လွန်ဟင်းနဲ့
လုံးတီးထမင်းကို စားရတာ ။ တခြားလူတွေကျ ထမင်းကသာ ထောင်ထမင်း ဟင်းကျတော့
အကောင်းစားတွေ စားရတယ် ။ အမဲကြော်တွေ ၊ ငပိကြော်တွေ ၊ ဝက်အူချောင်းကြော်တွေ နဲ့ စတိုင်ကျကျ
။ သူတို့အိမ်တွေ အပြင်ကနေ လာပို့ထားတဲ့ ထောင်ဝင်စာတွေတဲ့ ။ များများပို့နိုင်တဲ့သူက သည်ထဲမှာ
အင်မတန်မျက်နှာပွင့်သတဲ့ ။
အခန်းလူကြီး မိန်းမထမင်းပွဲဆို ပိုပြီးတောင်ကောင်းသေး ။ တခြား ထောင်ကျမိန်းမ ဟင်းရှိတဲ့သူတွေက
ဟင်းတစ်မျိုးစီ လာပေးကြတာ မိန်းမကြီးမှာ ဟင်းတွေကိုစုံလို့ ။ ပြီးတော့ စက်ဝိုင်းတို့မှာကျ
ထမင်းပန်းကန်ပြားနဲ့ ဟင်းဇလုံခွက်ကလေး မရဘူး ။ စားခါနီးမှာ စက်ဝိုင်းတို့ ထမင်းခံဖို့ ထမင်းနဲ့
ဟင်းထည့်စားဖို့ ရရာ ပလက်စတစ်အိတ် ၊ ကြွပ်ကြွပ်အိတ် လိုက်ရှာရတယ် ၊ လိုက်တောင်းရတယ် ။
သည်ပြင် ထောင်ကျမိန်းမတွေ စားခါနီးမှာ ထောင်ကျမိန်းမတွေအားလုံး ပန်းကန်ပြားတစ်ချပ်နဲ့
ဟင်းဇလုံခွက်ကလေး တစ်ခွက်စီ ပေးထားတယ် ၊ ကိုယ့်ဟာကိုယ် သိမ်းထားလို့ရတယ် ။ စားပြီး
ကိုယ်ဟာကိုယ် ဆေးကြော ၊ သိမ်းထား ။ ထည့်ချင်တာ ထည့်ထား ။ စက်ဝိုင်းတို့ကျ စားခါနီးရင်
ပလက်စတစ်အိတ် လိုက်ရှာရတာကိုက အလုပ်တစ်ခု ။ သည်ထဲမှာ စက်ဝိုင်းတို့ အောက်ကျနောက်ကျ
အနိုင်ဆုံးပဲ ။ အမေစိန်ကတော့ ငါတို့ကို ခဏလေးနဲ့ ပြန်လွှတ်မှာမို့တဲ့ ။ ဘာပဲပြောပြော စက်ဝိုင်းတို့ မျက်နှာ
ငယ်ရတာ ငယ်ရတာပါပဲ ။ အောက်တန်းကျရတာပါပဲ ။ ဒါကြောင့်မို့လို့ သည်ထဲက လူတွေက
စက်ဝိုင်းတို့ကို " သာတီးဒီ " လို့ ခေါ်တာနဲ့တူတယ် ။ " သာတီးဒီ " ဆိုတာ ထောင်ထဲမှာ အနိမ့်ဆုံး ၊
အောက်တန်းနောက်တန်း အကျဆုံး လူကို ခေါ်ရတာနဲ့တူရဲ့ .... ။
" အင်... အင် .... ဖယ်စမ်း...ဖယ်စမ်း "
သြော် ၊ ဒုက္ခပဲ ။ သည်မိန်းမတွေကလည်း ဘာဖြစ်ရတာပါလိမ့် ။ စက်ဝိုင်းမျက်လုံးတွေ အိပ်ချင်မူးတူး
ဖြစ်စပြုရာက ကိုယ်ပေါ်ကိုဖိကျလာတဲ့ ချွေးစေးပြန်နေတဲ့ ဘေးကမိန်းမလက်မောင်းကြီးကို
တွန်းထုတ်ရပြန်တယ် ။ စက်ဝိုင်းတို့လို သာတီးဒီမိန်းမ ။ ပါးစပ်က ယောင်ရမ်းရင်း
သွားတွေကိုကြိတ်နေသေးတယ် ။ သူ့ကိုကြောက်ပြီး အမေစိန်ဘက်တိုးကပ်လိုက်တော့လည်း
အမေစိန်ရဲ့လက်မောင်းမှာ ချွေးစေးတွေ ။ ဟင်း.. ဘာထူးလဲ ၊ စက်ဝိုင်းကိုယ်မှာလည်း ချွေးစေးတွေနဲ့ပဲ ။
သည်လောက်ပူတဲ့ရာသီမှာ လူချင်းကျပ်သပ်ပြီးအိပ်နေရတာ ချွေးတွေက ထွက်မှာပေါ့... ။ ချွေးစေးတွေနဲ့
သဲသဲမဲမဲတွယ်နေတဲ့ ခြင်တွေကို ရောနှော ပွတ်သပ်ရင်း ဘေးကမိန်းမကြီးကိုတွန်းထုတ်ရင်းနဲ့
စက်ဝိုင်းအိပ်ပျော်စ ပြုတယ် ။ အိပ်မှုလေ ၊ မနက်သုံးနာရီထိုး ထရမှာတဲ့ ၊ သုံးနာရီထ ၊ မျက်နှာသစ် ၊
အိပ်ရာသိမ်း ၊ နောက်ဖေးသွား ၊ သနပ်ခါးလိမ်း ။ လေးနာရီကျ တန်းစီ ။ ငါးနာရီဆို ဘုရားရှိခိုး ။

ခြောက်နာရီဆို ပုံစံထိုင်ရမှာတဲ့ ။ ခုနစ်နာရီထိုးရင်တော့ အလုပ်ဆင်း ။ အင်း... စက်ဝိုင်းတို့က တောင်ယာမှာရေလောင်းရသတဲ့ ။

" ဟော့... အားလုံးကောင်းရဲ့လား "

" အားလုံး... ကောင်း... ကောင်း "

အိပ်ပျော်စ စက်ဝိုင်းမျက်လုံးတွေ လန့်ဖျပ်ပြီး ပြန်ပွင့်လာကြတယ် ။

အပိုင်း ၃

အပြင်ဘက်က အစောင့်ဆရာမ မေးသံကျယ်ကျယ်နဲ့အထဲက အခန်းလူကြီးမိန်းမရဲ့ ဖြေသံကျယ်ကျယ် ။
ဘုရား...ဘုရား ၊ ဘာပါလိမ့်လို့ ကြောက်သွားတာပဲ ။ တဒိတ်ဒိတ်တုန်နေတဲ့ ရင်ကိုဖိရင်း မျက်လုံးတွေ ပြန်မှိတ်လိုက်တုန်း... အခန်းထဲမှာလည်း ခုနကလို ပြန်ပြီးတော့ ငြိမ်သက်သွားတုန်း...။
" ကြောက်ပြီ... ကြောက်ပြီ... အား...အား...အား... "
" အား... အား...အာ...အံမယ်လေး "
အို..ဘာလဲ ။ ဘာဖြစ်ကြတာလဲ ။ တစ်ယောက်က စူးစူးဝါးဝါးယောင်အော်လိုက်တာနဲ့ တစ်ခန်းလုံးနီးပါး ကြောက်လန့်ပြီး အော်လိုက်ကြတဲ့အသံတွေ ။ အသည်းတုန်ချောက်ခြားစရာကောင်းတဲ့ အသံတွေ တစ်ခန်းလုံး ဆူညံသွားတယ် ။
" ဟေ့... ပိတ်စမ်း ၊ ပါးစပ်တွေပိတ်စမ်း ၊ စ အော်တဲ့ ကောင်မကို ပိတ်ရိုက်လိုက်စမ်း "
အပြင်က အစောင့်ဆရာမက ချက်ချင်းအခန်းအပြင်ဘက် ရောက်လာတယ် ။ ကြောက်လိုက်တာ ၊ စက်ဝိုင်း ကြောက်လိုက်တာ ။ ဘာဖြစ်လို့ သည်လို နှလုံးတုန်စရာကောင်းအောင် အော်ကြတာပါလိမ့် ။
" ဘယ်ကောင်မလဲ ၊ ဘယ်ကောင်မလဲ ၊ လင်တရူးပြီးအော်တာ နင့်လင်အိမ် မှတ်လို့လား... ဟေ .. "
အခန်းလူကြီးမိန်းမက မတ်တပ်ရပ်ပြီး ထကြမ်းတော့တာပဲ ။ လက်ကလဲတပြင်ပြင်နဲ့ " နင်လား " ၊ "နင်လား " နဲ့ လိုက်မေးတယ်။ ဘယ်သူမှ မဖြေပဲ ငြိမ်သက်နေကြတော့ အခန်းလူကြီးမိန်းမက ရစရာမရှိအောင်ဆဲတယ် ။
" တစ်ယောက်အော်တာနဲ့ ကျန်တဲ့ ကောင်မတွေက ဘာကိစ္စလိုက်ပြီး ကမြင်းကြော ထကြတာလဲ ။ တယ်လေ... ကောင်မတွေ... "
အခန်းလူကြီးမိန်းမရဲ့ ပက်ပက်စက်စက်ဆဲသံ ၊ ဆူသံတွေ တစ်ခန်းလုံးညံနေတယ် ။ အမေစိန်ရဲ့ ချွေးစေးပြန်နေတဲ့ လက်မောင်းကို စက်ဝိုင်း အားကိုးတကြီးကိုင်ထားမိတယ် ။
" နောက်တစ်ခါဆို အော်တဲ့ကောင်မ တိုက်ပိတ်ခံရမယ် ၊ ဆုမှတ်ရက်လျှော့ပစ်မယ် ။ မိတာနဲ့ တစ်ခါတည်း မသက်သာဘူးမှတ်... ၊ အားလုံး ပြန်အိပ်ကြ ၊ အကုန်ငြိမ် .. တစ်ယောက်မှမလှုပ်နဲ့.. နည်းနည်းလေးမှ မလှုပ်နဲ့ "
စက်ဝိုင်းတို့အားလုံး ခဏချင်းမှာ တုတ်တုတ်မလှုပ် ၊ ငြိမ်သက်သွားကြရတယ် ။ ကြောက်ကြောက်နဲ့ မျက်လုံးတွေကိုသာမှိတ်လိုက်ရပေမယ့် စက်ဝိုင်းရင်တွေ ခုထိတုန်နေတုန်း ။ နှလုံးတုန်ဖွယ် အသံတွေကို နားထဲမှာ ကြားယောင်နေတုန်း ။
အခန်းပြင်က အစောင့်ဆရာမ အသံကျယ်ကျယ်ထွက်လာပြန်ပြီ ။
" ဟေ့... အားလုံးကောင်းရဲ့လား... "

" အားလုံး... ကောင်း... ကောင်း "
သည်ညနေ တန်းပိတ်ခါနီးမှ လူသစ်တစ်ယောက် ထပ်ရောက်လာတယ် ။ မိန်းမကြီးက မည်းမည်းပုပု ၊ မျက်လုံးမှေးမှေးနဲ့ ။ အဝတ်အစားကတော့ ခပ်နွမ်းနွမ်းပဲ ။ ဒါပေမယ့် သူ့မှာ အထုပ်လေးတစ်ထုပ်နဲ့ အိပ်ရာလိပ်တော့ ပါတယ် ။ မဆိုးဘူးပေါ့ ။ စက်ဝိုင်းတို့လို သာတီးဒီတော့ မဟုတ်တာသေချာတယ် ။
တန်းစီခိုင်းထားလို့ လူတွေ လှုပ်လှုပ်ရွရွနဲ့ ထုံးစံအတိုင်း နှစ်ယောက်တစ်တွဲစီထိုင်ကြဖို့ ပြင်ဆင်နေကြပြီ ။ စက်ဝိုင်းက အမေစိန်နဲ့ တွဲထိုင်နေကျဖြစ်ပေမယ့် ရှေ့မှာ တစ်ယောက်တည်းထိုင်နေတဲ့ ၊ မနက်က အမေစိန်ကို သနပ်ခါးသွေးခိုင်းပြီး ဆေးလိပ်ငါးလိပ်ပေးတဲ့ ( ဟို... မကောင်းတဲ့မိန်းမဆိုတဲ့ ) အစ်မကြီးက သူနားကို လူသစ်မိန်းမကြီး ဝင်ထိုင်မယ်စိုးတယ်နဲ့ တူပါရဲ့ ။ အမေစိန့်ကို" ဒီနားလာထိုင် " တဲ့ ။
အမေစိန်ရှေ့မှာ သွားထိုင်တာနဲ့ စက်ဝိုင်းဘေးမှာ ဟိုလူသစ်မိန်းမကြီးလာထိုင်တယ် ။ စက်ဝိုင်းလည်း ခေါ်မလို့ပါပဲ ။ ဒါပေမယ့် အဲသည်မိန်းမကြီး ကြည့်ရတာကတော့ သိပ်ကြောက်ရွံ့ပုံ မရပါဘူး ။
နှစ်ယောက်တစ်တွဲစီထိုင်နေတဲ့ မိန်းမတန်းကြီးနှစ်တန်းဟာ မိလ္လာချောင်ထိတောင် ရှိတယ် ။ အလယ်မှာက အူကြောင်းလမ်း ။ လူစစ် ၊ တန်းပိတ်လာလို့ရှိရင် သည်လမ်းကလာပြီး တစ်တွဲချင်း လူရေလိမ့်မယ် ။ ပြီးတော့ စာရင်းပိတ် ၊ တံခါးပိတ် ၊ သော့ခတ် ။ အခန်းအားလုံး လူရေပြီးလို့ သော့ခတ် စာရင်းချုပ်ပြီးပြီ ဆိုရင်တော့ အဆောင်တစ်ခုလုံးရဲ့ တံခါးမကြီးတွေကို သော့ခတ်လိမ့်မယ် ။
အဆောင်တွေအားလုံး လူရေ ၊ စာရင်းချုပ် ၊ အားလုံး အဝင်အထွက်စာရင်းကိုက်ပြီဆိုမှ တန်းဖြုတ်သံချောင်းကို ခေါက်တာ ။ တန်းဖြုတ်သံချောင်း မခေါက်မချင်းကတော့ တန်းဖြုတ်လို့မရသေးဘူး ။ ခါးတောင့်တဲ့အထိ စီမြဲတိုင်း စီထားပေရော့ ။ တစ်ထောင်လုံးမှာရှိတဲ့ အကျဉ်းသားက ထောင်ချီပြီးရှိတာကို လူမကိုက်မချင်း ရှာပေဦး ။ စစ်ပေဦး ။ တစ်ဦးတစ်ယောက်လျော့နေတယ် ၊ တိုးနေတယ် ဆိုရင်ကို မနည်းရှာရ ၊ စစ်ရ ၊ ဘယ်အဆောင်က ဘယ်အခန်းကဖြစ်မယ်ဆိုတာ အပြန်ပြန်အလှန်လှန် ရေယူရတာ ။ သည်တော့ တန်းပိတ် တန်းစီရင် ပုံမှန် တစ်နာရီလောက်တော့ ကြာတာချည်းပဲ ။ ပုံမှန် မဟုတ်ရင်တော့ အချိန်ကို မှန်းကြည့်လို့ ဘယ်ရတော့မလဲ ။
စက်ဝိုင်းဘေးက မိန်းမကြီးကို မျက်လုံးစွေကြည့်တော့ မိန်းမကြီးကလည်း ပြန်ကြည့်တယ် ။
" ဘာဖြစ်လို့လဲဟင် အဒေါ် "
စက်ဝိုင်းရဲ့ တိုးတိုးမေးသံကို မိန်းမကြီးက လေသံပြတ်ပြတ်နဲ့ ..
" အရက်ပုန်းမှု "
" အဒေါ်က ဘယ်မှာရောင်းတာလဲ "
" တောင်ဥက္ကလာလေ ၊ ဆယ်ရက်ကွက်ဈေးနားမှာပဲ ၊ အစိုးရအရက်ဆိုင်နား ကပ်ရောင်းတာပဲ ၊ အမြီးဆိုင်ပေါ့အေ နာမည်ခံကတော့ ၊ ဒါပေမယ့် အရက်ရောင်းတာပဲ "
" ခု ဘယ်လောက်ကျလဲ "

" တစ်လခွဲပါ ၊ ဒါတောင် ငါက ဒဏ်ငွေမဆောင်နိုင်လို့ ၊ ဒဏ်ငွေဆောင်နိုင်ရင် ဒီလောက်မကျဘူး ။ ဒါပေမယ့် ကိစ္စမရှိပါဘူး ၊ အလျင်တစ်ခါကလဲ ဒီလောက်ပဲ ၊ ခဏလေးရယ် မကြာပါဘူး "
" ဟင် .. အဒေါ်က အလျင်ကလဲ တစ်ခေါက်ရောက်ပြီးပြီလား "
" အေး "
စက်ဝိုင်း မိန်းမကြီးကို ငေးကြည့်မိနေတုန်း အခန်းလူကြီး ဆရာမက...
" ကဲ .. တန်းစီထားမယ်ဟေ့ "
လို့ အော်လိုက်ပြီး လူရေဖို့ပြင်တယ် ။ စက်ဝိုင်းတို့တန်းစီနေကြတဲ့ လူတွေအားလုံး ပုံစံထိုင်လိုက်ကြရတယ် ။ တိုးတိုး တိုးတိုး ပွက်စီပွက်စီနဲ့ ပြောနေကြသံတွေအကုန်လုံး ငြိမ်ကျသွားတာပဲ ။
အခန်းလူကြီးဆရာမက လက်ညှိုးလေး တစ်ထောင်ထောင်နဲ့ လူရေတယ် ။
သည်နေ့ တစ်ရာသုံးဆယ့်ငါး ။ လူသစ်တစ်ယောက်တိုးတာကိုး ။
ခန်းပိတ် ၊ တန်းပိတ် လူစစ်တွေလာရင် ပေးလိုက်နိုင်ဖို့အတွက် အခန်းလူကြီးဆရာမက စာရွက်မှာ ရေးမှတ်တယ် ။
" ကဲ .. ပုံစံမပျက် စီထားမယ်နော် ၊ စကားမပြောနဲ့ တခြားအဆောင်တွေမှာ တန်းပိတ်တွေ ဝင်နေပြီ "
အခန်းလူကြီး ဆရာမက အသံ မာကြမ်းကြမ်းကြီးနဲ့ သတိပေးရင်း အလယ်အူကြောင်းလမ်းမကြီးမှာ လက်ကို ဟန်ပါပါလွှဲပြီး လျှောက်နေတယ် ။
" အားလုံး တန်းစီထား "
ခဏလည်းကြာရော အပြင်က အစောင်ဆရာမ တစ်ယောက်ရဲ့ လှမ်းအော်လိုက်သံနဲ့အတူ ဖိနပ်သံတွေ ၊ သော့တွဲသံတွေ ၊ ခြေသံတွေ ကြားရတယ် ။ စက်ဝိုင်းတို့ အားလုံး တန်းစီပုံစံမပျက် ငြိမ်ပြီးထိုင်နေကြရတယ် ။ စက်ဝိုင်းဖြင့် ဘာကိုကြောက်ရမှန်းလဲမသိ ၊ ကြောက်ပြီး အသက်ကိုတောင်ရဲရဲမရှူရဲဘူး ။ အားလုံးငြိမ်နေလိုက်ကြတာကလည်း သော့သံ ဖိနပ်သံကလွဲရင် ဘာမှမကြားရတော့ဘူး ။
ထောင်မှူးဆရာမကြီးကို ခြံရံပြီး တခြားဆရာမတွေ လေးငါးယောက်အပါအဝင် အခန်းထဲကို ဝင်လာတယ် ။ ဆရာမတစ်ယောက်က လူရေတယ် ။
" ဘယ်လောက်လဲ ဟေ့ "
ထောင်မှူးဆရာမကြီးက လှမ်းမေးတာကို လူရေတဲ့ ဆရာမက " တစ်ရာ့သုံးဆယ့်ငါး " လို့ ဖြေတယ် ။ ထောင်မှူးဆရာမကြီးက စာရွက်ပေါ်မှာ ရေးမှတ်ပြန်တယ် ။ ပြီးတော့မှ စက်ဝိုင်းတို့အခန်းလူကြီးဆရာမကို တိုးတိုး တိုးတိုးနဲ့ ပြောနေတယ် ။ အခန်းလူကြီးဆရာမက ရိုရိုသေသေ ကိုင်းကိုင်းညွတ်ညွတ်နဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတာကို မြင်နေရတယ် ။ ခဏလေးကြာတော့ ထောင်မှူးဆရာမကြီးတို့ အဖွဲ့ အခန်းထဲက ပြန်ထွက်သွားကြတယ် ။ နောက်တစ်ခန်း ကူးကြလိမ့်ဦးမယ် ။
" ကဲ... အားလုံးနားထောင်ကြ "

အခန်းလူကြီးဆရာမက အလယ်အူကြောင်းတည့်တည့်မှာရပ်ပြီး အားလုံးကို ခြုံကြည့်တယ် ။
" ခုနက ထောင်မှူး သေချာမှာသွားတယ် ၊ ည ကင်းစောင့်ဖို့ ကိစ္စပဲ ၊ ခုလို ပူအိုက်တဲ့ရာသီ ရောက်လာပြီဆိုရင် ည... လန့်အော်တဲ့ကိစ္စတွေ ဖြစ်လာတတ်တယ် ။ ပြီးခဲ့တဲ့ အပတ်က တို့အဆောင်မှာ အော်တာဖြစ်တယ် ။ ဟိုတစ်ပတ်က တခြားအဆောင်တွေမှာ ဖြစ်တယ် ။ အလျင်နှစ်တွေတုန်းကလဲ ဖြစ်တာပဲ ၊ နှစ်ကြီးသမားလူဟောင်းတွေအကုန်လုံးသိပါတယ် ။ နွေညတွေလဲဖြစ် လူတွေကလဲ စုပြုံပြီးအိပ်ကြရတာဆိုတော့ တစ်ယောက်ယောက်က သွေးလေချောက်ချားပြီး ယောင်ရမ်းအော်မိတာနဲ့ ကျန်တဲ့လူတွေပါလိုက်ပြီး အော်ကုန်ကြရော ၊ ဒါမျိုးတွေက ယောကျ်ားဆောင်တွေမှာတောင်ဖြစ်တာ ၊ မိန်းမဆောင်ဆိုတော့ ပိုဆိုးတယ် ။ ပိုဖြစ်နိုင်တယ် ။ ဒါကြောင့် ထောင်မှူးက သေသေချာချာ မှာသွားတာ "
ဟိုတစ်ညက နှလုံးတုန် ထိတ်လန့်စရာအသံတွေကို စက်ဝိုင်းပြန်ကြားနေရင်းက အခန်းလူကြီးဆရာမ ပြောတာကို စိတ်ဝင်တစားနားထောင်မိနေတုန်း... စက်ဝိုင်းဆီးစပ်က စစ်ခနဲ ထိုးသွားတယ် ။ ဘုရားရေ... မနက်ကပဲဟင်းဒဏ်များ ထိလို့လားမသိဘူး ။မလုပ်လိုက်ပါနဲ့... ခုချိန်သာသွားချင်ရင် မလွယ်ဘူး ။ ညပိုင်း အိမ်သာ မိလ္လာက တန်းစီ ၊ တန်းဖြုတ် သံချောင်းခေါက်ပြီးမှ ဖွင့်ပေးတာ ၊ ဒုက္ခပါပဲ ။
"... ဒါကြောင့်မို့လို့ ကင်းကိုနှစ်ယောက်တစ်တွဲ တွဲပေးထားမယ် ။ နှစ်နာရီခြားတစ်ခါ ချပေးထားမယ် ။ သက်ကြီးရွယ်အိုတွေမှအပ တခြားသူတွေ အကုန်စောင့်ကြရမယ် ။ ကိုယ့်ကင်းချိန်မှာ နိုးနိုးကြားကြားနေ ၊ လန့်ပြီးယောင်တဲ့သူရှိရင် ပါးစပ်ကို လှမ်းပိတ် ၊ မရရင် ပါးသာပိတ်ရိုက် ၊ အရေးကြီးတာက ဒီပြင်လူတွေကို ကူးစက်မသွားဖို့ပဲ ။ ဘာကြောင့်ပဲ အော်အော် တစ်ယောက်အိပ်ရင်း အော်မိလို့ တခြားသူတွေပါလိုက်ပြီး အော်ရင် ကင်းတာဝန်ပဲ ။ အော်တဲ့လူကိုလဲ မှတ်ထားပြီး အခန်းလူကြီးကို သတင်းပို့ ၊ အော်တာဖြစ်ပြီး အော်တဲ့သူ ဖော်မပေးနိုင်ရင် ကင်းသမားအပြစ် ၊ စ အော်တဲ့သူတွေ့ရင် အော်တဲ့သူ တိုက်ပိတ်မယ် ။ အော်တဲ့သူ ဖော်မပေးနိုင်ရင် အော်တဲ့အချိန်မှာ တာဝန်ကျတဲ့ ကင်းသမားကို တိုက်ပိတ်မယ်။ အားလုံးကြားကြလား... "
" ကြားပါတယ် "
" အေး... ဒါပေမယ့် ပြဿနာတော့ မရှာကြနဲ့ ၊ ပြဿနာ မဖြစ်ကြနဲ့ ဖြစ်ရင် ရုံးတင်ခံရမယ် ။ တိုက်ပိတ်ခံရမယ် ။ ကဲ သက်သာသလို နေချင်နေကြ ၊ တန်းမဖြုတ်သေးဘူး ၊ အတွဲတွေမဖြုတ်ကြနဲ့ဦး ။ စကားတိုးတိုးပြော ၊ သံချောင်းခေါက်မှ တန်းဖြုတ် "
အခန်းလူကြီးဆရာမက ပြောပြီးတာနဲ့ ခေါင်းရင်းခန်းဘက်သွားထိုင်တယ် ။ ခဏလေးအတွင်းမှာပဲ မိန်းမတွေပီသစွာ စကားတွတ်ထိုးသံတွေ ဆူညံလာတယ် ။
" တိုက်ပိတ်တယ် ဆိုတာ ဘာလဲ အဒေါ် "
" အိုအေ... အလုံပိတ်ထားတဲ့ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း နေရတာ ၊ နေ့မသိ ၊ ညမသိ ဘယ်မှလဲ မထွက်ရဘူး "
" အံမယ်လေး... ကြောက်စရာကြီး ၊ အဒေါ် နေဖူးလားဟင် "

" ဖွဟဲ့ .. မပြောကောင်း ပြောကောင်း ၊ ဘယ်က နေဖူးရမှာလဲ ။ စောကြည်တို့က ဘယ်တော့မှ ပြသနာမရှာဘူး ၊ ပြသနာမရှိဘူးဟေ့ .. သိလား "
" အဒေါ်နာမည်က ဒေါ်စောကြည်လား "
" အေး "
" အဒေါ့်မှာ သားတွေ သမီးတွေ မရှိဘူးလား "
" ရှိတာပေါ့ ၊ သမီးနှစ်ယောက် "
ကိုယ့်ရောဂါနဲ့ကိုယ် စက်ဝိုင်းရင်တွေ ဒိတ်ခနဲ ခုန်ပြန်တယ် ။ အဒေါ်ကြီးကြည့်ရတာ လေးဆယ်ကျော် ငါးဆယ်လောက်ရယ် ။ သူမွေးတဲ့ သမီးတွေဟာ စက်ဝိုင်းတို့လောက်ပေါ့နော် ။
" ခု.. အဒေါ်သမီးတွေရော ဘယ်မှာလဲ "
" သူတို့ဟာနဲ့ သူတို့ပေါ့ ၊ လင်ရကုန်ကြပြီ ။ တစ်ယောက်က ရန်ကုန်မြို့ထဲမှာ တစ်ယောက်ကတော့ တောမှာ "
စက်ဝိုင်းသက်ပြင်းချသံကို ဒေါ်စောကြည်ကတော့ ကြားဟန်မတူ ။ စက်ဝိုင်းကိုကြည့်ပြီး မျက်စိပျက် မျက်နှာပျက်နဲ့...
" ဟဲ့ ကောင်မလေး.. ဟိုအော်တာ ညတိုင်းဖြစ်သလား "
" ဟင့်အင်း ၊ မဖြစ်ပါဘူး ၊ အော်တာ တစ်ညတည်းရယ် "
" ဟင်း... ဒုက္ခပါပဲ ၊ အဲဒါ အမှောင့်ပယောဂ သိလား ၊ နာနာဘာဝတွေက ပူးပြီးအော်တာ ၊ တချို့ဆို ကိုယ့်ဟာကိုယ်အော်မိတာတောင် အော်မိမှန်း မသိဘူးတဲ့ "
" ဟုတ်လား... အဒေါ် "
စက်ဝိုင်းပိုပြီး ကြောက်သွားမိတယ် ။ သည်တစ်ခါတော့ ရှေ့က ဟိုမကောင်းတဲ့အစ်မကလည်း ထောက်ခံတယ် ။ ဟုတ်တယ် ၊ နာနာဘာဝ ဝင်ပူးတာတဲ့ ။ ညကျရင်တော့ ပူပူအိုက်အိုက် စက်ဝိုင်း အမေစိန့်ဘက် တအားတိုးမှာပဲ ။
" ညည်းမြင်တော့ တောက ငါ့သမီးအငယ်ကို အမှတ်ရတယ်အေ ၊ ရွယ်တူလောက်ရှိမှာ ။ ဆင်းရဲတယ် အေ့ ၊ ငါ့သမီးလေးက လယ်ကူလီလုပ်ရတာ ။ ဒါပေမယ့် ဘာပဲပြောပြော ငါတို့အလုပ်... ဟိုကောင်မ ငါ့သမီးကြီး အလုပ်နဲ့ စာတော့ အပုံကြီးစိတ်ချမ်းသာပါတယ်အေ "
" အဒေါ်သမီးအကြီးက ဘယ်သူနဲ့ ရတာလဲ "
လင်ရ ကံကောင်းတယ်အေ့ သူက ဟင်းဟင်း... သူ့လင်က လူမိုက်လေ ၊ လူမိုက်လက်သန်းဆိုတာ ရန်ကုန်အရှေ့ပိုင်းမှာ နာမည်ကြီးပေါ့လေ ၊ ငါ့သမီးကတော့အေ ၊ ပြောရစေတော့မကောင်းပါဘူး ။ တကယ်တော့ ငါ့အပြစ်တွေပေါ့အေ ၊ ငါ့အမြီးဆိုင်ထိုင်ရင်း ဖြစ်ရတာ ၊ ငါ့သမီး ပထမယောကျ်ားက ဘေးအမြီးဆိုင်က ကောင် ၊ ခုကောင် လက်သန်းမဟုတ်သေးဘူး ။ ပြောရဦးမယ် ငါ့သမီးလင်နောက်လိုက်သွားတော့ အပျိုမဖြစ်သေးဘူးအေ့ "

" ဟင်... တကယ် "
" တကယ်ပေါ့အေ ၊ ရှင်းတာပြောရရင် ပထွေးနဲ့ မနေချင်တာလဲ ပါတာပေါ့အေ ၊ ဒါပေမယ့် ငါလင်မို့ ငါပြောတာ မဟုတ်ပါဘူး ၊ ဒီကောင်က အရင်သောက်ရရင် ပြီးတာပါပဲ ၊ တခြား ထွေလီကာလီ စိတ်မရှိပါဘူး ။ ငါ့သမီးတွေကို သူချစ်ပါတယ် "
" ဟင်း.. အဒေါ်ကရော ဘာဖြစ်လို့ နောက်ယောက်ျားယူသေးတုံး "
" ဟဲ့.. သူမှ နောက်မိန်းမယူသေးတာ ၊ ငါက ဘာလို့ နောက်ယောက်ျားယူရမတုံး ၊ အံမယ်လေး.. ငါ့မှာ ကလေးနှစ်ကောင်နဲ့အေ့ "
ပထွေးဆိုရင် အမေသိန်းယောက်ျား ဦးလေးကြည်ကစပြီး ၊ ပထွေးမုန်းသမျှ မုန်းတီးနေမိတဲ့ စက်ဝိုင်းက ဒေါ်စောကြည်ကြီးကို မကျေနပ်ဘူး ။ တော်ပါသေးရဲ့.. သည်လို မိန်းမကြီးမျိုးစက်ဝိုင်းအမေ မဖြစ်တာ ။ ကျွတ်... ကျွတ် အရေးထဲ ဗိုက်ထဲကလည်း ထိုးလိုက်တာ ... တန်းဖြူတ်သံချောင်းကလည်းဘယ်တော့မှ ခေါက်မှာပါလိမ့် ...
" ဟို ကောင်မလေး ၊ ဒါနဲ့ ညည်းကရော အပျိုဖြစ်ပြီလား ၊ ပိန်လိုက်တာ ငါးဖောင်ရိုးလေးအတိုင်းပဲ "
" ဟင် "
စက်ဝိုင်းရင်ထဲမှာ ဒိန်းခနဲတုန်ရင်း တစ်စုံတစ်ရာကို ဖျတ်ခနဲ အမှတ်ရတယ် ။ ဘုရား... ဘုရား ... ဒေါ်စောကြည်မေးမှပဲ ကိုယ့်ကိုယ်ကိုယ် သတိရလာတယ် ၊ စက်ဝိုင်း ဗိုက်နာတာဟာ ဒါကြောင့် နာနေတာပဲ ၊ အဲဒါမှ ဒုက္ခပါပဲနော် ... စက်ဝိုင်း အခန်းလူကြီးဆရာမကို လှမ်းကြည့်ရင်း ဖျတ်ဆိုထပြီး ထဘီလှည့်ဝတ်ကြည့်လိုက်တယ် ။
" အဲ ... ငါပြောလို့တောင် မဆုံးသေးဘူး အရေးတော်က ပေါ်ပြီ "
ဒေါ်စောကြည်ပြောတာကို စက်ဝိုင်းမရယ်နိုင်ဘူး ။ ရှက်ရှက်နဲ့ပဲ အားကိုးတကြီး အမေစိန့်ကို လှမ်းပြီး..
" အမေစိန် ၊ လုပ်ပါဦး ဒီမှာ... "
" အဲဒါမှ ဒုက္ခ ၊ စက်ဝိုင်းတို့ကတော့ဟေ့ လုပ်လိုက်ပြန်ပြီ ၊ ငါ့မှာလည်း ထဘီတထည်တည်းရယ် ၊ ရေလဲထဘီအစုတ်က ရေချိုးတဲ့ဆီမှာ အပ်ထားတာ"
" ဒီအထဲမှာ ထဘီငှားတာတော့ ရှိသားပဲ ၊ ပြန်လျှော်ပေးရတယ်လေ ၊ ထဘီတထည် ဆေးလိပ် ငါးဆယ်တဲ့ "
ဟိုအစ်မက စက်ဝိုင်းကို အထင်သေးသလိုကြည့်ရင်းဝင်ပြောတော့ အမေစိန်နဲ့စက်ဝိုင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတယ် ။ ဆေးလိပ်ငါးဆယ်တဲ့ ။
ဘုရား... ဘုရား အမေစိန်ပြောတဲ့ ဆေးလိပ်ဟာ သည်ထဲမှာ ရွှေ ၊ ငွေဆိုတာ စက်ဝိုင်းယုံသွားပြီ ။ ဘာလုပ်ချင်လဲ ဆေးလိပ်ရှိရင် ရတယ် ။ ဘာစားချင်လဲ ၊ ဆေးလိပ်ရှိရင်ရတယ် ။ မနက်ကပဲ ဆေးလိပ်မသောက်ရ မနေနိုင်တဲ့ အမေစိန် ဟိုအစ်မကို သနပ်ခါးသွေးပေးတာ ဆေးလိပ်ငါးလိပ်ရတယ် ။ ည ည နင်းနှိပ်ပေးရင်လည်း ဆေးလိပ်ဆယ်လိပ်ကတော့ အသာလေးရတယ် ။ ဒါပေမယ့် ထဘီတစ်ထည်

တန်ဖိုးက ဆေးလိပ်ငါးဆယ်ဆိုတာတော့ ဈေးကြီးလွန်းလှတယ် ။ မငှားရင်မဖြစ်တဲ့ဟာမို့များ ဈေးတင်လေသလားမသိ ။ မိန်းမချင်း ကိုယ်ချင်းစာဖို့တော့ ကောင်းပါတယ်နော် ။
" ညည်းမှာ ဆေးလိပ်ဆယ်လိပ်လောက်တောင် မရှိဘူးလား "
ဒေါ်စောကြည်က မနေနိုင်ဘဲ ဝင်မေးတော့ စက်ဝိုင်းအားကိုးတကြီးနဲ့ ကြည့်မိတယ် ။
" ဘုရားစူးရစေရဲ့ ၊ တစ်လိပ်မှ မရှိဘူး အဒေါ် ရဲ့ ၊ ညကျ နင်းနှိပ်ပေးလိုက်ရင်တော့ ရချင်ရမလား ပါပဲ "
" ရမှာပေါ့အေ့ ၊ ညည်းကလဲ ငါ့ကို အဲဒီကျသာ ဆေးလိပ်ပေး ၊ ဘယ်နှစ်လိပ်ဖြစ်ဖြစ်ပေးပါ ၊ ငါညည်းကို ထဘီငှားပါ့မယ် ၊ ခုတော့ နေဦး တန်းဖြုတ်ပြီးတော့ယူ "
အံမယ်လေး... တော်ပါသေးရဲ့ ၊ ဒေါ်စောကြည်ကြီးကို ထိုင်တောင် ရှိခိုးလိုက်ချင်တယ် ။ ဘာပဲဖြစ်ဖြစ် မိန်းမတွေချည်း နေတာဆိုပေမဲ့ သည်တိုင်းကြီးတော့ ဘယ်ကောင်းမလဲ ၊ ရှက်စရာကြီး ။ ညကျသာ အနင်းအနှိပ်ခံမယ့်သူ ပေါ်ပါစေတော် ။
" ကျေးဇူးတင်ပါတယ် အဒေါ်ရယ် နော် ၊ ညကျရင် ဆေးလိပ်လည်း ပေးပါ့မယ် ၊ ပြီးတော့လေ... အဒေါ်ထဘီမကြာဘူး သိလား ၊ ခဏလေးရယ် ကျွန်မတို့က မကြာခင်ထွက်ရမှာ "
အမေစိန့် သံယောင်လိုက်ပြီး စက်ဝိုင်းပြောတာကို ဒေါ်စောကြည်က စိတ်ဝင်တစားနဲ့..
" ဟုတ်လား... ညည်းတို့က ဘာအမှုလဲ "
" ကျွန်မတို့လား... သာတီးဒီမှုလေ "

## အပိုင်း ၄

" အံမယ်လေး... ပျော်လိုက်တာ ၊ ခုမှပဲ အသက်ရှူချောင်သွားတော့တယ် ၊ နော် အမေစိန် ၊ အမေစိန်ရော မပျော်ဘူးလား "
ရဲစခန်းထဲကနေ လွှတ်လိုက်ကတည်းက ရှေ့ကနေ ဆာလာအိတ်ကြီးကို ဆွဲပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့သွားနေတဲ့ အမေစိန့် နောက်ကနေလိုက်ရင်း စက်ဝိုင်းပျော်နေမိတယ် ။
" ဟင်လို့ ... အမေစိန် မပျော်ဘူးလား "
" ပျော်ပါဘူး ၊ ငါ့အဖို့တော့ ရိုးနေပြီ ၊ ဒါပါနဲ့ဆို ခုနစ်ခေါက် "
" အမေစိန်ပြောတာမှန်တယ် ၊ ကျွန်မတို့ကို ခဏလေးနဲ့ လွှတ်လိုက်တယ် ၊ ခုနစ်ရက်ပဲ ကြာတယ်နော် "
" ဒီလိုပဲအေ့ ၊ ငါတို့လိုလူမျိုးတွေကို ဘယ်တော့မှကြာကြာမထားဘူး ၊ ငါးရက် ၊ ခုနစ်ရက် ၊ ဆယ်ရက် ၊ အလွန်ဆုံးမှ တစ်လပဲ ။ ထောင်ထဲက လူ မတရားများနေတဲ့အခါဆို သုံးရက်လောက်ထားပြီး လွှတ်ပစ်တာပဲ "
" ဟဲ့... စက်ဝိုင်း မြန်မြန်လျှောက် ၊ ငေးလိုက်တာကလဲ လွန်ရော "
" အင်းပါ ... အမေစိန်ရဲ့ "
အမေစိန်က စက်ဝိုင်းကို မျက်စောင်းထိုးကြည့်ရင်း..
" ထဘီလေး ဘာလေးကိုလဲ သပ်သပ်ရပ်ရပ် ဝတ်ထားစမ်းပါအေ ၊ ဟင်း...ထဘီ တစ်ထည်လုံးလဲ အစွန်းအထင်းတွေချည်းပဲ ၊ အင်း... ညည်းအတွက် လဲစရာ ထဘီတစ်ထည်တော့ လိုနေပြီ "
" အမေစိန့်မှာ ပိုက်ဆံရှိလို့လား "
" အံမယ်... ညည်းအတွက် ထဘီဝယ်ဖို့လား "
" အင်းလေ "
မျက်လုံး ကလည်ကလည်နဲ့ ခေါင်းညိတ်တဲ့ စက်ဝိုင်းကို အမေစိန်က သက်ပြင်းချတယ် ။
" ပိုက်ဆံတဲ့.. မပြောလိုက်ချင်ဘူး ၊ စက်ဝိုင်းရယ် ... ညည်း ထဘီဝယ်ပေးဖို့ နေနေသာသာ ငါတို့နှစ်ယောက်ခု ထမင်းစားဖို့ကို ဘယ့်နှယ့် လုပ်ရမှန်းမသိသေးဘူး ၊ ခု ညည်း ထမင်းမဆာဘူးလား "
" မဆာပါဘူး "
" ငါ့ ညာမနေနဲ့ ၊ လာ ... မြန်မြန်လျှောက် ၊ တို့ ကုန်တိုက်ဘက်သွားကြမယ် ။ ဘုရားမလို့ ... မမခင်ဒီနေ့လာပါစေ ၊ ငါ့လဲ ပိုက်ဆံပြန်ချေးပါစေ ။ ကုန်တိုက်ကလည်း မြတ်မဲ့ ပစ္စည်းကောင်းတွေ ပေးနေပါစေတော် "
" ကျွန်မကိုလဲ သင်ပေးဦးနော် အမေစိန် "
အမေစိန်က " အင်းပါ " လို့ ပြောပြီး ၊ မြန်မြန် ပိုလျှောက်တယ် ။

ဟောသည်နေရာကို စက်ဝိုင်းမှတ်မိပြီ ။ ရုပ်ရှင်ရုံတွေ ရှိတဲ့နေရာလေ ။ ဟိုကောင်လေးတွေ စက်ဝိုင်းကို လိုက် စ,တဲ့ နေရာပေါ့ ။ အံမယ် ... ကြည့်စမ်း ၊ ဟိုးက ရုပ်ရှင်ရုံအောက်မှာ ကွမ်းယာဗန်းလွယ်ထားတဲ့ ကောင်လေးဟာ အမေစိန်က ငပိန်လို့ခေါ်တဲ့ အပိန်အမည်းကောင် မဟုတ်လား ၊ ကြည့်ရတာကို ကျက်သရေမရှိဘူး ။ သည်ခါတွေ့လိုက်တော့ စက်ဝိုင်းတို့က ဘယ်လိုမှ မကြောက်သေးဘူး ။ စက်ဝိုင်းဘေးမှာ အမေစိန်ရှိတယ်လေ ။

" ဟဲ့ ကောင်မတွေ ... မတက်ကြသေးဘူးလား ဟေ့ "

အမေစိန်ရဲ့ အသံကျယ်ကျယ်ကြီးကြောင့် ရုပ်ရှင်ရုံအောက်မှာ ရုံးစုရုံစုလုပ်နေတဲ့ မိန်းမတစ်သိုက်က လှည့်ကြည့်ပြီး အားရဝမ်းသာ ဝိုင်းအော်ကြတယ် ။

" ပေါ်တော်မူကြီး လာပြီဟေ့ "

" နေဦး ... ရှင်က ဘယ်မှာ သွားအကွက်တွေ့နေတာလဲ ၊ ကျုပ်တို့လဲ လက်တို့စမ်းပါဦးတော့ "

" အံမယ်လေး... ဟုတ်တယ် ၊ ဒီမယ် လူဖြင့် အကွက်တွေ့ဖို့ နေနေသာသာ "

" ဒါဖြင့်...ဘာလဲ ၊ တော့် ယောကျ်ားကြီး ပြန်လာပလား "

" ဟဲ့ ကောင်မတွေရဲ့ မဟုတ်တယုတ်တွေ မပြောကြစမ်းနဲ့ ၊ ညည်းတို့လင်တွေ ဆွဲသွားလို့ ဟိုထဲ တစ်ပတ်သွားနေရတာ ၊ ဒီနေ့မနက်မှ ပြန်ထွက်လာရတာ "

" ဟုတ်လား... ရှင့်ကို မမခင်ကြီးကတောင် မေးနေသေးတယ် "

" သူ... ခုရောက်နေပလား ၊ ငါလဲ တွေ့ချင်လို့ "

" ရောက်ပလား မသိဘူး ၊ ကျုပ်တို့ အဲဒီဘက်ကို မရောက်သေးဘူး ၊ ဒီအောက် ထိုင်နေကြတာ "

" ဟဲ့ ပစ္စည်းတွေကော ဘယ့်နှယ့်လဲ ၊ ဘာတွေ ပေးနေလဲဟေ့ "

" ထုံးစံအတိုင်းပေါ့ ဒေါ် စိန်ပွင့်ရယ် ၊ ငါးမူးတစ်ကျပ်မြတ် အတွဲလေးတွေပေါ့ ။ သောကြာနေ့ကတော့ ကြားနေတာပဲ ၊ ဒီနေ့ အင်္ဂါ ခြင်ထောင်ဇာတွေ ပေးမယ်ဆိုလားပဲ "

" ဒါဖြင့် ငါသွားလိုက်ဦးမယ် ။ ဟဲ့... ငါ့ ဆေးလိပ်လေး တစ်လိပ်လောက် ဝယ်တိုက်ကြစမ်းပါအေ ၊ ပိုက်ဆံကို တပြားမှ မရှိတော့ဘူး "

အမေစိန်နဲ့ မိန်းမတွေ တစ်ယောက်တစ်ပေါက် ပြောနေကြတာကို စက်ဝိုင်းအငေးသား နားထောင်နေမိတယ် ။

မိန်းမတစ်ယောက်က " ကဲ.. ရော့ ၊ သောက်တော်မူ " ဆိုပြီး ဆေးပေါ့လိပ်တစ်လိပ် ဝယ်ပေးတယ် ။ အမေစိန်က အုန်းဆံကြိုးမှာ မီးညှိရင်း " ဟဲ့ အဝိုင်း လာ သွားစို့ " ဆိုပြီး ရှေ့ကနေ ထွက်သွားတယ် ။

" ဒေါ် စိန်ပွင့်... အပေါ်တက်တော့မလို့လား ဗျ ၊ ကွမ်းယာ ဝယ်စားဦးလေ "

ဘယ်သူရမလဲ ၊ ဟိုကောင် ငပိန်ပေါ့ ။ စပ်ဖြဲဖြဲ မျက်နှာနဲ့ အမေစိန်ကို မျက်နှာချိုသွေးနေလိုက်တာ ။ စက်ဝိုင်းကတော့ နှုတ်ခမ်းကို အစွမ်းကုန် စူပစ်လိုက်တယ် ။

" ငပိန်နော် ၊ နင်ကြပ်ကြပ်သတိထား ၊ ဒီနန့်ကြောကို ငယ်ငယ်ရွယ်ရွယ်နဲ့ဆွဲနေ ၊ မကြာခင် နင်ဖိုးကြာဖြစ်မယ် ၊ ကြားလား "
ငပိန့်မျက်နှာ ရှုံမဲ့သွားတာကိုကြည့်ပြီး စက်ဝိုင်းသဘောကျလိုက်တာ ။ အမေစိန်ကိုကြောက်တော့ ငပိန်ဘာမှလည်း ပြန်မပြောရဲဘူး ။ အမေစိန်ကတော့ ဆေးပေါ့လိပ် တဖွါဖွါနဲ့ ကုန်တိုက်ဘက်ကို လမ်းကူးရင်း ...
" အလကား ကောင်လေးတွေ ၊ မိဘက ရုပ်ရှင်ရုံအောက်မှာဈေးရောင်းရင်းမွေး ၊ ဈေးရောင်းရင်းကြီးနဲ့လူဖြစ်လာတာ ။ အချိန်တန်တော့ ရုပ်ရှင်ရုံ ဈေးသည်ပေါက်စဖြစ်လာရော ၊ ကျောင်းမနေရ ၊ ဘာမနေရနဲ့ နားလည်မှုလဲမရှိ ဘာလဲမရှိ ၊ ဒီထဲ မိန်းမကလိုချင်နေသေးတယ် ။ ခုကာလ သားသမီးတွေ လူဖြစ်ကိုမြန်ပါတယ် "
သည်လိုကျတော့လည်း ငပိန်က သနားစရာကောင်းသားပဲ ။ စက်ဝိုင်းနဲ့ စာမတတ်တာ ၊ ဆင်းရဲတာချင်းတူပေမယ့် သူက တော်ပါသေးတယ် ။ အဖေရင်း အမေရင်းနဲ့ နေရတယ်လေ ။
" ဟော ... ဟိုမှာ မမခင် ၊ လာဟေ့ အဝိုင်း "
အမေစိန်က အားရဝမ်းသာနဲ့ ကုန်တိုက်ဘေး အောက်ခြေမှာစုထိုင်နေကြတဲ့ မိန်းမတွေဆီကို မပြေးရုံတမယ်သွားတယ် ။ သြော်... မိန်းမတွေ အလယ်ကောင်မှာ ထိုင်နေတဲ့ မိန်းမကြီးဟာ မမခင်ဆိုတဲ့ မိန်းမကြီးပဲ ။
စက်ဝိုင်း အမေစိန်နဲ့ စတွေ့တုန်းက ရွှေဆွဲကြိုး အကြီးကြီးနဲ့ ဖြူဖြူဝဝမိန်းမကြီးလေ ။
" ကဲ... ဘယ်လိုဖြစ်လာတာလဲ ၊ ဖိုသီဖတ်သီနဲ့ ၊ အို... မစိန်ပွင့်... ဘယ်ကနေ ပေါ်လာပြန်တာလဲ "
မိန်းမကြီးက သူ့လက်ထဲက ပိုက်ဆံတွေကို ရေတွက်နေရာက ငေါ့တော့တော့နဲ့ နှုတ်ဆက်တယ် ။ တစ်ဆက်တည်းပဲ စက်ဝိုင်းကိုလည်း မျက်လုံးလှန်ကြည့်လိုက်သေးတယ်လေ ။
" မပြောချင်တော့ပါဘူး မမခင်ရယ် ၊ ထုံးစံအတိုင်းပေါ့ ၊ ဟိုထဲပါသွားတာ ၊ တစ်ပါတ်ကြာတယ် ခုမှပြန်ထွက်ခဲ့ရတာ "
အမေစိန့်စကားကို ဟိုမိန်းမကြီးက ဂရုမစိုက်နိုင်ဘူး ၊ သူ့ဘေးနား ဝိုင်းနေတဲ့ မိန်းမတွေကို လက်ထဲက ပိုက်ဆံတွေကို ရေတွက်ပေးရင်း...
" ရော့ ... မိစု ငါးဆယ် ၊ မသန်းတင့် အစိတ် ၊ သေချာရေနော် ... ဆယ်တန်နှစ်ရွက်နဲ့ ငါးကျပ်တန် ။ နောက်မှလိုတယ် မလုပ်ကြနဲ့ ။ အဲ... ညည်းကဘယ်လောက် ၊ အေးအေးလွင်က ငါးဆယ် ရော့ ၊ ဆယ်တန်သုံးရွက် ငါးကျပ်တန်လေးရွက် ၊ အေး... ညနေတော့ စောစောပေးနော် ၊ ပြီးတော့ ပစ္စည်းလေးဘာလေးလဲ ယူခဲ့ကြပါ။ ကျုပ်လဲ ပိုက်ဆံနဲ့ဝယ်တာပါပဲ ၊ သူတို့ယောက္ခမတွေက ဘယ်လောက်များ ပိုပေးတယ်မသိဘူး ။ ယောက္ခမတော်တွေက ပိုက်ဆံကျ ချေးရှာတာကိုး ၊ ကဲ... ရော့ ၊ ဟိုကောင်မ စန်းစန်းရီ အစိတ် ၊ ဟုတ်လား... "
သြော်... သူက ပိုက်ဆံချေးတဲ့ မိန်းမကြီးပဲ ။ မိန်းမကြီးက သူ့နားက မိန်းမတစ်သိုက် ရှင်းသွားတဲ့အထိ အမေစိန်ကို ဘာမှမပြောသေးဘူး ။ သူ့ခြင်းတွေ အိတ်တွေထဲ ဟိုနှိုက် သည်နှိုက် လုပ်နေတယ် ။

အမေစိန်ကတော့ သူ့ဆာလာအိတ်ကြီးထဲက လွယ်အိတ်အနွမ်းကြီးကိုထုတ်ပြီး စလွယ်သိုင်းတယ် ။
ပြီးတော့မှ...
" ကဲ ... မမခင် ၊ ကျုပ်လဲပေးဦးလေ ...၊ ကျုပ် ဒီနေ့မနက် ဘာမှကိုမစားခဲ့ရသေးဘူး ... "
မိန်းမကြီးက အဲဒီကျမှ မော့ကြည့်ပြီး မထုံတတ်သေးလိုလို.. ငေါ့တော့တော့လိုလိုနဲ့ ...
" သိဘူးလေ ၊ တော့်ဥစ္စာက ခုမြင်ခုပျောက်နဲ့ ၊ ပေးရမယ့်လူက ဆန့်တငင်ငင်ဖြစ်အောင်... "
" အံမယ်လေး... မဖြစ်စေရပါဘူးတော် ၊ မမခင်ပိုက်ဆံ ကျုပ်ဘယ်တုန်းကများ မပေးပဲ နေဖူးတုန်း ၊
ပစ္စည်းမပေးတဲ့ နေ့တွေတောင် ကျုပ်အတိုးမှန်မှန်ပေးတာပဲဟာ "
" ကဲ .. ကဲ.. ယူပါ ၊ ပြောမနေပါနဲ့... ၊ ဘယ်လောက်လဲ... အစိတ်ပဲလား... "
" ငါးဆယ်ပေးပါ မမခင်ရယ်... ၊ ကျုပ်တို့က နှစ်ယောက်... "
မိန်းမကြီးရဲ့ဖွင့်လက်စ ပိုက်ဆံအိတ်ဇစ်လေး တန့်သွားပြီး စက်ဝိုင်းကို သေချာကြည့်တယ် ။
" လုပ်လာပြန်ပြီ ... မစိန်ပွင့်တို့ကတော့... ၊ သူက ဘယ်သူတုံး ၊ ကျုပ်က ဘယ်လိုယုံရမှာတုန်း "
" ကျုပ်ယူတယ်လို့ပဲ သဘောထားပါတော် ... ၊ မမခင်ကလဲ ... ဒါ ကျုပ်သမီး "
စက်ဝိုင်းရင်ထဲ နွေးခနဲ ဖြစ်သွားတယ် ။ မိန်းမကြီးကတော့မယုံတဲ့မျက်နှာနဲ့ " ဟင်း... ဘာသမီးလဲ " တဲ့ ။
မိန်းမကြီးကို စက်ဝိုင်း ခဏလေးအတွင်းမှာပဲ မုန်းသွားတယ် ။ အမေစိန်က ပိုက်ဆံငါးဆယ်ကို
သူ့လွယ်အိတ်ကြီးထဲက ထွက်လာတဲ့ ပလက်စတစ်အိတ်ထဲထည့်ပြီး စက်ဝိုင်းကို " လာ .. သွားစို့ " တဲ့ ။
" ကဲ... ညနေတော့ သိပ်နောက်မကျစေနဲ့ နော် ၊ မှာလိုက်ပါရဲ့ "
" စိတ်ချ ... စိတ်ချ ... ငါးနာရီ မထိုးစေရဘူး.. "
အမေစိန်က မိန်းမကြီးကို ပြန်အော်ရင်း ကုန်တိုက်ကြီးဘေးကနေ အရှေ့ဘက်ကို ချိုးကွေ့သွားတယ် ။
" မိန်းမကြီးက မုန်းစရာကြီး "
" ဩော်... ဒီလိုပဲပေါ့ ၊ သူ့မုန်းနေရင် ငါတို့ဘယ်လိုထမင်းစားရမလဲ ၊ သူရှိနေပေလို့ ၊ လာ... အပေါ်မတက်ခင်
မုန့်ဟင်းခါးလေးတော့ စားထားရအောင် ၊ တော်ကြာ လူသိပ်များရင် မူးလဲနေဦးမယ် "
" အဲဒီမိန်းမကြီးကို အမေစိန်က အတိုးဘယ်လောက်ပေးရတာတုန်း "
" သူက တစ်ရာကို နှစ်ဆယ်တိုး ၊ ခု ငါက ငါးဆယ်ယူတော့ တစ်ဆယ်အတိုး ပေးရမှာပေါ့ ၊ အစိတ်ယူရင်
ငါးကျပ် ၊ မြတ်တဲ့ပစ္စည်းအတွဲတွေ ပေးရင်တော့ ယူပျော်ပါတယ် ။ ငွေအစိတ်ငါးဆယ်နဲ့ ဟိုဘက်ကုန်တိုက် ၊
ဒီဘက်ကုန်တိုက် ကူးချည်သန်းချည် ပြေးလိုက်လွှားလိုက်ရင် ဆယ့်ငါးကျပ် နှစ်ဆယ်တော့ ကျန်တယ် ၊
အတိုးပေးလိုက်ရင် ကိုယ့်အတွက်တစ်ဆယ်တော့ ကျန်ပါတယ် ။ တစ်ခါတလေတော့လည်း ခုနစ်ကျပ် ၊
ရှစ်ကျပ်ပေါ့ "
စက်ဝိုင်းနဲ့ အမေစိန် ကုန်တိုက်ရှေ့ဘက်က မုန့်ဟင်းခါးဆိုင်လေးမှာ မုန့်ဟင်းခါးစားကြတယ် ။
နှစ်ယောက်လုံး တစ်ပွဲတည်းနဲ့ မဝကြပေမယ့် တော်လိုက်ရတယ် ။ ငရုတ်သီးစပ်စပ်လေးနဲ့

စားလို့ကောင်းလိုက်တဲ့ မုန့်ဟင်းခါး ၊ တကယ်စားရင် လေးပွဲလောက်တော့ စက်ဝိုင်း ကုန်လိမ့်မယ် ထင်တယ် ။

" ကဲ... လာ ၊ အပေါ်တက်မယ် ၊ လုံချည်တိုတိုနဲ့ မြမြဝတ် ၊ ဖိနပ်ချွတ်ကိုင် ငါတက်တာနဲ့ ငါ့နောက်က တစ်ခါတည်း ကပ်လိုက်ခဲ့ ၊ ဘယ်သူဖြစ်ဖြစ် မညှာနဲ့ ၊ အတင်းသာတိုး ၊ ကြားလား "

စက်ဝိုင်း ခေါင်းညိတ်ရင်း အတွေ့အကြုံသစ်ကို သိပ်စိတ်ဝင်စားနေမိတယ် ။ ကုန်တိုက်ပေါ်တက်တဲ့ လှေကားကြီးနားမှာ နည်းတဲ့လူအုပ်ကြီး မဟုတ်ပါဘူး ။ ယောက်ျားတွေရော ၊ မိန်းမတွေရော တက်ခွင့်ရရင် တက်ဖို့ တာစူနေလိုက်ကြတာများ ကြောက်... ကြောက်စရာ ။ ကုန်တိုက် လှေကားရင်းက လက်ပတ်နဲ့လူကြီးက " နေကြဦး... နေကြဦး ၊ တက်ခွင့် မပေးသေးဘူး ၊ ဒီပြင်လူတွေ အေးအေးဆေးဆေးတက်ကြပါစေဦး " တဲ့ ။ စက်ဝိုင်းတို့ ကြားထဲကနေဖြတ်ပြီး အေးအေးဆေးဆေးတက်နေကြတဲ့ ဒီပြင်လူတွေကို စက်ဝိုင်းငေးကြည့်နေမိတယ် ။ အဲသည်လူတွေဟာ စက်ဝိုင်းတို့လို လူတွေပါပဲ ။ ဘာဖြစ်လို့ သူတို့ကျ တက်ရပြီး စက်ဝိုင်းတို့ကျ မတက်ရသေးတာပါလိမ့် ။

" ကဲ ၊ ဖြည်းဖြည်း... ဖြည်းဖြည်း တက်လို့ရပြီ.. တက်လို့ရပြီ "

အိုး... ဘာပြောကောင်းမလဲ ၊ လူတွေ တအားတိုးတက်လိုက်ကြတာမှ ဘယ်နည်းလိမ့်မလဲ ။ စက်ဝိုင်းလည်း အမေစိန်နောက်ကနေ တအားတိုးပြီး ပြေးတက်ရင်း ပျော်သလိုတောင်ဖြစ်လာတယ် ။ ကြည့်စမ်း ၊ သည်အပေါ်ထပ်ကို စက်ဝိုင်း ဘယ်လိုလုပ်ရောက်လာတာပါလိမ့် ။ ဟယ်... ဟိုမှာ အဝတ်စတွေ လှလိုက်တာ ၊ အများကြီးပဲ ၊ မှန်သေတ္တာထဲက အရုပ်မတွေကလဲ စက်ဝိုင်းတို့လောက်တောင် ရှိတယ်တော့ ။ တစ်ခေါက်မှ မရောက်ဖူးတဲ့ စက်ဝိုင်း မျက်စိမအားအောင် လိုက်ကြည့်နေတုန်း အမေစိန်က ...

" ဟဲ့... ငေးမနေနဲ့ ၊ လာ .. ဒုတိယထပ်မှာ ပေးနေတယ်တဲ့ "

အရှယ်နဲ့မလိုက်အောင် ပြေးတက်သွားတဲ့ အမေစိန့်နောက်ကနေ စက်ဝိုင်းလည်း အပြေးလိုက်ရတယ် ။ ဒုတိယထပ်မှာ လူတွေအများကြီးပဲ ။ တန်းစီနေတဲ့ လူအုပ်ထဲကို စက်ဝိုင်းပြေးဝင်မယ်လုပ်တော့ ၊ အမေစိန်က လှမ်းဆွဲထားတယ် ။

" ဟဲ့ .. မဝင်နဲ့ ၊ ဟိုမှာ ယောက်ျားတွေချည်း မမြင်ဘူးလား ၊ ဒါ ယောက်ျားတန်း ၊ ယောက်ျားတွေပေးတာ ၊ တို့မိန်းမတွေ မပါသေးဘူး "

ဟုတ်သားပဲ ။ ယောက်ျားတွေချည်း တန်းစီနေတာကို စက်ဝိုင်းမမြင်ဘူး ။ ဘေးနားမှာ မတ်တပ် မတ်တပ်လုပ်နေကြတဲ့ လွယ်အိတ်စလွယ်သိုင်းနဲ့ မိန်းမတွေကြားမှာ စက်ဝိုင်းတို့ ဝင်ရပ်လိုက်ကြတယ် ။

" ဟဲ့.. ဒီနေ့ ခြင်ထောင်ဇာတွေ ပေးမယ်ဆို ၊ နင်တို့ ကြားကြလား "

အမေစိန်က သူနဲ့သိတဲ့ မိန်းမတွေကိုလိုက်မေးနေတယ် ။ မိန်းမတစ်ယောက်က မဲ့ကာ ရွဲ့ကာနဲ့...

" ခြင်ထောင်ဇာပေးတော့ကော ရှင်တို့တတ်နိုင်မှာလား တစ်ရာကျော်မဲ့ဟာကို စိတ်မဝင်စားနဲ့ အေးဆေးနေ ၊ ခဏနေ ... ဆပ်ပြာပေးမယ် ပြောတယ် ၊ အဲဒါစောင့် "

" ဘာဖြစ်လဲဟဲ့ ၊ တစ်ရာကျော်တော့ နှစ်ယောက် သုံးယောက်ပေါင်းထုတ်မှာပေါ့ ၊ နင်ကလဲ... "

ပြောနေတုန်းရှိသေး ၊ ဘယ်က အသံမှန်းမသိဘူး အောက်ထပ်မှာ ဆပ်ပြာ .. ဆပ်ပြာဆိုတဲ့ အသံလည်းထွက်လာရော ဝုန်းဆို လွယ်အိတ်စလွယ်သိုင်း မိန်းမအုပ်ကြီး ဆင်းပြေးကြပြန်တယ် ။ ဘာရမလဲ ၊ စက်ဝိုင်း အမေစိန့်ကိုတောင် မစောင့်ဘူး ။ အမြန်ဆုံး ဆင်းပြေးတယ် ။

" ဆပ်ပြာနဲ့ ပန်းကန်အတွဲ ဆယ့်လေးကျပ်ခွဲတဲ့ "

စက်ဝိုင်း ဒါလောက် အမြန်ဆင်းပြေးတာတောင် ရှေ့မှာ ဆယ့်လေးငါးယောက်ရှိသေးတယ် ။ အံမယ် ...အမေစိန်ကလည်း မဆိုးဘူး ၊ စက်ဝိုင်းနောက် ငါးယောက်ကျော်လောက်မှာ ။ နောက်က မိန်းမတွေကနေ အမေစိန်က ပိုက်ဆံဆယ့်ငါးကျပ် လှမ်းပေးတယ် ။ သည်တစ်ခါတော့ မိန်းမတွေချည်းပဲ ။ မိန်းမတန်းကြီးကလည်း နည်းတဲ့ အရှည်ကြီး မဟုတ်ဘူး ။ နှစ်ဆစ်ချိုး သုံးဆစ်ချိုး တွန့်လိမ်ခေါက်ဝင်နေသေးတယ် ။ တစ်ယောက်နဲ့ တစ်ယောက် တိုးကြ ဝှေ့ကြ ၊ မကြားတကြား စောင်းမြောင်းကြတဲ့ မိန်းမတွေကြားမှာ စက်ဝိုင်းကတော့ ပျော်နေတယ် ။

" ဟဲ့... ကောင်မ ခဏစောင့်ဦး ၊ အဲဒီနားမှာ "

အမေစိန့်ကို စက်ဝိုင်းလှည့်ကြည့်ပြီးတော့ ခဏ ရပ်စောင့်နေရတယ် ။ အမေစိန် ထုတ်ပြီးတာနဲ့ နှစ်ယောက်သား အောက်ကို အမြန်ပေးဆင်းကြပြီး သွားရောင်းတယ် ။ အမေစိန်က ဟိုမိန်းမကြီးဆီမှာပဲ သွားရောင်းတယ် ။ ဆပ်ပြာနဲ့ ပန်းကန်တွဲကို ဆယ့်ခုနစ်ကျပ်ခွဲ ပေးတယ် ။

" ဟင် ... သုံးကျပ်ပဲ မြတ်တယ်နော် အမေစိန် ၊ နည်းနည်းလေးရယ် "

စက်ဝိုင်းက မျက်နှာရှုံ့တော့ အမေစိန်က ကုန်တိုက်ပေါ် ပြန်တက်နေရာက...

" ဟဲ့.. ဒီလိုပဲ ၊ ဒါလောက်မြတ်တာတော်သေးတယ်မှတ် ၊ အရေးကြီးတာက နောက်တစ်ခါ ပြန်စီဖို့ပဲ... လာ "

" ဟင် ... နောက်တစ်ခေါက် ပြန်မစီရဘူးဆို ၊ ဟို ဦးလေးကြီး အော်နေတယ်လေ.. ဆွဲထုတ်မယ်တဲ့ "

" အေး... ညည်းလိုသာကြောက်နေလို့ကတော့ ၊ ဒီကမိန်းမတွေ အကုန်ထမင်းငတ်မယ် ၊ ဒီလိုစီရတာပဲဟဲ့ ၊ ဒီမှာ ခေါက်ရေ များများပြနိုင်မှ အလုပ်ဖြစ်တာ ။ ပေးတဲ့ပစ္စည်းက မြတ်လို့မဟုတ်ဘူး ၊ ပစ္စည်း တစ်တွဲကို တစ်ကျပ် နှစ်ကျပ် သုံးကျပ် အလွန်ဆုံးမြတ်တာ ၊ ဒါပေမယ့် တစ်ခေါက်တစ်ကျပ် ဆယ်ခေါက်ပြန်တော့ ငွေတစ်ဆယ်ရတယ် ။ နားလည်လား ၊ ခုဆပ်ပြာဆို သုံးခေါက်လောက်ပြန်နိုင်ရင် တို့ ကိုးကျပ်မြတ်ပြီ ။ အံမယ်လေး ... ညည်းကြဲပုပါလိမ့်ဦးမယ် ၊ တစ်ခါတလေကျတော့ မီးသီးနဲ့ အဝတ်ချုပ်အပ်တို့ဘာတို့ အတွဲမျိုးဆို တစ်မတ်ငါးမူးပဲ မြတ်တာ ၊ အဲတာမျိုးကြတော့ သေရော "

သည်လိုဆိုတော့လည်း မလွယ်ပါလား ၊ ပြေးနိုင်လွှားနိုင် လည်နိုင် ပတ်နိုင်မှ ဖြစ်မဲ့အလုပ် ။ အပင်ပန်းလည်း ခံနိုင်ရဦးမယ် ။ ဟင်း... ဟိုမိန်းမကြီးကို မုန်းလိုက်တာ ။ သူက ဇိမ်နဲ့နေပြီး ငါးကျပ် ၊ တစ်ဆယ် အသာလေးရနေတာ ။ စက်ဝိုင်းတို့ဖြင့် ချွေးတွေ သံတွေကို ရွှဲလို့ ။ ဒါတောင် နှစ်ခေါက်ပဲ ဆင်းရတက်ရသေးတယ် ။ ဘာပဲပြောပြော စက်ဝိုင်းကတော့ အစမို့လားမသိဘူး မောရပန်းရမှန်း မသိဘူး ။ အပေါ် နဲ့အောက် ဘယ်နှစ်ခေါက် တက်မိဆင်းမိမှန်းလဲမသိဘူး ။

ညနေစောင်းလို့ ဟို မမခင် ဆိုတဲ့ အဘွားကြီးကို ခြောက်ဆယ်ပြန်ပေးပြီးတော့ အမေစိန်လက်ထဲမှာ နှစ်ကျပ်ကျန်တယ် ။ မနက်က မုန့်ဟင်းခါး တစ်ပွဲနဲ့သာ အာသာဖြေထားရတဲ့ ဗိုက်တွေကလဲ ထမင်းကို တောင်းလှပြီ ။

" ထမင်းဆာလိုက်တာ အမေစိန်ရယ် "

စက်ဝိုင်း မအောင့်နိုင်ပဲ ပြောလိုက်မိတယ် ။ အမေစိန် မျက်နှာကြမ်းကြမ်းက စက်ဝိုင်းကို သနားသလို ကြည့်ရင်း....

" ငါလဲ အတူတူပဲ ၊ လာ ထမင်းသွားဝယ်ရအောင် "

ကုန်တိုက် အရှေ့ဘက်ခြမ်းက ထမင်းဆိုင်ကလေးမှာ ထမင်းနဲ့ ဟင်း ပုံပက် ငါးကျပ်တန်နှစ်ထုပ်ဝယ်တယ် ။ ဟိုတစ်ခါ အမေစိန်စားသလိုမျိုး ဝက်သားဟင်း တစ်တုံး ၊ ချဉ်ပေါင်ကြော်တစ်ပုံနဲ့ အနှစ်တော့ နည်းနည်းများတယ် ။

ကုန်တိုက် အခြေမှာထိုင်ပြီး စက်ဝိုင်းနဲ့ အမေစိန် စားလိုက်ကြတာ ခေါင်းတောင် မဖော်နိုင်ဘူး ။ စက်ဝိုင်း သိပ်ကြိုက်တဲ့ ဝက်သားတုံးလေးကို ကုန်သွားမှာ ကြောက်နေမိတယ် ။ ထမင်းတစ်ထုပ်က ခဏလေးအတွင်းမှာ ပြိုက်ခနဲ ကုန်သွားတယ် ။ ဒါပေမယ့် စက်ဝိုင်းက မဝဘူး ။

" ဟဲ့ ကောင်မ လာ ဒီမှာ ရေသောက်လှည့် "

ရေခဲရေတစ်ခွက်ကို နှစ်ယောက်မျှသောက်တဲ့ အမေစိန့်ကို စက်ဝိုင်းအားနာနေမိတယ် ။ နောက်နေ့တွေကျရင်တော့ ထမင်းထုပ်ပိုလည်း ဝယ်နိုင်အောင် ရေခဲရေလည်း တစ်ယောက်တစ်ခွက် ဝဝသောက်နိုင်အောင် စက်ဝိုင်း ခေါက်ရေများများ တိုးနိုင်အောင်လုပ်ရမယ် ။

တဖျပ်ဖျပ် ပွင့်လာကြတဲ့ မီးလုံးလေးတွေနဲ့ အတူ အနောက်ဘက်ကကောင်းကင်ကြီးကလည်း နီရဲလို့နေတုန်း ။ နေမဝင့်တဝင် အချိန် ။

အမေစိန်နဲ့ စက်ဝိုင်း ညောင်းညာနေတဲ့ ခြေထောက်တွေကို ဒယဥ့်ဆွဲလျှောက်ရင်း တဝါးဝါးသမ်းမိကြတယ် ။ ထောင်ထဲမှာကတည်းက အိပ်ပျက်ခဲ့တာ ကုန်တိုက်ပေါ်ကို အခေါက်ခေါက်အခါခါ တက်ဆင်းတာကလဲ ပင်ပန်းနဲ့ စက်ဝိုင်းတို့ အိပ်ပစ်လိုက်ချင်တယ် ။ အို... ဘုရားရေ... ခုမှ သတိရတယ် ။ အိပ်ဆိုလို့ စက်ဝိုင်းတို့က ဘယ်မှာ အိပ်ရမှာလဲ ။ ဟိုနေရာက အိပ်ရင်ဖမ်းမှာဆို။

စက်ဝိုင်းက အလောတကြီးနဲ့...

" အမေစိန် ၊ ညကျ ကျွန်မတို့ ဘယ်မှာ အိပ်မှာလဲ "

အမေစိန်ကတော့ အေးအေးဆေးဆေးပါပဲ ၊ ဆေးလိပ်တိုကို အားရပါးရဖွာရှိုက်ရင်း...

" ကိုယ့်နေရာကိုယ်ပဲ အိပ်မှာပေါ့ ၊ ရုပ်ရှင်ရုံ ရှေ့က ပလက်ဖောင်းပေါ်လေ.... "

## အပိုင်း ၅

ရုပ်ရှင်ရုံထဲက အန်ကျလာတဲ့ လူပေါင်းများစွာကို ဝမ်းသာစိတ်နဲ့ စက်ဝိုင်းကြည့်တယ် ။ ဒါပေမယ့် မျက်လုံးထဲမှာ လူတွေဟာ တစ်ယောက်ပေါ်တစ်ယောက် ထပ်နေကြတယ် ။ မျက်လုံးတွေကို စက်ဝိုင်း ဇွတ်ကြိုးစားပြီး ဖွင့်နေမိတယ် ။

" ဩော်... ဒီကောင်မနဲ့တော့ ခက်ပြီ ၊ ဟဲ့.. ခဏလေးများ ထိန်းထားစမ်းပါဦး ၊ ငိုက်လိုက်တာ လူမြင်မကောင်းဘူး ၊ ဟိုမှာ ရုပ်ရှင် ပြီးပါပြီ "

" အင်း... အင်း .. ဒါဖြင့် အိပ်ယာခင်းတော့မယ်နော် အမေစိန် "

အိပ်ချင်မူးတူးနဲ့ထတဲ့ စက်ဝိုင်းကို အမေစိန်က လက်ဆောင့်ဆွဲတယ် ။ နာသွားတဲ့ အရှိန်နဲ့ စက်ဝိုင်းမျက်လုံးတွေ ပွင့်လာပြီး မျက်နှာ ရှုံ့မဲ့မဲ့နဲ့...

" အမေစိန်ပဲ ရုပ်ရှင်ပြီးရင် အိပ်ရမယ်ဆို "

" ဒါတော့ ဒါပေါ့ဟဲ့ ၊ ဒါပေမယ့် လူရှင်းအောင်တော့ စောင့်ဦးမှပေါ့ ။ ဟိုမယ်မမြင်ဘူးလား တို့အိပ်မယ့် ပလက်ဖောင်းပေါ်မှာ စမူဆာသုပ်ဆိုင်က ခုံတွေ ရှင်းတုန်း ၊ ဈေးသည်တွေသိမ်းတုန်း ၊ လူတွေ သွားကြတုန်း ။ ခုမှ အစောကြီးရှိသေးတာကို ၊ ညည်း သည်လိုအိပ်ချင်ပုံမျိုးနဲ့တော့ မလွယ်ဘူး စက်ဝိုင်းရေ ... "

" ဟင်... ဒါလား စောတာ ၊ ကျွန်မတို့ ငမိုးရိပ်ဆို ဒီအချိန် အိပ်လို့တောင် သိုးနေပြီ "

" ဟဲ့.. တောသူမ လျှောက်မပြောနဲ့ ၊ ဒါမြို့ထဲ သိလား ၊ ဘယ်သူမှ ဆယ်နာရီမအိပ်ဘူး ၊ ပြီးတော့ သည်နေရာက ညည်းအဘပိုင်တဲ့ နေရာလည်း မဟုတ်ဘူး ၊ ကိုယ်အိပ်ချင်တဲ့အချိန် ဝင်ထိုးအိပ်လို့မရဘူး ။နားလည်လား ။ ညည်း သည်အတိုင်းသာဆို ငါနဲ့ နေလို့ မဖြစ်ပါဘူး အေ... "

စက်ဝိုင်း မျက်လုံးတွေ ခုမှ တကယ်ကျယ်သွားတယ် ။ အမေစိန် ထိုင်နေတဲ့ ပလက်ဖောင်းဘက်ကို တိုးရွှေ့ရင်း အမေစိန့်လက်မောင်းကို စိုးရိမ်တကြီး ဆုပ်ကိုင်မိတယ် ။

" မလုပ်ပါနဲ့ အမေစိန်ရယ် ၊ ကျွန်မ နောက်နေ့တွေ မဖြစ်စေရပါဘူး ။ ဒီနေ့က ဟိုထဲမှာ အိပ်ရေးပျက်တာရယ် ၊ ကုန်တိုက်ပေါ် တက်တာရယ်နဲ့ တအား ညောင်းလို့ပါ ၊ နော်... အမေစိန် ၊ နောက်နေ့တွေ မယုံကြည့် ၊ ကျွန်မ ဆယ်နာရီအထိ နေပြမယ် "

အမေစိန်က ဆွဲဆွဲငင်ငင်သက်ပြင်းကြီးကို ချတယ် ။ ပြီးတော့ ရုပ်ရှင်ရုံဘက်က ဆိုင်းဘုတ်တွေကို မော့ပြီး ငေးနေတယ် ။

" ခက်ပါတယ်အေ ၊ ညည်းနဲ့တော့ ငါဘယ်လောက် ခေါင်းလေးရဦးမယ် မသိဘူး ။ အန္တရာယ်တွေ ဘာတွေလဲ ညည်း... ဘာမှမသိ ၊ ဟင်း.... ဒီနားမှာဆို ကြာကြာထိုင်နေလို့ ကောင်းတာမဟုတ်ဘူး ။ အဲ... လမ်းလျှောက်နေလဲ မကောင်းဘူး ။ ဒါတောင် ညည်းပုံစံက စုတ်ပြတ်နေလို့ ကျုပ်တို့ ဒီနား အေးအေးထိုင်ရတာ"

စက်ဝိုင်းကတော့ အမေစိန်ပြောတာကို နားလည်ဖို့ ကြိုးစားရင်း အလျင်ညတွေ လူမရှင်းမချင်း ၊ ဆယ့်နှစ်နာရီ မထိုးမချင်း ၊ အမေစိန် ဘာလုပ်နေတာလဲလို့ တွေးနေမိတယ် ။ ညနေ ငါးနာရီ ၊ ခြောက်နာရီ စားသောက်ပြီးကတည်းက ဘာအလုပ်မှ မရှိတော့တာ ။ ယောင်တိ ယောင်တောင်နဲ့ အချိန်တွေ အများကြီးဖြုန်းပြီး အိပ်ဖို့ အချိန်ကိုစောင့်နေရတာ ။
" ကျွန်မတို့လေ အိပ်ဖို့ ထိုင်စောင့်နေရတဲ့အချိန်မှာ ဒီရုပ်ရှင်ရုံရှေ့မှာ ဈေးရောင်းရ မကောင်းဘူးလား ဟင် အမေစိန် ၊ အချိန်မလေတော့ဘူးလေ ၊ ဘယ့်နှယ့်လဲ ... "
အားတက်သရော ထပြောတဲ့ စက်ဝိုင်းကို အမေစိန်က မျက်စောင်းထိုးကြည့်တယ် ။
" ဘယ်မှာလည်း ညည်းဈေးရင်း "
" သိဘူးလေ "
" ငါ ညည်းထက် အရင်ထမင်းစားလာတာပါအေ ၊ ငါလုပ်ကြည့်ခဲ့ပြီးပါပြီ ။ ငါတို့ လင်မယား နှစ်ယောက်တုန်းကပေါ့ ။ သူလည်းရှာ ငါလည်းရှာဆိုတော့ ဒူးယားလေး ဇီးထုပ်လေးလောက်တော့ ရင်းနိုင်သေးတယ် အေ့ ၊ ကိုယ့်မှာ သိမ်းစရာ ဆည်းစရာ နေရာလည်းမရှိတော့ ခုံတွေဘာတွေနဲ့ ချမရောင်းရဲဘူး ။ လက်ကပဲကိုင်ပြီး လူတွေနားသွားကပ်ရောင်းရတာ ။ ကြာပါဘူး သုံးလေးည ရောင်းရသေးတယ် ဂျွန်မင်းတွေနဲ့တွေ့ပြီး အသုတ်ခံလိုက်ရတော့ အရင်းပြုတ်ရော ။ ခု ဒီပလက်ဖောင်းပေါ်က လူတွေလည်း အခွင့်ရလို့ ရောင်းနေတယ်များ မထင်နဲ့ ၊ တော်ကြာ ဂျွန်ဟော့ ဆိုရင် အကုန်ဆွဲသွားမှာ ၊ ဟင်း... ညည်းက လျှင်လျှင်နဲ့တော့ ဖြစ်မယ် အားကြီး "
" အမေစိန့်ဟာ အကုန်လုံးကို ကြောက်နေရတာပဲ "
" ဒါပေါ့ဟဲ့ ၊ ငါက ဘာကောင်မမို့လို့ မကြောက်ရမလဲ ၊ ဟဲ့...ညည်း တစ်ခုတော့ ရှိတယ် ၊ ငပိန်နဲ့ လိုက်ပြီး ညပွဲ ရုပ်ရှင်လက်မှတ် တိုးရောင်းပါလား ဟေ့ "
" အံမယ်လေး ၊ ဒီ အပိန်ကောင်ကိုများ မုန်းလွန်းလို့ တစ်သက်မလုပ်သေးဘူး "
စက်ဝိုင်းကိုကြည့်ပြီး အမေစိန့်မျက်နှာကြီးက ပြုံးစိစိနဲ့ ။ တဖြည်းဖြည်းနဲ့ ရုပ်ရှင်ရုံရှေ့မှာ လူတွေ နည်းလာပြီ ၊ ဈေးသည်တွေလည်း မရှိကြတော့ဘူး ။ ကားရောင်စုံတွေလည်း မရှိတော့ဘူး ။ ဒါပေမယ့် ကားလမ်းမကြီးပေါ်မှာတော့ ကားဟွန်းသံတွေက ဆူညံ့တုန်း ။ လူတချို့ သွားနေကြတုန်း ။
" ကဲ .. အိပ်ချင်တဲ့ မိန်းမ အိပ်ရာခင်းတော့ "
စက်ဝိုင်း အားရဝမ်းသာထပြီး အမေစိန့်ဆာလာအိတ်ကြီးကို ဆွဲယူလိုက်တုန်း စက်ဝိုင်းကြောက်တဲ့ အမေသိန်းယောကျ်ား ဦးလေးကြည် အနံ့ကြီးက နှာခေါင်းထဲတိုးဝင်လာတယ် ။ အရက်နံ့လေ ။ စက်ဝိုင်းနဲ့ အမေစိန့်ရှေ့မှာ အရက်နံ့လှိုင်နေတဲ့ ယောကျ်ားနှစ်ယောက် ။
" ရမလား ၊ လိုက်မလား ၊ ငါးဆယ်ရမယ် ၊ ငါးဆယ် "
" အ... မေ... စိန် "
စက်ဝိုင်းရဲ့ ကြောက်လန့်တုန်ယင်နေတဲ့ ခေါ်သံအဆုံးမှာ အမေစိန်က စက်ဝိုင်းလက်ကို ဖျတ်ဆိုဆွဲရင်း...

" ရှင်တို့ လူကို ဘာအောက်မေ့နေလဲ ၊ မူးရူးပြီးမပြောနဲ့ ၊ မိန်းမကောင်းရှင့် မိန်းမကောင်း... နားလည်လား "
အမေစိန့် ဒေါသသံ မာမာကြောင့် ဟိုလူနှစ်ယောက် တွန့်သွားတယ် ။ ဒါပေမယ့် တစ်ယောက်က " အံမယ် " ဆိုပြီး ရှေ့တိုးလာတယ် ။
" ဘာ အကောင်းလဲ ၊ မယုံဘူး ၊ ကောင်းရင် ကိုယ့်အိမ်မှာကိုယ်နေမှာပေါ့ ၊ လာ... ညီမလေး ၊ ဒီဟာမကြီး ပြောတာ မယုံနဲ့ ၊ အစ်ကိုတို့က ပိုက်ဆံပေးမယ် ၊ မုန့်ဝယ်ကျွေးမယ် "
အမေစိန်က အံကိုတင်းတင်းကြိတ်လိုက်တယ် ။ ပြီးတော့မှ " လာ.. သွားစို့ " ဆိုပြီး စက်ဝိုင်းလက်ကိုဆွဲရင်း ပလက်ဖောင်းအတိုင်းလျှောက်ထွက်တယ် ။
" အံမယ် ... ဘယ်ပြေးမလို့လဲ ၊ လာ လိုက်... "
စက်ဝိုင်း ကြောက်လန့်တကြား နောက်ပြန်လှည့်ကြည့်မိသေးတယ် ။ တော်ပါသေးရဲ့... တစ်ယောက်က မဟန်နိုင်ဘူးနဲ့တူပါရဲ့ ။ မလိုက်နိုင်တာကို တစ်ယောက်က အတင်းဆွဲခေါ်ရင်း ပတ်ချာလည်နေရစ်ခဲ့တယ် ။
" လာ .. ဟိုဘက်ထိပ်အထိ လျှောက်ပြီး ရှောင်နေလိုက်ရအောင် ၊ အံမယ်လေးနော်... ပြဿနာဖြစ်ရင် ဟိုဘက်စခန်းက ရဲတွေ ရောက်လာမှာစိုးလို့ ၊ နို့မို့သာဆိုရင်တော့ စိန်ပွင့်အကြောင်း ဒီမအေ... တွေ သိအောင်ပြလိုက်ချင်တယ် "
အမေစိန်က ဒေါသထွက်ပြီး ညစ်ညစ်ပတ်ပတ်တွေ ဆဲနေတယ် ၊ အိပ်ချင်နေတဲ့ စက်ဝိုင်းမျက်လုံးတွေ အခုတော့ ဝိုင်းဝိုင်းလည်နေကြပြီ ။
" ဟို အဘိုးကြီးကလည်း ဒီည နောက်ကျလိုက်တာ ၊ မလာသေးဘူး "
" သူက ဒီနေရာမှာ အိပ်တာ ၊ ဘာပဲပြောပြော ယောက်ျားမြင်တော့ ဟန့်တယ် ၊ လက်မှတ်ရုံနားက ကောင်လေးကတော့ မမှန်ပါဘူး ၊ လာချင်မှ လာမှာ "
စိမ်းလိုက် ၊ ဝါလိုက် ၊ နီလိုက်ဖြစ်နေတဲ့ မီးပွိုင့်တိုင်နားမှာ စက်ဝိုင်းနဲ့ အမေစိန် အကြာကြီးရပ်နေရတယ် ။ ဒါတောင် မလွတ်ချင်သေးဘူး ။
လမ်းပေါ်မှာ မောင်းသွားတဲ့ကားတွေ နောက်က အော်သွားကြသေးတယ် ။ " လိုက်မလား... ငါးကျပ်" တဲ့ ၊ အချိန်လွန်နေပြီ ... မရတော့ဘူး " တဲ့ ။ အမေစိန်က မျက်စိသူငယ်နဲ့ စက်ဝိုင်းဖြစ်နေပုံကိုကြည့်ပြီး သက်ပြင်းချတယ် ။
" ဒါတောင် နင်ဟာ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေလိမ်းထားတာ မဟုတ်ဘူးနော် ၊ အရွယ် ငယ်ငယ်မိန်းကလေးဆိုတာတော့ မြင်တာနဲ့ သိတာပေါ့ ၊ အကောင်တွေက အပျိုနံ့ဆို အဝေးကြီးက ရတာ "
ရုပ်ရှင်ရုံဆီကို စက်ဝိုင်းလှည့်ကြည့်မိပြန်တယ် ။ ဟော... ဟိုမှာ ပလက်ဖောင်းပေါ်မှာ ။
" အမေစိန် ... ဟိုမယ် .. အဘိုးကြီး ရောက်လာပြီ "
" ဘယ်မလဲ ၊ အေး... ဟုတ်တယ် ၊ လာ သူ့နားသွားထိုင်မယ် ၊ လာ .... "
စက်ဝိုင်းတို့ သည်ဘက် ပြန်လျှောက်လာကြတယ် ။ အဘိုးကြီးက အေးအေးဆေးဆေး သူ့အထုပ်လေးကို ချပြီး အိပ်ယာခင်းနေတယ် ။ ပုဆိုးအစုတ်တစ်ထည်ကို ပလက်ဖောင်းပေါ် ဖြန့်ခင်းပြီးတာနဲ့ ပုဆိုးတစ်ထည်နဲ့

ထုပ်ထားတဲ့ အဝတ်ထုပ်လေးကို ခေါင်းအုံး နေရာမှာချတယ် ။ အိပ်ဖို့ စောင်စုတ်ပိုင်းလေး တစ်ထည်ကိုလေး ဘေးနားမှာ အဆင်သင့်ချလို့ ။
" အဘိုးကြီးရေ.... အိပ်တော့မလား "
အဘိုးကြီးက " အင်း.. " ဆိုပြီး အိပ်ယာခင်းနေရာကနေ စက်ဝိုင်းတို့ကို မော့ကြည့်တယ် ။ အမေစိန့်ကို မြင်တော့ ...
" ခုမှ လာသလား... မိန်းကလေးတို့က "
" ပြောချင်တော့ပါဘူး အဘရယ် ၊ ကျုပ်တော့ သမီးတစ်ယောက် ကောက်ရတာ အိပ်ကောင်းခြင်း အိပ်ရပါဘူးတော် ၊ ပြေးနေရတယ် ။ ဒီနားလေး ခဏထိုင်မလို့ ၊ ဟိုမယ်လေ မပြန်ကြသေးဘူး ၊ ကျုပ်တို့ အိပ်မယ့်နားမှာ "
အဘိုးကြီးက အမေစိန် မေးငေါ့တဲ့ဘက် လှမ်းမျှော်ရင်း " ထွီ.. " ခနဲ တံတွေး တစ်ချက်ထွေးတယ် ။
" အလကား ... ငမူး ၊ မအေ.. တွေနေမှာ ၊ ဘာ သောက်ဂရုစိုက်မလဲ ၊ နေကြ ဒီနားမှာ ၊ လာရင် ငါရိုက်လွှတ်မယ် ၊ ဟောဒီမှာ... "
သူ့ ခေါင်းအုံးထုပ်ထဲကနေ အဘိုးကြီး စမ်းနှိုက်ယူပြီးပြတဲ့ ပစ္စည်းက ချောမွတ်နေတဲ့ တုတ်တိုလေး တစ်ချောင်း ။ အဘိုးကြီးက သူ့လက်ထဲက တော်တော်လေးဟန်တူတဲ့ တုတ်ကိုဆကြည့်ရင်း..
" အသက်ကြီးပေမယ့် ခေါင်းနှစ်ခေါင်းလောက်တော့ ငါခွဲနိုင်ပါသေးတယ် "
စက်ဝိုင်း အဘိုးကြီးကို ကြည့်ပြီး အားရှိလာတယ် ။ အဘိုးကြီးမျက်နှာကို တစ်လှည့် ၊ အမေစိန့် မျက်နှာကိုတလှည့် ကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းလာသလိုပဲ ။ ဖြစ်နိုင်တာ မဖြစ်နိုင်တာ အပထားလို့ စက်ဝိုင်းစိတ်ကူးယဉ်ကြည့်မိတယ် ။ အဘိုးကြီးက အဖေပေါ့ ၊ အမေစိန်က အမေပေါ့ ။ သည်လို ပလက်ဖောင်းပေါ်မှာလည်း မဟုတ်ဖူးလေ ၊ အိမ်လေးတစ်အိမ် ၊ အို... မဟုတ်ပါဘူးလေ အိမ်ခန်းလေးတစ်ခန်းဆိုလဲ ရပါတယ် ။ ဘာပဲလုပ်စားရ လုပ်စားရ အနှောင့်အယှက်ကင်းကင်းနဲ့ အိပ်လို့ရမယ့် အခန်းလေးပေါ့ ၊ အဲသည့် အခန်းလေးထဲမှာ စက်ဝိုင်းတို့ သားအမိ သားအဖ သုံးယောက်... ။
" ဟဲ့... အဝိုင်း ၊ ဟဲ့ ကောင်မ ... ဟိုမှာ ကြည့် တွေ့လား "
စက်ဝိုင်း ထိတ်ခနဲဖြစ်ရင်း အမေစိန်ပြတဲ့ဆီ လှမ်းကြည့်လိုက်တော့ စက်ဝိုင်းတို့အိပ်တဲ့ ရုပ်ရှင်ရုံဘက် မီးပွိုင့်မှာ ကားပေါ်ကနေ ဆင်းလာတဲ့ ကောင်မလေးသုံးယောက် ။ ထိန်လင်းနေတဲ့ မီးရောင်အောက်မှာ အနီရယ် ၊ အပြာရယ် ၊ အဝါရယ်က ပိုတောက်နေသလိုပဲ ။ မျက်နှာမှာလည်း မိတ်ကပ်တွေ နှုတ်ခမ်းနီတွေပါမှာ အသေအချာပေါ့ ။
" မှတ်ထား ၊ အဲသည်မကောင်းတာလေးတွေက သည်နားတဝိုက်မှာ သိပ်ပေါတာ ၊ ခုနက ကားပေါ်ကနေအော်တဲ့ အချိန်လွန်လေးတွေလေ ။ ဒီအချိန်ဆို သူတို့ လူရဖို့မလွယ်တော့ဘူး ၊ ဒါ တစ်မြို့လုံး ကားပါတ်စီးပြီး ဒီနားမှာ ဆင်းပြတာ "

အချိန်လွန်လေး သုံးယောက်က မြောက်ဘက်က ခုံးတံတားဆီ တရွေ့ရွေ့ လျှောက်သွားတယ် ။
ခုံးတံတားနားမှာတော့ လူစုစု မြင်ရတယ် ။
" နောက်ဆုံးတော့ သူတို့ ခုံးတံတားအောက်မှာ ရတဲ့ဈေးနဲ့ လိုက်ရတာပါပဲ ၊ တွေ့တယ်မဟုတ်လား မိန်းကလေးတွေ ဖြစ်နေတာ ။ မယ်မင်းကြီးမ သိထားဖို့ ... "
ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိပဲ စက်ဝိုင်းေးကြည့်နေမိပါတယ် ။ ထောင်ထဲမှာတွေ့ခဲ့တဲ့ မကောင်းတဲ့ အစ်မကိုလည်း မျက်လုံးထဲ ကွက်ခနဲသွားမြင်မိတယ် ။
" အင်း... မိန်းကလေးဘဝ ၊ မလွယ်ဘူးဟ ၊ ဝတ်ချင် စားချင် ပျော်ချင် ပါးချင်ကြတဲ့ အရွယ်ကလေးတွေ ၊ ခုခါမှာ အကုန်ဒုက္ခရောက်တာပဲ ။ အေး... တို့သမီး အသေစောတာ ဝမ်းတောင်သာရမလိုပဲဟ "
" အဘမှာ သမီးရှိလား ဟင် "
" ရှိတာပေါ့ "
အဘိုးကြီးက လက်ထဲက တုတ်ကလေးကို ပုဆိုးခင်းပေါ်မှာ လှိမ့်ကစားရင်း စက်ဝိုင်းကို ကြည့်နေတယ် ။
" ကျုပ်သမီးရှိရင် ဟောဒီ မိန်းကလေး အရွယ်ပဲ ၊ ငါးနှစ်သမီးမှာ ဆုံးတာ ၊ မအေရော သမီးရော "
" ဟောတော်... ဘာဖြစ်လို့တုန်း အဘရဲ့၊ အဖြစ်နှယ် ဆိုးလိုက်တာ "
အဘိုးကြီးက အမေစိန်မေးတာကို တော်တော်နဲ့ မဖြေဘူး ငိုင်နေတယ် ။
" .... အဖြစ်ဆိုးဆို ကားပေါ်က ကျသေတာလေ ၊ ကုန်စိမ်းကားပေါ်က "
" ဟင် "
" ကီလီကုန်စိမ်းကားလေ ၊ ကျုပ်မိန်းမက ပျံကျကုန်စိမ်းသည်ပေါ့ ၊ ကီလီမှာ ကုန်စိမ်းဝယ် ၊ ကုန်စိမ်းတွေ မချိမဆန့်တင်ထားတဲ့ ကားကြီးနဲ့ ပြန် ၊ ရက်ကွက်လေးမှာ မနက်ဈေးရောင်းပေါ့ ၊ ကျုပ်ကတော့ ကီလီမှာ ကုန်ထမ်းပါတယ် ။ ဘောက်ထမ်းပေါ့ ၊ တရားဝင်မဟုတ်ပါဘူး ။ မြောင်းမြဘက်မှာ လယ်ကူလီလုပ်နေတာ ၊ တစ်ကောင်ကြွက်ဆိုတော့.... နောက် ရန်ကုန်ရောက်လာပြီး ကျပန်းလုပ်စားရာကနေ ကီလီရောက်သွားတာ ၊ ကျုပ်သမီးကလေးက မအေမှ မအေ ၊ မအေ အင်မတန်ခင်တာ ၊ ကျုပ်နဲ့များ ဘယ်တော့မှ မနေခဲ့ဘူး ။ မအေလုပ်တဲ့သူကလည်း ဒီ ငါးနှစ်သမီးကို သွားလေရာ ခေါ်တာပဲ ၊ ကုန်စိမ်းကားကြီးတွေ ဆိုတာက ကုန်တွေပဲနင်းကန်တင် ၊ ဈေးသည်တွေကလည်း ကုန်းစိမ်းလေးတွေ ပါနိုင်သမျှ ပါနိုင်ရေးပဲ ဦးစားပေးပြီး လူက ကားနောက်မြီးမှာ တွယ်လိုက်ရတာ ။ မိန်းကလေးတွေပေမယ့် မိန်းကလေးတွေလို နေလို့မရပါဘူး ကွာ ။ ဒီလောက်မလွယ်တဲ့ကြားမှာ သမီးကို ခေါ်ခေါ်သွားတယ်လေ ။ ကံဆိုးတဲ့နေ့ကျ ပြုတ်ကျပြီး သေပါရော လား ၊ စကားမေးတောင်မရလိုက်ဖူး ၊ အဲဒီကတည်းက ကျုပ်လည်း ကလေကချေဖြစ်ပြီး ဒီဘဝရောက်နေတာပဲ "
" ဟိုနေ့ညက ဆွဲတုန်းက အဘပါသေးလား "
" ဟာ... ပါတာပေါ့ ၊ ညည်းတို့နဲ့ တစ်ကားတည်းဟာ ၊ အဲဒါဒီနေ့ညတောင် ကီလီမှာတင် အိပ်မလို့ ၊ ကီလီမှာ ကိုယ့်နေရာ လူဦးသွားလို့ ၊ ဆူလဲ ဆူပါတယ်ဆိုပြီး သည်ဘက်ထွက်လာတာ "

"... အဘ ကျုပ်တို့ကြောင့် အိပ်ရေးပျက်ပြီ ၊ သွားတော့မယ် ၊ ဟိုကောင်တွေ မရှိတော့ပါဘူး "
အမေစိန်က အဘိုးကြီးကို ငိုင်ကြည့်နေတဲ့ စက်ဝိုင်းကို " ဟဲ့...ထ " ဆိုပြီး ထိုင်ရာက ထတယ် ။
" အေး... ဟိုကောင်တွေလာလဲ အော်လိုက်ပေါ့ "
" အော်တော့လဲ ရဲတွေကြောက်တယ် အဘရေ ၊ ကိုယ့်ပါဆွဲပြီးထည့်လိုက်မှာ "
အဘိုးကြီးက ခေါင်းတညိတ်ညိတ်နဲ့ " အေး... ဟုတ်တာပဲ " တဲ့ ။
စက်ဝိုင်းတို့ အိပ်မယ့်နားမှာ ဘယ်သူမှ မရှိတော့ဘူး ။ ဘေးပတ်ဝန်းကျင် တစ်ခုလုံးလည်း တိတ်လို့... ။
ကားတစ်စီးတလေပဲ မောင်းတော့တယ် ။ နီလိုက် ၊ ဝါလိုက် ၊ စိမ်းလိုက် လုပ်နေတဲ့ မီးပွိုင့်လေးပဲ
အသက်ဝင်လှုပ်ရှားကျန်ရစ်တယ် ။ ဟိုဘက် ပလက်ဖောင်းက ကုလားမိသားစုတွေလည်း အိပ်မောကျနေပြီ
။
" ကြည့်စမ်း... ဟိုရွှေကိုယ်တော်လေး ... ဒီနေ့ည လာသကိုး "
စက်ဝိုင်း လှမ်းကြည့်လိုက်တယ် ။
ရုပ်ရှင်ရုံနဲ့ လက်မှတ်ရုံ ထောင့်လေးမှာ လွယ်အိတ် အစိမ်းလေးပွေ့ပြီး ထိုင်လျက်အိပ်နေတဲ့ လူတစ်ယောက်
.... ။
အံမယ် ... သူက မျက်မှန်တွေ ဘာတွေနဲ့တော့ ။
စက်ဝိုင်း ကပျာကယာခင်းပေးတဲ့ အပေါ်မှာ အမေစိန်က ပစ်လှဲလိုက်ရင်း " ကျွတ်.. ကျွတ် " နဲ့
စုတ်သပ်နေတယ် ။ စက်ဝိုင်းလည်း အတူတူပါပဲ ။ အမေစိန့် ဘေးမှာ ပစ်လှဲချရင်း ခြေတွေလက်တွေ
မလှုပ်ချင်တော့ဘူး ။ ဘုရား... ဘုရား ... ညနေကတည်းက ထိုးပြီး အိပ်ချင်နေခဲ့တာ ... ။
တကယ် အိပ်ရတော့ ၁၂ နာရီ လွန်ခဲ့ပြီ ။ ကျောတစ်နေရာစာလဲလျောင်းဖို့ ဘယ်လောက်များ
ခက်လိုက်ပါသလဲ... ။ ဒါတောင် သည်ကျောခင်းတဲ့ နေရာကနေ စက်ဝိုင်းတို့ကို အချိန်မရွေး ထခိုင်းလို့ရတဲ့
အပြင် အိပ်တဲ့ အပြစ်အတွက် ထောင်ချလို့ ရသေးတယ် နော် ..။
" စက်ဝိုင်းရယ် ... ၊ ညည်း လင်မြန်မြန်ယူမှ ဖြစ်မှာ ၊ ငါညည်းကို ကြာရှည် စောင့်ရှောက်ဖို့ မလွယ်ဘူး... .၊
ဘယ်သူဖြစ်ဖြစ် ညည်းယူ.. ၊ ငပိန်ဖြစ်ဖြစ် ယူအေ... "
အိပ်ချင်မူးတူးနဲ့ ညည်းညူနေတဲ့ အမေစိန့် စကားကို သည်တစ်ခါတော့ စက်ဝိုင်း ခွန်းတုံ့မပြန်ချင်တော့ဘူး ။
အိပ်ချင်နေတဲ့ကြားက နှုတ်ခမ်းကိုပဲ မသိမသာ ကိုက်မိတယ် ။ လောကကြီးမှာ စက်ဝိုင်းမသိတာတွေ
အများကြီး ပါလား.... ။

## အပိုင်း ၆

ခုလိုကျတော့လည်း ညက စိတ်ညစ်သမျှတွေကို စက်ဝိုင်း အကုန်မေ့ကုန်တယ် ။
အမူးသမားတွေကို ထိတ်လန့်ကြောက်ရွံ့တာရော ။
ငပိန့်ကို ယူရမှာ စိတ်ပျက်တာရော အားလုံး မေ့ပြီ ။ တိုက် (၂) ဆိုတာကြီးရဲ့ စက်လှေကားကြီးပေါ်မှာ
စက်ဝိုင်း သိပ်ကို ပျော်နေပြီလေ ။
ဒါနဲ့ပါဆို စက်ဝိုင်း လေးကြိမ်မြောက်ပေါ့ ။ အိုး... တနေကုန် အခေါက်ခေါက် အခါခါတောင် စီးနေချင်တာ ။
သိပ်ပြီး ငြိမ့်တဲ့ဟာကြီး ။ ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်နဲ့ ခဏလေး အပေါ်ရောက်သွားတယ် ။
ကုန်တိုက် (၁) ကို မသွားတော့ပဲ နေ့တိုင်းပဲ ဒီကိုပဲလာပါတော့လား အမေစိန်ရယ် ။ သည်မှာလည်း
ပစ္စည်းထုတ်ပေးနေတာပဲ ။ သည်က မောမောပန်းပန်း တက်စရာမလိုတဲ့အပြင် တက်ရတာ
ဇိမ်တောင်ရှိသေး ။
စက်ဝိုင်း အပေါ်ကိုခဏ တက်ချင်ပါတယ်ဆိုမှ.. ပစ္စည်းကလည်း အောက်ထပ်မှာပဲ ပေးနေတာ ။ ပထမဆုံး
ခေါက်ဆွဲခြောက်ငါးစည်းစီ ပေးတယ် ။ ဆယ့်နှစ်ကျပ် ထုတ်ပြီး ဆယ့်ငါးကျပ်ရောင်းတော့
သုံးကျပ်မြတ်တယ် ၊ အမေစိန်နဲ့ စက်ဝိုင်း သုံးခေါက်စီ ပြန်ပြီးပြီ ။ ကိုးကျပ်စီရပြီးပြီ ။ အဲဒါပြီး...
ခဏနေတော့ ဂုန်နီဖျင်လိပ်တွေ ထုတ်တယ် ... ။ ဒါပေမယ့်... ဂုန်နီဖျင်လိပ်က တစ်ရာ့လေးဆယ်ဆိုတော့
အမေစိန်နဲ့ စက်ဝိုင်း မကပ်နိုင်တော့ဘူး ။ ပြန် ရောင်းရင်တော့ တစ်ရာ့ငါးဆယ်
ခြောက်ဆယ်လောက်ရမှာတဲ့ ။ တစ်ခါတည်းနဲ့ တစ်ဆယ်နှစ်ဆယ်မြတ်မှာ သိပ်လိုချင်တာပေါ့ ၊ ဒါပေမယ့်...
ကိုယ့်မှာမှ အရင်းမပြည့်တော့ ဘာတတ်နိုင်မှာလဲ ။ အမေစိန်ကတော့ ကိုယ်လိုသူလို အရင်းနည်းတဲ့
သူတွေကို စပ်ထုတ်ဖို့ လိုက်စုနေတယ် ။ ပြီးတော့မှ အမြတ်ခွဲယူပေါ့... ။
အမေစိန် ဟိုလူလိုက်စပ် သည်လူလိုက်စပ် လုပ်နေတုန်းမှာ အချိန်ရတုန်း စက်ဝိုင်းလစ်ထွက်လာပြီး
စက်လှေကား လာစီးတာ ။ အမေစိန်က " ဟဲ့... ဘယ်တုန်း " လို့ မေးတာကို " စက်လှေကား စီးမလို့ " ဆိုပြီး
ထွက်လာတော့ အမေစိန်က ဩဘာပေးလိုက်သေးတယ် ။ " ကောင်မနှယ် လင်ရတာကျနေတာပဲ " တဲ့ ။
အိုး.. သူ့ဟာသူ ဘာပြောပြော စက်ဝိုင်းတော့ စီးရတာ ကောင်းတာပဲ ။ အံမယ်... ရိပ်ခနဲ ရိပ်ခနဲ သွားနေတဲ့
လှေကားအပြားလေးပေါ်မှာ ဆတ်ခနဲ ခြေထောက်ရအောင် ချလိုက်ရတာကိုက ရင်ဖိုစရာ... ။
လှမ်းတက်လိုက်လို့ ယိုင်ခနဲ ဖြစ်တာလောက်ကတော့ ကမန်းကတမ်း လှေကားလက်ရန်းကို
ကိုဖက်ထားလိုက် ။ အဲဒါပြီးတာနဲ့ ဇိမ်ခံပါလေရော့ ။ တငြိမ့်ငြိမ့်နဲ့ အပေါ်ကို တက်သွားတာ ။
တစ်ထပ်ရောက်ရင် စက်ဝိုင်း တစ်ခါ ဆင်းလိုက် ၊ နောက်တစ်ခါတက်လိုက် ၊ တစ်ခါဆင်းလိုက်နဲ့
အကြိမ်ကြိမ် စီးနေမိတယ် ။ အောက်ထပ်ကို ပြန်ပြီးဆင်းပြေးလာတိုင်း အမေစိန့်ကို
လှမ်းကြည့်ရသေးတယ် ။ ပျောက်သွားမှာ စိုးလို့... ။ အမေစိန်ကတော့ စလွယ်သိုင်း မိန်းမတွေကြားထဲမှာ
လျှောက်လှည့် ပြောဆိုနေတုန်း ။

အင်း... သည်တစ်ခါ စီးပြီးရင်တော့ တော်တော့မှ ။ ကြာရင် အမေစိန် အဆဲခံရလိမ့်မယ် ။ သည်နေ့လယ်ကျ ထမင်းစားပြီးရင် ရေသွားချိုးမယ်လို့လည်း အမေစိန် ပြောတယ် ။ ရေမိုးချိုးပြီး စက်ဝိုင်း ထဘီနဲ့ အင်္ကျီကို လျှော်ပစ်ဦးမှ ၊ သိပ်ညစ်နေပြီ ။ ပြီးတော့ သနပ်ခါးလည်း လိမ်းချင်တယ် ။ သနပ်ခါး မလိမ်းရတာ ထောင်ထဲက ထွက်လာကတည်းကပဲ ။ ထောင်ထဲမှာမှ ဟုတ်တုတ်တုတ် ။ မနက်လင်းတာနဲ့ သနပ်ခါးအဖွေးသားနဲ့ ။

လှေကားလက်ရန်းကို စက်ဝိုင်းဖက်တွယ်ထားရာကနေ သူများတွေ လို တရိပ်ရိပ်တက်နေတဲ့ လှေကားတွေပေါ် တစ်ထစ်ချင်း နင်းတက်ကြည့်တယ် ။

အံ့မယ်... ရသားပဲ ။ အပေါ်ကို မြန်မြန်ရောက်တဲ့ နည်းပေါ့လေ ။ နှစ်ထစ် သုံးထစ်လောက် စက်ဝိုင်းတက်ပြီး လှေကား အောက်ထစ်တွေကို စက်ဝိုင်း လှမ်းကြည့်လိုက်တယ် ။

" ဟဲ့ကောင်မ... ကြည့်စမ်း "

စက်ဝိုင်း ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်တယ် ။ စက်ဝိုင်းသိတတ်စကတည်းက ကြားတာနဲ့ ထိတ်လန့်တုန်လှုပ်ခဲ့ရတဲ့ စူးစူးနစ်နစ်အသံ ။ အပေါစား မိတ်ကပ် ၊ နှုတ်ခမ်းနီတွေကို လိမ်းခြယ်တတ်တဲ့ မျက်နှာပြဲပြဲ ၊ နှုတ်ခမ်းထော်ထော်ရုပ် ။

အမေသိန်းရဲ့သမီးအကြီး မလုံးလေ... မလုံး ။ သူစိတ်မထင်ရင် တွေ့ရာနဲ့ ရိုက်နှက် ကြမ်းတမ်းပြီး စက်ဝိုင်းရခဲ့တဲ့ ဒဏ်ရာတွေလေ ၊ ခေါင်းထဲမှာ ၊ လည်ပင်းမှာ ၊ ကျောမှာ.... ။

စက်လှေကား အောက်ထစ်ကနေ ဒေါသတကြီးလှမ်းကြည့်နေတဲ့ မလုံးကိုကြည့်ရင်း စက်ဝိုင်း တုန်ယင်လာတယ် ။ မလုံးတွေ့သွားပြီး စက်ဝိုင်းကို ရိုက်တော့မယ် ။ ပြီးတော့သူ ငမိုးရိပ်ကို ပြန်ခေါ်သွားမှာလား ။

စက်လှေကား အပေါ်ဆုံးထပ်ကိုရောက်တာနဲ့ စက်ဝိုင်း အမြန်ခုန်ဆင်းလိုက်ပြီး အဆင်းလှေကားဆီကို တန်းပြေးတယ် ။ စက်လှေကားထစ်တွေကို ကျော်ပြီးလိုက်လာတဲ့ မလုံးကလဲ မြန်ပါပေ့ ။ စက်ဝိုင်းနောက်ကို လူတွေကြားထဲလိုက်ရင်း မှီရာလှမ်းဆွဲတယ် ။ စက်ဝိုင်းဆံပင် တစ်ထွာတစ်မိုက်လေး မလုံးလက်ထဲပါသွားတယ် ။

" လာခဲ့စမ်း... ကောင်မ ၊ သောက်မျိုးကောင်းမ "

အလျင်က စက်ဝိုင်းအမြဲခံစားခဲ့ရဖူးတဲ့ ဦးရေပြားတွေ ကျိန်းစပ်နာကျဉ်တဲ့ ဝေဒနာကို စက်ဝိုင်း ကြောက်လန့် တကြား ရှန်းကန်နေမိတယ် ။ စက်ဝိုင်း စိတ်ထဲမှာ အလိုလိုသိနေတယ် ။ ငမိုးရိပ်မှာတုန်းကလို မကြာခင် စပ်ဖျဉ်းနာကျင်တဲ့ ဝေဒနာတွေ ပါးတွေ ၊ ကျောတွေကနေ ဖြစ်လာတော့မယ် ။ စက်ဝိုင်းကို သူရိုက်တော့မယ် ။ ဒါပေမယ့် ဒါ ငမိုးရိပ်မဟုတ်ဘူး ။ ဘေးနားကလူတွေဟာ အမေသိန်းတို့ မဟုတ်ဘူး ။ ဒါ ငမိုးရိပ်နဲ့ အများကြီးဝေးတဲ့ မြို့ထဲမှာ ၊ ပြီးတော့ အောက်ထပ်မှာ အမေစိန်ရှိတယ် ။

" ဖယ်စမ်းပါ... ကျွန်မကို မတရားမလုပ်နဲ့ "

စက်ဝိုင်း မလုံးကို ဆောင့်ကန်ပစ်လိုက်တယ် ။ ဘယ်တုန်းကမှ ပြန်မလုပ်ရဲခဲ့တဲ့ စက်ဝိုင်း ခြေထောက်ဒဏ်ကို မလုံး ကောင်းကောင်းကြီး ခံလိုက်ရတယ် ။ အင့် ခနဲ မြည်သံကြားရပြီး စက်ဝိုင်းဆံပင်တွေလည်း လွတ်သွားရော စက်ဝိုင်း ဘာကိုမှ ဂရုစိုက်မနေတော့ဘူး ။ တွေ့သမျှလူတွေကို တိုက်ခိုက်ပြီး အောက်ထပ်ကို တအားပြေးဆင်းလာခဲ့တယ် ။ အားကိုးရာ အမေစိန် ဆီကို ။ ကြိတ်ကြိတ်တိုးနေတဲ့ ဂုန်နီဖျင်လိပ်ထုတ်တဲ့နေရာမှာ အသာ ကိုယ်ရှိန်သတ်ရင်း လူတွေကြားထဲမှာ အမေစိန်ကို အမောတကောရှာနေမိတယ် ။ မလုံး လိုက်လာလိမ့်မယ် ။ အမေစိန် ဘယ်မှာလဲ... အမေစိန် ။ အို.. အမေစိန်ကလည်း ဘယ်များသွားနေပါလိမ့် ။ စက်ဝိုင်း ယောက်ယက်ခတ်နေတာ သူလှမ်းမမြင်ဘူးလား ။

" ဟဲ့ ကောင်မလေး ၊ ဒေါ် စိန်ပွင့်လား ၊ ဟိုဘက်သွားတယ် ၊ ဖျင်လိပ်သွားရောင်းတယ် "

" ဟင် .... ဘယ်ဘက်လဲ "

" ဈေး ပေါ့ဟဲ့ "

ဘယ်ဈေးလဲ... စက်ဝိုင်းမသိဘူး ။ စက်ဝိုင်း မျက်ရည်တွေ လည်လာတယ် ။ ခုနပြောတဲ့ မိန်းမကလည်း လုစ်ဆို ပျောက်သွားပြန်ပြီ ။ သည်နားကပဲ အမေစိန့်ကို စက်ဝိုင်းစောင့်နေမှဖြစ်မှာပေါ့နော် ။ ပြေးဆင်းလာခဲ့တဲ့ဆီကို စက်ဝိုင်းစိတ်မချစွာ လှမ်းကြည့်လိုက်မိပြန်တယ် ။

ဟင်... ဟိုမှာ မလုံး ။ ဒေါသတကြီး ၊ ရန်လိုခက်ထန်တဲ့ မလုံးရဲ့မျက်လုံးတွေနဲ့ ထိတ်လန့်နေတဲ့ စက်ဝိုင်းရဲ့ မျက်လုံးတွေ လမ်းခုလတ်မှာ ဆုံကြတယ် ။ အို... ဘယ်ရမလဲ ၊ စက်ဝိုင်း မြောက်ဘက်က ဝင်ခဲ့တဲ့ အပေါက်ဆီကို မြန်မြန်ထွက်ပြေးခဲ့တယ် ။

အပြင်မှာ ကုန်တိုက်ပစ္စည်းတွေ ရောင်းဝယ်နေကြတဲ့ ဈေးတန်းထဲကို စက်ဝိုင်း တိုးဝင်ရင်း အမေစိန့်ကို ရှာသေးတယ် ။ မတွေ့ပါဘူး ။ ကားလမ်းမပေါ်မှာ ပြွတ်ခဲနေတဲ့ ကားတွေကို ကြည့်ပြီး စက်ဝိုင်း အားတင်းလိုက်တယ် ။ ကားတွေကြားထဲက စက်ဝိုင်း မဖြတ်ရဲပေမယ့် ရအောင် ဖြတ်ရလိမ့်မယ် ။ ဟိုဘက်ကို ကူးပြေးမှ မလုံး လက်ကလွတ်မှာ ။ ပြီးတော့ လမ်းဟိုဘက်က ဈေးကြီးပဲ ။ အဲဒီမှာ အမေစိန် ရှိနိုင်တယ် ။

စက်ဝိုင်း ကူးခါနီးမှာ ကံကောင်းထောက်မစွာနဲ့ မီးနီပြီး ကားတွေတုံ့ခနဲ ရပ်သွားကြတယ် ။ ကပျာကယာ စက်ဝိုင်း ကားတွေကြားထဲကနေ ဖြတ်ပြေးပြီး ဈေးပေါက်ထဲ တိုးဝင်ခဲ့တယ် ။

" စားမလား.. စားမလား " ဆိုတဲ့ အသံတွေ ၊ ညှော်နံ့တွေကြားထဲက ဖြတ်လျှောက်ရင်း နောက်လှည့်ကြည့်တော့ ဈေးဝင်ပေါက် လူတွေကြားထဲမှာ မလုံးကို မြင်လိုက်သလိုပဲ ။ စက်ဝိုင်း ဆက်ပြီး မြန်မြန်လျှောက်ရပြန်တယ် ။

လျှောက်ရင်းက အမေစိန့်ကို ဟိုကြည့် သည်ကြည့်ကြည့်တော့လည်း မတွေ့ဘူး ။

ဘယ်ဈေးများသွားရောင်းနေတာလဲ အမေစိန်ရယ် ၊ သေတော့မှာပဲ ။ ဈေးထဲကသာ စက်ဝိုင်းထွက်လို့ လမ်းတစ်ခါကူးဖို့သာဖြစ်ရော အမေစိန့်ကို မတွေ့ဘူး ။ သည်တခါတော့ စက်ဝိုင်းလမ်းမကူးရဲပဲ

ပလက်ဖောင်းအတိုင်း အနောက်ဘက်ကို လျှောက်တယ် ။ အနောက်ဘက်နား တော်တော်လျှောက်မိတော့လည်း မီးပွိုင့်နဲ့ လမ်းကူးဖို့ ဖြစ်ပြန်ရော ။ ကြောက်ကြောက်နဲ့ စက်ဝိုင်း မီးပွိုင့်နားမှာ ရပ်နေမိသေးတယ် ။ နောက်ကို လှည့်ကြည့် လှည့်ကြည့်လုပ်ရင်း ကားတွေ ရပ်သွားမှ လမ်းကူးပြီး ဆက်လျှောက်တယ် ။

အို... ဒုက္ခပါပဲ ၊ မီးပွိုင့်တွေကလည်း တွေ့နိုင်ရန်ကော ၊ လမ်းကူးတွေကလည်း များလိုက်တာ ။ သည်တစ်ခါ တွေ့တဲ့ မီးပွိုင့်ကိုတော့ မဖြတ်တော့ပဲ ၊ ကွေ့ပြီး တောင်ဘက်ကို ပြန်လျှောက်လာတယ် ။ သည်တိုင်း လျှောက်ရင် ကုန်တိုက်ကြီးကို ပြန်ရောက်လိမ့်မယ် ထင်တယ် ။ မလုံးကိုတော့ နောက်မှာ မတွေ့တော့ဘူး ၊ တော်ပါသေးရဲ့ ။ လမ်းလျှောက်ရင်း စက်ဝိုင်းလမ်းတစ်ဖက်ကို ကြည့်လိုက်တော့ ထိတ်ခနဲ ဝမ်းသာသွားမိတယ် ။ လမ်းဟိုဘက်မှာ ရုပ်ရှင်ရုံကြီးပါလား ။ စက်ဝိုင်းတို့ အိပ်တဲ့နေရာ ပြန်ရောက်တာနဲ့ တူရဲ့ ။ သည်နားကနေ အမေစိန်ကို ညထိထိုင်စောင့်နေလိုက်ရင် ပြန်တွေ့မှာပေါ့ ။ သေချာကြည့်စမ်း သေချာ ၊ ဒါ... စက်ဝိုင်းတို့ ညအိပ်တဲ့ ရုပ်ရှင်ရုံလား ။ အင်း... ဆင်တော့ဆင်တယ် ။ ဒါပေမယ့် သူက တစ်ရုံတည်းရယ် ။

ပြီးတော့ စက်ဝိုင်းတို့ အိပ်တဲ့ ပလက်ဖောင်းတွေက ဘယ်မှာလဲ ။ ဟင်... မဟုတ်ပါဘူး ၊ မဟုတ်ပါဘူး ။ ငါ့နှယ်... အ , လိုက်တာကလည်း လွန်ပါရောနော် ။ တကယ်ဆို ခု ငါလျှောက်နေတဲ့ လမ်းဘက်မှာ ရုပ်ရှင်ရုံတွေ ရှိရမှာပေါ့ ၊ ဘယ်မှာ ရှိလို့လဲ ။ ဒါ စက်ဝိုင်းတို့ အိပ်တဲ့ နေရာက ရုပ်ရှင်ရုံ မဟုတ်ပါဘူး ။ သည်လိုဆို... စက်ဝိုင်း အမေစိန့်ဆီကို ဘယ်လိုပြန်သွားမလဲ ။ ကုန်တိုက်ကြီးကိုလည်း စက်ဝိုင်း သိပ်ပြန်မသွားတတ်ဘူး ။ အဲ... ခုလာခဲ့တဲ့ လမ်းအတိုင်း ပြန်လျှောက်ရင်တော့ ရောက်မှာပေါ့ ။ ဒါပေမယ့် လမ်းမှာ ဖြစ်ဖြစ် ကုန်တိုက်မှာဖြစ်ဖြစ် မလုံးစောင့်နေခဲ့ရင် ရော... ။ စက်ဝိုင်း ပြန်မသွားရဲဘူး ။ ကေ့ွ မလုံးလည်း ပစ္စည်းထုတ်ရောင်းဖို့ လာတာ ဖြစ်ရမယ် ။ ဒုက္ခပါပဲ ... စက်ဝိုင်းတို့ ညအိပ်တဲ့ နေရာကို ဘယ်လိုလုပ်ပြန်သွားရပါ့မလဲ ။

စက်ဝိုင်း ရပ်နေတဲ့နားကို ဘတ်စ်ကားတွေ တစ်စီးပြီးတစ်စီး ထိုးဆိုက်ကြတယ်။ သည်ကားတွေနဲ့ လိုက်သွားရင် စက်ဝိုင်း ဘယ်ရောက်သွားမလဲ ၊ ဘယ်သူနဲ့ တွေ့မလဲ ၊ အို... စက်ဝိုင်း အမေစိန့်ဆီပဲ ပြန်ချင်တယ် ။

ရုပ်ရှင်ပိုစတာကြီးကို အကြိမ်ကြိမ် လှမ်းကြည့်လိုက် ဘတ်စ်ကားတွေ ဆိုက်လာတာကို ငေးလိုက် ၊ လူတွေကို ကြည့်လိုက်နဲ့ ရပ်နေတဲ့စက်ဝိုင်း တော်တော်လေး ကြာတော့ ရင်ထဲမှာပူလာတယ် ။ တဖြည်းဖြည်း မိုးချုပ်သွားရင် ဘယ်လိုလုပ်ရပါ့မလဲဆိုတဲ့ အပူနဲ့ မနက်ကတည်းက ဘာမှမစားရသေးလို့ ဆာတဲ့ ဗိုက်ထဲက အပူတွေစုပြီး စက်ဝိုင်း တုန်ယင်ပြီးငိုချင်လာတယ် ။

အမေစိန်တစ်ယောက် စက်ဝိုင်းကို လိုက်ရှာနေမလား ပူပန်နေမလား ၊ ဆဲဆိုနေမလား.... ။

ဒါမှမဟုတ် စက်ဝိုင်းကြောင့် တည‌ည်းညည်း တညူညူ ဖြစ်နေတဲ့ အမေစိန် သူ့လက်ကလွတ်ပြီဟဲ့ဆိုပြီး ဝမ်းသာချင်လည်း သာနေမှာပါ ။ မျက်လုံးအိမ်ထဲမှာ ပြည့်လျှံနေတဲ့ မျက်ရည်တစ်ပေါက်ပါးပြင်ပေါ် လိမ့်ကျလာတယ် ။
ဘတ်စ်ကားပေါ်ကလူတွေက စက်ဝိုင်းကို ကြည့်နေကြပြီ ။ မျက်ရည်စတွေကို လက်ခုံနဲ့ပွတ်သုတ်ပြီး ဘတ်စ်ကားနဲ့ ဝေးအောင် နေရာရွှေ့ရတယ် ။ ပြီးတော့မှ ဘတ်စ်ကားဆီ မသိမသာပြန်ကြည့်မိတော့ ၊ ဟင်... ဘတ်စ်ကား နောက်ပေါက်ပေါ်က ဆင်းလာတာ ဟိုလူ မဟုတ်လား ။
စက်ဝိုင်း ရင်တွေ တဒိန်းဒိန်းခုန်လာတယ် ။
ဟိုလူလေ... လက်မှတ်ရုံထောင့်ကွေးမှာ ထိုင်လျက်အိပ်တဲ့ လူ ။ ဟုတ်ပါတယ် ၊ သူပါ ။ ဟိုနေ့ညက တစ်ခါပဲ တွေ့လိုက်ပေမယ့် စက်ဝိုင်းကောင်းကောင်းမှတ်မိ ပါတယ် ။ သည်မျက်နှာနဲ့ သည် လွယ်အိတ်အစိမ်းနဲ့ပေါ့ ။ အင်္ကျီ အဝတ်အစားတောင် သတိမထားမိလိုက်လို့ ။ ဒါပေမယ့် ဟိုနေ့ညက တွေ့တာ သည်လိုဖြူလျော်လျော် အရောင်တွေပါပဲ ၊ အဲသည်လို ဖြူလျော်လျော် အရောင်တွေပါပဲ ။
အဲသည်လူက စက်ဝိုင်းရပ်နေတဲ့နားက ခေါင်းငုံ့ပြီး ဖြတ်သွားတယ် ။ ဘယ်သူ့ကိုမှမကြည့် ၊ ဘေးဘီကိုလည်းမကြည့်ပဲ လျှောက်နေတဲ့ အဲသည့်လူနောက်ကို စက်ဝိုင်းနောက်က လိုက်သွားမိတယ် ။ သူက ဘယ်သွားမှာလဲ မသိဘူးနော် .... ။ သူ့နောက်ကို တကောက်ကောက် လျှောက်လိုက် ၊ ပြီး အိပ်တဲ့နေရာကို သူသွားတဲ့အထိ နေရမလား ။ ခက်တာက အမေစိန်ပြောတာပဲ ။ သူက ညကို မှန်မှန်လာအိပ်ချင်မှ အိပ်တာတဲ့ ။ ပြီးတော့ စက်ဝိုင်းသာ သူ့ကိုသိတာ သူက စက်ဝိုင်းကိုမသိဘူးလေ ။
စက်ဝိုင်း စိတ်ညစ်ညစ်နဲ့ နောက်ကလျှောက်လိုက်မိနေတုန်း ရှေ့ကလူက ဖြုန်းဆို ရုတ်တရက် ရပ်လိုက်တယ် ။ ပြီးတော့ လွယ်အိတ်ထဲက ဆေးလိပ်နဲ့မီးခြစ်ကို ထုတ်ပြီး မီးညှိတယ် ။ ပြီးတော့ရပ်ပြီး အားရပါးရ ဖွါနေတယ် ။ စက်ဝိုင်း စိတ်တင်းလိုက်တယ် ။ အဲသည်လူနားကို ဖြည်းဖြည်းချင်း ကပ်သွားလိုက်တယ် ။
" အစ်ကို အစ်ကို ဒီမှာ... "
စက်ဝိုင်း နှစ်ခွန်းခေါ်မှ သူက ဖြည်းဖြည်းချင်း စက်ဝိုင်းကိုလှည့်ကြည့်တယ် ။ အံ့သြနေတဲ့ မျက်မှန်အောက်က မျက်လုံးတွေကတော့ သဘောကောင်းပုံပါပဲ ။
" ကျွန်တော့်ကို ခေါ်တာလား "
စက်ဝိုင်းခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်ရင်း...
" အစ်ကိုက ဟို.. ရုပ်ရှင်ရုံဘေးမှာ အိပ်တဲ့ အစ်ကို မဟုတ်လားဟင် "
" အင်း... တစ်ခါတလေတော့ အိပ်ပါတယ် ၊ ပပဝင်း ရုံလေ "
" အင်း... ဟုတ်တယ် ၊ ဟုတ်တယ် ကျွန်မလဲ အဲသည်ရုံရှေ့ပလက်ဖောင်းပေါ်မှာ အိပ်တာပါ ၊ အမေစိန်နဲ့လေ ၊ ဟို... ဒေါ် စိန်ပွင့်လေ ၊ အစ်ကို သိတယ်မဟုတ်လား "

" သိတယ် ၊ သူက အလျင်တော့ တစ်ယောက်တည်းပဲ ၊ အဲ... သူ့ယောက်ျား ရှိတုန်းကတော့ နှစ်ယောက်ပေါ့ ။ မင်းက ဘယ်တုန်းကရောက်လာတာလဲ ၊ သူ့ သမီးလား "

" သမီးတော့မဟုတ်ပါဘူး ၊ ဒါပေမယ့် သူက ကျွန်မကို မွေးစားထားတာ ကျွန်မက... "

" ကောင်းကွာ... ပလက်ဖေါင်းပေါ်နေရတဲ့ မိန်းမက သမီးမွေးစားသတဲ့ ၊ ဟား..ဟား.. ရယ်စရာ ကောင်းလိုက်တာ "

စက်ဝိုင်းစကားကို ဖြတ်ပြီး သူ့ဟာသူ သဘောကျနေတဲ့လူကို စက်ဝိုင်းတအံ့တသြ ကြည့်နေမိတယ် ။

" အဲဒါလေ... အစ်ကို ကျွန်မကို ရုပ်ရှင်ရုံရှေ့ပြန်ပို့ပေးပါနော် ၊ ကျွန်မ မပြန်တတ်တော့လို့၊ ကျွန်မနဲ့ အမေစိန် ကုန်တိုက်ကြီး ပစ္စည်းတိုးရင်း ကွဲသွားလို့ "

" သြော် ... ဒီလိုလား ၊ ဒါဆို တို့ ကုန်တိုက်ကို ပြန်ပို့ပေးမယ်လေ "

" ဟင့်အင်း .. ကျွန်မ ကုန်တိုက်ကို မပြန်ချင်ဘူး ၊ ကျွန်မကို ရိုက်မယ့်မိန်းမတစ်ယောက်က အဲဒီမှာ စောင့်နေတာ ၊ ရုပ်ရှင်ရုံရှေ့ပဲ ပြန်ပို့ပေးပါနော် အစ်ကို "

" ဟင်း... မင်းအဖြစ်ကလည်း ဘာတွေလဲ ဟ ၊ နေပါဦး မင်းက ရုပ်ရှင်ရုံရှေ့မှာ တစ်ယောက်တည်း ထိုင်စောင့်နေမှာလား ၊ ဒေါ် စိန်ပွင့်က ညကျမှ ပြန်လာမှာ "

" အင်းလေ .. ကျွန်မ ထိုင်စောင့်နေမှာပေါ့ ၊ ဘာဖြစ်လဲ "

" အင်းလေ ဘာမှတော့ ဖြစ်ချင်မှဖြစ်မှာပေါ့ ၊ ဒါပေမယ့် မင်းထိုင်နေလို့မကောင်းဘူး ၊ ဒုက္ခပါပဲ ... မင်းနေရာမှာသာ ငါ့အစ်မဆို ငါဘယ်နေနိုင်ပါ့မလဲ ၊ အဲ... နေဦး မင်းထမင်းစားပြီးပြီလား "

" ဟင့်အင်း... မစားရသေးဘူး "

သူပြောတာတွေကို စက်ဝိုင်းနားမလည်ပေမဲ့ သည်ထမင်းစကားမှာတော့ ခေါင်းကို သွက်သွက်ယမ်းပြမိတယ် ။ သူက အင်္ကျီအိတ်ထဲ လက်နှိုက်လိုက်တယ် ။

" အေး... ငါလဲ မစားရသေးဘူး ၊ ဟောဒီမှာ ငါ့အဖေက တစ်ပါတ်စာမုန့်ဖိုးပေးလိုက်တယ် ။ သုံးဆယ့်ငါးကျပ်ရှိတယ် ၊ လာ မင်းကို ထမင်းကျွေးမယ် "

ရှေ့ကနေ စိုက်စိုက် စိုက်စိုက်နဲ့ ထွက်သွားတဲ့ သူ့နောက်ကနေ စက်ဝိုင်းလိုက်ရပြန်တယ် ။ ဘယ်လိုလူကြီးလဲ.... သူ့မှာ အဖေရှိတယ်ဆိုသားနဲ့ ၊ ဘာလို့များ လက်မှတ်ရုံနားမှာ လာအိပ်ရတာပါလိမ့် ။ ညတိုင်းမအိပ်ပေမယ့် မတော်လို့ သူအိပ်တဲ့ည စီမံချက်တွေလာဆွဲသွားရင် မခက်ပါလား ။ ဒါပေမယ့် သူ့ကို စက်ဝိုင်း ယုံပါတယ် ။ သူသဘော ကောင်းပါတယ် ။ သူက ဇတ်ခနဲဆို နောက်လှည့်ပြီး စက်ဝိုင်းကို...

" ဟေ့... ဆိုင်အကောင်းကြီးမှာတော့ မဟုတ်ဘူးနော်သိလား "

" ရပါတယ် အစ်ကိုရဲ့ ၊ ကျွန်မနဲ့ အမေစိန်ဆို ထမင်းထုပ်ဝယ်ပြီး ပလက်ဖောင်းပေါ်မှာ ထိုင်စားတာပဲ ၊ ငါးကျပ်ရယ် ၊ အဲလိုမျိုး ဝယ်လိုက်ပါ့လား အစ်ကို ၊ ဟင်... "

" မလုပ်ပါနဲ့ ၊ မိန်းကလေးဆိုတာ ဣန္ဒြေလေးနဲ့တော့ စားမှပေါ့ ။ တို့စားမယ့် ဆိုင်ကလည်း ခြောက်ကျပ်ပဲ ပေးရတာပါ ။ တစ်ခါပြင်ပေမယ့် အတို့အမြှပ်လေးဘာလေး စားရတယ် ။ ထိုင်ရတယ်ပေါ့ကွာ... "

သူက စက်ဝိုင်းကို စိတ်ရှည်လက်ရှည် ရှင်းပြနေတယ် ။ ရှင်းပြနေရင်းကလည်း ခေါင်းကလေး ညိတ်ကာ ညိတ်ကာနဲ့ ၊ အသံကလည်း ခပ်တိုးတိုးရယ် ။

" ဟို.. ရှေ့ကတွေ့တဲ့ ဆိုင်လေး စားရအောင် ၊ လာ.. "

ရှေ့နားက လမ်းဘေးဆိုင်နားမှာ စက်ဝိုင်းတို့ ဝင်ထိုင်ကြတယ် ။ စက်ဝိုင်းက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး ရှိုးတိုးရှန့်တန့် ဖြစ်နေပေမယ့် သူကတော့ သူ့ပုံစံအတိုင်း ဘေးဘီတွေဘာတွေကို ကြည့်မနေပဲနဲ့ " ထမင်း နှစ်ပွဲ " လို့မှာတယ် ။

စက်ဝိုင်းကိုလည်း " ဝက်သား လား " လို့မေးတယ် ။ စက်ဝိုင်းကတော့ ခေါင်းပဲညိတ်တယ် ။ တော်တော့ တော်ပါသေးတယ် ၊ ဘေးနားမှာ စားနေတဲ့ သူတွေကလည်း ချွေးတွေသံတွေနဲ့ ၊

မည်းမည်းညစ်ညစ်တွေချည်းပဲ ။ မိန်းကလေးတန်မယ့် နွမ်းညစ်ညစ်ဖြစ်နေတဲ့ စက်ဝိုင်းကိုလည်း မကြည့်ကြပါဘူး ။ ကိုယ့်ထမင်းကိုယ်ပဲ ငုံ့လွေးနေကြတယ် ။

သူတို့ကြည့်ပြီး စက်ဝိုင်း ဗိုက်ပိုဆာလာတယ် ။ ထမင်းကို အားရပါးရ ငုံ့စားနေတဲ့ စက်ဝိုင်းကို ဟိုအစ်ကိုက ကြည့်ပြီး ပြုံးတယ် ။

" တော်တော် ဆာနေတယ် ထင်တယ် ၊ ဟုတ်လား "

" ဆာတာပေါ့ ၊ မနက်ကတည်းက ဘာမှ မစားရသေးဘူး "

" သြော် ... "

စက်ဝိုင်းကို ဟိုအစ်ကို ကြည့်နေပုံက သနားနေတာလား ၊ အထင်သေးနေတာလား ၊ အံ့သြနေတာလား စက်ဝိုင်း မခွဲတတ်ပါဘူး ။

" အစ်ကို စားနေတာလည်း တို့ကာ ဆိတ်ကာနဲ့ ယောကျ်ားမဟုတ်တာကျလို့ ၊ ဒါကြောင့် အစ်ကို ပိန်တာ "

စက်ဝိုင်း လွှတ်ခနဲ ပြောချလိုက်ပြီးမှ အားနာပြီး တန့်ခနဲရပ်သွားတာကိုလည်း သူ ဘာမှမပြောဘူး ။ သူ့ ထမင်း ပန်းကန်ကိုပဲ ငေးကြည့်ပြီး ဖြည်းဖြည်းချင်းစားတယ် ။ စက်ဝိုင်းကတော့ ရှက်ဖို့တောင် ကောင်းတယ် ။ ထမင်းတစ်ပန်းကန် ကုန်တာ ဖြုတ်ခနဲပဲ ။ ဝက်သားတုံးတောင် ကျန်နေသေးတယ် ။

ငါးပိရည် အတို့အမြုပ်နဲ့ စက်ဝိုင်း မြိန်လိုက်တာ ...

" ရော့ ၊ အစ်ကိုမကုန်လို့ ၊ အသန့်တွေနော်... ရွံလား "

စက်ဝိုင်း ပန်းကန်ထဲကို သူ့ပန်းကန်ထဲက ထမင်းနည်းနည်း ထည့်ပေးပြန်တယ် ။ စက်ဝိုင်း မရွံပါဘူး ၊ သူက နှိမ့်ချချင်လို့ ပေးတာမှ မဟုတ်တာ ။ ပြီးတော့ စက်ဝိုင်းလည်း ဝမှမဝသေးတာပဲ ။ ကျန်နေတဲ့ ဝက်သားတုံးနဲ့ ထမင်းပန်းကန်ထဲက အနှစ်တွေကိုပါ လူးလဲပြီး စားပစ်လိုက်တယ် ။

" ကဲ... မဟိုဒင်းလေး ၊ ဆက်လက်ချီတက်ကြစို့ "

" ဘယ်ကိုလဲ အစ်ကို ၊ ရုပ်ရှင်ရုံကိုလား "

စက်ဝိုင်းက အေ့ခနဲ လေချဉ်တက်ရင်းမေးတော့ သူက ခေါင်းညိတ်တယ် ။

" အေး... ဟုတ်တယ် ၊ ဒါပေမယ့် ရုပ်ရှင်ရုံရှေ့မှာတော့ ထိုင်မနေရဘူး ၊ ရုပ်ရှင်ရုံထဲမှာ ထိုင်ရမယ် ။ တို့ ရုပ်ရှင်ကြည့်မလို့ ၊ မင်းကိုပါ ရုပ်ရှင် ပြမယ် "
" တကယ် "
" တကယ်ပေါ့ ၊ ဒါနဲ့ မင်းစိတ်ထဲမှာ ရှင်းရှင်းလေးထားနော် ၊ မင်းကို ငါခင်လို့ သနားလို့ ၊ ငါ့အစ်မလို မိန်းကလေး တစ်ယောက်မို့ ရုပ်ရှင်ပြတာ ၊ ဘာကြောင့်မှ မဟုတ်ဘူး ၊ ရုပ်ရှင်ရုံထဲမှာ မင်းကို ဘာမှမလုပ်ဘူး ကြားလား "
" ဟား..ဟား.. အစ်ကိုက သိပ်ရယ်စရာကောင်းတာပဲ ၊ ရုပ်ရှင်ရုံထဲမှာ လူတွေအများကြီး ရုပ်ရှင်ပဲကြည့်လို့ရမှာပေါ့ ၊ ဘာလုပ်လို့ရမှာလဲ "
သဘောကျနေတဲ့ စက်ဝိုင်းကို ဟိုအစ်ကိုက မျက်လုံးပြူးပြီးကြည့်နေတယ် ။ ပြီးတော့မှ ဟင်းခနဲ သက်ပြင်းတစ်ချက်ချပြီး " မင်းတော့ မလွယ်သေးဘူး" တဲ့... ။
" တစ်ခုပဲ... တစ်ခုပဲ အစ်ကို ၊ ကျွန်မကို ရုပ်ရှင်ပြရင် အစ်ကို ပိုက်ဆံကုန်မှာပေါ့ ၊ အစ်ကို အဖေက တစ်ပါတ်စာ မုန့်ဖိုးပေးထားတာဆို.... "
" ကိစ္စ မရှိပါဘူးကွာ ၊ ပိုက်ဆံမရှိလဲ နေတတ်ပါတယ် ။ ရှိတော့သုံး ၊ မရှိတော့ မသုံးနဲ့ပေါ့ ။ အဖေဆီက တောင်းရင်တော့ ရနိုင်ပါတယ် ။ ဒါပေမယ့် မတောင်းပါဘူး ၊ အဖေ့ ဘီလူးမနဲ့ တို့ ရန်မဖြစ်ချင်ဘူး "
" ဘီလူးမ ဆိုတာ ဘယ်သူလဲ အစ်ကို "
" ဘီလူးမဆိုတာ အဖေ့မိန်းမ တို့ မိထွေး ၊ ဘီလူးဆိုတာ အမေ့ယောက်ျား တို့ ပထွေး ၊ အဲဒီထဲမှာ နတ်သမီးနဲ့ နတ်သားလေး ရှိသေးတယ် ။ နတ်သမီးလေးက ဘယ်သူလဲ သိလား "
" ဟင့်အင်း ၊ မသိဘူးလေ "
ရုတ်တရက် မာကျောခက်ထန်လာတဲ့ အစ်ကို့ကို ကြည့်ပြီး စက်ဝိုင်း လန့်သွားတယ် ။ ဒါပေမယ့် သူက ဖြုန်းဆို နူးညံ့တဲ့ အမူအရာ ပြန်ပြောင်းသွားပြီး...
" နတ်သမီးဆိုတာကတော့ တို့ရဲ့ အစ်မပေါ့ ၊ တို့ မောင်နှမက သိပ်ချစ်တာ ၊ တို့ ငယ်ငယ်တုန်းက နတ်သားလေး ၊ နတ်သမီးလေးလုပ်တမ်း အမြဲကစားကြတာ ၊ နတ်ပြည်ကနေ ဆင်းပြီး လူ့ပြည် ဒုက္ခရောက်နေတာကို ကယ်တင်တမ်း ကစားကြတာ ၊ အင်းလေ... ခု သူက နတ်ပြည်မှာပဲ "
" နတ်ပြည်မှာ... ဟုတ်လား ၊ သူ သေသွားပလား "
" ဘယ် သေရမှာလဲ "
ဟို အစ်ကိုရဲ့ ဒေါသတကြီး အော်လိုက်တဲ့ အသံကြောင့် တုံ့ခနဲတောင် ရပ်သွားမိတယ် ။ သူကတော့ လမ်းကို ဆက်လျှောက်လျက်ကပဲ..
" မသေပါဘူး ၊ အလကား လူတွေလိမ်နေကြတာ ၊ အစ်မဟာလေ.... "
ပြောရင်းနဲ့ သူ့အသံ တိုးတိုးလေးဖြစ်သွားပြီး နစ်ဝင်သွားသေးတယ် ။

" သတ်သေတာတဲ့..... သတ်သေတာ ၊ အမျိုးတွေက တို့ကိုပြောတယ် ၊ ဟိုကောင်... အိမ်က ဘီလူးကြောင့်တဲ့ ၊ ဘယ်လောက်ဝမ်းနည်းစရာကောင်းလဲ ၊ မဟုတ်ပါဘူး... ဒါမဟုတ်ပါဘူး ၊ အဲဒီတုန်းက တို့က ငယ်သေးလို့ ဝိုင်းညာနေကြတာ ၊ တကယ်တော့ မဟုတ်ဘူး ၊ အစ်မက နတ်ပြည်မှာ ၊ နေဦး... " သူ့ဟာသူ ပြောချင်ရာတွေ ပြောရာက လမ်းလျှောက်ရာကနေ ရပ်ပြန်တယ် ။ မျက်မှန်ဖြုတ်ပြီး သူ့မျက်နှာပေါ်က သီးနေတဲ့ ချွေးတွေကို လွယ်အိတ်ကိုင်းနဲ့ အားရပါးရသုတ်ရင်း မျက်လုံးတွေကို မှိတ်ထားသေးတယ် ။ ခဏနေ မျက်လုံးတွေပြန်ဖွင့်ပြီး ငေးမောကြည့်နေတဲ့ စက်ဝိုင်းကိုပြုံးပြတော့လည်း သူဘာမှ မဟုတ်သလို ။ အို... ဘယ်လိုလဲ အစ်ကိုရယ် ၊ ဘာပဲဖြစ်ဖြစ် အစ်ကို့ကို ကျွန်မသနားနေတယ် ။
" လာ... သွားစို့ ၊ ရုပ်ရှင်မမှီပဲ နေမယ် ၊ ရုပ်ရှင် ကြည့်မှာလား "
ဟောတော် ... ဖြစ်ရပြန်ပြီ ၊ ကြည့်မှာပါဆို တကတဲ ။
" ကျွန်မ ရုပ်ရှင်မကြည့်ရတာ ဘယ်နှစ်နှစ်လောက်တောင် ရှိပြီလဲမသိဘူး အစ်ကိုရဲ့ ၊ သိပြီလား "
စက်ဝိုင်းက အမှန်အတိုင်းပြောတော့လည်း သူက ရယ်တယ် ။
" မင်းက တကယ် ရယ်ရတယ် ၊ မင်းနာမည်ကရော "
" မပြောချင်ဘူး "
" ဘာပြုလို့လဲ "
" နာမည်ကြီးက မကောင်းဘူး "
" ဘယ်သူလဲ... မခွေး တဲ့လား "
" ဟာ ... မဟုတ်ပါဘူး ၊ စက်ဝိုင်းတဲ့ "
" စက်ဝိုင်း.. စက်ဝိုင်း ဟုတ်လား ၊ တကယ်ကောင်းတဲ့ နာမည် ၊ ဘယ့်နှယ့် မကောင်းရမှာလဲ "
" အစ်ကို တကယ်ပြောတာ... "
စက်ဝိုင်း ဝမ်းသာအားရ အော်မေးလိုက်တယ် ။ အစ်ကိုက ခေါင်းတညိတ်ညိတ်နဲ့ " တကယ်ပေါ့ " လို့ တည်တည်ကြီးပြောရင်း " စက်ဝိုင်း... စက်ဝိုင်း " နဲ့တတွတ်တွတ် ရွတ်နေပြန်တယ် ။ စက်ဝိုင်းက အကျေနပ်ကြီး ကျေနပ်ပြီး သူ့နောက်ကို လျှောက်လိုက်နေရာက ရုတ်တရက် သတိရလာပြီး ....
" အစ်ကို့ နာမည်ကရော ဘယ်သူလဲ ၊ ပြောဦးလေ "
" ဘယ်သူလဲ ... ဟုတ်လား "
" ဟုတ်တယ် ၊ အစ်ကို့ နာမည်ပြောတာ ၊ ဘယ်သူလဲ "
သူ့မျက်နှာက တဖြည်းဖြည်းချင်း ပြုံးလာတယ် ၊ ပြီးတော့မှ ...
" မှတ်ထား ... အစ်ကိုနာမည်က " နတ်သား " တဲ့ "

## အပိုင်း ၇

" မယ်မင်းကြီးမရယ် ၊ အဲဒီနေ့ကများ ညည်း ငါ့ကို တော်တော် ဒုက္ခပေးတယ် ၊ ငါ့နှယ် တောင်မေးရ မြောက်မေးရ ၊ ဟိုထွက်ကြည့်ရ ဒီထွက်ကြည့်ရ ၊ ကားများ တိုက်သေပလား ၊ လူပဲ လိမ်ခေါ်သွားပလား ၊ စက်လှေကားထဲများ ညှပ်သလားနဲ့ဟာ ၊ ငါကသာ ပူနေရတာ သူက လင်နတ်သားနဲ့ စုံတွဲခုတ်နေတာ "

" အမေစိန် နော် "

နှုတ်ခမ်းကို တမင်စူရင်း ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ စက်ဝိုင်း ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး ကျေနပ်ရပြန်တယ် ။ လမ်းမီးရောင်အောက်မှာ အစ်ကိုနတ်သားပေးထားတဲ့ အင်္ကျီအပြာနဲ့ အနက်ပွင့်ရိုက် စိပ်စိပ် ၊ ခါးရှည်အင်္ကျီလေးက အရောင်ပိုတောက်နေသလိုပဲ ။ လုံချည်အပြာရင်နဲ့ကလဲ ပနံကိုရလို့ ။ အင်္ကျီက နည်းနည်းတော့ ချောင်တယ် ။ သူခေါ်တဲ့ ( ဘီလူးမ ) သူ့မိထွေး အင်္ကျီဆိုတော့ စက်ဝိုင်းနဲ့ နည်းနည်းတော့ချောင်တာပေါ့ ။

" အမေစိန်က ကျွန်မကို တကယ်စိတ်ပူလား "

" ဟဲ့... ပူတာပေါ့ ကောင်မရဲ့ ၊ ကိုယ့်တာဝန်ဖြစ်နေတဲ့ ဟာ... "

စက်ဝိုင်းရင်ထဲ နွေးခနဲ ဖြစ်ရပြန်တယ် ။ သူပြောတာ ဘယ်လောက် နားဝင်မချိုချို ၊ သူ စက်ဝိုင်းကို သံယောဇဉ်ရှိပါတယ် ။ အစ်ကို နတ်သားနဲ့ ရုပ်ရှင်ရုံရှေ့မှာ စောင့်နေတုန်း ၊ အဲသည့်နေ့က ညမှောင်တော့ သုတ်သုတ် သုတ်သုတ်နဲ့ ဆာလာအိတ်ကြီးဆွဲပြီးရောက်လာတဲ့ အမေစိန် စက်ဝိုင်းကိုလည်း မြင်ရော " အံမယ်လေး .. ဟဲ့ ကောင်မရယ် " ဆိုပြီး ဝမ်းသာသွားတဲ့ မျက်နှာက မဖုံးနိုင်ဘူး ။ သည်ညက စက်ဝိုင်းကို ဆူပူပြီး ပေါင်တွင်းကြော လိမ်တာ ၊ ခေါင်းခေါက်တာတွေကို စက်ဝိုင်း မနာနိုင်ပါဘူး ။ စက်ဝိုင်းရင်ထဲမှာ ကြည်နူးနေမိတယ် ။ ဟောသည် မိန်းမကြီးကိုလေ စက်ဝိုင်း ကြောက်ပြီး ချစ်တယ် ။

သည်နေ့ ပလက်ဖောင်းပေါ်မှာထိုင်ရတာ စိတ်ကလည်း ပျော်နေတယ် ။ နေ့လည်က ရေချိုးရလို့ လူကလည်း သန့်ရှင်းနေတယ် ။ မကြာခင်မှာလည်း အစ်ကိုနတ်သားလာပြီး သည်နားမှာ စကားဝိုင်း စတော့မယ် ။ အံမယ် ... တကယ်တော့ သူပြောတာတွေ စက်ဝိုင်းတို့က နားထောင်ရတာပါ ။

နေ့လည်က စက်ဝိုင်းနဲ့အမေစိန်တို့ ရေသွားချိုးကြတယ်လေ ။ ဟိုနေ့က စက်ဝိုင်းဖြတ်ပြေးတဲ့ ဗိုလ်ချုပ်ဈေးသစ်ဆိုတဲ့ ဈေးကြီးထဲက အိမ်သာနဲ့တွဲထားတဲ့ ရေချိုးခန်းမှာ ၊ ငါးမူးပေးရတယ် ။ အမေစိန်ကတော့ ညည်းညည်းညူညူနဲ့ " ညည်းကြောင့် ဒီမှာ လာချိုးရတာ ၊ ငါ့ဟာငါဆိုရင် ပိုက်ဆံတပြားမှ မကုန်ဘူး " တဲ့ ။ " ချိုးပါလား အမေစိန်ရဲ့ ၊ ဒီမှာ တစ်ကျပ်ကုန်တာပဲ " လို့ပြောတော့ ထုံးစံအတိုင်း အမေစိန်က မျက်စောင်းကြီးနဲ့ " ညည်းနဲ့ ဖြစ်မလား" တဲ့ ။ ကိုယ့် ဘာသာကိုယ်ချိုးတာပဲဟာ ။ ဘာကြောင့်မဖြစ်သလဲတော့ စက်ဝိုင်းလည်း မသိပါဘူး ။ အလျင်မြေအောက်အိမ်သာမှာ အပ်ထားတဲ့ သူ့ရေလဲထဘီစုတ်ကို ပြန်ယူခဲ့ပြီး သည်မှာ အမေစိန်နဲ့ စက်ဝိုင်း တစ်ယောက်တလဲစီချိုးကြတယ် ။ ခါးက

အဝတ်တွေ ဆပ်ပြာဝယ်ပြီး ဖွပ်ရလျှော်ရတယ် ။ အဲသည် အဝတ်စိုတွေကို လိပ်ပြီး အမေစိန့်လက်စွဲတော့ ဆာလာအိတ်ကြီးထဲ ပြန်ထည့်ယူခဲ့ရတယ် ။
ခုကျမှ ပလက်ဖောင်းပေါ်မှာ ရေလဲထဘီစုတ်ကို ခင်းပြီး အဲသည်ပေါ်မှာ တင်လှမ်းရတယ် ။ လေနဲ့ ခြောက်ခိုင်းရတယ် ။ ဒါကို အိပ်ခါနီး ပြန်သိမ်းရဦးမယ် ။ မခြောက်လည်း မတတ်နိုင်ဘူးလေ ။ ညကို သည်အတိုင်း လှမ်းထားဖို့က ကိုယ့်အိမ်ထဲမှာမှ မဟုတ်တာ ။
နေ့လည်က ရေချိုးပြီးတော့ အမေစိန်က သူ့ဆာလာအိတ်ကြီးထဲက သနပ်ခါးခဲလေးတစ်ခဲ ထုတ်ပေးတယ် ။ အဲတာကို လက်ထဲမှာ ရေဖျော်ပြီး စက်ဝိုင်း ကျကျနနလိမ်းတယ်။ ခုထိတောင် သနပ်ခါးက မပျက်ချင်သေးဘူး ။
" ဟဲ့… ညည်း နတ်သားက ခုထိမလာသေးပါလား ။ ဟိုအဘိုးကြီးတောင် ရောက်လာပြီ ၊ အံမယ် .. အဘိုးကြီးက အဖေါ်တွေဘာတွေနဲ့ ၊ ကောင်လေးတစ်ယောက်ပါလာပါ့လား ၊ ကောင်းတယ် ၊ ငါတို့ အဖေါ်ရတယ် ။
ဟုတ်သားပဲ ။ အစ်ကိုကလည်း လာနိုင်ခဲလိုက်တာ ၊ သည်နေ့ည လာမှအိပ်ပါ့မလားမသိဘူး ။ အစ်ကိုပေးတဲ့အင်္ကျီ ဝတ်ထားတဲ့နေ့ကျမှပဲနော် ။ သူ ဝမ်းသာသွားအောင် ပြချင်လို့ပါ ။
" ညည်းကလဲ ကိုယ့်ကိုယ်ကိုယ်ပဲ တသသနဲ့ ငုံ့ကြည့်နေတာပဲ ၊ ဒီလိုပုံနဲ့ ဟောဒီမှာထိုင်နေရတာ မကောင်းဘူး ၊ စောင်ခြုံအိပ်နေရင် တော်သေးတယ် ၊ အိပ်ကြစို့လား "
" အို… နေပါဦး အမေစိန်ကလည်း "
စက်ဝိုင်း မအိပ်ချင်သေးပါဘူး ။ အစ်ကို့ကိုစောင့်ချင်သေးတယ် ။ သူ့မှာ ပိုက်ဆံရှိသေးရဲ့လားဆိုတာကို စက်ဝိုင်းသိချင်နေမိတယ် ။ သည်နေ့လောက်ဆို သူ့တစ်ပါတ်စာမုန့်ဖိုး ကုန်လောက်ရောပေါ့ ။ ဟိုနေ့ကကို ၊ ထမင်းစားတာ ဆယ်နှစ်ကျပ် ၊ ရုပ်ရှင်က နှစ်ယောက်အတွက် ငါးကျပ် ၊ ဆယ့်ခုနှစ်ကျပ်တောင် ကုန်တာ ။ အင်းလေ… ကိုယ့်မှာလည်း ရှိလို့တော့ မဟုတ်ဘူးပေါ့ ။ ဒါပေမယ့် သူ့မှာ ပိုက်ဆံမရှိတော့ဘူးဆိုရင် မနက်ဖြန် စက်ဝိုင်းပိုက်ဆံပိုရှာပြီး နှစ်ကျပ်ဖြစ်ဖြစ် သုံးကျပ်ဖြစ်ဖြစ် ပေးမယ် ။ စက်ဝိုင်း မလုံးနဲ့ တွေ့မှာကြောက်ပြီး စက်လှေကားကြီးရှိတဲ့ ကုန်တိုက်ကို မသွားပဲပေပြီးနေနေတာ ။ ဘာပဲဖြစ်ဖြစ် ပြန်သွားပြီးပစ္စည်းတိုးလိုက်ရင် နည်းနည်းတော့ ပိုရမှာပဲ ။ ကုန်တိုက်တစ်ခုတည်းဆိုရင် နေ့တွက်ကသိပ်မှ မကိုက်တာ ။ ကုန်တိုက် နှစ်တိုက်ကို ခေါက်တုံ့ခေါက်ပြန် ကူးသန်းနိုင်မှ နေ့တွက်ရတာကလား ။
စက်ဝိုင်းဟိုဟိုသည်သည် လှမ်းကြည့်ရင်း အစ်ကို့ကို မျှော်မိပြန်တယ် ။ ဟင်း… မလာသေးပါဘူး ။ ဒါပေမယ့် ခဏလဲနေရော မျှော်တဲ့သူက မလာပဲ စက်ဝိုင်းမမျှော်လင့်တဲ့လူတွေက အမေစိန် ပူပင်လို့မှ မဆုံးခင် စက်ဝိုင်းတို့အနား ရောက်လာခဲ့တယ် ။ ဘယ်သူတွေရမလဲ ၊ မူးနေတဲ့ လူတွေပေါ့ ။
" ကဲ… ပြော ၊ ဘယ်လောက်လဲ လိုက်ခဲ့ "
စက်ဝိုင်း အော်အော်ရုန်းရုန်း ရုန်းပြီး တွန်းပစ်လိုက်ရင်း ထပြေးရတော့တယ် ။ အမေစိန်ကတော့ တဟဲ့ဟဲ့နဲ့ အော် အညစ်အပတ်တွေဆဲရင်း စက်ဝိုင်းကို..

" ..... သွား ၊ ဟိုအဘိုးကြီးဆီသွား ၊ ငါလိုက်ခဲ့မယ် ၊ ဒီလို လူပါးမဝနဲ့ ၊ နေစရာမရှိလို့ ပလက်ဖောင်းပေါ်လာနေတာ ၊ မစော်ကားနဲ့ "
" အောင်မာ ၊ စော်ကားတော့ ဘာပြုလဲ ဟင် ၊ ဒီဟာမကြီးက ဘာကြီးလဲ "
အမေစိန့်ခမျာ စက်ဝိုင်းတို့ ခင်းထိုင်နေတဲ့ အိပ်ရာတွေရော ၊ လှမ်းထားတဲ့ အဝတ်တွေရောကို ဆာလာအိတ်ကြီးထဲ လုံးထွေး ထည့်နေရရှာသေးတယ် ။ ပြီးတော့မှ စက်ဝိုင်းနောက်ကို လိုက်လာတယ် ။ ဟိုအဘိုးကြီးကတော့ အားကိုးရရှာပါတယ် ။ သူ့လက်စွဲတော် တုတ်တိုလေးကိုင်ပြီး အဆင်သင့်ပြင်တယ်၊ သူ့နားထိုင်နေတဲ့သူကိုလည်း " ဟေ့ကောင် ပြင်ထား " တဲ့ ။ စက်ဝိုင်းကတော့ အားကိုးတကြီး အစ်ကိုကိုပဲ တ, မိတယ် ။ အစ်ကိုရယ် မြန်မြန်လာပါတော့ ....
" စိတ်ညစ်ပါတယ်... စိတ်ညစ်ပါတယ် ၊ ဒီလိုသာဖြင့် မလွယ်ဘူး ၊ မိစက်ဝိုင်းရယ် ၊ ညည်း လင်မြန်မြန်ယူပါတော့ ၊ နို့မို့ဆို အိပ်ရေးပျက်တဲ့ဒုက္ခနဲ့ ငါရင်လည်း သေမယ် ၊ ဒီကောင်တွေကို သတ်မှုနဲ့ ငါရင်လည်း ထောင်ထဲရောက်မယ် ၊ ငါ့ဒေါသလဲ ညည်းအသိပဲ "
အမေစိန်က အိတ်ကြီးကိုဆွဲရင်း ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်လာရင်းက သူပြောချင်ရာတွေကို ပြောတော့တာပဲ ။ စက်ဝိုင်းကတော့ စိတ်ညစ်ရုံကလွဲပြီး ဘာပြောရမလဲ ။ ဟင်း... အရေးထဲမှာ " ညည်း လင်မြန်မြန်ယူမှဖြစ်မှာ " လို့ အမေစိန်ပြောလိုက်တုန်း ၊ အဘိုးကြီးဘေးကလူက စက်ဝိုင်းကို ဖျတ်ခနဲ လှမ်းကြည့်တယ် ။ အသားမည်းမည်း ၊ မျက်နှာပေါက်တင်းတင်း ၊ ညစ်စုတ်စုတ်နဲ့ ။ အဲသည်မျက်လုံးတွေကို စက်ဝိုင်း မုန်းလိုက်တာ ။ ပြောင်ပြောင်လက်လက် ပန်းခက်တွေနဲ့ နွမ်းရိနေတဲ့ အင်္ကျီကလည်း ကိုယ်ပေါ်မှာ ဖြစ်ပစ်စပ်ကြီး ၊ သိက္ခာမရှိလိုက်တာ ။ အင်္ကျီအဖြူ အမြဲဝတ်တဲ့ အစ်ကိုနဲ့တော့ တခြားစီပဲ ။
" ဘာလဲ ဒီကောင်တွေက အကြံအဖန် မှတ်လို့လား "
အဲသည့်လူဆီက ထွက်လာတဲ့ အသံသြသြကို စက်ဝိုင်း နှုတ်ခမ်းမဲ့လိုက်မိတယ် ။ သူ မေးစရာလား ။ စက်ဝိုင်းကတော့ မဖြေပါဘူး ။ သူ့မျက်လုံးတွေ စက်ဝိုင်းကို တချိန်လုံးကြည့်နေတယ် ဆိုတာ စက်ဝိုင်းသိသားပဲ ။ မကြည့်နဲ့လို့ စက်ဝိုင်း အော်ပစ်ချင်လိုက်တာ လွန်ရော ။ မှန်တာပြောရရင် စက်ဝိုင်း ဒီနေ့ ဝတ်စားပြင်ဆင်ထားတာဟာ အစ်ကိုကြည့်ဖို့လေ ။ အစ်ကို့ကို စက်ဝိုင်းချစ်တယ် ။ အစ်ကို ပြောတာတွေ စက်ဝိုင်း နားလည်လည် မလည်လည် အစ်ကို့ကို သနားတယ် ။ အစ်ကို ဘာများဖြစ်နေပါလိမ့်နော်.. ။
" အလကားကောင်တွေပါကွာ ၊ ငမူးတွေ ၊ ညတိုင်း လိုလို လာနှောင့်ယှက်နေတာ ၊ မိန်းကလေး ငယ်ငယ်မြင်ရင် အကုန်မကောင်းတာ မှတ်နေတာ ၊ မအေ နှမ မရှိတဲ့ကောင်တွေနဲ့ တူပါရဲ့ ၊ ချီးတဲ့မှ... "
အဘက စိတ်တိုတိုနဲ့ သူ့လူကို ပြောပြနေတယ် ။ ကြည့်လေ ဆေးလိပ်ကို တထောင်းထောင်းဖွါတာ ရိုးရိုးဖွာတာမဟုတ်ဘူး ။ ဆေးလိပ်မီးခိုးတွေကို မသိမသာ စက်ဝိုင်းဆီကို မှုတ်ထုတ်နေတယ် ။ မသိဘူးများ မှတ်လို့လား ။

" ငါ စိတ်ညစ်ပါတယ် ၊ အိပ်ရတာက လမ်းပေါ်၊ လမ်းပေါ်မှာက လူမျိုး တစ်ရာ့တစ်ပါး ။ နေ့စဥ်နဲ့အမျှ ဒီလိုဖြစ်နေမှာပဲ ၊ မိန်းကလေး ငယ်ငယ်နဲ့ကတော့ ဖြစ်ကိုမဖြစ်ဘူး ။ ဘယ်လို လုပ်ရမှန်းကို မသိပါဘူး အဘရယ် ၊ ကျုပ်တော့.... "

အမေစိန်က သူ့ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ညည်းနေတာကို စက်ဝိုင်းက မကြားတစ်ချက် ကြားတစ်ချက် ။ စိတ်ညစ်ပေမယ့် စက်ဝိုင်းရင်ထဲက မျှော်လင့်ချက် ရောင်ခြည်လေးတစ်စကြောင့် တက်ကြွနေမိသလိုပဲ ။ အစ်ကိုက စက်ဝိုင်းကို ခင်ပါတယ် ။ သိပ်ကို ခင်တာပါ ။ စက်ဝိုင်းသိတယ် ၊ ပြီးတော့ စက်ဝိုင်းကို သနားစရာကောင်းတဲ့ မိန်းကလေးလို့လည်း ခဏခဏ ပြောတတ်သေးတယ် ။ တစ်နေ့မှာ အစ်ကို စက်ဝိုင်းကို ခေါ်သွားမှာပါ ။ ဟောသည် ပလက်ဖောင်းပေါ်ကနေ စိတ်ချလုံခြုံတဲ့နေရာလေးကို အစ်ကိုခေါ်သွားမှာပါ ။ ဟင်း... စက်ဝိုင်းကို တော်တော်လင်ပေးစားချင်နေတဲ့ အမေစိန့်ဆန္ဒတွေတွေလည်း ပြည့်ရောပေါ့ ။

" နေရာပြောင်းအိပ်ရရင်ကောင်းမလားတောင် စိတ်ကူးတယ်အဘရယ် ၊ ဘူတာကြီးဘက်ဖြစ်ဖြစ် .. "

စက်ဝိုင်းရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ မပြောင်းပါနဲ့ အမေစိန်ရယ် ၊ မလုပ်ပါနဲ့ ။ အစ်ကိုလာရင် စက်ဝိုင်းတို့ကို ဘယ်လိုက်ရှာရမှန်းမသိဖြစ်နေလိမ့်မယ် ။

" ဟာ .. မပြောင်းပါနဲ့ အဒေါ်၊ မထူးဘူး ။ ဘူတာကြီး ပန်းခြံနား မဟုတ်လား ၊ ဟာ... လူသိပ်များတာ ၊ ဆွဲတာလဲ ခဏခဏပဲ ။ တစ်ခုပဲ ၊ ပိုက်ဆံတတ်နိုင်ရင်တော့ အောင်ဆန်းကွင်း ပလက်ဖောင်းမှာ ဖျာငှားပြီး အိပ်ရင်တော့ စိတ်ချရတယ် ။ အစောင့်နဲ့ ရထားစီးခရီးသည်တွေနဲ့ "

" သိပါတယ် ဟယ် ၊ ပိုက်ဆံက ဘယ်လိုလုပ် တတ်နိုင်ပါ့မလဲ ၊ ဖျာတစ်ချပ် နှစ်ကျပ် ၊ သေရချည်ရဲ့... "

" ဒီလိုဆို ကျွန်တော်တို့ ကီလီလာအိပ်ပါ့လား "

စက်ဝိုင်း အားရပါးရ မျက်စောင်းထိုးပစ်လိုက်တယ် ။ ဟင်း... လိပ်မျိုး ။ မပြောင်းအောင် ကူပြောပေးလို့ ကျေးဇူးတင်မလို့ရှိသေးတယ် ။ အပြီးသတ်တော့ သူ့ကအကြံနဲ့... ။

" ဘယ်မှ သွားမအိပ်ပါနဲ့ အမေစိန်ရယ် ၊ ဒီမှာပဲ နေရအောင် ၊ နောက်နေ့ညတွေကျ ထိုင်မနေပါဘူး ၊ အစောကြီးစောင်ခြုံအိပ်မယ်လေ ။ နောက်နေ့ညကျ ဟို အစ်ကိုလည်း လာမှာပါ "

" အံမယ်လေး ညည်းကလည်း ဒီထင်မိထင်ရာကောင်ကို အားကိုးနေသေးတယ် ။ သူစိတ်ထင်မှ လာတဲ့ဟာကိုများ အေ .. "

သည်တစ်ခါတော့ စက်ဝိုင်း မျက်ရည်ဝဲပြီ ။ အစ်ကို့ကို တစိမ်းရှေ့မှာ ပစ်ပစ်ခါခါပြောတဲ့အတွက် စက်ဝိုင်း ဟိုလူ့ကို ရှက်ရတယ် ။ စက်ဝိုင်းမှာ အားကိုးစရာရှိတယ် ဆိုတာ အဲသည့်လူသိစေချင်တာ အမေစိန်ရဲ့ ။

" ပြန်မယ်ဗျာ ၊ အဘ ... သွားအိပ်တော့မယ် "

" ဟ... နေပါဦးဟ ၊ မင်းကလဲ စောပါသေးတယ် "

သူက ပြန်မယ်လုပ်ပြီးမှ အဘက တားတော့ ငြိမ်နေတယ် ။ အမေစိန်ကလည်း တမျိုး ၊ သူ့ဟာသူ ပြန်ချင်ပြန်ပေါ့ ။

" ဟဲ့... နင်က ဘယ်ပြန်မှာ ၊ ကီလီ ဟုတ်လား "

" ဟုတ်တယ် "

" အေးဟယ် ၊ နင်လည်း ယောကျ်ားလေးပဲ တော်နေမှ ပြန်ပါ ၊ ဟိုမယ် တွေ့တဲ့အတိုင်း ဟိုလူအုပ်လေးတို့အိပ်တဲ့ အနားမှာ "

" ဟော့ကောင် ... ချစ်ထူး ၊ ဒီနေ့ည ဒီမှာပဲ အိပ်ကွာ ငါနဲ့ မနက်စောစောထသွားတာပေါ့ "

ကြည့်လေ ၊ နာမည်ကိုက မုန်းဖို့ကောင်းလိုက်တဲ့ နေချင်ရက်လက်တို့က အဘကလည်း တားရော "

ရပါတယ် " တဲ့ ။ ပြီးတော့ စက်ဝိုင်းကိုလည်း လှမ်းကြည့်သေးတယ် ။

" ကဲ .. ညည်းတို့လည်း ညည်းတို့နေရာ ပြန်မသွားနဲ့ ၊ တို့နဲ့ မနီးမဝေးမှာပဲ အိပ်လိုက်ကြ "

" ဟုတ်တယ် အဘရေ ၊ မနက်ကျလဲ စောစောထရတာ ၊ အဘသိတဲ့အတိုင်း သုံးနာရီဆို ကားသံတွေကဆူပြီ ။ လေးနာရီထိုး ပလက်ဖောင်းပေါ် လူတွေလာကုန်ပြီ "

အမေစိန်က မနီးမဝေးမှာ စက်ဝိုင်ကို အိပ်ရာခင်းခိုင်းတယ် ။ မကျေနပ်ပေမဲ့ စက်ဝိုင်း ဘာတတ်နိုင်မှာလဲ ။ သည်နားမှာဆို အစ်ကို လာမလား ၊ ဘယ်လိုလုပ် သိနိုင်တော့မလဲ ။ ခုချိန် အစ်ကို ရောက်လာရင် စက်ဝိုင်းဘယ်ရောက်သွားပလဲ ဆိုပြီး စိတ်ပူနေမလား ၊ လက်မှတ်ရုံထောင်ကွေးကွေးလေးမှာပဲ ထိုင်လျက်အိပ်လို့ နေလေမလား ။ ပြီးတော့ သည်နေ့အစ်ကို ထမင်းစားရရဲ့လား ... သူပြောဖူးတာပဲ ပိုက်ဆံမရှိတဲ့နေ့ မစားဘူးပေါ့တဲ့လေ ။ အစ်ကိုရယ် .... စက်ဝိုင်းဝမ်းနည်းရပြန်တယ် ။

" အိပ်တော့မလား "

ကြည့်လေ ၊ အရှက်မရှိပုံက ။ စက်ဝိုင်း နှုတ်ခမ်းစူ မျက်နှာကိုပုပ်ထားပြီး ပြန်မဖြေပဲ အိပ်ရာပေါ် ပစ်လှဲချလိုက်တယ် ။ ဒါပေမယ့် စိတ်မလုံဘူး ၊ အဲသည် ချစ်ထူးဆိုတဲ့ အရှက်မရှိတဲ့လူရဲ့မျက်လုံးတွေက စက်ဝိုင်းကိုကြည့်နေမှာပါ ။ မုန်းတယ် အစ်ကိုရယ် ။ ပြီးတော့ စက်ဝိုင်းအစ်ကို့ကို တွေ့ချင်တယ် ။ နက်ဖြန်တော့ လာပါနော် ။

သိပ်နေနိုင်တဲ့ အစ်ကိုနတ်သား ။

စက်ဝိုင်းမျှော်ရတာ ခုနစ်ရက်ရှိပြီ ။ စက်ဝိုင်း သိပ်ကို အားငယ်နေမိတာကို အစ်ကို ကတော့ မသိဘူးပေါ့ ။ အစ်ကို မလာတဲ့ ခုနစ်ရက်အတွင်းမှာ အမေစိန် ဖျားတယ်လေ အစ်ကိုရဲ့ ။ သိပ်သနားဖို့ကောင်းတာပဲ ၊ တကိုယ်လုံး ချစ်ချစ်တောက်ပူပြီး ညောင်းညာ ကိုက်ခဲနေတဲ့ အမေစိန်ဟာ ပလက်ဖောင်းပေါ်မှာ လှိမ့်နေတာပဲ အစ်ကိုရေ ။ အမေစိန့်မှာ ဝတ်စရာအနွေးထည်ထူထူလည်းမရှိဘူး ၊ ရှိသမျှစောင်စုတ်လေးတွေ အထပ်ထပ်ခြုံ ။ ရှိတဲ့ ထဘီသုံးထည်ကို အထပ်ထပ်ဝတ်ပေးပြီး ချွေးထုတ်ရတယ် ။ ဗမာဆေး သောက်ခိုင်းပြီးတော့ပေါ့ ။ ခက်ပုံများ အစ်ကိုရယ် ၊ ဆေးသောက်ဖို့ ရေနွေးဝယ်စရာ ချိုင့်တစ်လုံးတောင် စက်ဝိုင်းတို့မှာ မရှိတော့ ၊ ဆေးကို ရေခဲရေနဲ့ပဲ သောက်ရတယ် ။ ညနေစောင်းကတည်းက ဖျားနေတဲ့ အမေစိန်ဟာ လူမရှင်းသေးတာနဲ့ အိပ်လို့မရသေးတော့ ပလက်ဖောင်းပေါ်မှာ စောင်ကြီးခြုံပြီးထိုင်နေရတယ် ။ သူ လှဲချင်ရှာတာ အရမ်းပဲ ။

စက်ဝိုင်းကတော့ ဘာလုပ်လို့ လုပ်ရမှန်းမသိပဲ အမေစိန့်ကို တွင်တွင်ပဲ နှိပ်ပေးနေတာပေါ့ ။ အစ်ကို့ကို မျှော်လိုက်တာ အရမ်းပါပဲ အစ်ကိုရယ် ။ ဒါပေမယ့် မျှော်တဲ့ သူကမလာပဲ ၊ မမျှော်တဲလူက လာတယ် ၊ ချစ်ထူးဆိုတဲ့ လူလေ အစ်ကိုရဲ့ ။ စက်ဝိုင်းက မုန်းပေမယ့် သူကတော့ စက်ဝိုင်းကို မမုန်းဘူးသိလား ။ သူက အမေစိန့်ကို ကော်ဖီဝယ်တိုက်တယ် ။ စက်ဝိုင်းကို မုန့်ဝယ်ကျွေးတယ် ။

အနားက မခွါဘူး ။ ခုလည်း စက်ဝိုင်းတို့နားမှာ ရှိတယ် အစ်ကိုရဲ့ ။

သူက အမေစိန့်ဘေးနားမှာ ကပ်ထိုင်ပြီး အမေစိန့်ကို အားပေးနေတယ် ။ တစ်ချက် တစ်ချက် စက်ဝိုင်းကို ကြည့်နေတယ် ။ ပြီးတော့ သူဝယ်လာတဲ့ မုန့်ထုပ်ကို " စားလိုက်.. စားလိုက် "နဲ့ လိုက်ပြောနေတယ် ။ မစားချင်ပါဘူးလို့ပြောလည်း မရဘူးအစ်ကိုရဲ့ သိလား ။ အလျင်ရက်တွေကလဲ မစားဘူး မစားဘူး နဲ့ သူကရော အမေစိန်ကရော အတင်းစားခိုင်းတော့ စားရတာပါပဲ ။ စက်ဝိုင်းလေ အမြဲတမ်းပဲ ၊ အဲသည် ချစ်ထူး ညညလာရင် ဝယ်လာတဲ့ မုန့်ထဲက တစ်ခုဖြစ်ဖြစ် တစ်ဖဲ့ဖြစ်ဖြစ် အမြဲချန်ထားတယ်လေ သိလား ။ အစ်ကိုပေးတဲ့ အင်္ကျီရဲ့ အောက်ဘက်က အိပ်ထောင်ထဲမှာပေါ့ ။ ဒါပေမယ့် အလကား ၊ အစ်ကိုက မလာတော့ အိပ်ခါနီးမှ စောင်ခြုံထဲမှာ စက်ဝိုင်း စား.. စားပစ်ရတယ် ။

အစ်ကို့ကို လာစေချင်တာ တခြားကြောင့်မဟုတ်ဘူး အစ်ကိုရဲ့သိလား ။ အမေစိန် ဖျားကတည်းက စက်ဝိုင်းကို တတွတ်တွတ်နဲ့ ဖျောင်းဖျတဲ့ စကားတွေကိုလေ အစ်ကို သိစေချင်လို့ ... " တွေ့လား မိဝိုင်း " တဲ့ ၊ " ငါဖျားပြီးသေသွားရင် ဘယ်လိုလုပ်မလဲ " တဲ့ ၊ " နင် ဘာဖြစ်သွာမယ်မှတ်လဲ ၊ ညည ကားပေါ်က ဆင်းလာတဲ့ ဟိုကောင်မလေးတွေလို ဖြစ်သွားမှာ " တဲ့ ။ စက်ဝိုင်းက ကြောက်ပြီးငိုတော့ " နင် အဲ့ဒီလို မဖြစ်ချင်ဘူး မဟုတ်လား " တဲ့ ။ " ဟင့်အင်း မဖြစ်ချင်ဘူး " ဆိုတော့ " ငါကိုလည်း စိတ်ချမ်းသာပြီး နေကောင်းမလာစေချင်ဘူးလား " တဲ့ ။ စက်ဝိုင်းက " အို.. နေကောင်းစေချင်တာပေါ့ " လို့ပြောတော့ သူက ဘာပြောတယ်မှတ်သလဲ အစ်ကိုရဲ့ ။

" နင်... ချစ်ထူးကို ယူရမယ်တဲ့ "

ကဲ... ဘယ့်နှယ့် လုပ်ရမလဲ အစ်ကိုရဲ့ ။

စက်ဝိုင်းနားလည်ပါတယ် ။ စက်ဝိုင်း ယောကျ်ားမယူလို့မရဘူးဆိုတာ ။ ဒါပေမယ့် စက်ဝိုင်း သူ့ကို မချစ်ဘူး အစ်ကိုရယ် ၊ မချစ်တဲ့လူကို ယူရတာ ဘယ်ပျော်စရာကောင်းမလဲနော် အစ်ကို ။ အဲဒီချစ်ထူးက စက်ဝိုင်းနဲ့ ရွယ်တူလောက်ပဲတဲ့ ။ ဒါသာဖြစ်တယ် ရုပ်က မတရား ရင့်နေတာပဲ ။ အမေစိန်ကတော့ အရွယ်နဲ့ မမျှအောင် အလုပ်ကြမ်း လုပ်နေရတာကိုးတဲ့ ။

သူက ကီလီဆိပ်ကမ်းမှာ ကုန်ထမ်းတယ် တဲ့ ။

မိမရှိ ၊ ဖမရှိ တစ်ကောင်ကြွက်ပဲ ။ အိပ်တော့လည်း ကီလီ ၊ စားတော့လည်း ကီလီ ၊ နေတော့လည်း ကီလီမှာပဲ ။ သူက တစ်နေ့ကို နှစ်ဆယ် အစိတ် ရသတဲ့ ။ သင်္ဘောတွေများရင် များသလို လျှင်ရင် လျှင်သလိုပေါ့ ။ သူတို့က ခိုးထမ်းရတဲ့ " ဂန်ဘား " ဆိုတဲ့ တရားမဝင်ဘောက်ထမ်းသမားတွေတဲ့ ။

စက်ဝိုင်းလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အဖေ အမေ မရှိတဲ့သူမို့ သနားမိတာကလွဲရင် စက်ဝိုင်း သူ့ကို မချစ်ဘူး အစ်ကိုရယ် ။ အစ်ကို ဘာပြောမလဲ ။ အစ်ကို မလာရင်လေ သူစက်ဝိုင်းကိုရအောင်ယူမယ်နဲ့တူတယ် ၊ သူကျွေးတဲ့ မုန့်တွေကို မစားဘူး မစားဘူးငြင်းရင်းနဲ့ စက်ဝိုင်းစားရသလို ၊ သူ့ကို မယူဘူး မယူဘူး ငြင်းရင်းနဲ့ စက်ဝိုင်းယူရလိမ့်မယ် အစ်ကိုရဲ့ ။

အစ်ကို မြန်မြန်လာပါနော် ။ စက်ဝိုင်း အစ်ကိုနောက်ကို တစ်ခါတည်းလိုက်ခဲ့မယ် ။ စက်ဝိုင်းကို အစ်ကို လာခေါ်မယ် မဟုတ်လားဟင် ။

ရက်စက်လိုက်တာ အစ်ကိုရယ် ။

မိစက်ဝိုင်း ဘာတွေ ဖြစ်နေတယ်ဆိုတာ အစ်ကို သိရဲ့လား ။

မနေ့ညက စက်ဝိုင်းတို့ ပလက်ဖောင်းပေါ်မှာ ရန်ပွဲဖြစ်တယ် သိလား ။ ဘယ်သူတွေ ရမလဲ ၊ ထုံးစံအတိုင်း ပဲပေါ့ ။ ဟိုအမူးသမား ကောင်တွေပေါ့ ။

အမေစိန်က အဖျားပျောက်ခါစ ရှိသေးတယ် ။

ဘေးနားမှာထိုင်နေတဲ့ စက်ဝိုင်းကို အမေစိန်က မနက်ဖြန် ကုန်တိုက်ကို သူလိုက်တော့မယ့်အကြောင်း စက်ဝိုင်းတစ်ယောက်ထဲလုပ်ရတာ အဆင်ပြေရဲ့လား ဆိုတာတွေ မေးနေတာ ။ ခုတစ်လော အမေစိန်မလိုက်နိုင်လို့ သူ့ကို ရုပ်ရှင်ရုံအောက်က အချဉ်ထုပ်သည်မတွေဆီမှာ အပ်ထားခဲ့ပြီး ၊ စက်ဝိုင်းတစ်ယောက်တည်း ကုန်တိုက်သွားတိုးရတယ်လေ အစ်ကိုရဲ့ ။ စက်ဝိုင်း ထမင်းစားဖို့နဲ့ အမေစိန့် ကော်ဖီဖိုးပေါ့ ။ ဟို ငဖား ချစ်ထူးက ညလာရင် ကော်ဖီပလက်စတစ်အိတ်လေးတစ်လုံးတော့ပါတယ် ။ အဲဒါ အမေစိန်နဲ့ စက်ဝိုင်းစကားပြောကောင်းတုန်း အမူးသမားတွေ ဖြုန်းဆိုလာတဲ့ပြီး စက်ဝိုင်းကို ခေါ်တာ ၊ စက်ဝိုင်းကလည်း ဘာ ညာနဲ့ ပြန်ပြောမိလိုက်တယ်လေ ။ သူတို့က စိတ်တိုပြီး စက်ဝိုင်းကို ဆွဲတယ် အစ်ကိုရဲ့ ။

အို... ဘာပြောကောင်းမလဲ ၊ ချစ်ထူးရယ် ၊ သူက စက်ဝိုင်းတို့ဆီကို အလာနဲ့ တိုးပြီး ဟိုကောင်တွေကို ပြေးထိုးတာ ။ ကံကောင်းလို့ အဖမ်းမခံရတာ ။ ဟိုကောင်တွေက မူးနေပေမယ့် လူလေးယောက်ဆိုတော့ သူ ခံသွားရတယ် ။ ပါးကြီးနှစ်ဖက် ရောင် လို့ ။

စက်ဝိုင်း စိတ်ညစ်လိုက်တာ အစ်ကိုရယ် ။ ပြီးတော့ သည်နားမှာ ညအိပ်ရမှာကိုလည်း ကြောက်နေမိတယ် ။ စက်ဝိုင်း ချစ်ထူးနဲ့ ယူရင်တော့ သည်နေရာမှာ မနေရတော့ဘူးပေါ်နော် ။

သူခေါ်ရာကိုလိုက်ရင်း သူစောင့်ရှောက်တာကို ခံရမှာပေါ့နော် ။ ပြီးတော့ စက်ဝိုင်းကိုလည်း သူက လုပ်ကျွေးမှာပေါ့ ။ စက်ဝိုင်း ကုန်တိုက်ကို လာစရာမလိုဘူးလား ။ အို.... အလုပ်မလုပ်ချင်လို့ ပြောတာမဟုတ်ပါဘူး ။ ခုတစ်လော စက်ဝိုင်း ကုန်တိုက်ကို မသွားရဲတာ ၊ မသွားချင်တာက မလုံးနဲ့ ထပ်တွေ့လို့ပါ ၊ နှစ်ခါရှိပြီ သူကမမြင်ပေမယ့် စက်ဝိုင်းမှာ ဒရောသောပါး ဆင်းပြေးပုန်းရတာ ။

အစ်ကိုရယ်... စက်ဝိုင်း ဘာလုပ်ရမလဲ ... ။

အစ်ကို ဘယ်မှာသွားပြီး ဘာတွေလုပ်နေလဲ ။

အစ်ကို့ မိထွေးနဲ့ ရန်ဖြစ်နေသလား ၊ အစ်ကို့အဖေနဲ့ ရန်ဖြစ်နေသလား ၊ နေမကောင်းဘူးလား ... ။
စက်ဝိုင်းတို့ဆီကို အစ်ကိုဘယ်တော့မှ ပြန်မလာတော့ဘူးလားဟင် ။
အမေစိန်က မနေ့ညက ရန်ပွဲအပြီးမှာ အမိန့်ချတယ် ။
" နင် ချစ်ထူးနဲ့ မနက်ဖြန်ယူပြီး လိုက်သွားတော့ " တဲ့ ။
အစ်ကို... ချစ်ထူးကို စက်ဝိုင်း ယူရတော့မယ် ။
" မနက်ဖြန် " တဲ့ ။ အစ်ကို သည်နေ့ည လာဖြစ်အောင် လာပါနော် ။ စက်ဝိုင်း မအိပ်ပဲ လက်မှတ်ရုံ
ထောင့်ကွေးလေးကို စိုက်ကြည့်နေမယ် ။

အပိုင်း ၈

" ကဲ... ဒီနေ့ကစပြီး နင်တို့နှစ်ယောက် လင်မယားဖြစ်ပြီ ။
ဟဲ့ ..ချစ်ထူး နင် ငါ့သမီးကို မနှိပ်စက်နဲ့နော် ကြားလား "
ခပ်ရွှင်ရွှင်ဖြစ်နေတဲ့ အမေစိန့်ကိုကြည့်ရင်း စက်ဝိုင်းငိုချင်လာတယ် ။ ချစ်ထူးဟာ
စက်ဝိုင်းယောက်ျားတဲ့လား ။ မည်းညစ်ညစ် ၊ ပုတုတု နဲ့ ရုပ်ရည်ကြမ်းတမ်းတဲ့ ချစ်ထူးကို စက်ဝိုင်းတကယ်
ယောက်ျားတော်လိုက်ရပြီလား ။ စက်ဝိုင်းချစ်တဲ့ အသားလတ်လတ် ၊ အရပ်ရှည်ရှည်နဲ့ ယဉ်ကျေးသိမ်မွေ့တဲ့
အစ်ကိုက စက်ဝိုင်းယောက်ျား ဖြစ်မလာတော့ဘူးပေါ့ နော် ။
" ကဲ.. လူငယ်နှစ်ယောက် အိုအောင်မင်းအောင်ပေါင်းရပြီး ချမ်းသာပါစေဗျာ "
ဟိုအဘရဲ့ဆုတောင်းသံကြီးကြောင့် ချစ်ထူး
မျက်နှာကြီး စပ်ဖြဲဖြဲ ဖြစ်နေတယ် ။
ကြယ်ရောင်အောက်က ပလက်ဖောင်းပေါ်မှာ ကျင်းပတဲ့ စက်ဝိုင်းတို့ မင်္ဂလာဆောင်တာကို
လာကြည့်ပါဦးလား အစ်ကိုရယ် ။
စက်ဝိုင်းတို့ ညအိပ်ရင်ခင်းတဲ့ စောင်စုတ်တွေကို ပလက်ဖောင်းပေါ်မှာ ဆက်ခင်းထားတယ် ။ ဟိုအဘ
အဘိုးကြီးရဲ့စောင်ရောလေ ။ အဲသည်မှာ အမေစိန်ရယ် ၊ စက်ဝိုင်းရယ် ၊ ချစ်ထူးရယ် ၊ အဘအဘိုးကြီးရယ်
ဝိုင်းထိုင်ကြတယ် ။ သတိုးသမီးစက်ဝိုင်းက အကောင်းဆုံးဝတ်စုံဖြစ်တဲ့ အစ်ကိုပေးတဲ့ အင်္ကျီနဲ့လုံချည်ကို
ဝတ်လို့လေ ။ နေ့လယ်က ပန်းခြံရှေ့မြေအောက်အိမ်သာမှာ ရေချိုးပြီး အထူးလိမ်းထားတဲ့
သနပ်ခါးဘဲကျားနဲ့ ။ သတို့သားချစ်ထူးကလည်း သူအမြဲမချွတ်တမ်းဝတ်ထားတဲ့ ပြောင်လက်လက်
ပန်းခက်တွေနဲ့ နွမ်းရော်ရော်အင်္ကျီပါပဲ ။ ဒါပေမယ့် ပုဆိုးကတော့ အသစ်ဝတ်ထားတယ် ။ အလျင်ညက
တွေ့တွေ့နေတဲ့ ချည်ကြမ်းပုဆိုး အနက်ကွက်မဟုတ်ဘူး ။ မီးလောင်ပေါက် တစ်ပေါက်နှစ်ပေါက်ပါတဲ့
တစ်ပါတ်နွမ်း အရောင်လွင့် အိန္ဒိယပလေကပ်နဲ့ ။
စက်ဝိုင်းတို့ လေးယောက်အလယ်မှာ ချစ်ထူးဝယ်လာတဲ့ ဘဲသားမုန့်နဲ့ အချဉ်ထုပ်တွေရယ် ။
အသစ်စက်စက်ဝယ်လာတဲ့ ဆွဲချိုင့် သေးသေးလေးထဲမှာ လက်ဖက်ရည်တွေ အပြည့် ။ ဒါတွေကို
စားသောက်ပြီးရင် စက်ဝိုင်းက ချစ်ထူးနဲ့လိုက်သွားရမယ် ။ ကီလီကိုမဟုတ်ဘူး ။ မင်္ဂလာဦးညအတွက်
စိတ်ချလက်ချရှိအောင် အထူးအစီအစဉ်အနေနဲ့ ချစ်ထူးက အောင်ဆန်းကွင်းရှေ့ပလက်ဖောင်းပေါ်မှာ
ဖျာတစ်ချပ် နှစ်ကျပ်နဲ့ ဖျာနှစ်ချပ်ငှားထားတယ် ။
" ကဲ.... စားကြမယ်လေဗျာ ၊ အဘ ၊ အမေစိန် လုပ်လေ "
" ဟဲ့.. နေပါဦးဟဲ့ ၊ နင်တို့နှစ်ယောက် အဘကို ကန်တော့လိုက်ကြဦး ။ လူကြီးသူမကို မင်္ဂလာဆောင်ရင်
ကန်တော့ရတယ် ဟဲ့ "

အမေစိန့်ကို ကြည့်ပြီး ချစ်ထူးက ရှက်ရှက်နဲ့ တဟဲဟဲ ရယ်ရင်း " လူကြီးတွေကို မကန်တော့ရတာ ဘယ်နှစ်နှစ်တောင်ရှိပြီလဲ မသိတော့ပါဘူး ဗျာ " တဲ့ ။
စက်ဝိုင်းရင်ထဲလည်း တမျိုးကြီးဖြစ်သွားတယ် ။ ဟုတ်တယ် ၊ စက်ဝိုင်းလည်း ဘာထူးမှာလည်း ။ လူကြီးသူမတွေကို စက်ဝိုင်း တခါမှ မကန်တော့ခဲ့ဖူးပါလား ။
" ဟဲ့.. လုပ် ၊ အဘကို ကန်တော့လိုက်လေ "
စက်ဝိုင်းနဲ့ချစ်ထူး အဘအဘိုးကြီးကို ကန်တော့ကြတယ် ။ ဆုပေးတဲ့ အဘအဘိုးကြီးအသံက တုန်နေတယ် ။
" ကျန်းမာချမ်းသာပါစေ.. ၊ အိုအောင်မင်းအောင် ပေါင်းရပါစေ ၊ အိုးနဲ့အိမ်နဲ့ အတည်တကျနေနိုင်တဲ့ အိမ်ထောင်တစ်ခုဖြစ်ပါစေကွာ ၊ ဒါပဲ ၊ ကဲ... မိန်းကလေးက ညည်းအမေကိုလည်း ကန်တော့လိုက်ဦးလေ "
စက်ဝိုင်းနဲ့ အမေစိန် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတယ် ။
အမေတဲ့လား ။ အမေ... ။ စက်ဝိုင်းရင်ထဲမှာတလှိုက်လှိုက် ဝမ်းနည်းနာကျင်လာရင်း ရှိုက်ကြီးတငင် ငိုချလိုက်မိတယ် ။
" ဟဲ့ ကောင်မ ၊ အရူးမ .. တိတ်စမ်း ၊ အိမ်ထောင်ဦးကြီးမှာ မငိုရဘူးဟဲ့ ၊ နိမိတ်မရှိ နမာမရှိ ၊ ကဲ... ကန်တော့မှာ ကန်တော့ ၊ မုန့်စားရအောင် .. ငါဆာလှပြီ ၊ ငါက နလန်ထ ဟဲ့ "
ထုံးစံအတိုင်း အမေစိန့်အသံက ကြမ်းတမ်းပြတ်တောက်နေပေမယ့် အမေစိန် မျက်နှာမကောင်းပါဘူး ။
စက်ဝိုင်း သိပါတယ် ၊ စက်ဝိုင်း တစ်ချက် နှစ်ချက် ရှိုက်လိုက်ရင်း...
" ကျွန်မက အမေစိန့်ဆီ ပြန်မလာရတော့ဘူးလား "
" ဟဲ့... ကိုယ့်လင်နဲ့ကိုယ် ဖြစ်ပြီပဲ ၊ ဘယ်လာလို့ရမလဲ ၊ တစ်ခါတလေတော့လည်း လာပေါ့ "
" ဒီမှာ.. အမေစိန် တစ်ယောက်တည်းရယ် "
" အံမယ်လေး.. ကျ ကျသေးတော့ စက်ဝိုင်းရယ် ၊ နင်မရောက်ခင်ကတည်းက ဒီပလက်ဖောင်းပေါ်မှာ ငါတစ်ယောက်တည်း နေလာတာပါဟဲ့ ၊ ငါ့အတွက် မပူစမ်းပါနဲ့ "
အမေစိန်က စက်ဝိုင်းလက်မောင်းကို ဖြန်းခနဲပုတ်ရင်း ဘဲသားမုန့်တစ်ခုကို " စားပြီဟေ့ " ဆိုပြီး ကောက်ဝါးတယ် ။
" ရော့... စား " ဆိုပြီးတော့လည်း စက်ဝိုင်းကို တစ်ခုပေးတယ် ။
စက်ဝိုင်းက ကိုင်ထားပြီး မျက်ရည်တွေ ပွတ်သုတ်နေတုန်း ချစ်ထူးကလည်း မုန့်တစ်ခု ပါးစပ်ထဲ ကောက်ထည့် ပစ်လိုက်တယ် ။ အဘအဘိုးကြီးလည်း တစ်ခုယူစားတယ် ။
" လက်ဖက်ရည်တွေတောင် အေးနေပြီ ၊ ကောင်းတယ် .. သောက်ကြ "
အမေစိန်ကတော့ ဘဲသားမုန့် နောက်တစ်ခုကို ကိုင်ရင်း လက်ဖက်ရည့်ချိုင့်ကို ချိုင့်စောင်း မော့သောက်လိုက်တယ် ။
" ဟဲ့.. စားလေ ဘာလုပ်နေတာလဲ "

ချစ်ထူးက စက်ဝိုင်းကို လက်ဖက်ရည်ချိုင့် လှမ်းပေးနေတယ် ။ စက်ဝိုင်းကို ခုံခုံမင်မင်ကြည့်နေတဲ့ ချစ်ထူးမျက်လုံး နက်နက်တွေကို ကြည့်ရင်း မျက်မှန်အောက်က ရီဝေဝေ ဖျော့တော့တော့ အစ်ကို့မျက်လုံးတွေကို စက်ဝိုင်းမြင်ယောင်နေမိတယ် ။

" ဟဲ့... သောက်လေ "

အမေစိန်က ငေါက်ပြန်တယ် ။ " ပေး " ဆိုပြီး စက်ဝိုင်း လက်ဖက်ရည်ချိုင့်ကိုယူပြီး တကျိုက်ကျိုက် မော့သောက်ပစ်လိုက်တယ် ။ အို... တော်ပါပြီ ၊ စက်ဝိုင်း ဘာတွေမှ တွေးမနေတော့ဘူး ။

" ဟဲ့.. ဟဲ့ ၊ ချပါဦးဟဲ့ ၊ သောက်မယ့် သောက်တော့လဲ တို့ဖို့လဲ ချန်ထားပါဦး "

" သောက်ပါစေဗျ အမေစိန်ကလည်း ၊ ကုန်ရင် ကျွန်တော် ထပ်ဝယ်ပေးပါ့မယ် "

စက်ဝိုင်း လက်ဖက်ရည်ချိုင့်ကို ပလက်ဖောင်းပေါ် ခွပ်ခနဲချလိုက်တယ် ။ ဟင်း... ဒါ သူ့အကြင်နာတွေပေါ့လေ ။ မုန်းဖို့ကောင်းလိုက်တာ ။

" ကဲ... စားသောက်ပြီးရင် သွားကြတော့ ၊ တော်ကြာ နင့်ဖျာကို မလာဘူးမှတ်ပြီး သူများငှားလိုက်လိမ့်မယ် ။ ရော့... ညည်းတစ်စုံ ဒါနဲ့ထုပ်ယူသွား "

အမေစိန်က သူပိုင် စောင်စုတ်သုံးထည်ထဲက စောင်ပိုင်းလေးတစ်ထည်ကို ပေးနေတယ်။ စက်ဝိုင်းရဲ့ အင်္ကျီ နဲ့ ထဘီအဟောင်းတစ်စုကို စောင်နဲ့ထုပ် ။ ပြီးတော့ ချစ်ထူးဝယ်လာတဲ့ အိမ်ထောင်ဦးပစ္စည်း လက်ဖက်ရည်ထည့်တဲ့ ဒန်ချိုင့်လေးကိုဆွဲရင်း စက်ဝိုင်း ယောကျ်ားနောက်လိုက်ဖို့ အဆင်သင့်ဖြစ်နေပြီ ။

ချစ်ထူးက " လာ သွားစို့ " တဲ့ ။ အဘအဘိုးကြီးကိုလည်း " မနက် ကီလီမှာ တွေ့မယ်အဘရေ့ " လို့ နှုတ်ဆက်နေတယ် ။ အဘိုးကြီးကလည်း စက်ဝိုင်းတို့နေရာကနေပြီး သူ့နေရာကို ပြန်သွားပြီ ။

" ကျွန်မ သွားတော့မယ် "

" အေး... သွား ၊ ခုမှပဲ ငါလဲ စိတ်အေးလက်အေး အိပ်ရတော့မယ် "

အမေစိန့်အသံက ပိုပြီး အေးစက်မာကျောနေသလိုပဲ ။ စက်ဝိုင်း မျက်ရည်ဝဲရင်း ရှေ့ကသွားနေတဲ့ချစ်ထူး နောက်ကို လိုက်ခဲ့တယ် ။ လက်မှတ်ရုံထောင့်ကွေ့လေးကို လှမ်းကြည့်လိုက်တော့ ဟာလာဟင်းလင်းဖြစ်နေတဲ့ နေရာလေးက စက်ဝိုင်းကို ပြန်ကြည့်နေတယ် ။ နေရစ်ခဲ့တော့ အစ်ကိုရေ... ။

မီးပွိုင့်ကို အဖြတ်မှာ ချစ်ထူးက " လာ " ဆိုပြီး စက်ဝိုင်းကို လက်ဆွဲကူးတယ် ။ ကြမ်းတမ်း မြဲမြံတဲ့ သူ့လက်တွေကို စက်ဝိုင်း မရုန်းနိုင်ဘူး ။

" လွှတ်စမ်းပါ ... ငါ့ဘာသာငါ လမ်းကူးတတ်ပါတယ် "

" နင် ကူးတတ်ပေမယ့် ငါ စိတ်မချလို့ပါ "

ချစ်ထူးက လမ်းတလျှောက်လုံး စက်ဝိုင်းလက်ကို မလွှတ်ပဲ ဘူတာကြီးရောက်တဲ့ အထိ ဆွဲခေါ်သွားတယ် ။ တောင့်တောင့်ကြီးနဲ့ လိုက်သွားတဲ့ စက်ဝိုင်းပါးစပ်က အမျိုးမျိုး ပြောဆိုနေတာတွေကို တဟီးဟီး ရယ်လို့ ။ အောင်ဆန်းကွင်းရှေ့ ပလက်ဖောင်းမှာတော့ လူတွေ တစ်လျှောက်ကြီး အိပ်နေကြတာမြင်ရတယ် ။ သည်ဘက်...ရှေ့ ပန်းခြံတစ်ဝိုက်မှာလည်း အိပ်နေတဲ့လူတွေ နည်းတာမဟုတ်ပါလား ... ။

" ဖျာကုန်ပြီ အစ်ကိုရေ… မရတော့ဘူး "
အနားကပ်သွားတဲ့ စက်ဝိုင်းတို့နှစ်ယောက်ကို ပလက်ဖောင်းပေါ်မှာထိုင်နေတဲ့ မိန်းမလျာလိုလို လူကြီးက ဆီးပြောတယ် ။
" ဟာ.. မဟုတ်ဘူးဗျ ၊ ကျုပ် ညနေတုန်းကလာသွားတာလေ ၊ ပိုက်ဆံပေးပြီးသား ၊ ခင်ဗျားကိုပဲ ပေးခဲ့တာပဲ ၊ နှစ်ချပ်အတွက် လေးကျပ် လေ "
" အဲ… ဟုတ်သားပဲ ဟုတ်သားပဲ ၊ စိတ်မရှိနဲ့ အစ်ကိုရေ မေ့တာ… မေ့တာ ၊ နောက်ပြီး ဒီအချိန်ကြီးကျမှလည်း မလာတော့ဘူးထင်လို့ ၊ ပိုက်ဆံပြန်ယူပါနော် ၊ စိတ်မဆိုးပါနဲ့ ၊ ဖျာက မရှိတော့လို့ "
" သေပါတော့ ဗျာ "
ချစ်ထူးက စိတ်ပျက်လက်ပျက်နဲ့ ညည်းညူရင်းက ဟိုလူကြီးပေးတဲ့ ပိုက်ဆံလေးကျပ်ကို လှမ်းယူတယ် ။
" အစ်ကိုတို့ ခင်းစရာပါလာရင် ဟိုဘက် ပန်းခြံနား သွားအိပ်ပါလား ၊ နေရာလွတ်တွေ ရှိပါသေးတယ် "
" ဟာ… စီမံချက်တွေနဲ့တွေ့မှာ ကြောက်တယ် ဗျ "
" အို… မလာပါဘူး အစ်ကိုရဲ့ ၊ ကြာပြီ ကြာပြီ အဲသည်နားမှာ ဖျာမရတဲ့ ခရီးသည်တွေရော ဝင်အိပ်ကြလို့ သိပ်မဆွဲဘူး ၊ မစိုးရိမ်နဲ့ သွားသာအိပ် "
ချစ်ထူးက စက်ဝိုင်းကို လှမ်းကြည့်တယ် ။ စက်ဝိုင်းကတော့ မဆိုင်းမတွပဲ ....
" အမေစိန့်ဆီ ပြန်အိပ်မယ် "
" အို… မအိပ်ပါဘူး ၊ လာ ဟိုဘက်ပဲ သွားအိပ်မယ် "
ချစ်ထူးက ခေါင်းခါတယ် ။ " သေချာ ပြောထားလျက်နဲ့ ကွာ " လို့ မကျေမနပ်ရေရွတ်ရင်း စက်ဝိုင်းကို လက်ဆွဲပြီး ပန်းခြံနားခေါ်လာတယ် ။ နေရာလွတ်တစ်နေရာ လိုက်ရှာပြီး သူယူလာတဲ့ ၊ သူ ကီလီမှာ ခင်းအိပ်တဲ့စောင်ပိုင်းကို ခါးကြားက ထုတ်ပြီးခင်းတယ် ။ စက်ဝိုင်း အင်္ကျီနဲ့ထဘီ ထုပ်ထားတဲ့ စောင်ထုပ်လေးကို စက်ဝိုင်း ခေါင်းအုံးမယ့်ဘက်မှာ ချတယ် ။ ပြီးတော့ " အိပ်လေ " တဲ့ ။ စက်ဝိုင်း မျက်နှာမဲ့သွားပြီး ဘေးနှစ်ဖက်ကို မျက်စောင်းထိုးကြည့်တယ် ။
" မအိပ်ချင်ပါဘူး ၊ ဟိုမှာလူတွေနဲ့ ဒါလောက် နီးနေတာ "
" ဘာဖြစ်လဲ ၊ သူတို့လဲ ဒီလိုပဲအိပ်နေတာပဲ "
ချစ်ထူး ပြတဲ့ဆီကြည့်ပြီး စက်ဝိုင်းရှက်သွားတယ် ။ ကြည့်ပါဦး ... ဟိုဘက်ဘေးမှာ စောင်ပိုင်းတစ်ထည်ကို နှစ်ယောက်ခြုံပြီး ဖက်အိပ်နေကြတဲ့ လင်မယားနှစ်ယောက် ။ ခေါင်းအောက်မှာ ခေါင်းအုံးမပါ ၊ ဗလာနတ္ထိ။ ကေန္တ ၊ သူတို့လည်း စက်ဝိုင်းတို့လို အိမ်မဲ့ယာမဲ့တွေပဲဖြစ်မှာ ၊ ခရီးသည်တွေ မဖြစ်နိုင်ဘူး ။ ညစ်စုတ်စုတ်အသွေးအမွေးက မြင်တာနဲ့သိပါတယ် ။ စက်ဝိုင်းတို့လို အခြေအနေမဲ့ အိမ်ယာမဲ့တွေ ကို တံဆိပ်နှိပ်ထားတဲ့ အသွေးအမွေးလေ ။
" နင် ငါ့ကို ချစ်လား စက်ဝိုင်း "

ဟိုဘက်ဘေးမှာ အိပ်ပျော်နေတဲ့ ညစ်စုတ်စုတ်သားအမိနှစ်ယောက်ကို ငေးကြည့်နေတဲ့စက်ဝိုင်း ထိတ်ခနဲလန့်သွားတယ် ။ ချစ်ထူးက စက်ဝိုင်းနားကို တိုးကပ်ထိုင်တယ် ။

" ဟင် ... ချစ်လားလို့ ၊ ပြောလေ .. အဝိုင်း "

" ဘာ အဝိုင်းလဲ မခေါ် နဲ့ ၊ ငါ့နာမည် စက်ဝိုင်း ၊ စက်ဝိုင်းလို့ပဲ ခေါ် "

" အေးပါဗျာ... အေးပါ ၊ လူတစ်ကိုယ်လုံး ဒေါသချည်းပဲ ၊ ဘာလဲ နင့် ဟိုကောင်ကို သတိရနေတာမဟုတ်လား ၊ ငါသိပါတယ် "

" အံမယ် ... နင်ကများ အစ်ကို့ ကို ဟိုကောင်တွေ ဘာတွေနဲ့ မခေါ်ပါနဲ့ "

" ခေါ်တော့ ဘာဖြစ်လဲ ၊ အဲဒီကောင်က နင့်ရည်းစားလား "

" ဟုတ်တယ် "

စက်ဝိုင်း စိတ်ပေါက်ပေါက်နဲ့ ဖြေပစ်လိုက်ပေမယ့် ချစ်ထူးက မဲ့ကာ ရွဲ့ကာနဲ့

" သွားစမ်းပါ ငါ့မဖြီးနဲ့ ၊ နင့်ရည်းစားဆို နင့်ယူမှာပေါ့ ၊ နင်က ကြိုက်နေတာပါ ၊ ဟိုကောင်က မျက်မှန်တွေဘာတွေနဲ့မို့တဲ့ ၊ ငါ့ကို ဒေါ် စိန်ပွင့်ကြီး ပြောပါတယ် "

" ကဲ... ငါကြိုက်တော့ရော ဘာဖြစ်တုံး ၊ နင့် အပူပါလား "

" ပါတာပေါ့ ၊ နင်မကြိုက်ရဘူး ၊ နင်က ငါ့မိန်းမ ဖြစ်နေပြီ "

" ဘာ... ဘာမိန်းမလဲ .. မဟုတ်ဘူး ၊ မဟုတ်ဘူး "

" ဟ... မအော်နဲ့ဟ ၊ သန်းခေါင်ကျော်နေပြီ ၊ မရှက်ဘူးလား "

" ရှက်ဘူး "

" မရှက်လဲပြီးရော... နင့်ဟာနင် ၊ လာ အိပ်မယ် "

ချစ်ထူးက စက်ဝိုင်းပခုံးကို ဖက်တယ် ။ ဘုရားရေ ၊ စက်ဝိုင်း တကယ်ပဲ သူနဲ့အိပ်ရတော့မယ် ။ ချစ်ထူးမိန်းမ ဖြစ်ရတော့မယ်... စက်ဝိုင်း ပါးစပ်က တုံးတိတိကြီး ထွက်သွားတယ် ။

" ငါ မအိပ်ချင်ဘူး "

" ဘယ်ရမလဲ မအိပ်ချင်လို့ ၊ နင်ဒီအတိုင်း ထိုင်နေမှာလား "

" အေး.. "

" မရဘူး.. လာအိပ် "

" မအိပ်ဘူး "

ချစ်ထူးက စိတ်တိုသံနဲ့ " နင်နော် " လို့ပြောပြီး စက်ဝိုင်းကို ဇွတ်ဆွဲချတယ် ။ စက်ဝိုင်းကလည်း " အံမယ် " လို့ ပြန်အော်ပြီး ထိုင်လျက်တင်းခံနေတုန်း ဝေါခနဲ အရှိန်ပြင်းပြင်း ထိုးဆိုက်လာတဲ့ ကားကြီးတစ်စီး... ။ ပြီးတော့...

" လာခဲ့.. လာခဲ့ ၊ ကိုယ့်ပစ္စည်း မြန်မြန်သိမ်း ၊ တက်.... အကုန်တက် "

စီမံချက် လူကြီးတွေနဲ့ စီမံချက် ကားကြီး ။ ကဲ ... ဘယ်နှယ့်ရှိစ ၊ ကိုရွှေချစ်ထူး ။
တောက်တစ်ချက်ခေါက်ရင်း ထရပ်လိုက်တဲ့ ချစ်ထူးကို ယူနီဖောင်းဝတ် လူကြီးတစ်ယောက်က ဆွဲခေါ်သွားတယ် ။ စက်ဝိုင်းက ဆွဲခေါ်စရာမလိုပဲ ပစ္စည်းလေးတွေ မြန်မြန်သိမ်းပွေ့ပြီး ကားကြီးဆီကိုသွားရင်း အဖမ်းခံရမှာ ၊ ထောင်ချမှာ ၊ ထောင်ထဲနေရမှာကို ပထမဆုံးအကြိမ်အဖြစ် ပျော်တယ် ။
ခုလောလောဆယ် ချစ်ထူးနဲ့ မနေရဖို့က အဓိကလေ ။

အပိုင်း ၉

အမှတ်မရှိလမ်းမရှိကီလီဗောတံတား (၉)
" နာမည် "
" စက်ဝိုင်း "
" ဦးကြည် "
" အသက်.. "
" ဆယ့်ခုနှစ်နှစ် "
" လိပ်စာ... "
" အမှတ်မရှိလမ်းမရှိ ကီလီဗောတံတား "
******************
" ဟဲ့... ကောင်မလေး နင်ရောက်လာပြန်ပြီလား "
" ဟင်.... ဒေါ်စောကြည် "
" လာလေ ... ဒီကို "
စက်ဝိုင်းတို့ ဝင်သွားသွားချင်း တန်းစီနေတဲ့ ဒေါ်စောကြည်က လှမ်းကြိုဆိုတယ် ။ အခန်းလူကြီးဆရာမက..
" သာတီးဒီတွေလား ဟေ့ ၊ အမှတ်မရှိလမ်းမရှိ ကီလီဗောတံတားတွေ ... "
သည်ထဲက ထောင်ကျမိန်းမတွေအားလုံးက စက်ဝိုင်းတို့တစ်တွေကို အထင်အမြင်သေးတဲ့ အကြည့်တွေနဲ့ လှမ်းကြည့်နေတယ် ။ အစုတ်အနုပ်အထုပ်လေးတွေကို ပိုက် ၊ ညစ်စုတ်စုတ်မွဲခြောက်ခြောက်နဲ့ ညှိုးမှိန်နေတဲ့ စက်ဝိုင်းတို့ သာတီးဒီတို့ တစ်စု ခပ်ကုပ်ကုပ်လေးတွေ တန်းဝင်စီကြတယ် ။ အားလုံးက စက်ဝိုင်းတို့နဲ့ မတူသလို မတန်သလို တွဲမထိုင်ချင်ကြဘူး ။
ဝင်လာတဲ့ ကိုယ့်အချင်းချင်းပဲ တန်းရဲ့နောက်ဆုံးမှာ သွားထိုင်ကြတယ် ။ စက်ဝိုင်းကတော့ ကိုယ့်ကိုခေါ်ဖော်ရတဲ့ ဒေါ်စောကြည်နားမှာ အားရဝမ်းသာ ဝင်ထိုင်လိုက်တယ် ။
" ဒေါ်စောကြည် မလွတ်သေးဘူးလားဟင် "
" လွတ်တော့မယ် ဟဲ့ ၊ သန်ဘက်ခါဆို ငါထွက်ရတော့မှာ... "
" ယောကျ်ားနဲ့တွေ့ရတော့မယ်ဆိုပြီး ပျော်နေတာပေါ့ ဟုတ်လား "
" ပျော်ပေါင်အေ ၊ ညည်းနှယ် ၊ အရက်ဖိုးအကြွေး ဘယ်လောက်ဆပ်ရမလဲဆိုတာ တွေးပြီး စိတ်ညစ်နေတာ ၊ သေချင်းဆိုး... သူ့ဘီးဖာခက နှစ်ပဲတစ်မူး နဲ့ ဘယ်လောက်များ ကြွေးခံ သောက်ထားမယ် မသိဘူး "
" သူက ဘီးဖာတဲ့ အလုပ်လုပ်သေးလား "
" အေး ဟုတ်တယ် ၊ ဒါပေမယ့် သက်သက် နာမည်ခံပါအေ ၊ တကယ်လုပ်တော့ ငါပဲ များပါတယ် "
" ဟင်.... ဒေါ်စောကြည်က စက်ဘီးဖာတတ်လား "

" သြော် ... တတ်ရတော့တာပေါ့အေ ၊ အစကတော့ ဘာတတ်မှာလဲ "
" သူကအေ ၊ ထိုင်နေတယ်လို့မှ မရှိတာ ၊ တစ်နေကုန် ဒီအရက်ပဲ ငမ်းနေတာ ၊ သွားသောက်နေတာ ရတဲ့ဆီကို ၊ ငါ့ အရက်ဆိုင်က ညနေမှထွက်တာလေ ... ။ ဟော.. ကိုယ့်ဆိုက်ကားသမား ဖောက်သည်တွေကလာပြီ ၊ သူကမရှိဘူး ၊ လာပြီ သူကမရှိဘူး ၊ ငါ့မယ် လိုက်ခေါ်ရပြီ ၊ အဲ .. ခေါ်တော့ လာချင်မှ လာတာ ၊ ကြည့်ထားတဲ့ မျက်မြင်လေးနဲ့ ငါ့ဟာငါ ဘီးပေါက်ဖာပေးတော့တာပဲ ၊ အစကတော့ ဘယ်ဖြစ်မလဲအေ ၊ တစ်ခါတည်း ဘီးပေါက်ကတစ်ပေါက် ငါက ကလော်တံနဲ့ ချော်ထိုးမိတာက နှစ်ပေါက် သုံးပေါက်ဖြစ်ကုန်လို့ လူတွေမလာကြတော့ဘူး အေ့ ၊ ငါ့မှာ " လာပါဟယ် ၊ ငါဒီတစ်ခါ ကောင်းကောင်းဖာပေးပါမယ် " ဆိုပြီး ဖောက်သည်တွေကို အတင်းလိုက်ခေါ်ရတယ် ။ ခုတော့ ရနေပြီ ၊ အဲ... ခွေတွေဘာတွေတော့ မချိန်တတ်သေးဘူး ၊ မနက်ပိုင်း နေ့လည်ပိုင်း ငါကဘီးဖာ ၊ ညနေ အရက်ဆိုင်ထွက်ပေါ့ ၊ အဲလို လုပ်ရတာ မယ်မင်းကြီးမ ရေ့... ယောက်ျားဂုဏော အနန္တော "
" ယောက်ျားတွေ ဟာ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲနော် ဒေါ်စောကြည် "
" အံမယ်.. ညည်းက ယောက်ျားအကြောင်း ဘယ်လောက်များသိတာကြလို့ မိန်းမက... "
" သိတာပေါ့ ၊ ကျွန်မ ယောက်ျားရခဲ့ပြီ ဒေါ်စောကြည်ရဲ့ ၊ မနေ့က... "
" တော်တော်မြန်ပါပေ့အေ ၊ ခု ညည်းယောက်ျား ကရော "
" သူလဲ ထောင်ထဲမှာပေါ့ ၊ တူတူအဖမ်းခံရတာ "
" ဟို... မိန်းမကြီးကရော... အမေစိန်လေ "
" အမေစိန်မပါဘူး ဒေါ်စောကြည်ရဲ့ ၊ သူက တစ်နေရာမှာဆိုတော့ ကံကောင်းသွားတယ် ။ ဟိုကောင် ခေါ်တဲ့နေရာ လိုက်သွားမိလို့ ၊ အင်းလေ ... တစ်ခုတော့လည်း ကောင်းပါတယ် ၊ နို့မို့ဖြင့် ခုချိန် သူနဲ့ညားပြီးပြီ "
" ဟင်း... ညည်းဥစ္စာကလည်း အေ ၊ ယောက်ျားသာယူလိုက်ရ အီလည်လည်ကြီးဆိုတာ ကျနေပြီ ၊ ငါ ကိုယ်ချင်းတော့ စာပါတယ်အေ ၊ ငါလည်း မကြိုက်တဲ့လူ ယူခဲ့ဖူးတာပဲ၊ နှစ်ယောက်တောင်မှ "
" ဟင် ... ဒေါ်စောကြည်ကလဲ နှစ်ယောက်တောင် ယူတယ် "
" နှစ်ယောက်မကဘူး သုံးယောက် ၊ ခု ငါပြောနေတဲ့ အရက်သမားက တတိယမြောက် ၊ သူ့ကိုတော့ မှန်တာပြောရရင် ငါချစ်တယ်အေ့ ၊ ဒါသာဖြစ်တယ်နော် ၊ ယူတုန်းက ငါရွဲ့ယူတာ ၊ ငါ့ ဒုတိယ ယောက်ျားကအေ သမီးတစ်ယောက် ရပြီးပေါ့ ၊ သဝန်တိုလိုက်တာ လွန်ရော ၊ ဟိုလူနဲ့ စွပ်စွဲ ဒီလူနဲ့ စွပ်စွဲ ၊ ငါက ဈေးရောင်းရတော့ ဆိုက်ကားသမား အခုယောက်ျားနဲ့ သွားရတာကို ငါ့ ပုတ်ခတ်တယ်အေ ၊ နေ့ရှိသရွေ့ ဒါပဲ စွပ်စွဲနေတော့ စိတ်က တိုလာရော ၊ ဒါနဲ့ အခုယောက်ျားကို ငါကစပြီး " အုန်းလှိုင် ၊ ငါနင့်ကိုယူမယ် ၊ ငါလုပ်ကျွေးမယ် " လို့ ပြောပြီး ယူခဲ့တာ ၊ သူကလဲ အိမ်ထောင်ကွဲလေ "
" ဒေါ်စောကြည် ၊ ဟိုး .. ပထမယောက်ျားတုန်းကရော ဘာလို့ကွဲတာလဲ "

" အဲဒီကောင်ကျ သင်းက မယားငယ် ယူလို့အေ ၊ ငါလဲ အဲဒီယောက်ျားနဲ့ရတော့ ညည်းလောက်တောင် မရှိသေးဘူး ၊ ဆယ့်ငါးနှစ် ၊ အဘိုးအဘွားက ပေးစားတာလေ ၊ ငါငယ်ငယ်ကတည်းက အဖေနဲ့ အမေနဲ့ မနေရဘူး ။ ငါလူရယ် လို့ သိတတ်တဲ့အရွယ်မှာ အဖေနဲ့ အမေက ကွဲနေပြီ ။
နောက်အိမ်ထောင် ကိုယ်စီနဲ့ ၊ အဖေကို အဖေမှန်းမသိ ၊ အမေကို အမေ မှန်းမသိဘူး ။အဖေ့ဘက်က အဘိုးအဘွားနဲ့ နေရတာဆိုတော့ အဖေနဲ့ အတွေ့များတယ် ။ ဒါသာဖြစ်တယ် အဖေကို အဖေလို့တစ်ခါမှ မခေါ်ဖူးဘူး ၊ ကိုပုလို့ပဲခေါ်တာ ။
နောက်ယောက်ျားရပြီး ရန်ကုန်ပြောင်းလာတယ် ၊ တို့နေတာ ရန်ကုန် ကျားကူးရပ် ခေါ်တယ် ။ အဲဒီမှာနေတုန်း ယောက်ျားက မယားငယ်ယူတော့ စိတ်ညစ်ပြီး ကန်တော်မင်ပန်းခြံက ကန်ထဲခုန်ချပြီး သေကြောင်းကြံတာ မီးသတ်နဲ့တွေ့တာ ထောင်တစ်နှစ်ကျပါရောလား ၊ အလျှောက်ကောင်းလို့ ချုပ်ရက်နဲ့လွတ်တာ "
" ဒေါ်စောကြည် တော်သေးတာပေါ့နော် "
" အေး... ညည်းလဲ ... "
" အားလုံးတန်းစီထား "
အခန်းလူကြီးဆရာမရဲ့အသံကျယ်ကြီးကြောင့် ဒေါ်စောကြည်စကား တုံ့ရပ်သွားပြီး စက်ဝိုင်းတို့ ပုံစံထိုင်လိုက်ကြတယ် ။ တန်းစီ ၊ လူစစ် ၊ တန်းပိတ်တော့မယ် လေ ။
တန်းပိတ်ပြီးတာနဲ့ စက်ဝိုင်းတို့ သာတီးဒီတွေကို နေရာချပေးတယ် ။ ထုံးစံအတိုင်း မိလ္လာချောင်ထဲမှာပေါ့ ။ အခန်းလူကြီးဆရာမက ရှေ့ဆုံးတန်းကနေ နောက်ဆုံးတန်းအထိ နည်းနည်းစီ တိုးခိုင်းပြီး နေရာလပ်လေးတွေ ပေါ်လာအောင် လုပ်နေတယ် ။ ဒါပေမယ့် ထွက်လာတဲ့ နေရာက နည်းနည်းလေး ။ တစ်ဖျာရာစာလောက် ။ စက်ဝိုင်းတို့ သာတီးဒီတွေက ငါးယောက် ။ သည့်ကြားထဲ သားတီးဒီ မိန်းမတစ်ယောက်မှာ ကလေးပါလာသေးတယ် ။ ငါးနှစ်အရွယ် ကလေးမလေးတစ်ယောက် ။
" ကဲ ... နေရာကတော့ မြင်တဲ့အတိုင်းပဲ ၊ အားလုံးပြည့်နေပြီ ။ အိပ်ချိန်ရောက်ရင်တော့ တစ်ယောက်နဲ့ တစ်ယောက် ထပ်ရပ်ပြီးသာ အိပ်ကြပေတော့ ။ အိပ်ချိန်ဆိုတာနဲ့ မအိပ်လို့လဲ မရဘူးနော် ကြားလား "
အခန်းလူကြီးဆရာမကို စက်ဝိုင်းတို့တစ်တွေ ဘာမှ ခွန်းတုံ့မပြန်ရဲကြဘူး ။ ငြိမ်ကုပ်ပြီးတော့သာ နားထောင်နေကြတယ် ။
" ညည်းတို့ကလဲ ဒီထဲကို တော်တော်လာချင်နေကြတယ် ၊ မလာရအောင်လဲ လုပ်ကြဦးမှပေါ့အေ "
အခန်းလူကြီးဆရာမက ပြောဆိုထွက်သွားပြီးတာနဲ့ မိလ္လာချောင်က ရသမျှနေရာလေးမှာ စက်ဝိုင်းတို့ ကတ်သတ်ပြီး အိပ်ရာခင်းကြတယ် ။ ဆိုးဆိုးရွားရွားထွက်နေတဲ့ မိလ္လာချောင်က အနံ့အသက်က စက်ဝိုင်းတို့ ဘေးတစ်ဝိုက်မှာ စူးစူးရှရှပျံ့နှံ့နေတယ် ။ သေးပေါက်ဖို့အတွက် သီးသန့်တင်ထားတဲ့ စဉ့်အိုးနှစ်လုံး ( သေးအိုး နှစ်လုံး ) က ဘယ်လောက်ပဲ ဆေးကြောနေလှန်းပါတယ်ဆိုပေမယ့် အနှစ်နှစ်အလလက အိုးတွေဆိုတော့ အနံ့ကမပျောက်ပဲ စွဲနေပြီ ။ သိပ်နံ့တယ် ။

အဲသည့် အိုးနှစ်လုံးထဲကို အပေါ့အရင်စွန့်ပြီးမှ မိလ္လာပုံးထဲမှာ ချေးပါရတယ် ။ စက်ဝိုင်းတို့ ခြေရင်းအခန်းအဆုံးမှာ ပေပါသံပုံးပြတ်ကြီးတစ်ပုံးရှိတယ် ။ အဲသည်သံပုံးကြီးပေါ်မှာ သံပြားအလေးကြီး နှစ်ခုကို မျဉ်းပြိုင်ယှဉ်ပြီးတင်ထားတယ်။ ပုံးကြီးပတ်လည်မှာ ယာယီအကာလေးတစ်ခု လုပ်ထားတယ် ။ အကာလေး လုပ်ထားတော့ တော်ရုံမမြင်နိုင်လို့ သည်ပုံးထဲမှာ ညဆိုရင် ချေးရော သေးရော ပါလို့ရတယ် ။ နေ့ခင်းသုံးဖို့အတွက်ကျတော့ အဆောင်ဘေးမှာ အိမ်သာရှိတယ် ။ သည်မိလ္လာပုံးကြီးကရော ဘာထူးလဲ ။ မနက်ဘက် မိလ္လာချ ဆေးကြောပေမယ့် သူလည်း အနှစ်နှစ်အလလက ပုံးကြီးပဲ ။ အနံ့စွဲနေတာပဲ ။ နံနေတာပဲ ။ သည်လို မိလ္လာချောင်မှာ ဘယ်သူက နေချင်မှာလဲ ။ သည်မိလ္လာချောင်မှာ ဘယ်သူမှ မနေချင်တဲ့အတွက် စက်ဝိုင်းတို့လို သာတီးဒီတွေအတွက် သီးသန့်နေရာ ။

အိပ်ရာခင်း ၊ အင်္ကျီထုပ်လေးကိုချပြီး စက်ဝိုင်းထိုင်နေတုန်းမှာ ခပ်လှမ်းလှမ်း ဟို မကောင်းတဲ့အမကြီးကို မြင်ရတယ် ။ သူမလွတ်သေးဘူးပဲ ။

အမေစိန့်ကို သနပ်ခါးသွေးခိုင်းတဲ့အမကြီးလေ ။ ဟုတ်ပြီ ၊ စက်ဝိုင်း သူ့ဆီကို သွားလိုက်တယ် ။ သည်တစ်ခါတော့ စက်ဝိုင်း ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်လေ ။

" အစ်မ ကျွန်မကို မှတ်မိလားဟင် ၊ အစ်မ သနပ်ခါးသွေးခိုင်းတဲ့ အဒေါ်ကြီးနဲ့ အတူတူလေ "

" ဩော်... အေး ၊ နင် ဒါနောက်တစ်ခေါက်လား ၊ မှောင်ရိပ်ခိုမှုပေါ့ "

" ဟင့်အင်း မဟုတ်ဘူး ၊ သာတီးဒီအမှု အစ်မရဲ့ ၊ လမ်းပေါ် အိပ်လို့လေ "

" အတူတူပဲပေါ့ဟဲ့ ၊ မှောင်ရိပ်ခိုမှုဟာ သာတီးဒီပေါ့ ၊ ငါတို့တောင် တစ်ခါတလေ အဲဒီမှောင်ရိပ်ခိုမှုနဲ့ ပါသွားတတ်သေးတာ "

" အစ်မ မနက်ကျရင်လေ သနပ်ခါးသွေးခိုင်းဦးမလား ၊ ကျွန်မကို ခိုင်းနော် "

" အေး... လုပ်ပေးလေ ၊ ဆေးလိပ်ငါးလိပ်နော် ၊ တစ်ခွက်ပြည့်အောင် သွေးပေးရမယ် "

" ဟုတ်ကဲ့ပါ အစ်မရဲ့ ၊ အခု အနင်းခံချင်လဲ ပြောနော် ၊ ကျွန်မ နင်းပေးမယ် "

" တော်ပါပြီ ဟယ် ၊ နေပေ့စေတော့ ၊ ဩော်... နေဦး ၊ ရော့... ရော့ ထန်းလျက်တစ်လုံး "

စက်ဝိုင်း ထန်းလျက်လေးကို အယုတယ ပါးစပ်ထဲကို သွင်းလိုက်ပြီး မိလ္လာချောင်ကိုပြန်လာခဲ့တယ် ။ နက်ဖြန်ကစပြီး ဆေးလိပ်ရအောင် စက်ဝိုင်း ကြိုးပမ်းရမယ် လေ ။ သည်ထဲမှာ ဆေးလိပ်ဟာ ရွှေ၊ ဆေးလိပ်ဟာ ငွေ ။

" မငိုပါနဲ့ ဘုတ်ဆုံးရယ် ၊ သမီးဆာပေမယ့် အမေဘယ်လိုတတ်နိုင်မှာလဲ ၊ အိပ်လိုက်တော့နော် "

ကျိတ်ရှိုက်နေတဲ့ ကလေးလေးနဲ့ သာတီးဒီ အမေတို့ မိလ္လာချောင်မှာ ဖြစ်နေတဲ့ အဖြစ်ကိုကြည့်ပြီး စက်ဝိုင်း ပါးစပ်ထဲက ထန်းလျက်ခဲလေး ခုန်ထွက်လာတယ် ။ သမီးနဲ့အမေ ၊ အမေနဲ့ သမီး ။ စက်ဝိုင်းရင်ထဲမှာ နာကျင်လာတယ် ။

" ရော့... ဒါလေးစားလိုက် ကလေး နော် "

ကလေးလေးက ဟန်တောင်မဆောင်နိုင်ပဲ စက်ဝိုင်းဆီက ထန်းလျက်ခဲကို လှမ်းယူပြီး ပါးစပ်ထဲပစ်ထည့်လိုက်တယ် ။ ကလေးအမေက မျက်နှာငယ်ငယ်နဲ့ စက်ဝိုင်းကို လှမ်းငေးကြည့်နေသလို စက်ဝိုင်းကလည်း ကြေးအထပ်ထပ်စွဲထင်နေတဲ့ ကလေးရဲ့ဖာရာတွေ ဗလပွနဲ့ အရောင်မပေါ်တော့တဲ့ ဂါဝန်လေးကို ငေးကြည့်နေမိတယ် ။ ညည်း ဘာတတ်နိုင်သလဲ စက်ဝိုင်း... ။ စက်ဝိုင်း အိပ်ရာပေါ်ကို ပစ်လှဲချလိုက်တုန်းမှာပဲ ကိုးနာရီ သံချောင်းခေါက်သံ ဆူညံလာတယ် ။

" ဟော့... အိပ်ချိန် "

အပြင်က အစောင့် ဘာယာဆရာမရဲ့အော်သံက ဘာယာတန်းတစ်လျောက်ကနေပြီး အခန်းထဲကို ဝင်လာတယ် ။

စက်ဝိုင်း သည်တစ်ခါရောက်တာ ကံကောင်းတယ် ။

ကိုယ်က အများဆုံးနေရလှ တစ်ပါတ်ဆယ်ရက် ပဲရှိမှာ ။ အဲသည့်ရက်အတွင်းမှာ တစ်ပါတ်တစ်ခါပဲကျွေးတဲ့ အသားဟင်းနဲ့တွေ့တော့ ကံကောင်းတာပေါ့ ။ အသားဟင်းက တစ်ပါတ်တစ်ခါ တနင်္လာနေ့တိုင်းကျွေးတာ ။ အသားဟင်းကို ညနေ ထမင်းစားချိန်အနပ်မှာ ကျွေးမှာဆိုတော့ တနင်္လာနေ့မနက်စာဟင်းကို ပဲဟင်းမကျွေးတော့ဘူး ။ ရေလုံပြုတ်အကြည်နိုင်လွန်ဟင်းပဲ ကျွေးတယ် ။ ညနေကျမှ အသားဟင်းနဲ့ နိုင်လွန်ဟင်းပေါ့ ။ တခြားနေ့တွေဆို မနက်ပဲဟင်း ၊ ည နိုင်လွန်ဟင်း ကျွေးတယ် ။

ညနေ ထမင်းတန်းစီတဲ့ နေရာမှာ အုံခဲနေတဲ့ မိန်းမတွေကို စက်ဝိုင်း ငေးကြည့်နေမိတယ် ။ အသားဟင်းစားရမယ့်နေ့ဆိုတော့ ကျွတ်ကျွတ်ရိုက်ပြီး ဆူညံနေကြတာပဲ ။ အသားဟင်းကို စားချင်လှပြီလေ ။ သည်နေ့အသားဟင်းက ဝက်သားဟင်းတဲ့ ။ စက်ဝိုင်းတံတွေးကို မျိုချလိုက်မိတယ်။ ထမင်းတန်းစီနေတဲ့ မိန်းမတန်းကြီးရဲ့နောက်ဆုံးမှာ ရရာပလက်စတစ်အိတ်လေးတွေ ကြွပ်ကြွပ်အိတ်လေးတွေ ကိုင်ပြီးတန်းစီနေကြတဲ့ စက်ဝိုင်းတို့လို သာတီးဒီအုပ်ကြီးကို မြင်နေရတယ် ။ စက်ဝိုင်းတို့မှာ ထမင်းခံစရာခွက်မရှိဘူးလေ ။

မိန်းမအုပ်ကြီးထဲမှာ ဒေါ်စောကြည်ကို စက်ဝိုင်း အမြန်လိုက်ရှာတယ် ။ မနက်က အလုပ်ဘုတ်ကိုသွားခါနီး စက်ဝိုင်းက ထမင်းခံဖို့ အိတ်တောင်းတော့ သူ့က ပလက်စတစ်အိတ်လေးတစ်အိတ် ပေးတယ်လေ ။ ပြီးတော့ စက်ဝိုင်းကို မှာလိုက်သေးတယ် ။ စက်ဝိုင်းတို့က ဝက်စာကျွေး ဝက်ချေးဆေးရတဲ့ အလုပ်ကို လုပ်ရမှာဆိုတော့ ဝက်စာထဲက ပဲဖတ်လေးတွေနည်းနည်းယူခဲ့ပါတဲ့ ။ ပဲဖတ်ချဉ်လုပ်ဖို့လေ ။ အဲသည် ပဲဖတ်လေးတွေကို ပွအောင်ရေစိမ်ပြီး ဘူလေးထဲထည့်ထားလိုက်လို့ရှိရင် ပဲဖတ်ချဉ်ရတယ်တဲ့ ။ အဲသည် ပဲဖတ်ချဉ်ကို သူရောင်းမှာလေ ။ သည်ထဲမှာ ဒေါ်စောကြည်က ချဉ်ဖတ်မျိုးစုံရောင်းတဲ့ ဈေးသည်မကြီး ။ သူက စက်ဝိုင်းကိုလည်း ချဉ်ဖတ်နည်းနည်းပေးမယ်တဲ့ ။ သူ့ကို စက်ဝိုင်းယူလာတဲ့ ပဲဖတ်ပေးပြီး ချဉ်ဖတ်တောင်းရမယ် ။ ကြည့်စမ်း... ဟိုမှာ ဒေါ်စောကြည် ထမင်းရလာပြီ ၊ တော်တော်လျှင်တဲ့ ဒေါ်စောကြည် ။

" ဒေါ်စောကြည် ... ဒေါ်စောကြည် "

ပျာယာ ပျာယာနဲ့ ဖြစ်နေတဲ့ ဒေါ်စောကြည်ဆီကို စက်ဝိုင်းပြေးသွားပြီး...
" ရော့... ဒီမှာ ပဲဖတ် ၊ ကျွန်မကို ချဉ်ဖတ်နည်းနည်း ပေးရမယ် "
" ပေးမှာပေါ့ဟဲ့ နင်ကလဲ ၊ သွားလေ ... ထမင်းတန်းစီချေဦး ၊ ပြီးတော့ ဈေးရောင်းတဲ့ နေရာလာခဲ့... "
" နေပါဦး ဒေါ်စောကြည်ရဲ့ ၊ ပလက်စတစ်အိတ်ရှိသေးရင် ပေးပါဦး ၊ မနက်ကအိတ်က ပဲဟင်း ပူလို့လားမသိဘူး ပေါက်သွားတယ် "
" ဩော်... အေ.. ညည်းကလဲ ၊ ဈေးရောင်းရဦးမှာပါဆိုနေမှ ... "
" အံမယ်လေး... နက်ဖြန် လွတ်မယ့်လူက လောဘကြီးနေလိုက်တာ ၊ ရောင်းရတဲ့ ဆေးလိပ်တွေ ဘာသွားလုပ်မှာလဲ နက်ဖြန်ကျ ... "
" ဟဲ့... ကောင်မလေးရဲ့ ၊ ဈေးရောင်းတာ ငါ့ဝါသနာဟဲ့ ၊ လောဘမကြီးပါဘူးတော် ၊ နက်ဖြန်ကျ ဆေးလိပ်တွေ အကုန်ဝေပစ်မှာ "
" ကျွန်မကို များများပေးခဲ့နော် ဒေါ်စောကြည် "
ဒေါ်စောကြည်က မျက်စောင်းထိုးတယ် ။
သူပေးတဲ့ ကြွပ်ကြွပ်အိတ် အသေးလေးကို ယူပြီး စက်ဝိုင်းထမင်းခံတဲ့ဆီ ပြေးခဲ့တယ် ။
" ဟဲ့... ကောင်မလေးတွေ ကျော်မတက်နဲ့နော် ၊ တစ်တန်းပြီးမှာ တစ်တန်းဝင် ၊ လက်ကောက်ကျပြီး ကျော်တက်လို့ကတော့ အသိပဲမှတ် "
အခန်းလူကြီးဆရာမရဲ့လက်ထောက် စည်းကမ်းထိန်းသိမ်းရေး ဆိုတဲ့ မိန်းမအသံ ကျယ်ကျယ်ကို ကြားနေရတယ် ။ သူ့ အသံအောက်မှာပဲ အားလုံးကတော့ အလုအယက်တိုးဝှေ့ပြီး ထမင်းခံမြဲပဲ ။ သည်က ထမင်းခံပြီးရင် အသားဟင်းကိုတော့ အခန်းလူကြီးဆီမှာပဲ ထုတ်ယူရမယ် ။
အခန်းရဲ့ " တန်းဖွင့် " လူဦးရေအလိုက် အခန်းလူကြီးကိုပဲ ဟင်းတုံးအရေအတွက် အတိအကျခွဲပေးထားတယ် လေ ။ အခန်းလူကြီးက စာရင်းမှတ်ပြီး ထုတ်ပေးတယ် ။ အဲသည်မှာလည်း ဟင်းတုံးအသေးဆုံး မကောင်းဆုံးကိုသာရသူဟာ စက်ဝိုင်းတို့ သာတီးဒီတွေပဲပေါ့ ။ အခန်းလူကြီးနဲ့ ပြေလည်ရင် ပြေလည်သလို ဟင်းတုံးကြီးတာ ကောင်းတာကို ရနိုင်တယ် လေ ။ အစကတည်းက ဟင်းတုံးတွေကို အကြီးအသေးခွဲပြီးသား ၊ လာတဲ့လူကိုကြည့်ပြီး အကြီးပေးသင့်တဲ့လူ ၊ အသေးပေးသင့်တဲ့လူ ခွဲပြီး ထည့်ပေးလိုက်တာပဲတဲ့ ၊ စက်ဝိုင်းတို့ ဘာတတ်နိုင်မှာလဲ ။
တဖြည်းဖြည်းနဲ့ စက်ဝိုင်း ရှေ့နား ရောက်လာတယ် ။ ထမင်းထိုးတဲ့သူက ပုံစံဂေါ် ပြားခွက်ကို ကိုင်ပြီး ထမင်းထိုးနေတာ ချွေးတွေ ဒီးဒီးကျနေတယ် ။ ဟော .. တစ်ယောက် ဟော တစ်ယောက် လာတဲ့လူတွေကို ဇယ်ဆက်သလိုထည့်ပေးနေရတာ မော့တောင်မကြည့်အားဘူး ၊ လူလဲနဲ့ ထိုးပေးနေရတယ် ။
ထမင်းပုံးအတန်းကြီးက သက်သက်တစ်ဘက် ။ နိုင်လွန်ဟင်းပုံးတွေက သက်သက်တစ်ဘက် ။
ထမင်းခံပြီးရင် ဟင်းပုံးရှိတဲ့နေရာကိုသွားပြီး ဟင်းဆက်ခံရတယ်။ ဟင်းခပ်ပေးတဲ့သူကလည်း ပုံစံမှတ်ကြီးနဲ့ မအားရဘူး ။ သူများတွေကတော့ ထမင်းတစ်ခွက် ဟင်းတစ်ခွက်စီခွဲခံပြီး ဟင်းရေလေးဘာလေးကို

သောက်ပြုစားနိုင်မှာပေါ့ ။ စက်ဝိုင်းတို့ သာတီးဒီတွေကျတော့ အိတ်ထဲမှာ ထမင်းရော ၊ ဟင်းရော ၊
ရောနှောပြီးခံ ၊ ရောနှောပြီးစား ။
စက်ဝိုင်း ဟင်းထုတ်ပြီး အိတ်လေးဆွဲပြီး အခန်းပြင်ဘက်ပြန်ထွက်လာတော့ ခပ်လှမ်းလှမ်းမှာ
ဒေါ်စောကြည်တို့ ဈေးရောင်းကောင်းနေပြီ ။ အရောင်းအဝယ်တွေ ဖြစ်နေကြပြီ ။
ကိုယ်ရောင်းမယ့် ပစ္စည်းလေးတွေကို ရှေ့ချပြီးတန်းစီထိုင်နေတာဟာ ဈေးတန်းလေးအတိုင်းပဲ ။
သည်ဈေးတန်းလေးမှာ ကိုယ့်အခြေအနေအရ ကိုယ့်အိမ်က ပေးလိုက်တဲ့ ထောင်ဝင်စာအထုပ်ထဲကနေ
ခွဲပြီးရောင်းတဲ့လူတွေ ၊ သည်ထဲမှာတင် အကြံအဖန်လုပ်ပြီး ရောင်းတဲ့သူတွေ ။ ကိုယ့်ကိုတာ
အသားဟင်းကို ပြန်ရောင်းနေကြတဲ့ သူတွေ အစုံရှိတယ် ။ သည်ဈေးတန်းမှာ ဟင်းရတယ် ၊ မုန့်ရတယ် ၊
ထန်းလျက်ရတယ် ၊ ပဲကြီးလှော်ရတယ် ၊ ချဉ်ဖတ်စုံရတယ် ၊ ငရုတ်သီးစိမ်းရတယ် ၊ တညင်းသီးရတယ် ၊
ထဘီ အင်္ကျီရတယ် ။
ဒါတွေကို ဝယ်ရတဲ့ငွေက ဆေးလိပ် ။ " နွား " ဆေးလိပ်နဲ့ " ကျား " ဆေးလိပ်ဟာ သည်ထဲမှာ ပိုက်ဆံပဲ ။
သူရှိရင် ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ် ။ သူ့ဈေးနဲ့သူ ၊ ပုံစံအသားဟင်းတစ်တုံး ဆေးလိပ်ငါးလိပ် ၊
ငရုတ်သီးစိမ်းတစ်တောင့် ဆေးလိပ်သုံးလိပ် ။ တညင်းသီးတစ်လုံး ဆေးလိပ်ငါးလိပ် ။ ချဉ်ဖတ်စုံဆိုရင်
နှစ်လိပ်ဖိုး သုံးလိပ်ဖိုး ကြိုက်သလောက် ဝယ်လို့ရတယ် ။ ဈေးတန်းလေးက တရားဝင်မဟုတ်ပေမဲ့
သည်လိုပဲ မသိမသာတရားမဝင် ရောင်းကြတာပဲ ။ အခန်းလူကြီး သိသာသိစေ မမြင်စေရေးအတွက်
သူ့တပည့် သူ့လက်ထောက်တွေကို ဈေးကောက် ၊ ဟင်းတုံးလေးအစ ထန်းလျက်လေးအစ
သူတို့စားချင်တာ ပေးရတယ် ။ ဒါမှ အန္တရာယ် ကင်းကင်းဈေးရောင်းနိုင်မယ်လေ ။
ထဘီအင်္ကျီရောင်းတဲ့လူတွေကျတော့ ဆေးလိပ်မသောက်ရမနေနိုင်တဲ့လူတွေလေ ။
ဆေးလိပ်သောက်ချင်လို့ ချရောင်းကြတာ ။ သည်ထဲမှာ ထောင်ဝင်စာပါဆယ် အပြင်က
မပို့နိုင်တဲ့လူတွေကျတော့ ကိုယ့်ဘာသာကိုယ် ကြံဖန်ပြီး နေထိုင်စားသောက်ရတာပေါ့ ။
ဒေါ်စောကြည်နားမှာ မိန်းမတွေ ဝိုင်းနေတယ် ။ သူရောင်းတာက ချဉ်ဖတ်ကိုး...။ မိန်းမဆိုတဲ့အမျိုးက
ချဉ်ဖတ်ဆိုရင် အနံ့ရတာနဲ့ သွားရေတမျှားမျှား ကြလာတတ်ကြတာ ။ ဒေါ်စောကြည်က
သည်အလုပ်ဝန်းထဲမှာရှိတဲ့ စားလို့ရတဲ့ အရွက်မှန်သမျှ ချဉ်ဖတ်ထည့်ပြီးရောင်းတယ် ။ မုံညင်းရွက်တို့၊
ဟင်းဂလာရွက်တို့ ရလို့ကတော့ သိပ်အလုပ်ဖြစ်ပေါ့ ။ တခြား ဗီးဇပ်ရွက်တို့ ၊
ဝက်ကြွတ်မြက်ပင်တို့ကလည်း ချဉ်ဖတ်အနေနဲ့ မဆိုးဘူး ။ ပြီးတော့ စက်ဝိုင်းတို့လို ဝက်စာကျွေးရတဲ့
သူတွေဆီက ပဲဖတ်လေးတွေရအောင်ယူပြီး ပဲဖတ်ချဉ်ထည့်တယ် ။ အပြင်က ဒေါ်စောကြည်ကို
ထောင်ဝင်စာ မလာပေမဲ့ သည်ချဉ်ဖတ်အလုပ်နဲ့ သူ ဘာမှမပူရဘူး ။ ဆေးလိပ်လည်း
မပြတ်သောက်နိုင်တယ် ။ ထန်းလျက်လေး ၊ ပဲလှော်လေးလဲ အချိုတည်းနိုင်သေးတယ် ။
" ဟဲ့ ... လာလေ ... ရော့ ၊ ဟိုကောင်မလေး "

ဒေါ်စောကြည်က ရပ်ကြည့်နေတဲ့စက်ဝိုင်းကို ဘူလေးထဲက ချဉ်ဖတ်နှစ်ပင်ထည့်ပေးတယ် ။
အချဉ်နံ့စူးစူးကိုရတာနဲ့ စက်ဝိုင်းဗိုက်ထဲ ဆာလာတယ် ။ ဝက်သားတုံးနဲ့ အချဉ်နဲ့.. ထမင်းမြိန်ဦးမယ် ။
လက်ထဲက အိတ်ပေါက်ကျမသွားအောင် သတိထားပြီးထိန်းကိုင်ရင်း သစ်ပင်အောက်ကို သွားတယ် ။
ပေါက်ကျသွားလို့ကတော့ မြေပေါ်မှာ ပြန့်ကျဲပြီး စက်ဝိုင်းငတ်ပေါက်နဲ့ တိုးရလိမ့်မယ် ။ အစုလိုက်
အစုလိုက် ဝိုင်းဖွဲ့ပြီး အဆောင်ဘေး ၊ သစ်ပင်အောက်တွေမှာ စားသောက်နေကြတဲ့အထဲမှာ စက်ဝိုင်းတို့
သာတီးဒီအုပ်စုက အငြိမ်ဆုံး ။ရရာအိတ်ကလေးတွေနဲ့ ဖြစ်သလိုစားနေကြတဲ့ စက်ဝိုင်းတို့ သာတီးဒီတွေ ။
တခြားမိန်းမတွေထဲမှာတော့ စားနေတဲ့ ပုံစံကအမျိုးမျိုး ။ အပြင်က ပါဆယ်များများ ပို့နိုင်တဲ့လူကျတော့
ဟင်းကောင်း ကျွေးကောင်းနဲ့ ။ မပို့နိုင်တဲ့သူကျတော့ ပုံစံဟင်းနဲ့ ဖြစ်သလို ။ တစ်ပါတ်တစ်ခါရတဲ့
အသားဟင်းတောင် မစားနိုင်ပဲ ဆေးလိပ်သောက်ချင်တော့ ကိုယ့်ကိုယ်တာ အသားဟင်းကိုရောင်းပြီး
နိုင်လွန်ဟင်းနဲ့ လွေးနေရတဲ့ သူတွေကလည်း အများကြီး ။ အခန်းလူကြီးဆရာမ ခဏခဏပြောတဲ့ ၊ "
မိန်းမလည် မလုပ်ကြနဲ့ ၊ လူပါးမဝကြနဲ့ ၊ အပြင်မှာတော့ ဘာဖြစ်ဖြစ် သည်ထဲရောက်လာရင်
အကုန်အတူတူချည်းပဲ ဆိုတာ ဘယ်မှာဟုတ်လို့လဲ ။
ဟိုသားအမိနှစ်ယောက်ကို စက်ဝိုင်းမြင်တာနဲ့ သူတို့ဆီသွားလိုက်တယ် ။ အနားရောက်တော့ ကြည့်ရတာ
စိတ်မကောင်းစရာ ။ သားအမိနှစ်ယောက်စားနေတဲ့ အိတ်လေးတွေက ပေါက်နေလို့ထင်ပါရဲ့၊
အထုံးလေးတွေ ထုံးထားတယ် ။ အထုံးထုံးပြီး ဖာထားတဲ့နေရာကနေ ဟင်းရည်တွေက တစ်စက်စက် ။
စက်ဝိုင်းက သူတို့နားမှာ သွားထိုင်ပြီး ကိုယ့်ထမင်းကိုယ် အားရပါးရ လွေးမိတယ် ။ သူတို့သားအမိကတော့
ငြိမ်ငြိမ်ကုပ်ကုပ်လေး စားနေမြဲပဲ ။ စားနေရင်းက စက်ဝိုင်းလှမ်းကြည့်လိုက်တော့ ကလေးလေးကသာ
အသားတုံးတွေ ဖွဲ့ဖွဲ့ပြီးစားနေတယ် ၊ ဟိုမိန်းမက စားတာမမြင်ဘူး ။
" အစ်မ အသားတုံးရော ၊ ကုန်ပြီလား "
မိန်းမက ခေါင်းခါပြီး သူ့ရင်ဘတ်ထဲက ဆေးလိပ်ငါးလိပ် ထုတ်ပြတယ် ။
ကျုပ်က ဆေးလိပ်မသောက်ရ မနေနိုင်ဘူး ။ အသားတုံး ရောင်းစားလိုက်ပြီ ။
" ဩော် .. "
ထမင်းနီရဲရဲနဲ့ နိုင်လွန်ဟင်းကျဲကျဲကို ရောနှောသွတ်နေတဲ့ မိန်းမကို ကြည့်ပြီး စက်ဝိုင်းမနေနိုင်ဘူး ။
ချဉ်ဖတ်တစ်ပင် လှမ်းထည့်ပေးလိုက်တယ် ။
" ရပါတယ် ၊ ကျုပ်က စားနိုင်ပါတယ် ၊ ဘာနဲ့ဖြစ်ဖြစ် ထမင်းပါရင် ပြီးတာပဲ ၊ အပြင်မှာ တစ်ခါတလေ
ကျုပ်တို့သားအမိ ထမင်းတောင် ငတ်တာ "
" အစ်မတို့က ဘယ်မှာနေတာလဲ ၊ ကလေးအဖေကရော "
" အဲဒီ အခု ဖမ်းလာတဲ့ ဘူတာကြီးရှေ့ပန်းခြံနားမှာ ညအိပ်တယ် ။ နေ့ကျတော့ ၊ သက်န်းကျွန်းဘူတာမှာ
ကုန်စိမ်း အငှားသွားရွက်တယ် ။ ကလေးအဖေက သေပြီလေ ။
" ဟင် ... ဘယ်မှာ သေတာလဲ "

" ရွာမှာ သေခဲ့တာပါ ၊ ကျုပ်က အညာဘက်က မန္တလေးဟိုဘက် ရှိန်းမကားက ၊
ကျုပ်ယောက်ျားကျန်းမာတုန်းကတော့ မီးသွေးဖုတ်တယ် ၊ ကျုပ်ကတော့ တစ်ကောင်ကြွက် ၊ မိဘတွေက ငယ်ငယ်ကတည်းက ဆုံးသွားတာ ၊ သမီးနှစ်ယောက်ရပြီး အခု ဒီကောင်မလေး ကိုယ်ဝန်မှာ ယောက်ျားက မီးသွေးဖုတ်ရင်း ခြေထောက်မှာထင်းစူးပြီး အနာဖြစ်ရော ၊ ဒီအနာကနေ ရင်းရင်းလာတာ နောက်ဆုံး ခြေထောက်ကို ခြေမျက်စိအထက်နားကနေ ဖြတ်ပစ်လိုက်ရတယ် ။ ဖြတ်ပြီးတော့လည်း မအေးပါဘူးတော် ၊ ဘယ်လိုဖြစ်လဲမသိဘူး ပေါင်ရင်းမှာ အနာတွေ ပေါက်လာပြန်ရော ၊ နောက်ဆုံးအဲသည့်အနာတွေကနေ ဘာတဲ့… သွေးကြောပေါက်ပြီး ဆုံးတာတဲ့ ။ အဲဒီတုန်းက ကျုပ်က ဒီကောင်မလေးမွေးပြီးစပဲရှိသေးတယ် ။ နောက် မီးထွက်ပြီး လေးဆယ့်ငါးရက်ကျော်တော့ စိတ်ကလေတာနဲ့ ဒီနို့စို့ကလေးပိုက်ပြီး စိတ်ပြေလက်ပျောက် မန္တလေးဘက်ထွက်လာခဲ့တယ် ။ မှတ်ပုံတင်ရယ် ၊ အင်္ကျီအဝတ်အစားတွေရယ် ၊ ကျုပ်စုထားတဲ့ ငွေနှစ်ရာရယ်ကိုလဲ လိုရမည်ရ ထည့်ခဲ့တယ် ။ မန္တလေးဘူတာကြီးထဲမှာ ယောင်လည် ယောင်လည်နဲ့ ကျုပ်လျှောက်နေတုန်း မိန်းမနှစ်ယောက် သုံးယောက်က ကျုပ်ကိုခေါ်တယ် ။ သူတို့နဲ့ ရန်ကုန်လိုက်ခဲ့တဲ့ ၊ အလုပ်ပေးမယ်တဲ့ ၊ စရိတ်လဲ သူတို့ခံမယ်ပြောတယ် ။
သူတို့ဝတ်စားထားတာကလဲ ကောင်းကောင်းမွန်မွန်ဆိုတော့ ကျုပ်လည်းယုံပြီးလိုက်ချင်တာပေါ့ ။ စိတ်ကလဲ လေနေတာကိုး ။ ဒါနဲ့ ကျုပ်လိုက်လာတာ ၊ ရထားပေါ်ရောက်တော့ ကျုပ်လဲ စိတ်ချလက်ချ အိပ်လိုက်တာ မနက်လဲနိုးရော မိန်းမတွေလဲမရှိတော့ဘူး ကျုပ်အဝတ်အစားရော ပိုက်ဆံရောမရှိတော့ဘူး ။ ဒီလိုနဲ့ ကျုပ်တို့သားအမိ ဘူတာကြီးမှာ သောင်တင်နေတာ ကြာပြီ သမီးတစ်သက်ပဲ "
" အစ်မတို့ သားအမိနှစ်ယောက်တည်း နေလို့ရသားပဲ နော် "
" ရတော့ ရပါတယ် ၊ ဒါပေမယ့် တင့်တော့မတင့်တယ်ဘူးပေါ့တော် ၊ ကြောက်တော့ ကြောက်တာပေါ့။ ကျုပ်နောက်အိမ်ထောင်ပြုလိုက်သေးတယ် ။သူက စစ်သားလေ ၊ ခြေထောက်တစ်ဖက်ဖြတ်ရလို့ တပ်ကထွက်ထားတာ "
" ခု အဲဒီ စစ်သားရော "
" သိပါဘူးတော် ၊ ထွက်သွားတာ တစ်လကျော်ပြီ ။ ကျုပ်ဖြင့် အားကိုးရမလားလို့ယူပါတယ် ၊ ပိုဆိုးနေတယ် ။ ကျုပ်ကပဲ ရှာကျွေးရတဲ့အပြင် သူက ရိုက်နှက်သေးတယ် ။ ကျုပ်သမီးလေးကတော့ပြောတယ် အမေရယ် ယောက်ျားမယူပါနဲ့တဲ့ သမီးကြီးလာရင် လုပ်ကျွေးပါမယ်တဲ့ ၊ ဒီကလေးကို ဟိုက ဒီက တောင်းကြပါတယ် ၊ ဒါပေမယ့် မပေးရက်ဘူး "
" ဟို အကြီး သမီးလေး နှစ်ယောက်ကရော "
" ယောက္ခမတွေနဲ့ပေါ့ ၊ ကျုပ်ထွက်လာတာ ယောက္ခမတွေ ယောက်မတွေ မသိဘူးလေ "
စက်ဝိုင်းစိတ်ထဲမှာ ချစ်ထူးနဲ့ပြန်တွေ့ရမှာ ကြောက်ပါတယ်ဆိုမှ ယောက်ျားကံမကောင်းတဲ့ အကြောင်းတွေကိုချည်းကြားနေရတယ် ။ မဖြစ်ပါဘူး ၊ စက်ဝိုင်းချစ်ထူးကို ယူလို့မဖြစ်ပါဘူး ။ ကလေးတွေ

ဘာတွေရပြီးမှ သည်မိန်းမလိုဖြစ်ရင် ဒုက္ခ ။ သားသမီးဆိုတော့လည်း ချစ်မိမှာ ။ အမေကသာ စက်ဝိုင်းကို ပစ်ရက်ပေမယ့် စက်ဝိုင်းကတော့ ကိုယ့်သားသမီးကိုယ် ဘယ်တော့မှ မပစ်ဘူးမှတ် ။

" ညည်းကရော ယောက်ျားရှိလား ဟင် ၊ ဘယ်မှာ နေတာလဲ "

" ကျွန်မလား ၊ ရုပ်ရှင်ရုံ ပလက်ဖောင်းမှာနေတယ် ၊ ယောက်ျားမရှိဘူး "

ခပ်တည်တည်ပဲ စက်ဝိုင်းထပြီး ဒေါ်စောကြည်ဆီထွက်လာခဲ့တယ် ။

ဟုတ်တယ် ။ စက်ဝိုင်းမှာ ( အစ်ကိုကလွဲရင် ) ယောက်ျားမရှိဘူး ။ ချစ်ထူးကို ချစ်လို့မရသလောက် အစ်ကို့ကို ခဏခဏ သတိရပါတယ် အစ်ကိုရယ် ။ အစ်ကို ဘယ်ရောက်နေသလဲ ဟင် ... ။

အပိုင်း ၁၀

" တောင်ဥက္ကလာ... တောင်ဥက္ကလာ " ဆိုတဲ့ သုံးဆယ့်တစ် ဘတ်စ်ကားကြီးကိုသာ စီးခဲ့ ၊ ဘာကားမှပြောင်းစရာ မလိုဘူး ။ ငါနေတဲ့ ရှေ့တည့်တည့်ရောက်တယ် ၊ ငါ့ဆိုင်ရှေ့မှာ " အုန်း စက်ဘီးပြင်ဆိုင် "လို့ ရေးထားတဲ့ သွပ်ပြားလေးချိတ်ထားတယ် ။ ဆယ်ရက်ကွက်ဈေးဆိုတာ ကျော်ရင် ဆေးရုံမှတ်တိုင်လို့ ပြောလိုက် ၊ ပြီးတော့ ဆင်းပြီး တွေ့တဲ့ဆိုက်ကားသမားသာ မေးလိုက် ၊ ငါ့ဆိုင် အကုန်သိတယ် "

ဒေါ်စောကြည်လမ်းညွှန်သွားတဲ့ စကားတွေကို မမေ့မလျော့အောင် စိတ်ထဲမှာ ရွတ်ဖတ်ရင်း စက်ဝိုင်း လမ်းကို အမြန်လျှောက်နေမိတယ် ။ သည်တစ်ခါ ထောင်ထဲမှာ ဆယ်ရက်ကြာတယ် ။ ရဲစခန်းရှေ့ကားကြီးဆိုက်ကတည်းက ယောကျာ်းတွေထဲမှာ ချစ်ထူးပါလာမလားဆိုပြီး ရင်တထိတ်ထိတ်ကြည့်ရတဲ့ စက်ဝိုင်း ဆုတောင်းပြည့်ပြီး တူတူဖမ်းလျက်သားနဲ့ ချစ်ထူးပါမလာဘူး ။ ဘာပြုလို့ မလွတ်သေးပါလိမ့် ။ အို... ဒါဟာ စက်ဝိုင်းအတွက် ကံကောင်းတာပေါ့ ။ သူနဲ့ တူတူလွတ်ရင် ခုလောက်ရှိ စက်ဝိုင်း ချစ်ထူးဆွဲခေါ်ရာကို ပါသွားရပြီ ။

" ဆူးလေ မီးပွိုင့်က စီးတဲ့ "

မှတ်ထားသမျှကို စက်ဝိုင်း တိုးတိုးရွတ်ရင်း ဆူးလေမီးပွိုင့်ကို သွားဖို့ရာ စက်ဝိုင်း ထိတ်လန့်နေမိတယ် ။ စက်ဝိုင်းတို့ အမေစိန်တို့ရဲ့ ရုပ်ရှင်ရုံရှေ့ကဖြတ်သွားရမှာလေ ။ သည်အချိန် အမေစိန်ရှိမှာ မဟုတ်ဘူးဆိုတာ သိပေမယ့် မမျှော်လင့်ပဲ တွေ့လိုက်မှာကြောက်တယ် ။ သည်အတိုင်းသာဆိုရင်တော့ အမေစိန်ရှိရာ ကုန်တိုက်ကို စက်ဝိုင်းလိုက်သွားမိမှာပဲ ။

" မုန့်ဟင်းခါးလေး တစ်ပွဲလောက် ကျွေးစမ်းပါ အမေစိန်ရယ် " လို့ စက်ဝိုင်းပြောချင်လိုက်တာ ။ ဒါပေမယ့် အမေစိန်က စက်ဝိုင်းကို ချစ်ထူးဆီပြန်ပို့မှာ ။ ခုချိန် မမျှော်လင့်ပဲ စက်ဝိုင်းတွေ့လိုက်ချင်တာက အစ်ကို နတ်သားလေ ။အစ်ကို့ကို တွေ့ရရင်တော့ သိပ်ကောင်းမှာပဲ ။ မမြင်ရတာ တော်တော်ကြာသွားတဲ့ ရုပ်ရှင်ရုံပိုစတာကြီးကို လှမ်းမြင်လိုက်ရတော့ ရင်ထဲမှာ တစ်မျိုးပဲ ။ အဲသည့် ရုပ်ရှင်ရုံကြီးအောက်က လက်မှတ်ရုံထောင့် ကွေးကွေးလေးကို စက်ဝိုင်း သတိမရချင်တော့ပါဘူး ။

သည်ဘက်လမ်းဘေး ပလက်ဖောင်းကနေ ဆူးလေမီးပွိုင့်ဆီကို အထုပ်တစ်ထုပ်ပိုက် အိမ်ထောင်ဦးပစ္စည်း ဒန်ချိုင့်လေးကိုဆွဲရင်း စက်ဝိုင်းလျှောက်တယ် ။ သည်ချိုင့်ကို ထောင်ထဲယူမသွားရဘူး ၊ သိမ်းထားလိုက်တာ ။ စက်ဝိုင်းပြန်ထွက်မှ ပေးလိုက်တာ ။ လင်ယူရတာ ချိုင့်တစ်လုံးတော့ အဖတ်တင်သားပဲနော်... လို့ စက်ဝိုင်း တွေးမိရင်း ချိုင့်ကလေးကိုငုံ့ကြည့်ပြန်တယ်။

မီးပွိုင့်ဘေးက ပလက်ဖောင်းပေါ်မှာ ရပ်ရင်း ဒေါ်စောကြည်ပြောတဲ့ သုံးဆယ့်တစ်ဆိုတဲ့ကားကြီး လာမှာကို ရင်တခုန်ခုန်နဲ့ စောင့်ကြည့်ရတယ်။

ငမိုးရိပ်မှာတုန်းက ပိုက်ဆံအမ်းတာပြုတာ သိအောင်သင်ပေးရင်း တစ်ကနေ တစ်ဆယ်အထိ ဂဏာန်းတွေကို သိအောင် သင်ပေးတဲ့အမေသိန်းကို ခုချိန်မှာတော့ စက်ဝိုင်း ကျေးဇူးတင်တယ် ။ သုံးဆယ့်တစ်ဆိုတာ သုံးနဲ့ တစ်နဲ့ ရေးထားတာပဲတဲ့ ၊ ဒေါ်စောကြည်က ပြောတယ် ။

ဟော... မီးပွိုင့်မှာ မီးနီပြီ ။ ကားတွေ ထိုးရပ်သွားပြီ ။ ဟိုမှာ ကားသုံးစီးကျော်လောက်မှာ ရပ်ထားတဲ့ ကားကြီးထိပ်မှာ ရေးထားတာ သုံးရယ် တစ်ရယ် မဟုတ်လား ။ စက်ဝိုင်း မြန်မြန်နောက်ကို ပြေးသွားတုန်းမှာပဲ ၊ " တောင်ဥက္ကလာ ... မြင်သာ ဂိတ်ဆုံး " တဲ့ ။

မီးမစိမ်းခင် စက်ဝိုင်း အမြန်ပြေးပြီး တိုးတက်လိုက်တယ် ။ ဘုရား... ဘုရား တော်ပါသေးရဲ့ ၊ စက်ဝိုင်းလည်း လူတွေကြားထဲရောက်ရော ကားလည်း ထွက်တာပဲ ။ ကားကြီးက လူတော့ တော်တော်ကျပ်တယ် ။ အဲ... ဒါလည်း ခပ်ကောင်းကောင်းပဲ ၊ စက်ဝိုင်းမှာ ကားခပိုက်ဆံမပါဘူးလေ ။ ဘုရားသိကြားမလို့ ဒေါ်စောကြည်ဆီ ရောက်တဲ့အထိ လူတွေ မတရားကျပ်ပါစေတော် .... ။

စက်ဝိုင်း ဆုတောင်း တကယ်ပြည့်တယ် ။ ကားကြီးကကျပ်လိုက်တာ တောက်လျှောက်ပဲ ။ မွန်းသိပ်ပြီး ဘေးဘီကိုလည်း ဘာမှ မမြင်ရဘူး ။ ကား စပါယ်ယာ အော်တဲ့မှတ်တိုင်တွေကိုပဲ နားစိုက်ထောင်နေရတယ် ။ ဆယ့်ခြောက်ကွေ့တဲ့....။

ဗိုလ်အုန်းသီး ကွေ့တဲ့... ။ ကျော်သူတဲ့.... ဆယ်ရက်ကွက်ဈေး ၊ ပဒေသာတဲ့ ။ ဆယ်ရက်ကွက်ဈေးဆိုတာနဲ့ စက်ဝိုင်း အတင်းတိုးထွက်တယ် ။ လူတွေကလည်း ခုချိန်ထိ ကျပ်လို့ကောင်းနေလိုက်တာ ၊ စက်ဝိုင်း မနည်းတိုးရတယ်။ ဟော... " ဆေးရုံပါလား.. ဆေးရုံ " တဲ့ ။

" ပါတယ် .... ပါတယ် ... ဆေးရုံပါတယ် "

စက်ဝိုင်းအော်သံ အကျယ်ဆုံးထွက်သွားတယ် ။ ဆောင့်ကြီးအောင့်ကြီးထိုးရပ်လိုက်တဲ့ ကားကြီးပေါ်ကနေ စက်ဝိုင်း အတင်းတိုးဆင်းရတယ် ။ အံမယ်လေး... ဒေါ်စောကြည်ရယ် ၊ မလွယ်လိုက်တာပါလား .... မတွေ့မျှားမတွေ့ရင်တော့ ဒုက္ခပါပဲ ။ စက်ဝိုင်း ဆေးရုံရှေ့မှာ ဟိုဟိုသည်သည်ကြည့်ရင်း ဒေါ်စောကြည်စကားအတိုင်း ဘေးနားဖြတ်သွားတဲ့ ဆိုက်ကားတစ်စီးကို...

" ဒီမှာ.. ဒီမှာ .. အုန်းစက်ဘီးပြင်ဆိုင်က ဘယ်နားမှာလဲ "

" ရှေ့နည်းနည်း ဆက်လျှောက်သွားလိုက် ၊ ဟိုး..မှာ ဆိုက်ကားဂိတ်တဲလေးဘေးက ကပ်လျက် "

" အဲဒီမှာ ဒေါ်စောကြည် ရှိလားဟင် "

" ဒေါ်စောကြည်တော့ ရှိတယ် ၊ သူ့ယောကျ်ားတော့မရှိဘူး ဆုံးသွားပြီ ၊ မနေ့က ရက်လည်ပဲ "

" ဟင် .. "

ဒေါ်စောကြည် ယောကျ်ားသေသွားပြီတဲ့ ၊ဒါဖြင့် သူသေတာ ဒေါ်စောကြည် ထောင်ကလွတ်ပြီး မကြာခင်ဆုံးတာပဲပေါ့ ။ သူက လုပ်ကျွေးနေရတဲ့ ၊ သူ့ကို အရက်သောက်ပြီးနှိပ်စက်နေတဲ့ ယောကျ်ားသေတာ ဒေါ်စောကြည် ဝမ်းသာနေမလား ၊ ဝမ်းနည်းနေမလား...။

" အုန်း စက်ဘီးပြင်ဆိုင် " ဆိုတဲ့ သွပ်ပြားလေးကို သစ်ပင်ချိတ်ထားတဲ့ ဒေါ်စောကြည်ရဲ့ဆိုင်ကလေးကို စက်ဝိုင်း လှမ်းမြင်ရပြီ ၊ ဆိုင် ဆိုပေမယ့် ဆိုင်းဘုတ်သာချိတ်ဆွဲထားတာ ပြင်တော့ မြေကြီးပေါ်မှာပဲ ။ စက်ဘီး ကိရိယာခွက်ကလေး တစ်ခုနဲ့ အလုပ်ရှုပ်နေတဲ့ ဒေါ်စောကြည်က စက်ဝိုင်းကို မမြင်သေးဘူး ။
" ဒေါ်စောကြည် "
" ဟဲ့..လာ..လာ ကြည့်စမ်း နင်လွတ်လာပလား "
ဒေါ်စောကြည်က စက်ဝိုင်းကိုခေါ်ရင်း လက်ထဲက ကိရိယာတွေကို ဘေးနားကထိုင်နေတဲ့လူတစ်ယောက် ရှေ့ ပစ်ချပေးလိုက်တယ် ။
" ကဲ.. ရော့ ၊ နင့်ဘီးပေါက် နင့်ဟာနင် ပြင်လိုက်တော့ ၊ ငါ့ ညှော့်သည် လာနေတယ် "
စက်ဝိုင်းကို ဒေါ်စောကြည်က ဆိုင်နောက်က သူ့အိမ်ဂေဟာကို ခေါ်သွားတယ် ။
သူ့အိမ်ဂေဟာက မြောင်းပေါင်ပေါ်မှာ ဖြစ်သလိုဆောက်ထားတဲ့ အိမ် ဆိုမှ အိမ် ။ နှစ်ယောက် အိပ်ရုံသာ သေးသေးလေးရယ် ။ မြောင်းကို ကူးဖို့ ဝါးလုံးတံတားတိုလေး ခင်းထားတယ် ။ တံတားဆုံးတာနဲ့ တဲပေါက်ကို တံတားပေါ်ကနေ လှမ်းတက်ရုံပဲ ။
" လာ... တက် ၊ ဟဲ့ ကောင်မလေး ငါ ခု... မုဆိုးမဖြစ်သွားပြီ "
ဒေါ်စောကြည်အသံက အဖျားခတ်တုန်သွားပြီး တဲပေါ်ထိုင်မိတာနဲ့ ရှိုက်ကြီးတငင်ငိုတော့တာပဲ ။ ပါးစပ်ကလည်း ဗလုံးဗထွေးနဲ့ " သူ... ငါ့ကို ပစ်သွားပြီ " တဲ့ ။ စက်ဝိုင်း ဒေါ်စောကြည်ကို တအံ့တသြကြည့်မိတယ် ။ ဒေါ်စောကြည်ကတော့ ဝမ်းပန်းတနည်းရှိုက်ရင်းနဲ့..
" ငါလွတ်လာတော့ သူ... သူလေ ဒီပေါ်မှာ ပက်လက်ကလေး ၊ ဖုန်းဖုန်းလဲနေပြီ ။ ငါမရှိတဲ့ တစ်လခွဲအတွင်းမှာ သူဖြစ်ချင်တိုင်းဖြစ်နေတာလေ ။ ငါ့ကိုတော့ သူမသိတော့ပါဘူး ၊ နောက်နေ့ဆုံးတာပဲအေ ။ သူသေတော့လေ သူ့ညီအစ်ကိုတွေက လာယူသွားကြတယ်အေ့ သိလား ၊ သူတို့ သင်္ဂြိုဟ်ပေးပြီး ငါ့ဆီသင်္ဂြိုဟ် စရိတ် ခြောက်ရာတဲ့ ၊ လာတောင်းကြတယ် ၊ ငါဘယ်လိုလုပ်ပေးနိုင်မလဲ "
" ဒါပေမယ့်လေ ... ငါ့ယောက်ျား ဘဝကူးကောင်းပါစေဆိုပြီး ငါဝှက်ထားတဲ့ ဒီတဲနောက် ဝါးရုံပင်ကြားထဲက ပိုက်ဆံငါးဆယ်ထဲက နှစ်ကျပ်နှုတ်ထားပြီးပေးလိုက်တယ် ။ အဲဒီနေ့က ရက်မလည်ခင်တစ်ရက်ကပေါ့ ။ နှစ်ကျပ်ယူထားတာက မနက်ဖြန် ငါ့ယောက်ျား ရက်လည်မှာငါ လက်ဖက်ရည်တစ်ခွက်တော့ သောက်ရမှာပေါ့ဆိုပြီး ယူထားလိုက်တာ ။ ဒါပေမယ့် မနေ့က ရက်လည်နေ့ကျတော့ ငါ့အပေါင်းအသင်း ဘဝတူဆိုက်ကားသမားတွေက ပိုက်ဆံစုပြီး ရက်လည်ဆွမ်းသွတ်ပေးကြတယ် ၊ အေး... ဒါပေမယ့် "
ဒေါ်စောကြည်အသံက တိုးသွားပြီး မျက်ရည်တွေကို ပွတ်သုတ်လိုက်သေးတယ် ။
" ကိုအုန်းလှိုင်လေ... မကျွတ်သေးဘူးတဲ့ သိလား ၊ ဟောဒီ တဲနောက်က ဝါးရုံပင်မှာ နေနေတယ် "
" ဟင်... တကယ် ဒေါ်စောကြည်သိလား "
အံ့သြနေတဲ့ စက်ဝိုင်းကို ဒေါ်စောကြည်က ခေါင်းတဆတ်ဆတ်ညိတ်ပြတယ် ။

"သိဆို... ငါ့ကို ညညကျရင် အိပ်မက်ပေးတယ် အေ့ ၊ မနေ့ညကလေ စကားပြောရတယ် ၊ ကွမ်းစားချင်လို့တဲ့ ၊ သေမှ အရက်တော့ပြတ်သွားပြီ ထင်ပါရဲ့ ၊ ကွမ်းကျွေးထားရတယ် ၊ ဟိုမှာ... "
စက်ဝိုင်းလှမ်းကြည့်တော့ တဲပေါက်ကနေ မြင်နေရတယ် ။ ဝါးရုံပင်ကြားမှာ ကွမ်းယာလေးနှစ်ယာ ။
" ဒါပေမယ့် ပြောထားရတယ် ၊ ရှင်စားချင်တာပြော ကျုပ်ကျွေးမယ် ။ ကျုပ်ကို ဝုန်းဒိုင်းဂွမ်းတော့မလုပ်နဲ့ ၊ ရှင်ရှိလို့ ကျုပ်အားရှိတာတော့ အမှန်ပဲ ၊ ဒါပေမယ့် ရုတ်ရုတ် ရုတ်ရုတ် လုပ်ရင်တွေ့မယ် ။
လူ့ဘဝတုန်းကတောင် ဝါးရင်းတုတ်နဲ့ ပြန်တွယ်သေးတာ ၊ သရဲ ဘဝမှာတော့ သေးနဲ့ကို ငေါ့ပန်းမယ်လို့ ငါကြိမ်းထားတယ် "
စက်ဝိုင်း စိတ်ညစ်သွားတယ် ။ ဒေါ်စောကြည်ပြောတာ တကယ်လို့ဟုတ်နေရင် ဘယ့်နှယ့်လုပ်မလဲ... ။ စက်ဝိုင်းကြောက်တယ် ။
" အေး... ယောကျ်ားရှိတုန်းကတော့ သင်းကျေးဇူး အောက်မေ့ရကောင်းမှန်းမသိဘူး ။ အသေသတ်ချင်တယ်နဲ့ အခုကျမှ ... ယောကျ်ားမရှိတာနဲ့ လူမလေး ခွေးမခန့်နဲ့အေ ၊ သိလား "
စက်ဝိုင်း ငိုင်သွားမိတယ် ။ ယောကျ်ား မကောင်းကြောင်း အမြဲတမ်း ညည်းညူတဲ့ ဒေါ်စောကြည်က ယောကျ်ားကို တမ်းတနေပြီ ။ ယောကျ်ား တန်ဖိုးကို ပြောနေပြီ ။
" ညည်း ယောကျ်ားရော မလွတ်သေးဘူးလား "
" ဟင့်အင်း "
" သူက ဘာလုပ်တုန်း "
" ကီလီမှာ ကုန်ထမ်းတယ် "
" ဟဲ့... ကောင်းတာပေါ့ ၊ ကီလီမှာ အလုပ်လုပ်လို့ သိပ်ကောင်းတာ ၊ ညည်းလဲ ဝင်လုပ်ပေါ့ ၊ အဲဒီမှာ အိပ်စရာနေရာတွေကလည်း အများကြီး "
ဒေါ်စောကြည်က စကားတွေ တတွတ်တွတ်ပြောရင်း ထမင်းခူးနေတယ် ။ တဲလေးထဲမှာ မီးဖိုလေး တစ်လုံး ၊ ရေနွေးအိုးလေး တစ်လုံး ၊ အိုးနှစ်လုံး ၊ ဒယ်အိုးလေးတစ်လုံး နဲ့ တိုလီမိုလီထည့်တဲ့ တောင်းလေး တစ်လုံးရှိတယ် ။
" ကဲ... ညည်း ဆာမှာ ၊ ထမင်းစားပြီးတော့ ဟိုနားက ကန်မှာ ရေချိုး ၊ သနပ်ခါးလိမ်း ၊ ညည်းယောကျ်ားမလွတ်မချင်း ငါ့ဆီမှာနေရမယ် "
ဒေါ်စောကြည်က ပြောပြောဆိုဆိုပဲထပြီး ဝါးလုံးတံတားကနေ ခုန်ဆင်းလျှောက်သွားပြီး သစ်ပင်အောက်မှာ ယောကျ်ားကြီးတစ်ယောက်လို ချွေးတလုံးလုံးနဲ့ ဖာတော့တာပဲ ။
ညကျတော့ ဒေါ်စောကြည်တဲလေးက ဘက်ထရီမီးရောင်လေးနဲ့ လင်းထိန်နေတယ် ။ ညရောက်ရင်... ဒေါ်စောကြည် ယောကျ်ားကြီးက ခြောက်များ ခြောက်မလားဆိုပြီး တထိတ်ထိတ်နဲ့ ကြောက်လန့်နေတဲ့ စက်ဝိုင်း ။ ညရောက်တော့ တကယ် ကြောက်ရတာ သရဲမဟုတ်ဘူး ။

ဒေါ်စောကြည်က မိုးချုပ် ထမင်းစားပြီးတာနဲ့ ပိတ်ထားတဲ့ သက်ငယ်တံခါးလေးကို စက်ဝိုင်းတို့ အိပ်ပျော်ခါနီးမှာ တဖောက်ဖောက်နဲ့ ခဲလုံးလေးတွေ လာမှန်တယ် ။ ပထမတော့ စက်ဝိုင်းတုန်သွားတာပဲ ။ ဟို... ဒေါ်စောကြည်ယောက်ျားကြီး ခြောက်တာမှတ်လို့ ။ ဒေါ်စောကြည်ကလည်း အိပ်ခါနီးမှာ " ကဲ... ကိုအုန်းလှိုင်ရေ ၊ တော် ဘာစားချင်တုန်း ၊ လာပြော ၊ ကျုပ် အိမ်တော့မယ် " လို့ ပြောသေးတာကိုး ။ ခဲလုံးလေးတွေ တဲကို တဖောက်ဖောက်လာမှန်တော့ စက်ဝိုင်း လှုပ်ခနဲဖြစ်တာကို ဒေါ်စောကြည်က အသာလက်ကုတ်ပြီး တိုးတိုးလေး " အသာနေ ၊ အိပ်ချင်ယောင်ဆောင်နေ ၊ အကြံအဖန်ကောင်တွေ နေမှာ " တဲ့ ။

အို... ဒုက္ခပါလား ။ သည်ဒုက္ခဟာ ဘယ်နေရာမှာဖြစ်ဖြစ်ရှိနေသလား... ။

" စိတ်သာချနေ ၊ ဒီတဲပေါ်ကို ဘယ်လိုမှ တက်မရဘူး "

ဒေါ်စောကြည်က တိုးတိုးလေးပြောပြန်တယ် ။ ဒေါ်စောကြည်က မိုးချုပ်တာနဲ့ သူ့တံတားကို ဖြုတ်ပြီး တဲဘေးမှာ ထောင်ထားလိုက်တယ် ။ မြောင်းကိုခုန်ကူးရင်ရပေမယ့် မြောင်းပေါင်ပေါ်ရောက်တာနဲ့ တဲပေါက်တံခါးနဲ့ ရိုက်ပြီး မြောင်းထဲပက်လက် လန်ကျမှာပဲ သူ့နည်းနဲ့ သူတော့ အဟုတ်ပဲ ။ စက်ဝိုင်းတို့ ငြိမ်နေကြတော့ လမ်းပေါ်ကနေ ခပ်အုပ်အုပ် လှမ်းခေါ်တယ်။

" အဒေါ် ကြီး .. စက်ဘီးဖာချင်လို့ပါ ၊ ထပါဦး .. တကယ် စက်ဘီးဖာချင်လို့ပါ "

ဒေါ်စောကြည်ကတော့ စက်ဝိုင်းကိုလက်ကုတ်ပြီး "အလကား... မဟုတ်ဘူး ၊ ငါ့ဖောက်သည်တွေက ည ဘယ်တော့မှ မလာဘူး ။ နေ့လည်က တဲထဲမှာ ညည်း သနပ်ခါးအဖွေးသားနဲ့ ထိုင်နေတာကို ကွက်ကြည့် ကွက်ကြည့်လုပ်နေတဲ့ကောင်တွေ ရှိတယ် ။ ကေန္တတော့ ... ငါ့သမီးအကြီး မှတ်လို့နေမှာ ၊ ငါ့သမီးကလဲ ညည်းနဲ့ မတိမ်းမယိမ်းရယ် "

စက်ဝိုင်း ရင်ထဲမှာ နင့်ခနဲ နာရတယ် ။ ကိုယ့်သမီးအကြောင်းကို ပြောပြရတဲ့ ဒေါ်စောကြည်ကတော့ ဘယ်လိုနေတယ် မသိဘူး ။ ဒါနဲ့ ပဲ စက်ဝိုင်းနဲ့ ဒေါ်စောကြည် ခဲပေါက်သံတွေ တဖောက်ဖောက်ကို နားထောင်ရင်း အိပ်ပျော်ရတယ် ။

မနက်ကျတော့ ဒေါ်စောကြည်က စက်ဝိုင်းကို ပိုက်ဆံတစ်ကျပ်ပေးပြီး ဆေးရုံရှေ့မှာ ဘိန်းမုန့် ဝယ်ခိုင်းတော့ စက်ဝိုင်း ကိုယ့်ဘာသာကိုယ်ပဲ ဆုံးဖြတ်ပြီး ပိုက်ဆံတစ်ကျပ်နဲ့ သုံးဆယ့်တစ်ကားကြီးပေါ်ကို တက်လိုက်တယ် ။ ဒေါ်စောကြည်ကို စက်ဝိုင်း ဒုက္ခမပေးချင်တော့ဘူး ။ စက်ဝိုင်း သွားတော့မယ် ။ ဘတ်စ်ကားကြီး တအိအိ သွားနေရာကို လိုက်ရင်း စက်ဝိုင်းစိတ်တွေ ယောက်ယက်ခတ်နေတယ် ။ စက်ဝိုင်းဘယ်သွားရမလဲ ၊ ဘာလုပ်ရမလဲ ။ ဘယ်မှာစားရမလဲ ၊ ဘယ်မှာ အိပ်ရမလဲ.... ။

သည်လိုအချိန်မှာတော့ ထောင်ထဲမှာ တွေ့ခဲ့တဲ့ ကလေးအမေ မိန်းမပြောတာမျိုးလိုပဲ ။

" ကျုပ်တို့လေ တစ်ခါတလေ အလုပ်အကိုင် အဆင်မပြေလို့ ထမင်းငတ်ရင် စီမံချက်လာပါစေလို့ ဆုတောင်းနေရတယ် ။ ခုနှစ်ရက်လောက်တော့ စားဖို့သောက်ဖို့ မပူရတော့ဘူး လေ " တဲ့ ။

စက်ဝိုင်းလည်း သည်လိုဆုတောင်းရတော့မလား ။ အမေစိန့်ဆီလည်း စက်ဝိုင်းသွားချင်တယ် ၊ သွားလည်း မသွားရဲဘူး ။ ခုချိန်လောက်ဆို ချစ်ထူး အမေစိန်နဲ့အဘဆီရောက်ပြီး
စက်ဝိုင်းအကြောင်းသွားပြောနေပြီလား... ။ အို... မသိပါဘူး ။ ခဏကြာတော့ ညက အိပ်ပျက်တဲ့အရှိန်နဲ့ စက်ဝိုင်း အိပ်ငိုက်လာတယ် ။ ကားပြတင်းပေါက်ပေါင်ကို မှီရင်း စက်ဝိုင်း အိပ်ပျော်သွားလိုက်တာ ဘေးနားကလူနိုးမှ နိုးတော့တာပဲ ။ အိပ်မှုန်စုံမွှားနဲ့ ကပျာကယာ ထရပ်ရင်း...
" ခု ဘယ်ရောက်နေပြီလဲ ဟင် ၊ ဘယ်ရောက်နေပြီလဲ "
" စံပြ မှတ်တိုင် ၊ ဘယ်သွားမှာလဲ "
" မြို့ထဲ "
" သြော် ... ဒါမြို့ထဲပေါ့ ၊ ဆင်း.. ဆင်း ၊ နို့မို့ဆို တောင်ဥက္ကလာ ပြန်ပါလိမ့်မယ် "
စက်ဝိုင်း ကပျာကယာဆင်းလိုက်တယ် ။ ဘုရား...ဘုရား တော်ပါသေးရဲ့ ။ ဒေါ်စောကြည်တို့ဆီ ပြန်ပါသွားတော့မလို့ ။ မျက်လုံးကို ပွတ်သပ်ရင်း ရောက်နေတဲ့နေရာ သေချာကြည့်တော့ ဟိုဘက်ခြမ်းမှာ ရုပ်ရှင်ရုံ ၊ ဟင် ... စက်ဝိုင်းသိပြီ ။ သည်ရုပ်ရှင်ရုံဟာ စက်ဝိုင်းအိပ်တဲ့နေရာက ရုပ်ရှင်ရုံနဲ့ မှားတဲ့ ရုံလေ ။ ပြီးတော့ သည်နေရာမှာ အစ်ကိုနဲ့ တွေ့ခဲ့တာပဲ ။
ဘာလုပ်ရမှန်းမသိပဲ စက်ဝိုင်း ရုပ်ရှင်ရုံဘက်ကို ကူးခဲ့တယ် ။ ကားခပိုတဲ့ ပိုက်ဆံနဲ့ အချဉ်ထုပ်ဝယ်စားရင်း စက်ဝိုင်း အနောက်ဘက်ကို ဆက်လျှောက်ခဲ့တယ် ။ တော်တော်လေး လျှောက်မိတော့ လမ်းဟိုဘက်မှာ လူတွေ စုစုနဲ့ ဖြစ်နေတာကို လှမ်းမြင်ရတာနဲ့ စက်ဝိုင်း သည်ဘက်ကနေရပ်ပြီး ကြည့်မိတယ် ။ ရန်ဖြစ်တာလား ၊ မျက်လှည့် ပြတာလား ။ မျက်လှည့်ဆိုရင်တော့ ဝင်ကြည့်ရရင် ကောင်းမှာပဲ ။ စက်ဝိုင်း ကြည့်နေတုန်း လူစုစု ရယ်မောပြီး ရှဲသွားကြတော့ သူတို့ ဝိုင်းထားတဲ့အလယ်ကောင်က လူတစ်ယောက် ကျန်ရစ်တယ် ။ လူတစ်ယောက်.... လူ တစ်ယောက်... စက်ဝိုင်း တကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားတယ် ။ ဟောသည် လွယ်အိတ်က အစိမ်း ၊ ဟောသည် မျက်မှန် ၊ ဟောသည် အင်္ကျီနဲ့လုံချည်ဟာ စက်ဝိုင်း ဘယ်တော့မှ မမေ့နိုင်တာတွေ ။ သိပ်ပိန်နေတာကလွဲရင် တစ်စုံတစ်ရာကို အားရပါးရ အော်ပြောနေတာပဲ ။ ဘာဖြစ်နေတာလဲ ၊ လူတွေက ဘာရယ်ကြတာလဲ ... ။
" အစ်ကို...အစ်ကို "
စက်ဝိုင်း သည်ဘက်ကနေ အားရဝမ်းသာ လှမ်းအော်ရင်း ဟိုဘက်ကို ကူးပြေးတယ် ။ အစ်ကိုက ဆက်လျှောက်သွားနေပြီလေ ။ ကားတွေ ရှုပ်နေတာကိုတောင် ဂရုမစိုက်တော့ပဲ အတင်းကူးခဲ့တယ် ။ အစ်ကိုက တော့ အနောက်ကို သုတ်သုတ် သုတ်သုတ်နဲ့ လျှောက်ရင်း ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ပြောနေတယ် ။
" အစ်ကို ... အစ်ကို... နေပါဦး "
ရှေ့ကနေ အတင်းပြေးနေတဲ့ အစ်ကို့နောက်ကို စက်ဝိုင်း တကြော်ကြော်အော်ရင်း ပြေးလိုက်တယ် ။ အားကိုးရာမဲ့နေတုန်းမှာ မမျှော်လင့်ပဲ တွေ့ရတဲ့အစ်ကို့ကို စက်ဝိုင်း လက်လွှတ်မခံနိုင်တော့ဘူး ။

အစ်ကိုရယ်... အစ်ကိုရယ်... အစ်ကို ဘာတွေဖြစ်နေတာလဲ ။ အစ်ကို နေမကောင်းတာတော့ သေချာတယ် ။ ပိန်လိုက်တာတအားပဲ ။
" အစ်ကို... နေပါဦး... ဒီမှာ ... အစ်ကို "
အစ်ကိုက ရှေ့တည့်တည့်ပြေးနေရာကနေ လမ်းချိုးထဲ စွတ်ဝင်ပြေးတယ် ။ စက်ဝိုင်းလည်း အဲသည်လမ်းချိုးထဲ ဝင်လိုက်တယ် ။ လမ်းချိုးဟိုဘက်ထိပ်လည်း ရောက်ရော အစ်ကိုက ဖျတ်ခ်နဲဆိုပျောက်သွားလိုက်တာ ၊ မမြင်ရတော့ဘူး ။ ဘုရားရေ... အစ်ကို ဘယ်နားမှာ ဝင်ပုန်းလိုက်ပါလိမ့် ။ လမ်းဟိုဘက်လည်း ကူးမသွားပါဘူး ။ စက်ဝိုင်းသေချာစူးစိုက်ပြီး လိုက်ရှာနေတုန်းမှာပဲ... ဖျတ်ဆို တိုက်ကြားထဲက ထွက်လာပြီး ဟိုဘက်လမ်းကူးပြေးတဲ့ အစ်ကို ။ ကြည့်စမ်း...
" အစ်ကို ... အစ်ကို .. "
စက်ဝိုင်းအော်ခေါ် ပြီး ပြေးလိုက်ဖို့ဟန်ပြင်တုန်းမှာပဲ
" ဟာ... စက်ဝိုင်း "
စက်ဝိုင်းလက်တွေကို မြဲမြဲ သန်မာတဲ့ လက်တွေကလှမ်းဆွဲယူ ခံလိုက်ရတယ် ။ စက်ဝိုင်းတကိုယ်လုံး တုန်လှုပ်သွားပြီး ..
" ဟင်.. ချစ်ထူး နင်.. နင် "
" ဟားဟား ... ဘာနင်လဲ ၊ တော်ပါသေးရဲ့ စက်ဝိုင်းရယ် ၊ နင့်ကို ငါလိုက်ရှာနေတာ ၊ နင်ဘယ်သွားနေတာလဲ ပြောစမ်း "
စက်ဝိုင်း ဘာမှပြန်မပြောနိုင်ပဲ ချွေးတွေသံတွေ ရွှဲနစ်နေတဲ့ ချစ်ထူးမျက်နှာကို ကြည့်ရင်း ..
" နင်က ဒီမှာ ဘာလုပ်နေတာလဲ "
" ဟ... ဘာလုပ်ရမလဲ ၊ ဒါကီလီလေ ၊ ဒါ ငါ့နေရာပဲဟာ ၊ ငါ ကုန်ထမ်းနေတာပေါ့ "
ကီလီမြင်ကွင်းကို အငေးသားကြည့်နေတဲ့ စက်ဝိုင်းကို ချစ်ထူးက ဆွဲခေါ်တယ် ။
" လာ... သွားစို့ ၊ ငါတို့ အိပ်တဲ့နေရာ လိုက်ပြမယ် ၊ ငါတို့ထောင်ကျရင် အော်နေကျ ကီလီဗောတံတားလေ "
အဲသည်ညက..ဗောတံတားနဲ့ ဆိပ်ခံ သမ္ဗာန်ကြားက နေရာလွတ် ချောင်လေးမှာ စက်ဝိုင်း ချစ်ထူးနဲ့အတူ အိပ်ရတယ် ။

အပိုင်း ၁၁

ချဉ်ပေါင်ရွက် လတ်လတ်ဆတ်ဆတ်တွေ ... ကန်စွန်းရွက် လတ်လတ်ဆတ်ဆတ်တွေ .. တစ်ကျပ်သုံးစည်း ၊ သုံးစည်းမှ တစ်ကျပ် ၊ ပေါပေါလေးတွေ ပေးနေပြီ "
ကီလီဈေးကြီးအဝင်ဝ ခေါင်းရွက်ဗျက်ထိုးဈေးသည်တွေထဲမှာ စက်ဝိုင်းအသံက အစူးဆုံး ။ သူ့ ချဉ်ပေါင်ရွက် ၊ ကန်စွန်းရွက်တွေကို လှမ်းမကြည့်ပဲ မနေနိုင်လောက်အောင် စူးတဲ့အသံ ။ ထဘီခါးပိုက်လုပ်ပြီး ထည့်ထားတဲ့ ပိုက်ဆံတွေကို စက်ဝိုင်းငုံ့ကြည့်မိပြန်တယ် ။ မဆိုးပါဘူး ၊ ဆယ့်ငါးကျပ်လောက်တော့ ရနေပြီ ။ ကန်စွန်းရွက် အစည်းငါးဆယ် ၊ ချဉ်ပေါင်ရွက်ငါးဆယ် ၊ လေးစီးတစ်ကျပ်နဲ့ယူပြီး သုံးစီးတစ်ကျပ်နဲ့ ပြန်ရောင်းတော့ တစ်ကျပ်မှာ တစ်မတ် တစ်မတ်နဲ့ ကျန်တယ်လေ ။ သည်အစည်းတစ်ရာကုန်ရင် အနည်းဆုံး ရှစ်ကျပ်ကျော်ကျော်တော့ ကိုယ့်အတွက်ကျန်တယ် ။ တော်ပြီပေါ့... စက်ဝိုင်းတို့ လင်မယားနှစ်ယောက်အတွက် တစ်နပ်စာ ထမင်းဖိုးပေါ့ ။ စက်ဝိုင်း ကိုယ့်ဟာကိုယ် သဘောကျရင်း ထအော်လိုက်ပြန်တယ် ။
" ပေါပေါလေးတွေနော်... ပေါပေါလေးတွေ "
ခုကျတော့လည်း စက်ဝိုင်းနဲ့ကီလီ ရင်းနီးခဲ့ကြပြီလေ ။ ကီလီဗောတံတား ၊ ကီလီဈေးရုံ ၊ ကီလီ ထမင်းဆိုင် ၊ ကီလီ လက်ဖက်ရည်ဆိုင်... အားလုံး စက်ဝိုင်းနဲ့ ရင်းနီးခဲ့ပြီ ။
ချစ်ထူးရတာက အမှန်မရှိဘူး ။ တစ်နေ့ကို ဆယ့်ငါးကျပ် ၊ နှစ်ဆယ် ၊ အစိတ်ရချင်သလိုရတာ ။ ကိုယ်လျှင်မြန် ဖျတ်လတ်တဲ့အပေါ်မှာ မူတည်ပြီးတော့ ရတာ ။ သင်္ဘော်တွေ ဆိုက်လာပြီဆိုရင် သင်္ဘော်ကမ်းကို မကပ်ရသေးခင် အမြန်တက် ၊ အမြန်ဈေးစကားပြော တည့်ပြီဆိုတာနဲ့ အမြန်သယ် ။ သယ်နေတုန်းမှာ အလုပ်သမားအဖွဲ့က ၊ အလုပ်သမားအစစ်တွေမြင်လို့ကတော့ မသက်သာဘူးမှတ် ။ သယ်လာတဲ့ပစ္စည်း ဆွဲချထားတဲ့အပြင် လူကိုပါ အထိုးခံရ ၊ နရင်းအုပ်ခံရသေးတာ ။ ကံကောင်းလို့ ကိုယ်သယ်လာတာ လွတ်သွားပြီဆိုတော့လည်း နောက်တစ်ခေါက် ထပ်သယ်ရဖို့အမြန်တက် ၊ အမြန်ဈေးပြော ၊ အမြန်သယ်ဖို့ လုပ်ရတာ ။ ပြီးတော့... ခရီးသည်တွေကို ယုံအောင် ကြည်လာအောင် "ပစ္စည်းကို ယူမပြေးပါဘူး ၊ စိတ်ချပါ ၊ ဈေးကလဲ အလုပ်သမား အဖွဲ့ထက် သက်သာပါတယ် " ဆိုတာကို အမျိုးမျိုးကျိန်တွယ်ပြီး ပြောလိုက်ရတဲ့အမျိုး , ချစ်ထူးတို့က ဆိပ်ကမ်းအလုပ်သမား အစည်းအရုံးဝင်တွေမှ မဟုတ်တာကိုး ။ ဘောက်ထမ်း အလုပ်သမား တွေကိုး ။ ချစ်ထူးတို့ကို ခေါ်တာ " ဂန်ဘား " တဲ့ ။ အလုပ်သမား အစည်းအရုံးဝင် မဟုတ်တဲ့လူတွေ ၊ တရားဝင် ကုန်ထမ်းခွင့်မရတဲ့လူတွေ ၊ အလုပ်သမား အစည်းအရုံးဝင်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ပယ်ခံရတဲ့လူတွေပေါ့ ။ ပွဲရုံတွေမှာ လိုက်ထမ်းတဲ့သူတွေကို " ကုန်းဂန်ဘား "တဲ့ ။ ချစ်ထူးတို့ ကီလီက ဂန်ဘားတွေကျတော့ " ရေ ဂန်ဘား "တဲ့ ။ ဒါပေမယ့် ... ပစ္စည်းပျောက်တယ် ၊ ခိုးတတ်တယ်လို့ တညီတညွတ်တည်း လက်ခံထားကြတာ ။

တစ်ခါတလေ... အလုပ်သမား အစည်းအရုံးက အလုပ်သမားတွေမအားလို့ ဂန်ဘား တစ်ယောက်စ နှစ်ယောက်စကို ခေါ်သုံးမိရင်တောင် ပစ္စည်းပိုင်ရှင်က ဂန်ဘား ပါလာပြီး... ပစ္စည်းပျောက်ရင် တာဝန်ယူလို့ အလုပ်သမားတာဝန်ခံကို တာဝန်ခံခိုင်းသေးတာ ။
သည်တော့ ဂန်ဘားဘဝနဲ့ပဲ သင်္ဘောတွေပေါ်မှာ ၊ ပွဲရုံတွေ ၊ ကုန်စိမ်းဒိုင်တွေကြားမှာ အနိုင်ကျင့်ခံ ၊ အထိုးအကြိတ်ခံပြီး ပြေးလွှားလှုပ်ရှား ကျင်လည်ပေဦးရော့ ။
သည်လိုနဲ့ပဲ ... တစ်နေ့ကုန် ဆိုက်သမျှ သင်္ဘောတွေပေါ် တစ်စင်းပြီးတစ်စင်း ပြေးတက်လိုက် ၊ ပြေးဆင်းလိုက် , ကီလီဈေးရုံတွေမှာ လိုရင် ထမ်းပေးလိုက်နဲ့ပဲ...၊ ချစ်ထူး ပိုက်ဆံရှာရတာ ။ ဘာပဲဖြစ်ဖြစ် စက်ဝိုင်းလည်း တတ်နိုင်သမျှ ရှာရမှာပေါ့ ။ တစ်ကျပ်ရရ ၊ နှစ်ကျပ်ရရ ။
စက်ဝိုင်းတို့မှာ ဘာမှမရှိဘူးလေ ။ အများကြီး ထူထောင်ရဦးမယ် ။ အခန်းတွေဘာတွေနဲ့ နေဖို့ ဘာဖို့ကိုတော့ စက်ဝိုင်းစိတ်ကူးထဲတောင် မထည့်ရဲပါဘူး ။ ဘယ်တော့မှလဲ ဖြစ်လာမှာမဟုတ်ဘူး ။ အဓိကက ထမင်းနပ်မှန် စားရဖို့ ။ ပြီးတော့ အဝတ်အစားလေး နှစ်စုံစီလောက်ရှိဖို့ ။
ချက်စားလို့ရတဲ့နေရာကျ ချက်စားရအောင် ထမင်းအိုး ၊ ဟင်းအိုး ၊ ပန်းကန်ပြားလေးရှိဖို့ ... ။ ဒါလောက်ပါပဲ ။ ဒါလောက်ဆိုရင် စက်ဝိုင်းအဖို့ နေပျော်ပြီထင်တယ်။
အသီးအရွက်ပေါတဲ့ ကီလီဈေးနားမှာ နေရတော့ တစ်ခါတလေ ပေါပေါများများ စားရအောင် ချက်စားလိုက်ချင်တာ အရမ်းပဲ ။ ချဉ်ပေါင်ဟင်းလေး ၊ ငရုတ်သီးစပ်စပ်ငပိရည်ကြိုလေး ၊ ကန်စွန်းရွက်တို့လေး ။ ဘယ်တော့များမှာ ဟင်ရည်ကျဲနဲ့ထမင်းစားရတဲ့ .. ငါးကျပ်တန်ထမင်းစားဘဝက လွတ်မှာပါလိမ့်.. ။
သည်ကီလီ သုံးကျပ်ခွဲတန်ထမင်းက ကုန်တိုက်မှာ အမေစိန်နဲ့စားခဲ့တဲ့ ငါးကျပ်ထမင်းထက် ပိုဆိုးတယ် ။ ဒါပေမယ့် သူက များတယ်လေ ။ ထမင်းက ငစိန်ဆန်ဆိုးဆိုးချက်တာဆိုတော့ ဇလုံတစ်လုံး အပြည့်ထည့်ပေးလို့ရတယ်။ ဟင်းကလည်း ဝက်သား ၊ အမဲသား ၊ အစအန ၊ အရေ အရွတ်တွေကိုချက်ထားတာဆိုတော့ ခပ်များများလေး ထည့်ပေးလို့ရတယ် ။ ထမင်းကို ဇလုံထဲ ၊ ဟင်းရည်နဲ့ အသားဖတ်ဆမ်းပြီး ပေးလိုက်တာပဲ ၊ အားရပါးရ နယ်ဖတ်စားပေရော့... ။
ကီလီဆိုတော့ အသီးအရွက်စုံစုံ အပြည့်ထည့်ထားတဲ့ တို့စရာနဲ့ ငပိရည်ပန်းကန်ကြီး တစ်ပန်းကန်ပေးထားတယ် ။ နင်းတို့စားပေရော့ ။ ထမင်းသည်က ဆိုင်နဲ့ဘာနဲ့ မဟုတ်ဘူးလေ ။ တောင်းကြီးထဲမှာ ထမင်းအိုး ၊ ဟင်းအိုး ထည့်ရွက်ပြီးရောင်းတဲ့ အသည် ။ ထမင်းထည့်စားဖို့ ဇလုံတွေကလွဲရင် ဘာပန်းကန် ၊ ဘာဇွန်းမှ မပါဘူး ။ အဲ.... ရေနွေးအိုးကြီး တစ်အိုးတော့ပါတယ် ။ ရေနွေးတော့ ကြိုက်သလောက်သောက်ရတယ် ။ ကီလီရေက သိပ်မကောင်းတော့ ရေနွေးပဲ အားလုံးသောက်ကြတာပဲ ။ တကယ်တော့ သည်လိုမှလည်း ဖြစ်မှာပေါ့ ။ အားလုံးက သိပ်ပင်ပန်းပြီး ၊ သိပ်စားနိုင်တဲ့အလုပ်သမားတွေဆိုတော့... အဲသည် ထမင်းဆိုးဆိုးတပန်းကန်တော့ ပြိုက်ခနဲပဲ ။

ဟင်း… ချစ်ထူးတို့များ တစ်ခါတလေ သိပ်ဆာနေတဲ့နေ့ဆို အဲသည် ထမင်းတစ်ဇလုံတောင် မဝချင်ဘူးတဲ့ ။ စက်ဝိုင်း မကုန်တဲ့ ထမင်းတွေကို သူ့ထည့်ပေးရတယ်။ အံမယ်… ဒါပေမယ့် စက်ဝိုင်းလည်း စားကောင်းတဲ့နေ့ဆို အဲသည် တစ်ဇလုံ ကုန်တယ် ။

" စက်ဝိုင်း… စက်ဝိုင်း "

ချွေးတွေသံတွေနဲ့ ချစ်ထူးပြေးလာတယ် ။

" ဘာလဲ… အလန့်တကြားနဲ့ မအော်စမ်းနဲ့ "

ချစ်ထူးက တဟဲဟဲ ရယ်တယ် ။ ပြီးတော့မှ လက်ထဲက ပိုက်ဆံ ငါးကျပ်ကိုပြရင်း…

" ဒီမှာ… ငါဒီနေ့ လာဘ်ကောင်းတယ်ဟ သိလား ၊ ဈေးဦးပေါက် ၊ ဒီနေ့ အစိတ်လောက်ရရင် နင့်ကို ငါ ဆယ့်ငါးကျပ်တန် ထဘီဝယ်ပေးမယ် ၊ ရော့… "

သည်လိုပဲ ချစ်ထူးက စက်ဝိုင်းဈေးရောင်းတဲနေရာ ၊ ဒါမှမဟုတ် စက်ဝိုင်း နေ့လယ်သွားထိုင်နေတဲ့ ဇောတံတားအောက်က အိပ်ရာချောင်လေးမှာ လိုက်လိုက်ပြီး ပိုက်ဆံအပ်တတ်တယ် ။ ချစ်ထူး စက်ဝိုင်းကို ချစ်တာလည်း မှန်ပါရဲ့ ၊ အလိုလိုက်တာလည်း မှန်ပါရဲ့ ၊ ငေါက်တာလည်း ခံပါရဲ့။ ဒါပေမယ့် စက်ဝိုင်း ချစ်ထူးကို နည်းနည်းသနားတာကလွဲရင် ကြည့်မရသေးပါဘူး ။

" အေးဟယ် … ငါ့ထဘီနဲ့ အင်္ကျီ ဒေါ်စောကြည်ဆီမှာ ကျန်ခဲ့တာ နှမြောလိုက်တာ ၊ ဒန်ချိုင့်လေးရော "

" လုပ်မနေစမ်းပါနဲ့ဟာ ၊ နောက် ပြန်ရမှာပေါ့ ၊ ကဲ… ငါသွားလိုက်ဦးမယ် ၊ နင် မသိမ်းသေးဘူးလား ၊ ညနေမှ ရောင်တော့ဟာ ၊ ဇောတံတားအောက်မှာသွားနေ ၊ ထမင်းစားခါနီးမှ ငါ လာခေါ်မယ် "

" နေပါဦးဟဲ့ … ရောင်းပါရစေဦး ၊ သွား နင့် ဟာ နင် "

ချစ်ထူး ပြန်ပြေးထွက်သွားတယ် ။

အင်း… ချစ်ထူး သတိပေးမှပဲ ၊ ဟုတ်တယ် ၊ စက်ဝိုင်း ထဘီတစ်ထည်တော့ ဝယ်ရမယ် ။ ရေလဲစရာ ထဘီ မရှိဘူးလေ ။ သည်ခါးက အစ်ကိုပေးထားတဲ့ အင်္ကျီနဲ့ ထဘီပဲ ရှိတာ ။ အစ်ကို့ အကြောင်းကို တွေးမိရင်တော့ စက်ဝိုင်းအခုထိ ငိုင်နေမိတုန်း ။

ဟိုနေကတွေ့ရတဲ့ အစ်ကို့ကို တွေးပြီး စက်ဝိုင်းဘယ်လိုသမားမိမှန်းမသိဘူး ။ အစ်ကိုဟာ ရောဂါကြီးပြီး ဆေးရုံမှာ စိတ်ဂယောက်ဂယက် ဖြစ်သွားရှာလား မသိ ။ အစ်ကို ရူးနေတာလား … ။ မဟုတ်ဘူးထင်ပါရဲ့ နော် … ။

ညနေဘက်ကျမှပဲ ထဘီဝယ်တော့မယ် ။ ခုမနက်ပိုင်းက ထဘီ ၊ အင်္ကျီ သိပ်မရှိဘူး ။ ညနေကျမှ သည်နားတစ်ဝိုက်မှာ ပုဆိုးလေးတွေ ၊ ပလက်စတစ်အိတ်လေးတွေ ဖြန့်ခင်းပြီး တင်ထားတဲ့ ပုဆိုး ၊ ထဘီ ၊ အင်္ကျီသည်လေးတွေ အလျှိုလျှို ပေါ်လာကြတာ ။ အားလုံးဟာ ဝတ်ပြီးသား တစ်ပတ်နွမ်း ၊ နှစ်ပတ်နွမ်း၊ သုံးပတ်နွမ်းတွေ ချည်းပဲ ။ အနွမ်း ၊ အဟောင်း ၊ အဖာအထေးလေးတွေနဲ့ ချည်းပဲ ။

ဒါပေမယ့် စက်ဝိုင်းတို့လို လူမျိုးတွေ အဖို့တော့ ဝတ်ပျော်ပါတယ် ၊ တန်ပါတယ် ။ ထဘီတစ်ထည်ကို ငါးဆယ်ကနေ သုံးကျပ်တန်အထိရှိတယ်။ ပုဆိုးတို့ စွပ်ကျယ်တို့ အနွေးအင်္ကျီတို့ ဆိုလဲ အတူတူပဲ ။ လိုချင်တာ အားလုံးရတယ် ။

တကယ်တော့ ကီလီဟာ တော်တော်နေပျော်ပါတယ် ။ ပြေးဟယ် ၊လွှားဟယ် ၊ ထမ်းဟယ် ၊ ပိုးဟယ် အလုပ်ကတော့ ဘယ်နားမှာ ပြေးလုပ်လုပ်ရတယ် ။ အိပ်စရာ နေရာလည်း ပေါပါတယ်။ ကီလီဆိပ်ကမ်းရဲ့ ဇောတံတားတွေပေါ်မှာ ဂုန်နီအိတ်ခေါက်ခုတင်တစ်လုံး လေးကျပ်နဲ့ ငှားမလား ၊ ဇောတံတားနဲ့ ဆိပ်ခံမှန်သမ္ဗာန်ကြား အိပ်မလား ။ အိပ်စရာနေရာတွေများသလို အိပ်မယ့်လူတွေကလည်း အပြည့်... ။ ပြီးတော့ ကီလီက ညမအိပ်တဲ့ ကီလီ ၊ ညမရှိတဲ့ ကီလီ ၊ တစ်ညလုံး လူပြတ်တယ် မရှိတော့ဘူး ။ နယ်က ကုန်စိမ်းကားကြီးတွေက ညဘက်မှ ရောက်လာကြသလို မြစ်ဝကျွန်းပေါ်ဘက်က သင်္ဘောတွေကလည်း သုံးနာရီ လေးနာရီဆို ဆိုက်လာကုန်ပြီ ။

စီမံချက်သာ သည်ဘက်မရောက်လာဘူးဆိုရင် စက်ဝိုင်းတို့လို့လူမျိုးတွေ အင်မတန် ခိုလို့ကပ်လို့ ကောင်းမယ့်နေရာ ၊ ဒါပေမယ့် စီမံချက်ကတော့ သူရောက်ချင်တဲ့ အချိန်ရောက်လာမြဲပဲ ။ အဲသည်အချိန် အိပ်ပျော်နေကြတဲ့ လူတွေကတော့ အကုန်ပါတာချည်းပဲပေါ့ ။ ချစ်ထူးတောင် သုံးခါ ပါပြီးပြီတဲ့ ။ သည်နေ့က ချစ်ထူးပြောတဲ့အတိုင်း ကံကောင်းတယ် ။ ချစ်ထူးပိုက်ဆံ အစိတ်တောင်ရတယ် ။ စက်ဝိုင်းကို ဆယ့်ငါးကျပ်တန် ထဘီတစ်ထည် ဝယ်ပေးတယ်။ ချစ်ထူးထမင်းလည်း အများကြီးစားတယ် ။ အာတွေလည်း သွက်နေတယ် ။

ချစ်ထူး အရက်တွေ သောက်လာတယ် ။

ပင်ပန်းလို့တဲ့.... ။ ဘာ ပင်ပန်းတာလဲ ၊ ပင်ပန်းတာနဲ့ ဘာဆိုင်သလဲ ။ မြတ်စွာဘုရားရေ.. ကီလီမှာ ကုန်ထမ်းတဲ့လူတိုင်း အရက်သောက်တယ်ဆိုတာ မသိဘူးလားတဲ့ ။

မှောင်စပြုနေတဲ့ ကီလီညနေခင်းကို ငေးကြည့်ရင်း စက်ဝိုင်းရင်ထဲမှာ ဒေါသတွေ တလိပ်လိပ်တက်နေတယ် ။

စက်ဝိုင်း ထမင်းဆာလှပြီလေ ။ ခုထိချစ်ထူး ပြန်မလာသေးဘူး ။ သူ့ဟာသူ ပိုက်ဆံမဲ့ရှာနေလို့ နောက်ကျတာဆိုရင်တော့ ဟုတ်တာပေါ့ ။ ပြန်လာလို့ အရက်သောက်လာတယ်ဆိုရင်တော့ စက်ဝိုင်းနဲ့ တွေ့မှာပဲ ။ ပင်ပန်းရင် စက်ဝိုင်းနှိပ်ပေးမှာပေါ့ ၊ နင်းပေးမှာပေါ့ ။ အရက်သောက်တာနဲ့ ဘာဆိုင်လဲ ။ ဇောတံတားအောက် ချောင်လေးကနေ အပေါ်ဘက်ကို စက်ဝိုင်း တစ်မျှော်တည်း မျှော်နေမိတယ် ။ ချစ်ထူးရယ်.... နင်တော့ လာပေစေဦး ။

ဇောတံတားပေါ်မှာတော့ တစ်ညတာ အိပ်ဖို့နေရာ ယူသူတွေနဲ့ ပြည့်နေပြီ ။ ဇောတံတား သံပေါင်နှစ်ခုပေါ်မှာ နေရာယူထားသူတွေလည်း အပြည့် ။ သံပေါင် နှစ်ခုပေါ်မှာ ပက်လက်လှန်အိပ်ရင်း လက်ကလည်း အပေါ်ကသံတန်းကို ကိုင်လို့ ။အိပ်ပျော်လည်း သည်သံတန်းကို ကိုင်အိပ်ရတာ ။ ဒါမှ အိပ်ပျော်နေတုန်း

စောင်းလိုက်ပြုလိုက်ရင် လိမ့်မကျမှာလေ ။ တကယ်တော့ သံပေါင်ပေါ်အိပ်ရတာက အန္တရာယ်များပါတယ် ။ ယောင်ပြီး လိမ့်ကျသွားရင် ရေထဲ ၊ နွံထဲကျမှာ ။
ဂုန်နီအိတ် ခေါက်ခုတင်လေးတွေပေါ်မှာလည်း လူတွေ အစီအရီပဲ ။ ခုတင်ငှားခ
လေးကျပ်တတ်နိုင်သူတွေက တစ်ယောက်တည်း အိပ်နေသလို လေးကျပ် မတတ်နိုင်တဲ့သူတွေက
နှစ်ယောက်ပေါင်းပြီး တစ်ယောက်နှစ်ကျပ်စီနဲ့ ခေါက်ခုတင်ပေါ်မှာ နှစ်ယောက် ကျပ်သပ်ပူးကပ်ပြီး အိပ်လို့ ။ဗောတံတား ကြမ်းပြင် ခုတင်မခင်းတဲ့ နေရာတွေပေါ်မှာ လည်း အိပ်နေတဲ့လူတွေ အများကြီးပဲ ။
စက်ဝိုင်းတို့ သည်နေရာလေးတောင် အိမ်ထောင်သည်မို့လို့ ဝင်မလာကြတာ ။
" စက်ဝိုင်း... စက်ဝိုင်း "
ဟော... ဗောတံတားပေါ်က ချစ်ထူးအသံ ၊ ငမူးသံ ။ လက်ထဲမှာ စက္ကူထုပ်ကြီးနဲ့ ၊ ခြေလှမ်းက မယိုင့်တယိုင် ။ ပုဆိုးတိုတို ၊ အင်္ကျီ ကိုယ်တုံးလုံးကျွတ်ပေါ်မှာ ချွေးနဲ့ အိစိုနေတဲ့ အင်္ကျီကို တင်လို့ ။
ချစ်ထူးက ဆိပ်ခံသမ္ဘာန်ကြားကို ခုန်ဆင်းပြီး စက်ဝိုင်းဘေးမှာ ကပ်ထိုင်တယ် ။
" နင် ဆာနေမှာစိုးလို့ ၊ ငါ ထမင်းကို တစ်ခါတည်း ထုတ်ယူခဲ့တယ် ။ ငါစားပြီးပြီ , ရော့ စားလိုက်ဦး ၊ ငါဟာ... ဒီနေ့လဲ ပင်ပန်းလို့... "
"ကဲ... ပင်ပန်းဦးဟာ "
ဖြန်းခနဲ အသံနဲ့အတူ ချစ်ထူးမျက်နှာ လည်ထွက်သွားတယ် ။ အားရှိသလောက် စက်ဝိုင်း
ရိုက်ထည့်ပစ်လိုက်တာပေါ့ ။
" စက်ဝိုင်းနော် ... နင် ငါ့ကို မရိုက်နဲ့ ၊ ငါနော်... ဟင်း.. "
ချစ်ထူး ဒေါသဖြစ်သွားပြီး စက်ဝိုင်းကို လက်နဲ့ပြန်ရွယ်တယ် ။
"အံမယ် ... ရိုက်တော့ ဘာဖြစ်လဲ ၊ ငါ့အသားကိုများ သတ္တိရှိရင် ထိကြည့်ပေါ့ ၊ နင်သေသွားမယ် "
" နင်က ငါ့ကို သေစေချင်နေတာ မဟုတ်လား ။ ငါသိပါတယ် ၊ နင်က ငါ့ဆို အမြဲနိုင်ချင်တယ်၊ ဟီး....
ငါကတော့... "
ဟောတော်... ဘယ်လို ယောက်ျားလဲ ။ ချစ်ထူး တဟီးဟီးနဲ့ ငိုပါလေရော ။ စက်ဝိုင်းကတော့ ဒေါသအရှိန်နဲ့ မချော့ပါဘူး ။ ချွေးစော် ၊ အရက်စော် နံစော်နေတဲ့ မျက်ရည် တရွှဲရွှဲနဲ့ ချစ်ထူးကို ကြည့်လို့ပဲနေမိတယ် ။
" ပင်ပန်းလို့ အရက်သောက်တယ်ဆိုတာကို နားလည်း မလည်ပဲနဲ့ ၊ နင်က မိန်းကလေး ၊ ငါ့တို့ ပင်ပန်းတာက နင်းတာနှိပ်တာနဲ့ မဆိုင်ဘူး ၊ အရက်သောက်မှ ပြေတာပါဆို ၊ မယုံရင် နင်သောက်ကြည့်ပါလား "
" အေး... သောက်မယ် သောက်မယ် ... ငါ သောက်မယ် ... ၊ ငါမူးပြီး နင့်ကိုရမ်းပြဦးမယ် "
ငိုသံပါနဲ့ ရှင်းချက်ထုတ်နေတဲ့ ချစ်ထူးကို စက်ဝိုင်း ရွဲ့ပြောပစ်လိုက်ပြီး ချစ်ထူးပုဆိုးပိုင်း ခင်းထားတဲ့
အိပ်ရာပေါ်ကို ပစ်လှဲအိပ်လိုက်တယ် ။ မျက်စိမှိတ်ထားပေမယ့် ရှူးရှဲနဲ့ ချစ်ထူး နှပ်ညှစ်တဲ့အသံ ၊
မျက်ရည်သုတ်နေတဲ့ အသံ ။ ပြီးတော့ ထမင်းထုပ်ကို ဖြေလိုက်လို့ ညလေအေးနဲ့ သင်းပျံ့လာတဲ့
ငစိန်ဆန်ပိုးနံ့နဲ့ အမဲသားဟင်း မဆလာအနံ့ ။

" စက်ဝိုင်း "
"......... "
" စက်ဝိုင်း ရော့ .... ထမင်းစားလိုက် ၊ နင်ဆာနေတာ မဟုတ်လား ၊ ထပါဟာ ... စက်ဝိုင်း "
" ရေထဲလွှင့်ပစ်လိုက် ၊ ငါမစားဘူး "
" အံမာ... ဘယ်လွှင့်ပစ်လိုက်ရမလဲ ၊ ငါးကျပ်ဖိုးဗျ ၊ နင်မစားရင် ငါစားပစ်လိုက်မှာ "
" စားလိုက် ... ဒါမှ နင် စားပိုးနင့်သေအောင် "
ချစ်ထူးက အရက်သံနဲ့ တဟဲဟဲ ရယ်ပြန်တယ် ။
" စက်ဝိုင်းရယ် ... နင် ငါ့ကိုတော့ တော်တော် မေတ္တာထားတယ်နော် ၊ ကဲ... ထပါဟာ "
ချစ်ထူးက ဇွတ်ဆွဲထူတယ် ။ ဗိုက်ထဲမှာ တဂွီဂွီမြည်နေတဲ့စက်ဝိုင်း ထလိုက်တယ် ။ ပြီးတော့ ချစ်ထူးကို သေချာကြည့်ရင်း ...
" ငါစားမယ် ... နောက်နေ့တွေ နင်သောက်မှာလားပြော "
" စက်ဝိုင်းကလဲဟာ... နည်းနည်းပါ ၊ ပင်ပန်းပြေအောင် "
" အို... မလိုဘူး... ပြော ၊ နင်သောက်မယ်ဆိုရင် ငါမနေဘူး ၊ ထွက်သွားမယ် "
" နင်ကလဲ ဟာ "
" ပြောလို့ဆို.. ချစ်ထူးနော် ၊ နင်... "
" အေးဟာ... အေးဟာ.. မသောက်ဘူး ၊ ကဲ... "
" အေး...ဒါပဲ ၊ နင့်စကားနဲ့ နင်နော် "
စက်ဝိုင်းထမင်းကို ပလုတ်ပလောင်းနဲ့ စားနေတာကို ချစ်ထူးက ကြည့်ရင်း " နင်က တော်တော်စိတ်ကြီးတာပဲ " တဲ့ ။ ချစ်ထူးက စက်ဝိုင်းထမင်းစားနေတဲ့ ဘေးမှာ ပက်လက်လှန်အိပ်လိုက်တယ် ။
" နင် အဲလို ဒေါသဖြစ်တာ မြင်ရင်လေ ငယ်ငယ်တုန်းက ငါ့မိထွေးကို မျက်စိထဲမှာ သွားမြင်တယ် ။ စွာတာလန်နေတာပဲ ၊ ငါကြောက်တယ်ဗျ ၊ အဲဒါမျိုးဆို ငယ်ငယ်တုန်းကဆို အဲလိုပြောပြီးရင် ငါအရိုက်ခံရတော့တာပဲ ။ အဲဒါကြောင့် သူပြောဆိုနေပြီ ဆိုရင်ကို ငါ ငိုချင်လာတယ် ၊ ထစ်ခနဲဆို ငါဝမ်းနည်းပြီး ငိုတတ်တဲ့အကျင့်က စွဲရော "
" နင် ယောက်ျားမဟုတ်ဘူးလား "
" အဲ.. အဲ..အဲလိုပဲ ငါ့မိထွေးက ငါငိုရင် ပြောတတ်တယ်ဗျ ၊ ယောက်ျားမို့ မငိုရတော့ဘူးတဲ့လားဟာ "
" နေဦး .... ဒါဖြင့် နင့်မှာ အဖေရှိသေးတယ်ပေါ့ "
" ရှိတာပေါ့ "
" ဘယ်မှာလဲ နင့်အဖေက "
"ရွာမှာပေါ့ "

"ဘယ်မှာလဲ ၊ နင့်ရှာက "
" ဟို... အညာပေါ့ "
ချစ်ထူးရဲ့ ကောင်းကင်ပေါ်ကို ငေးကြည့်နေတဲ့ မျက်လုံးတွေကိုကြည့်ရင်း ချစ်ထူးဘေးမှာ
စက်ဝိုင်းလှဲအိပ်လိုက်တယ် ။
" ငါ့အမေက ငါငယ်ငယ်လေးမှာ သေသွားတာ ၊ ငါမှတ်မိတယ် ။ အမေ့ကို အိပ်ပျော်နေတယ်မှတ်နေတာ ၊ ငါ ငိုရကောင်းမှန်းမသိဘူး ၊ အိပ်ပျော်နေတဲ့အမေ့ကို ဘယ်ခေါ်သွားတာပါလိမ့်လို့ ထင်နေတာ ၊ နောက်နေ့တွေ အမေပြန်မလာတော့မှ ငါငိုရတာ ၊ အဖေကလဲ မိန်းမယူမယ့်ယူတော့ တစ်ရွာလုံးမှာ အစွာဆုံးမိန်းမကို ယူတယ် ။ မုဆိုးမ ၊ စိတ်ထားလဲမကောင်းဘူး ၊ ငါနဲ့ရွယ်တူ ကလေးနှစ်ယောက် ပါလာသေးတယ် "
" ဘာဆိုင်လဲ ၊ ကိုယ့်အဖေရှိတာပဲ ၊ ကိုယ့်အဖေနဲ့ နင်နေပါ့လား "
" ရမယ် ၊ နေလို့ ၊ အဖေက အလုပ်သွားနေတာကို ၊ အိမ်မှာ အဲဒီမိန်းမပဲရှိတာ ။ သူနဲ့နေရတာ သိပ်စိတ်ညစ်ဖို့ကောင်းတာ ၊ နင်နော် မထင်နဲ့... အဖေကလဲ သူ့မိန်းမစကားယုံပြီး ငါ့ကိုသိပ်ရိုက်တာ ၊ ဘယ်ရမလဲ ဆယ့်လေးနှစ်လောက်ကျတော့ ငါအိမ်က ထွက်ပြေးလာတာပေါ့ "
ချစ်ထူးစကားတွေ ကြားနေရင်း ၊ ကြယ်တွေကို ကြည့်နေရင်းက ချစ်ထူးဆီက ချွေးနံ့နဲ့ အရက်နံ့ကို ရှူရှိုက်ရင်း စက်ဝိုင်းမျက်လုံးတွေ မှေးစင်းလာတယ် ။ ချစ်ထူးက စက်ဝိုင်း ပေါ်ကို လက်တစ်ဖက်လှမ်းတင်ပြီး ...
" အမေ့ကို လွမ်းလိုက်တာဟာ "
" ငါလဲ အတူတူပဲ "
အိပ်ချင်မူးရီနဲ့ ဘယ်ဆီမှာမသိတဲ့ အမေကို စက်ဝိုင်းလည်း လိုက်လွမ်းရင်း နှစ်ယောက်သား ငြိမ်သက်သွားကြတယ် ။ ချက်ချင်းပဲ တရှူးရှူးအိပ်ပျော်သံတွေ ပေါ်လာပြီး မြစ်ပြင်က တိုက်လာတဲ့ လေအေးလေးကိုလည်း စက်ဝိုင်းနဲ့ချစ်ထူးမသိ ။ ခြင်သံတွေက တဝီဝီနဲ့ ခြင်တွေ ဝိုင်းအုံကိုက်ခဲကြတာလည်း မသိ ။ အပြင်လောက ကမ္ဘာကြီး ဘာဖြစ်နေနေ မနက်သုံးနာရီ မထိုးမချင်း စက်ဝိုင်းတို့ ဘာမှမသိ ။

အပိုင်း ၁၂

ယောက်ျားတွေဟာ သည်အရည်ဝင်မိရင် ဘယ်တော့မှ မကောင်းဘူးဆိုတဲ့ အမေစိန့်စကား ၊ ဒေါ်စောကြည်စကား မှန်လိုက်တာ... ပြန်မပြော နားမထောင်ကောင် ချစ်ထူးကြောင့် စက်ဝိုင်းဒေါသဖြစ်ရတယ် ။ စိတ်ညစ်ရတယ် ။ ကတိတွေပေး ၊ အမျိုးမျိုးကျိန်တွယ်ပြောပြီး သင်း ညနေတိုင်းသောက်မြဲသောက်လာတာ သင်း ကျိန်စာစူးမှာ ။ အဟုတ်ကိုတော်.... ကုန်ထမ်းရင်းသဘော်ပေါ်က ခြေချော်စေရဲ့ ၊ သဘော်နှစ်စင်းကြား ညှပ်သေရစေရဲ့ ၊ နင့်နဲ့ငါ သေကွဲ ကွဲရစေရဲ့ သင်းကျိန်တာတွေလေ ။ မကြောက်မရွံ့ ကျိန်တာတွေ အဟုတ်ကို ထိလိုက်ပါစေတော် ။ သင်း မတရားအပင်ပန်းခံပြီး ပိုက်ဆံရှာတာ ဟုတ်ပါရဲ့ ၊ စားလို့ပိုသမျှလေးတွေစုပြီး ရသမျှကို စက်ဝိုင်းအတွက် အင်္ကျီလေးအစ ၊ ဘီးလေး မှန်လေး အစ အရာရာ စက်ဝိုင်းဖို့ဆိုပြီး ဝယ်ပေးတာလည်း ဟုတ်ပါရဲ့ ။
ဒါပေမယ့် ဘာမှ စက်ဝိုင်းမလိုချင်တော့ဘူး ။ သင်းက အလုပ်လုပ်ရတာကို အကြောင်းပြပြီး သည်အရည်တွေကို သောက်ရော ။ ပင်ပန်းလို့ ပင်ပန်းလို့နဲ့ သည်လိုနဲ့ပဲ အရက်စွဲပြီး အရက်ကျွန်ဖြစ်ပြီး ဖောတံတားပေါ်မှာလဲနေတဲ့သူတွေ သင်းမမြင်ဘူးလား ။ အို... ညနေတိုင်း ညနေတိုင်းစောင့်ပြီး သည်ချောင်လေးမှာ ဖြစ်ရတဲ့ရန်ပွဲလည်း မနည်းတော့ဘူး ။ တစ်ယောက်နဲ့ တစ်ယောက် လုံးသတ်ရတဲ့ အကြိမ်ပေါင်းလည်းမနည်းတော့ဘူး ။ တွေးရင်းနဲ့စက်ဝိုင်းပိုပိုပြီး ဒေါသဖြစ်လာတယ် ။
ချစ်ထူး စက်ဝိုင်းကိုချစ်တယ်ဆိုတာဘာလဲ ၊ အလိုလိုက်တယ်ဆိုတာ ဘာလဲ ၊ ပြောစကား နားထောင်တယ်ဆိုတာဘာလဲ... ။.
စက်ဝိုင်းကို မယားမမှတ်လို့ပေါ့ ၊ မကြင်နာလို့ပေါ့ ။ အရက်သမားမယား ဘဝကိုရောက်စေချင်လို့ပေါ့ ။ ဆာနေတဲ့ အရှိန်က စက်ဝိုင်းဒေါသကို ပိုဆွပေးနေတယ် ။ သင်း ဘယ်အချိန်မှ ပြန်လာမှာလဲ ။ မှောင်ရီစပြုနေတဲ့ ကီလီညနေခင်းက စက်ဝိုင်းဒေါသကို ကြီးသည်ထက်ကြီးလာစေတယ် ။ ဖောတံတားချောင်လေးကနေ ဆိပ်ခံသမ္ဗာန်ပေါ်ကို စက်ဝိုင်းခုန်တက်လိုက်တယ်။ ပြီးတော့ ဖောတံတားပေါ်မှာနေရာယူနေတဲ့ ဂုန်နီအိတ်ခေါက်ခုတင်တွေ ၊ လူတွေကို ရှောင်ရင်း ကုန်းပေါ်တက်ခဲ့တယ် ။
" ချစ်ရဲ့လား မစက်ဝိုင်းရေ... ချစ်ပါတယ် ကိုချစ်ထူးရေ "
" ချစ်ရဲ့လား ကိုချစ်ထူးရေ ... ချစ်ပါတယ် မစက်ဝိုင်းရေ "
စက်ဝိုင်း အသားတွေ တဆတ်ဆတ်တုန်လာတယ် ။ ကြည့်စမ်း ၊ သင်းအော်ပြီး စက်ဝိုင်းအရှက်ကို ခွဲလာတယ် ။ သင်းသောက်ဖော်သောက်ဖက် နှစ်ယောက်နဲ့ ဖောတံတားချောင်မှာ လင်ကိုမျှော်ပြီး ဗိုက်ဆာနေတဲ့မိန်းမ မကြားဘူးအမှတ်နဲ့ပေါ့လေ ။
" ကိုကိုချစ်ရေ... ကိုကိုချစ်ရေ ၊ အဝိုင်းကတော့ ခေါ်မှာပဲဟေ့ "
" ဟေ့ကောင် ... တိုးတိုး အော်ကွာ ၊ စက်ဝိုင်းကြားလိမ့်မယ် "

အံမယ် ၊ ဒါ... သက်သက်စက်ဝိုင်းကို ရွဲ့နေတာပေါ့လေ ၊ ဗောတံတားမှာ ရပ်နေတဲ့ စက်ဝိုင်းကို သူမမြင်ဘူးလား ။ စက်ဝိုင်းကြားမှာ ကြောက်သတဲ့လား ။ ခပ်လှမ်းလှမ်းကနေ တဟဲဟဲနဲ့ မူးရယ်ရယ်ပြီး ယိုင်းထိုးလာတဲ့ ချစ်ထူးကို ပြေးတဲ့ပြီး စက်ဝိုင်း ရိုက်ချင်လိုက်တာ ။ ပါးတွေ ၊ နားတွေ ၊ ခေါင်းတွေ ၊ အို... အားလုံး ထူပူ ပွဲ့ရွဲ့သွားအောင် ရိုက်ပစ်လိုက်ချင်တယ် ။

ဒါပေမယ့် စက်ဝိုင်းပြေးရိုက်ရင် ထုံးစံအတိုင်းရန်ပွဲဖြစ်ဦးမယ် ။ စက်ဝိုင်းကရိုက် ၊ သူကတွန်းနဲ့ လူတွေ ဝိုင်းကြည့်ဦးမယ် ။ ပြီးတော့ သည်ပေါ်မှာ ၊ သူ့သူငယ်ချင်းတွေ ရှေ့မှာဆိုတော့ မူးမူးနဲ့ စက်ဝိုင်းကို ပြန်ရိုက်နိုင်တယ် ။

ဟင်း... ချစ်ထူးရယ် ၊ နင် ငါ့အကြောင်း သိရစေမယ် ။ နင့်ကို ရွဲ့ပြမယ် ။ နင်ဆယ်ဆ ရွဲ့ရင် ငါက အဆတစ်ရာ ရွဲ့ပြမယ် သိလား ။ နင် ဆယ်ဆဆိုးရင် ငါ အဆတစ်ရာ ဆိုးပြမယ် သိရဲ့လား... ။

စက်ဝိုင်း လှစ်ခနဲ့သည်ဘက်ထွက်လာခဲ့တယ် ။ ချစ်ထူးကတော့ မမြင်ဘူး ။ သူ့ဟာသူ သိပ်ကို ဟုတ်လို့လေ ။

" ဟော့ကောင် ... ဖယ်ပါကွ ၊ မဆွဲနဲ့ သည်ထမင်းထုပ်က ငါ့ချစ်ချစ်ဖို့ "

စက်ဝိုင်း အံကြိတ်လိုက်တယ် ။ နင်ဝယ်လာတဲ့ ထမင်းထုပ်ကို ငါမစားဘူး သိရဲ့လား ။ ကုန်ရုံတွေ ကြားထဲကနေ စက်ဝိုင်း ဒေါသနဲ့ အမြန်ပြေးတယ် ။ လမ်းမှာတွေ့တဲ့ကုန်သေတ္တာတွေထဲက ပွဲ့ကျန်ရစ်ခဲ့တဲ့ ထင်းရှူးပြားတစ်ချောင်းကိုလည်း ထဘီကြားမှာ ထိုးလိုက်သေးတယ် ။ လှမ်းမြင်ရတဲ့ ကီလီညဈေး စားသောက်ဆိုင်တန်းလေးက မီးရောင်လက်လက်လေးတွေကို ကြည့်ရင်း ထဘီကြားထဲက ပိုက်ဆံထည့်ထားတဲ့ ပလက်စတစ်အိတ်ကို ထုတ်ကိုင်ထားတယ် ။

ဘက်ထရီမီးရောင်လေးတွေ တလက်လက်အောက်မှာ ကီလီညဈေးစားသောက်ဆိုင်တန်းရဲ့ ထမင်းဆိုင် ၊ အသုတ်ဆိုင် ၊ လက်ဖက်ရည်ဆိုင် ၊ အရက်ဆိုင်လေးတွေ ဟိုနားတစ်ချို့ သည်နားတစ်ချို့ မြင်ရတယ် ။ အစွန်ဆုံးနားကျတဲ့ အရက်ဆိုင်လေးရှေ့မှာ စက်ဝိုင်းခပ်တည်တည် ဝင်ရပ်လိုက်တယ် ။ ဘေးနားမှာ သောက်နေတဲ့ ယောကျ်ားတွေက စက်ဝိုင်းကို ဝိုင်းကြည့်ကြတော့ စက်ဝိုင်းခါးကြားက ထင်းရှူးပြားချောင်းကိုထုတ်ပြီး စားပွဲပုလေးပေါ်တင်လိုက်ရင်း အမြီးသုပ်နေတဲ့ ဆိုင်ရှင် မိန်းမကို

" အရက် ပေးစမ်းပါ "

" ဘယ်လောက်လဲ ၊ တစ်လုံးလား ... တစ်ပိုင်းလား "

" တစ်ပိုင်း "

ဆိုင်ရှင်မိန်းမကတော့ ဘာမှ အံ့ဩမနေပဲ စက်ဝိုင်းကို အရက်တစ်ပိုင်း စားပွဲပေါ်တင်ပေးတယ် ။ ဖန်ခွက်လေးတစ်လုံး ချပေးတဲ့အပြင် ...

" အမြီးယူဦးမလား "

" မယူဘူး "

စက်ဝိုင်း ပုလင်းကိုဆတ်ခနဲ ဆွဲယူလိုက်ပြီး မျက်စိစုံမှိတ်လိုက်တယ် ။ ပြီးတော့ ပါးစပ်ထဲကို တစ်စက်မှ မဖိတ်စင်အောင် ရေသောက်သလို တဂွပ်ဂွပ် သောက်ချလိုက်တယ် ။ ပူစမ်း... ၊ လောင်စမ်း ။ ဒေါသအရှိန်နဲ့ ကြိတ်မှိတ်ထားရင်း ဘာမှမဖြစ်သလို စားပွဲပေါ်က ရေတစ်ခွက်ယူသောက်ပစ်လိုက်ပြီး တံတွေးကို " ပစ် " ခနဲ ထွေးလိုက်တယ် ။ ပြီးတော့မှ ပလက်စတစ်အိတ်ကို ဖြေရင်း...

" ဘယ်လောက်လဲ "

" သုံးကျပ် "

" ရော့... "

ကျပ်တန်သုံးရွက်ကို ပစ်ချ ။ ထင်းရှူးပြားကို ကောက်ယူပြီး စက်ဝိုင်း ပြန်လှည့်ထွက်ခဲ့တယ် ။ ကဲ... ချစ်ထူးရေ နင့်မှာချည်း ပါးစပ်ပါတာမဟုတ်ဘူး ၊ ငါ့မှာလည်း ပါးစပ်ပါတယ် ။ နင်မှ သောက်ပြီး မူးတတ်ရမ်းတတ်တာမဟုတ်ဘူး ။ ငါလည်း သောက်ပြီး မူးတတ် ရမ်းတတ်တယ်ဆိုတာ နင့်ကို ပြရဦးမှာပေါ့ ။

စက်ဝိုင်း ဗိုက်တစ်ခုလုံး ပူလောင်ပြီး ပါးစပ်တစ်ခုလုံး နံစော်နေတယ် ။ ရင်တွေလည်း တဒိတ်ဒိတ်ခုန်နေတယ် ။ ဒါပေမယ့် ဘာလို့ မမူးသေးတာလဲ ၊ မူးလေ ... မူးပါတော့လား အရက်ရဲ့... ။ ဗောတံတားရောက်အောင် စက်ဝိုင်းပြေးတယ် ။ လေကလေး တဟူးဟူး တိုက်နေတဲ့ကြားမှာ ပြေးရင်း.. ပြေးရင်းက စက်ဝိုင်းချွေးတွေ ပြန်လာတယ် ။ ခေါင်းထဲမှာ မူးနောက်နောက်ကြီးဖြစ်လာတယ် ။ မြေကြီးနဲ့ ခြေထောက်နဲ့လည်း မထိတော့သလိုပဲ ။ စက်ဝိုင်းရှေ့က မြေကြီးက မောက်သွားလိုက် ၊ နိမ့်လာလိုက်နဲ့ ။ ဘေးကလူတွေ ဆိုင်တွေအကုန်လုံးလည်း ချာချာလည်လို့ ။ လျှာဖျားတွေ ထုံ ၊ လည်ချောင်းတွေ ပူရှနေတဲ့ စက်ဝိုင်း ခေါင်းတွေလည်း ချာချာလည်စပြုလာပြီ ။ ဒါ... ဒါ မူးတာလား ၊ မူးတယ်ဆိုတာ ဒါလား ။ ချစ်ထူးတို့ ယောက်ျားတွေကြိုက်တဲ့ မူးတဲ့အရသာဟာ ဒါပဲလား ... ။

ထွီ... စက်ဝိုင်း မြန်မြန်ပြေးလျှောက်ရာက ရပ်လိုက်တယ် ။ အို... စက်ဝိုင်း ယိုင်သွားသလား ။ မဟုတ်ပါဘူး ၊ ဟီဟီ .. ရယ်စရာကောင်းလိုက်တာ ။ ဟော... ဒါ ငါတို့ ဗောတံတားပဲ ။ ဟော... လူတွေက ခုတင်တွေကလည်း ရှောင်လို့ မလွတ်နိုင်ပါ့လား ၊ စက်ဝိုင်းလာနေတာကို မမြင်ကြဘူးလား ... ။

" ဖယ် ... ဖယ် ၊ ဘေးကို... ဘေးကို ၊ အားလုံးဖယ်ကြ "

ကိုယ့်ဟာကိုယ် သတိမထားလိုက်မိခင်မှာပဲ ပါးစပ်က လွှတ်ခနဲ အော်မိလိုက်ရင်း စက်ဝိုင်းဗောတံတား တစ်လျှောက်ဆင်းပြေးတယ် ။ ပြီးတော့ ဆိပ်ခံသမ္ဘာန်ပေါ်ကနေ ဗောတံတား ချောင်ထဲကို အင်မတန် ပေါ့ပါးစွာနဲ့ ခုန်ချလိုက်တယ် ။

" ဟေ့.. "

ဟန်ကျလိုက်လေ ။ မှောက်လျက်ကြီး အိပ်နေတဲ့ချစ်ထူး ကိုယ်ပေါ်ကို စက်ဝိုင်းကိုယ်လုံး ပစ်ကျသွားတယ် ။

" ချစ်ထူး "

" နင် ဘယ်သွားနေတာလဲ "

ချစ်ထူးက စက်ဝိုင်းကို တွန်းဖယ်ပြီး လူးလဲထရပ်ရင်း ပြူးတူးပြဲတဲနဲ့ ကြည့်တယ် ။ စက်ဝိုင်း ချစ်ထူးကို ကြည့်ရင်း ရယ်ချင်လွန်းလို့ ဟက်ဟက်ပက်ပက် ရယ်လိုက်မိတယ် ။ အားရပါးရ မဆုံးနိုင်အောင် ၊ အို... ရယ်လို့ကောင်းလိုက်တဲ အမျိုး ။ သည်လိုမရယ်ရတာ စက်ဝိုင်း ဘယ်လောက်တောင် ကြာပြီလဲ ။
" ဟီးဟီး... အိုး... ရယ်လို့ကောင်းလိုက်တာ ၊ အူတက်သေတော့မယ် ၊ ဟား...ဟား.. "
" နင် အရက်သွားသောက်တယ် ဟုတ်လား "
" ဟုတ်တယ်၊ ဟုတ်တယ် .. ပင်ပန်းလွန်းလို့ပါဟယ် ၊ ဟဲ.. ဟဲ တကယ် တကယ် ၊ ငါဒီနေ့ ချဉ်ပေါင်ရွက်အော်ရောင်းရတာ ပင်ပန်းလွန်းလို့ "
စက်ဝိုင်းက တဟီးဟီး ရယ်နေတုန်း ချစ်ထူးက ဒေါသနဲ့ စက်ဝိုင်းကို တွန်းပစ်တယ် ။
" နင်နော်... စက်ဝိုင်း ၊ နင့်ကို ငါလုပ်မိလိမ့်မယ် ၊ နင် နင်... ငါ့ကို ရွဲ့တာပေါ့ ၊ ဟုတ်လား "
" နင် ငါ့ကို မထိနဲ့ ၊ ငါ့အမူးတွေ ပြေသွားလိမ့်မယ် ။ အရက်ဆိုတာသောက်လို့ကောင်းတယ် ၊ သေနာကျရဲ့၊ မသေမချင်း မှတ်ထား .. မှတ်ထား "
" စက်ဝိုင်း မအော်နဲ့ဟာ ၊ ဒုက္ခပါပဲ ၊ ငါစိတ်ညစ်လိုက်တာ "
" အံမယ်... စိတ်မညစ်ပါနဲ့ ဟဲ့ ၊ နောက်နေ့တွေကျလေ... တို့နှစ်ယောက် တူတူသောက်ရအောင်နော် သိလား ၊ ပြီးတော့ မူးပြီး သီချင်း အော်ဆိုမယ် ဘာတဲ့... နင်တို့ ခုနကဆိုတာလေ ၊ ချစ်ရဲ့လား ကိုချစ်ထူးရေ... ချစ်ပါတယ် .. "
" ပိတ်ထားစမ်း ... နင့်ပါးစပ်ကို "
စက်ဝိုင်း ပါးစပ်တွေကို လာပိတ်တဲ့ ချစ်ထူးလက်တွေကို စက်ဝိုင်း အတင်းတွန်းဖယ်ပြီး ဆွဲကိုက်တော့ ချစ်ထူးက ဆောင့်တွန်းပစ်တယ် ။ စက်ဝိုင်း လဲကျရင်း ထမင်းထုပ်ကို လက်ထောက်မိတယ် ။ အံမယ်... ခုမှ ဗိုက်ထဲက တအားပူပြီး ဆာနေတာကို သတိရတယ် ။ ဆာလိုက်တာ ဆာလိုက်တာ ။ စက်ဝိုင်း ထပြီး ထမင်းထုပ်ကိုဖြေတယ် ။ ပြီးတော့ တစ်လုပ်ပြီးတစ်လုပ် တစ်လုပ်ပြီးတစ်လုပ် အငမ်းမရစားတယ် ။ ပါးစပ်ထဲမှာ ပလုတ်ပလောင်းစားရင်း ငေးကြည့်နေတဲ့ ချစ်ထူးကို..
" သိပ်ကောင်းတာပဲ... သိပ်ကောင်းတာပဲ ၊ နင်ဝယ်လာတာနော် "
စားလို့ ထမင်းထုပ်ကုန်ခါနီးမှာ စက်ဝိုင်း အော့ခနဲ လေချဉ်တက်တယ် ။ လေချဉ်တက်တဲ့အနံ့ကြီးကို အော်ဂလီဆန်ရင်း ချွေးတွေပြန်လာတယ် ။ ဘုရားရေ... အန်ချင်လိုက်တာ ၊ အန်ချင်လိုက်တာ ၊ စက်ဝိုင်း အန်တော့မယ်ထင်တယ် ။ အန်တော့မယ် ... အန်တော့မယ် ...
" အံမယ်လေး... ဝေါ့.. "
ဖောတံတားချောင်လေးမှာ စက်ဝိုင်းအန်ဖတ်တွေနဲ့ ပြန့်ကျဲသွားပြီး စက်ဝိုင်း မှောက်လျက်ကျသွားတယ် ။ ရင်တွေတုန်ပြီး ခေါင်းတွေ မထူချင်တော့ဘူး ။ တရိပ်ရိပ်မူးနေပြီ ။ မျက်လုံးတွေကို မှိတ်ထားတဲ့ကြားက ချစ်ထူးအသံသဲ့သဲ့ကို ကြားရသေးတယ် ။ ဘာတဲ့...
" အန်.. အန် .. သေအောင်အန် ၊ ငါ့ကိုရွဲ့တဲ့ ကောင်မ " တဲ့ ။

****
ဟဲ..ဟဲ သည်နေ့ပါနဲ့ဆို စက်ဝိုင်းမူးတာ ဆယ့်ကိုးရက် ရှိပြီ ။ မူးမှာပေါ့ ၊ ချစ်ထူးသေနာကောင် အမှတ်မှ မရှိတာကိုး ။ သူက စက်ဝိုင်းမူးတာကို ရွဲ့ပြီး သောက်မြဲတိုင်း သောက်တယ် လေ ။ အိုး... ဘယ်ရမလဲ ။ သည်ကလည်းသူ့ထက် ဆယ်ဆ ပြန်တောင် ရွဲ့လိုက်ဦးမယ် ။ သူသောက် ကိုယ်သောက်ပေါ့ ။ သူမူး ကိုယ်မူးပေါ့ ။ ဘယ်သူ့ကို ဂရုစိုက်ရမလဲ ။
ဟင်း... စက်ဝိုင်းတို့ က ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာ ။
ကိုယ့် ချဉ်ပေါင်ရွက် ၊ ကန်စွန်းရွက် ရောင်းရတဲ့ ပိုက်ဆံနဲ့ သောက်တာ ။ အဲ... ထမင်းကိုတော့ ချစ်ထူးကျွေးပေါ့ ။ လင်တစ်ယောက်ယူထားရပြီး ဒါလောက်ကလေးတော့ အားကိုးရဦးမှပေါ့လို့ ။
ချစ်ထူးရယ်... နင် ငါ့ကို ညာတယ် ။
အရက်သောက်တာ အပန်းပြေတယ်တဲ့ ။
ထွီ.. အလကား... ပင်ပန်းပြေရုံတင် ဘယ်ကမလဲ မောတာတွေပျောက်ရုံတင် ဘယ်ကမလဲ ၊ ထမင်း စားကောင်းရုံတင် ဘယ်ကမလဲ ။
ရင်ထဲမှာ တလှိုက်လှိုက် ပျော်တွေ တက်လာပြီး တခစ်ခစ်ရယ်ရတာ တွေ ၊ အပူအပင်ဟူသမျှ ပျောက်လွင့်ပေါ့ပါး တငြိမ့်ငြိမ့်နဲ့ ကိုယ်တွေးချင်ရာတွေး ၊ ကိုယ်ပြောချင်တာတွေ ပြောရတဲ့ အရသာတွေ ။ ပြီးတော့... ပြီးတော့.. အရက်တစ်ခွက်ကို ရေမရောပဲ ဂွပ်ခနဲသောက်ချလိုက် ၊ ပူလောင်ရှတခါးသက်တဲ့ အရသာ ၊ လည်ချောင်းထဲမှာ မကုန်ခင် ဟောသည်လို ဝက်ခေါင်းသုပ်တစ်ဖတ်ကို ကပျာကယာ ကောက်ဝါးလိုက်ရတဲ့ အရသာဟာ တစ်မျိုးတော့ တစ်မျိုးပဲ ။ ကောင်းတယ်ဟဲ့ ... ချစ်ထူးရဲ့ ။
ငါတော့လေ အရက်ကို သိပ်သဘောကျသွားပြီ ။
အံမယ်... လူတွေက ငါ့ကို ရေမရောပဲ သောက်နိုင်လို့ အံ့သြကြသေးတယ် ။ အလကား... သူတို့က ဇိမ်ခံနေတာကိုး ။ တကယ်တော့ ရေက အစကတည်းက ရောပြီးသားပါ ။ စက်ဝိုင်းတို့ကတော့ မြန်မြန်မူးလေ ၊ မြန်မြန်အရသာတွေ့လေ ချစ်ထူးကို မြန်မြန်ဂျစ်တိုက်ရလေပေါ့ ။
ပြီးတော့လေ ၊ အိပ်လို့လည်း အရမ်းကောင်းတာပဲ ၊ ချစ်ထူးမူးပြီးဆဲတာလည်း မသိ ၊ ငိုတာလည်းမသိ ၊ ကန်ကျောက်တာလည်း မသိ ။
စက်ဝိုင်း နောက်တစ်ခွက်ကို မော့သောက်ရင်း ဝက်ခေါင်းသုပ်ဖတ်ထဲက နောက်ဆုံးကျန်နေတဲ့ ကြက်သွန်ဖတ်လေး တစ်ဖတ်ကို ကောက်ဝါးလိုက်တုန်း...
" စက်ဝိုင်း "
စက်ဝိုင်းမော့ကြည့်တော့ ချစ်ထူးရယ်လေ ...
အရက်ခိုးတွေဝေနေတဲ့ ဒေါသမျက်လုံးတွေနဲ့ ထုံးစံအတိုင်း ရန်ဖြစ်ဖို့ လာခေါ် ပြီ ၊ စက်ဝိုင်းကတော့ ခပ်တည်တည်ပဲ ဘေးနားက ခုံပုလေး တစ်ခုံကို ဆွဲပေးလိုက်သေးတယ် ။
" အေးအေးဆေးဆေး ထိုင်သောက် ၊ ပူညံပူညံ လုပ်ရင် ဟောဒါနဲ့တွေ့သွားမယ် "

လက်ထဲက ကိုင်ထားတဲ့ တုတ်မာမာကို စက်ဝိုင်းစားပွဲပေါ် တင်လိုက်တယ် ။ ထင်ရှူးချောင်းနဲ့လောက် ချစ်ထူးက မရတော့ဘူးလေ ။ သည်တုတ်အမာကို စက်ဝိုင်း မနည်း လိုက်ရှာထားရတယ် ။ စမ်းရဲ စမ်းကြည့် ၊ ခေါင်းအကွဲ မှတ်ထား ။

" ငါ မသောက်ဘူး ၊ နင့် လာခေါ်တာ.. သွားမယ် လာ "

" သွားနှင့် ၊ ဒီမှာ နည်းနည်းကျန်သေးတယ် ။ ဟင် ... နည်းနည်းဆိုမှ တကယ့်နည်းနည်းလေးရယ် , မကျင် တစ်ပိုင်း ထပ်ပေးပါဦး "

"စက်ဝိုင်းနော်... နင် လင်ကို ရွဲ့ဦး ... ရွဲ့ဦး "

ချစ်ထူးရဲ့သန်မာတဲ့လက်တွေကြားမှာ စက်ဝိုင်း တွန့်လိမ်ရုန်းကန် ဆဲဆိုရင်း စက်ဝိုင်းပါလာတယ် ။

" ဖယ်... ဖယ် ၊ ငါ့ကိုလွှတ် , အံမယ်လေး လောကကြီး မတရားလိုက်တာတော် , သူ့ကျတော့ မျိုးဆို့ပြီး ကျုပ်ကျ မသောက်ရဘူးတဲ့ "

စက်ဝိုင်း ဘယ်လောက်အော်အော် ချစ်ထူးက မလွှတ်ဘူး ။ ဇောတံတားချောင်ထဲ ရောက်တဲ့အထိ ဆွဲလာတယ် ။ ချောင်ထဲမှာ ပစ်ချပြီး ချစ်ထူးက စက်ဝိုင်းကို နားရင်းတစ်ချက် ရိုက်တယ် ။ မျက်လုံးထဲ ပြာသွားပြီး စက်ဝိုင်း ထအော်တော့တာပဲ ။

" ဟောဒီမှာ အရပ်ကတို့ရေ ၊ သူများ သားသမီးကို မတရားနှိပ်စက်နေပါတယ် ၊ ဟောဒီမှာ.... "

ချစ်ထူးက စက်ဝိုင်းပါးစပ်ကို အတင်းပိတ်ပြီး ပုဆိုးပိုင်းပေါ် အတင်းအိပ်ခိုင်းတယ် ။

" အိပ်စမ်း... ဒီတစ်ခါအော်ရင် နင်သေပြီမှတ် "

စက်ဝိုင်းမော့ပြီး အသက်ကို ဖုတ်လှိုက် ဖုတ်လှိုက်နဲ့ ရှူရင်းက ချစ်ထူးကို မကျေမနပ်ကြည့်တယ် ။ နင့်ကြောင့်... နင့်ကြောင့်... ငါမမူးတော့ဘူး ၊ အို... ဘယ်လိုကြီးမှန်းလဲမသိဘူး ၊ ငါ မူးချင်တယ် ... ချစ်ထူးရယ် ၊ ငါတကယ်ပြောတာ ၊ အဲဒါ ဘာဖြစ်လို့လဲ ဟင် "

" နင် သေချင်လို့ပေါ့ "

စက်ဝိုင်း ချစ်ထူးကို ခြေထောက်နဲ့ မမှီမကမ်း လှမ်းကန်လိုက်တော့ ချစ်ထူးကို မထိဘူး ၊ လေကိုပဲ ကန်မိတယ် ။ ချစ်ထူးက ဆိပ်ခံ သမ္ဗာန်ပေါ်မှာ စွင့်စွင့်ကြီး ထိုင်နေတယ် လေ ။

စက်ဝိုင်း ချစ်ထူးဆီကို ထသွားဖို့ ကြိုးစားထပေမယ့် မထနိုင်ဘူး ။

" ချစ်ထူး... နင် အလကားကောင် ၊ မတရားဘူး ။ နင့်ကို ငါ မုန်းတယ် ... မုန်းတယ် ၊ ငါပြန်မယ် ၊ အမေစိန့်ဆီကို ပြန်မယ် ၊ အမေစိန်က ငါ့အမေ သိလား ၊ ငါ့မှာ အမေရှိတယ် ။ နင် စော်ကားချင်တိုင်း မရဘူး မှတ်ထား "

ပြောချင်ရာတွေ မျက်လုံးမှိတ်အော်ရင်း တဖြည်းဖြည်းနဲ့ အိပ်ပျော်သွားတယ် ။ မောပြီး ၊ မူးပြီး အိပ်ပျော်သွားတဲ့ စက်ဝိုင်း အိပ်မက်ထဲမှာ ချစ်ထူးနဲ့ ရန်ဖြစ်တယ် ။ အမေစိန်နဲ့ တွေ့တယ် ၊ အစ်ကိုနဲ့ တွေ့တယ် ။ အစ်ကို နတ်သားက လမ်းမပေါ်မှာ အရှေ့ကပြေး ၊ စက်ဝိုင်းက နောက်ကလိုက်နဲ့ မောလိုက်တာ

။ အရေးထဲ သာတီးဒီ စီမံချက်ကားကြီးက ဝေါခနဲ နောက်ကနေ လိုက်လာသေးတယ် ။ ပြီးတော့ ချစ်ထူးက စက်ဝိုင်းလက်ကို လိုက်ဆွဲတယ် ။ အစ်ကို နောက်ကို မလိုက်ရဘူး တဲ့ ။
" ဖယ်စမ်းပါ ၊ လွှတ်... လွှတ် ၊ ငါလိုက်မယ် အစ်ကို နောက်ကို "
စက်ဝိုင်း ရုန်းလို့ကောင်းတုန်း ၊ တွန်းလို့ ကောင်းတုန်း ဆတ်ခနဲလန့်နိုးပြီး ရုတ်တရက် စက်ဝိုင်းလက်တွေကို ဆွဲထူလိုက်တာ ခံလိုက်ရတယ် ။
"ဖယ်စမ်း... ချစ်ထူး "
" အံမယ်လေး... ချစ်ဦးတွေ ချစ်ထူးတွေ လုပ်မနေနဲ့ ၊ ဒါ စီမံချက်ဗျ "
စီမံချက်လူကြီး ဆွဲခေါ်ရာကို စက်ဝိုင်း အိပ်ချင်မူးတူးနဲ့ ပါသွားရင်း ချစ်ထူးကို လိုက်ရှာမိတယ် ။ ဟော... ဟိုမှာ ကားဘေးမှာ ချစ်ထူး ။ သြော်... ရောက်ပြန်ပြီပေါ့ တစ်ခေါက် ....။
စက်ဝိုင်းတို့ သာတီးဒီတွေ အပြည့်နဲ့ စီမံချက်ကားကြီး တအိအိ စထွက်တဲ့အချိန်မှာပဲ မိုးသက်လေ အေးအေးနဲ့အတူ မိုးပေါက်လေးတွေ တဖြောက်ဖြောက် ကျလာခဲ့ကြပြီ ။

အပိုင်း ၁၃

" လာပြန်ပြီလား အမှတ်မရှိ ၊ လမ်းမရှိ ကီလီဗောတံတားတွေ "
အခန်းလူကြီးဆရာမရဲ့ကြိုဆိုသံ ကျယ်ကျယ်ကြီးကို နာခံရင်း စက်ဝိုင်းတို့ သာတီးဒီတစ်အုပ်
မှိန်ကုပ်ကုပ်လေးတွေနဲ့ တန်းစီဝင်ရတယ် ။
သည်တစ်ခါတော့ စက်ဝိုင်းကို အတူတူတွဲထိုင်ဖို့ အရေးတယူ ခေါ်မယ့်သူမရှိတော့ဘူး ။ ဟိုး
နောက်ဆုံးတန်းမှာ ကိုယ့်သာတီးဒီအုပ်နဲ့ ကိုယ် တန်းစီထိုင်ရတယ် ။ တန်းစီနေတဲ့ မိန်းမတွေထဲကို
မျက်လုံးဝေ့ကြည့်လိုက်တော့ ဟိုတစ်ခေါက်ကသိတဲ့ မကောင်းတဲ့ အစ်မလည်း မရှိတော့ပါလား ။
တခြားလူတွေကတော့ မျက်မှန်းတန်းရုံပဲ ။ ခက်တာပဲ ၊ စက်ဝိုင်း ထမင်းခံဖို့ ဘယ်သူဆီမှာ
အိတ်တောင်းရပါ့မလဲ ။
မိန်းမတွေရဲ့မျက်နှာတွေကို စက်ဝိုင်း တစ်ယောက်ချင်းစီ လိုက်ကြည့်မိတယ် ။ ပုံစံမထိုင်ရသေးခင်
နှစ်ယောက်တွဲတန်းစီရင်း မိန်းမတွေပီပီ တစ်ယောက်နဲ့ တစ်ယောက် တွတ်တွတ် တွတ်တွတ် လုပ်နေကြတဲ့
မိန်းမတွေထဲမှာ စက်ဝိုင်းတောင်းလို့ရမယ်တင်တဲ့ မိန်းမတစ်ယောက်ကိုတော့ တွေ့တယ် ။
နှစ်ယောက်တွဲထိုင်နေပေမယ့် စကားမပြောပဲ တစ်ခုခုကို ငုံ့ဖတ်နေတဲ့ ပိန်ပိန်ဖြူဖြူ မိန်းမလေ ။
ဟိုတစ်ခေါက်တုန်းက သူက စက်ဝိုင်းတို့ သာတီးဒီတွေအုပ်စုကို စကားလာပြောတယ် ။ ဟိုမိန်းမရဲ့
သမီးလေးကိုလည်း ဘီစကစ် နှစ်ချပ် လာပေးဖူးတယ်လေ ။ သူက ကဗျာဆရာမတဲ့ ၊ နိုင်ငံရေးမှုနဲ့ကျတာတဲ့
။ သူ့ကိုတော့ အခန်းလူကြီးဆရာမကလည်း လေးလေးစားစား ဆက်ဆံတယ် ။ ဟုတ်တယ် ၊
တန်းပိတ်ပြီးရင် သူ့ဆီ အိတ်သွားတောင်းရမယ် ။
အဲဒါ အဲဒါတွေထက် ဆိုးတာက စက်ဝိုင်း လေချဉ်တအေ့အေ့ ဖြစ်ရင်း ရင်ထဲမှာ တစ်ခုခုလိုနေသလို
ဆာနေသလို ၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး ။
သေချာတာကတော့ အရက်တစ်ခွက်လောက် ဝင်သွားရင် နေသာထိုင်သာရှိသွားမှာ အမှန်ပဲ ။
ရေလေးတစ်ကျိုက် ၊ ဆီးဖြူသီးလေး တစ်ကိုက်နဲ့လေ ၊ ထွီ... ပြောရင်းဆိုရင်း ခံတွင်းတွေ ချဉ်လိုက်တာ ။
ဟင်း... ဟိုကောင် ချစ်ထူးလည်း ခုချိန်ဆို စက်ဝိုင်းထက်တောင် ဆိုးနေလောက်ရောပေါ့ ။
" တန်းစီမယ်ဟေ့... ပုံစံထိုင်ထား "
ပုံစံထိုင်ထားရင်းက စက်ဝိုင်းချွေးတွေ ပြန်လာတယ် ။ ရင်ထဲက ပိုတောင့်လာတယ် ။ ရယ်မောပေါ့ပါးတဲ့
အရသာတွေ ၊ ပူလောင်ရှတ ခါးသက်ချိုမြတဲ့ အရသာတွေ အားလုံးကို စက်ဝိုင်း တောင့်တမိတယ်။
တန်းစီလူစစ် တန်းဖြုတ်ပြီးတာနဲ့ ထုံးစံအတိုင်း စက်ဝိုင်းတို့ကို မိလ္လာချောင်မှာ နေရာချပေးတယ် ။ ပြွတ်သိပ်
ကျပ်ညပ်နေတဲ့ နေရာမှာ ခဏထိုင်ပြီး ဟိုအစ်မဆီ ထွက်လာခဲ့တယ် ။
" အစ်မ နေကောင်းလား.. "
" ဟော... ရောက်လာပြန်ပြီ တစ်ခေါက် "

" ဟုတ်တယ် ၊ အစ်မရယ် ဟို ... ကျွန်မကိုလေ.... "
" ပြောလေ , ဘာလိုချင်လို့လဲ "
" အိတ်လေးတစ်လုံးလောက် ရှိရင် ပေးပါ အစ်မရယ် ၊ မနက်ကျ ထမင်းခံစရာမရှိလို့ပါ "
" သြော်... ရပါတယ် ၊ အိတ်တွေရှိတယ် ၊ ပလက်စတစ်အိတ်နော် ၊ ကြွပ်ကြွပ်အိတ်တော့ မရှိဘူး "
" ဘာပဲဖြစ်ဖြစ် ရတယ် အစ်မ "
" ရော့... ဒီမှာ ခပ်ကြီးကြီးလေး... ဒါမှာ ဆန့်မှာ "
" ဟုတ်ကဲ့ အစ်မ ၊ ကျေးဇူးတင်ပါတယ် အစ်မရယ် ၊ အော့... အစ်မ အနှိပ်ခံဦးမလား ဟင် ၊ ကျွန်မ နှိပ်ပေးမယ်လေ "
" တော်ပါပြီရှင် ... တော်ပါပြီ ၊ မလုပ်ပါနဲ့ ၊ ရှင်ဘာဖြစ်နေတာလဲ တအော့အော့နဲ့ ၊ ချွေးတွေလဲပြန်လို့ ၊ ဆာလို့လား "
စက်ဝိုင်းက ခေါင်းကို သွက်သွက်ခါရမ်းလိုက်တယ် ။ ပြီးတော့မှ ပါးစပ် တပြင်ပြင်နဲ့...
" ကျွန်မလေ , အရက်ကလေး တစ်ခွက်လောက် သောက်ချင်လိုက်တာ အစ်မရယ် "
" ဟောတော် ... "
ဟို အစ်မက မျက်လုံးပြူးသွားပေမယ့် အစ်မဘေးက နားထောင်နေတဲ့ ဘိန်းဖြူနဲ့ကျတဲ့ အစ်မကြီးက...
" ဟင်း...ငါလို လူမျိုးနဲ့တော့ လာတွေ့နေပြန်ပြီ ၊ ဒီမယ်... ညည်းစိတ်ချ ၊ ဒီထဲမှတော့ ဆေးလိပ်တစ်ထောင်ပေးလဲ အရက်တစ်ခွက် မရဘူး ၊ ရောက်စက ငါလဲ ဒီလိုပဲ လိမ့်နေအောင် ခံလိုက်ရတာ ၊ အရသာ သိနေတော့ မနေနိုင်ဘူး ၊ ကိုယ့်အကြံအဖန်နဲ့ ကိုယ် ဆေးရွက်ကြီး ဝါးနေရတယ် ၊ နေဦး... ကိုယ်ချင်းစာလို့ နည်းနည်း ပေးလိုက်မယ် "
" မပေးပါနဲ့ မဖြူရယ် ၊ ပြတ်လက်စနဲ့ ပြတ်ပါစေတော့ ၊ ရော့.. ရော့ ၊ ကျွန်မ ထန်းလျက်ပေးမယ် ၊ ထန်းလျက်လေးငုံပြီး အိပ်ချေတော့နော် "
ဟိုမျက်မှန်နဲ့ အစ်မက စက်ဝိုင်းကို တွန်းထုတ်တယ် ။ စက်ဝိုင်းကတော့ မူးလို့ရမယ်ဆိုတဲ့ ဟိုအစ်မကြီးပေးမယ့် ဆေးရွက်ကြီးကို လိုချင်နေတယ် ။ ဟိုအစ်မကို ကြောက်လို့သာ ၊ ထန်းလျက်လေးကို ပါးစပ်ထဲထည့်ပြီး မိလ္လာချောင်ကို ပြန်အလာ ၊ ချွေးစေးတွေ ပိုပြီးပြန်လာတယ် ။ ခေါင်းထဲမှာလည်း ရိပ်တိတ်တိတ်နဲ့ ။ ခေါင်းမူးလာသလိုပဲ ။
အရက်မူးတာမျိုးလည်း မဟုတ်ဘူး ။ ဘာဖြစ်တာလဲ ။ ရင်ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်ပြီး မူးလာတာ ။ ဘယ်လိုကြီးခံစားရမှန်းမသိဘူး ၊ မအီမသာကြီး ။ ဘုရား...ဘုရား ပြောရင်းဆိုရင်းကို အရမ်းမူးလာသလိုပဲ ။ စက်ဝိုင်း အမူးပြေအောင် ခေါင်းမော့ပြီး ဇက်ချိုးလိုက်တုန်းမှာပဲ အားလုံးဟာ ချာချာလည်ပြီး စက်ဝိုင်းမျက်လုံးတွေ ပြာသွားတာပဲ နောက်ဆုံးသိလိုက်တော့တယ် ။
" ဟဲ့...ဟဲ့... ဘာဖြစ်တာလဲ "
" ဖယ်စမ်း... ဖယ်စမ်း ... ၊ ဒါ သာတီးဒီ မိန်းမ မဟုတ်လား "

အခုမှ ထမင်းစားနေတဲ့ အခန်းလူကြီးဆရာမက ထလာပြီး ပွက်စီပွက်စီ ဖြစ်သွားတဲ့ မိန်းမတွေကို ငေါက်တယ် ။
" ငြိမ်ငြိမ်နေကြစမ်း... မူးသွားတာနေမှာ "
ကြမ်းပြင်ပေါ် ပက်လက်လဲနေတဲ့ စက်ဝိုင်းကို မိန်းမတွေ ဝိုင်းပြီး ဆံပင်တွေကြား ယပ်ခတ် ၊ ခြေမတွေချိုး လုပ်နေကြတယ် ။
" ရုပ်ကြည့်ရတာတော့ ဗိုက်ရှိတဲ့ ရုပ်ပဲ ၊ ကြည့်ပါလား... "
ကျွမ်းကျင်ပုံရတဲ့ မိန်းမတစ်ယောက်က ပိုင်ပိုင်နိုင်နိုင်လေသံနဲ့ ပြောနေတုန်းမှာပဲ စက်ဝိုင်း နည်းနည်းသတိရလာတယ် ။ စက်ဝိုင်းသတိရရချင်း လှမ်းကြည့်မိတာက သူ့လက်ကို ကိုင်ထားတဲ့ ဟို မျက်မှန်နဲ့ အစ်မ ။ သူက " သတိရလားဟင် " တဲ့ ။ စက်ဝိုင်း ခေါင်းညိတ်ပြပြီး ...
" နည်းနည်းမူးသေးတယ် ၊ ရင်ထဲမှာ မအီမသာကြီး .... "
" ဟုတ်ပါတယ် ၊ ဟဲ့... ညည်း လုံချည်မပေါ်တာ ဘယ်နှစ်လရှိပြီလဲ "
" ရှင်.. "
မိန်းမကြီး တစ်ယောက်ကမေးတာကို စက်ဝိုင်း ပြူးကြောင်ကြောင်နဲ့ ကြည့်ရင်း ရင်ထဲမှာ ထိတ်ခနဲ ခုန်တယ် ။ ဟုတ်သားပဲ ၊ ဟုတ်သားပဲ ။ ဟိုလတုန်းကလဲ ငါ ဂရုမစိုက်မိဘူး ။ ခုလလည်း ရက်ကျော်လာပြီလေ ။
" ကျွန်မ.. ကျွန်မ .. နှစ်လ ရှိပြီ "
" အသေအချာပေါ့တော် ၊ ဗိုက်ရှိတာ "
" ဗိုက်ရှိတာ... "
စက်ဝိုင်းရင်တွေ တဒိတ်ဒိတ်ခုန်လာတယ်။ ရုတ်တရက် စက်ဝိုင်းထလိုက်တယ် ။
" ဟဲ့...ဘာဖြစ်တာလဲ ၊ ညည်းမှာ ယောကျ်ား ရှိလား "
" ရှိတာပေါ့ ၊ ချစ်ထူး တဲ့ "
" ဒါဖြင့် ပြီးတာပေါ့အေ "
မိန်းမတွေ အလျှိုလျှို ထသွားကြတယ် ။ အခန်းလူကြီးဆရာမက " တော်သေးတာပေါ့ ၊ သာတီးဒီမို့ သိပ်ကြာမှာ မဟုတ်လို့ ၊ ရက် ရှည်သမားဆို ဒီထဲမှာ မွေးဦးမယ် " တဲ့ ။
စက်ဝိုင်းရင်ထဲမှာ ချစ်ထူးကို သတိမရစဖူး ရလာတယ် ။ ချစ်ထူး ၊ ချစ်ထူးရေ... ငါတို့ ကလေးလေး ငါ့ဗိုက်ထဲမှာ ရောက်နေပြီတဲ့ ။ နင်နဲ့ငါက အဖေနဲ့အမေ လုပ်ရမှာ ၊ နင် ဝမ်းမသာဘူးလားဟင် ။ သည်ထဲက မြန်မြန်ထွက်ချင်လှပြီဟယ် ။ နင့်ကို ပြောပြချင်လှပြီ ။ နောက်ဆို နင့်စကားကို ငါနားထောင်ပါ့မယ် ။ အရက်လည်း ငါမသောက် ... အို... ဘုရား... ဘုရား , ခုမှ သတိရတယ် ။ စက်ဝိုင်း ဘာမှ နားမလည်ပဲနဲ့ ။ ကိုယ့်ဟာကိုယ် ဂရုမစိုက်ပဲနဲ့ အရက်သောက်တာ ။ အရက်ကြောင့် စက်ဝိုင်းဗိုက် တစ်ခုခုဖြစ်ခဲ့ရင် ဘယ့်နှယ်လုပ်မလဲ ၊ ဒုက္ခပါပဲ ။ စက်ဝိုင်း အမေလုပ်ချင်တယ် ။ အမေလုပ်ပြီး သမီးလေး မွေးပြီး

သမီးလေးကိုချစ်တဲ့အချစ်နဲ့ ၊ အမေက စက်ဝိုင်းကို ချစ်မယ့်အချစ်ကို နှိုင်းပြီး ကြည့်ချင်တယ် ။ ဘုရား သိကြားမလို့ စက်ဝိုင်းဗိုက် ဘာမှ မဖြစ်ပါစေနဲ့တော် ။
ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး ။ တသိမ့်သိမ့် ခံစားရင်းက စက်ဝိုင်းအိပ်ပျော်တယ် ။
ကျပ်ညပ်တွန်းထိုးပြီး အိပ်ရတဲ့ မိလ္လာချောင်မှာ စက်ဝိုင်း ကိုယ့်ဗိုက်ကိုယ် စမ်းကြည့်ရတာလည်း အမော ၊ ပွတ်ကြည့်ရတာလဲ အမော ။ ချစ်ထူးရယ် ၊ ငါ့ဖြစ်ပုံကို နင် မြင်စမ်းစေချင်တယ် ။
သည်တစ်ခါလွတ်ပြီး စက်ဝိုင်းတို့ အပြင် ပြန်ရောက်တော့ မိုးဖြိုင်ဖြိုင်ကျနေပြီ ။
စက်ဝိုင်း အင်မတန်ပြောချင်နေတဲ့ သတင်းကို ရုတ်တရက် မပြောနိုင်သေးပဲ ချစ်ထူးနဲ့ ပြန်တွေ့တွေ့ချင်း ပူပူပင်ပင်မေးမိတာက နေစရာလေ ။
" မိုးတွေ ရွာလာပြီ ချစ်ထူး ၊ မိုးရာသီရောက်ပြီ ၊ ငါတို့ ဘယ်မှာသွားနေကြမလဲ ဟင် "
" ဖောတံတားချောင်က နည်းနည်းတော့ လုံတယ် ။ ဒါပေမယ့် ပက်မိုးကျတော့ မရဘူး ၊ အကုန်ရွဲတာပဲ ။ ငါ အရင်တုန်းကတော့ မိုးတွင်းဆို ဖောတံတားပေါ်မှာ ခုတင်ငှားပြီး အိပ်တာပဲ ။ ခု တို့နှစ်ယောက်ဆိုတော့ မဖြစ်ဘူး ။ ဒီလို လုပ်မယ်ဟာ ၊ ဒီတစ်မိုးတွင်း သင်္ကန်းကျွန်းဘူတာမှာ သွားနေမယ် ။ အဲဒီမှာ ရထားတွေ ဆိုက်တယ် ။ ကုန်ထမ်းစားမှာပေါ့ "
" ဘူတာထဲမှာ ဟုတ်လား ၊ မိုးလုံလားဟင် ၊ ပြီးတော့ စီမံချက် မလာဘူးလား "
" စီမံချက်က မြို့ထဲတင်ဟ ၊ အဲဒီဘက် မရောက်ဘူး ။ မိုးတွင်းမှာလည်း စီမံချက်က သိပ်မရှိဘူး ။ အဲဒီသင်္ကန်းကျွန်းတို့ ၊ မလွကုန်းတို့ ၊ ကြည့်မြင်တိုင်တို့ ဘူတာကြီးတွေမှာ မိုးတွင်းဆို တို့လိုလူတွေ အကုန်ရောက်တာပဲ ။ ဘူတာကြီးတွေက အကျယ်ကြီးတွေ ၊ မိုးလုံလေလုံ ကောင်းမှကောင်းပဲ "
" အေး... အဲလိုဆိုလဲ ပြီးတာပဲ ၊ ဒီမှာ ချစ်ထူး ငါလေ ဗိုက်ကြီးနေပြီ "
နေစရာ စိတ်ချရတော့မှ စက်ဝိုင်း ကိုယ်ပြောချင်တာကို သတိရလာတယ် ။ ချစ်ထူးက မျက်လုံးပြူး မျက်ဆံပြူးနဲ့
" နင် ဗိုက်ကြီးနေပြီ ... ဟုတ်လား ၊ တကယ် ... "
" တကယ်ပေါ့ဟဲ့ ၊ ဘယ်လိုဖြစ်နေတာလဲ ... အထိတ်တလန့်နဲ့ ၊ နင်ဝမ်းမသာဘူးလား ။ ဘာလဲ ၊ နင်က နင့်ကလေး မဟုတ်ဘူးလို့ ထင်လို့လား "
စက်ဝိုင်းက ရုတ်တရက် စိတ်တိုလာပြီး ပြောချလိုက်တော့ ချစ်ထူးက ကပျာကယာနဲ့..
" မဟုတ်ပါဘူးဟာ... နင်ကလဲ ... ငါ အံ့သြသွားလို့ပါ ၊ နင်ဘယ်တုန်းက သိတာလဲ ဟင် .... "
" ထောင်ထဲမှာပေါ့ ၊ ငါ... မူးလဲသွားတာ.. "
ချစ်ထူးက စက်ဝိုင်းလက်တွေကို တယုတယ ဆုပ်ကိုင်တယ် ။
" ငါ ပိုက်ဆံရအောင် ရှာမယ်ဟာ ၊ နင်... ဘယ်တော့ မွေးမှာလဲ "
" ဆောင်းတွင်းလောက်ပေါ့ဟဲ့... ငါက ဘယ်မှာမွေးရမှာတုန်း ဟင်... "
" အေး... ဟုတ်သားပဲ .. "

ချစ်ထူးက ခဏငိုင်ပြီး စဉ်းစားနေရာက ဝမ်းသာအားရ ထအော် တယ် ။
" ငါသိပြီ ၊ ဆောင်းတွင်းဆို သိပ်ကောင်းတာပေါ့ ၊ ဟို... ပြည်ထောင်စု ပွဲချိန်နဲ့ ကိုက်ရင် ဟန်ကျပြီ ၊ အဲဒီပွဲကျရင် တို့ သာတီးဒီတွေ အကုန်လုံး အဲဒီမှာ သွားအိပ်ကြတယ် ။ ပွဲလဲ ကြည့်ရတယ် ၊ သိပ်ပျော်ဖို့ကောင်းတာ ၊ နင် အဲဒီမှာ မွေးလေ "
ချစ်ထူးက အားရပါးရ သဘောကျရယ်တော့ စက်ဝိုင်းမျက်နှာလည်း ပြုံးလာတယ် ။ ကြဲကြဲဖန်ဖန် ပြောတတ်တဲ့ ချစ်ထူး.. ။
" ငါလေ ချစ်ထူး.. အဲဒီပြည်ထောင်စုပွဲကို တစ်ခေါက်မှ မရောက်ဖူးဘူး "
" အဲဒီကျ နင်ရောက်မှာ ပေါ့ ၊ ကျိုက္ကဆံကွင်းကြီးထဲမှာ မီးရောင်စုံတွေ ၊ ပြခန်းတွေနဲ့ သိပ်ပျော်စရာကောင်းတာဟ ၊ သိလား "
ချစ်ထူးပြောနေတာကို စက်ဝိုင်း ငေးပြီး နားထောင်လို့ကောင်းနေတုန်းမှာပဲ ၊ တိတ်သွားတဲ့ မိုးက တစ်ဖွဲဖွဲ ပြန်ကျလာတယ် ။
" ငါတို့ သင်္ကန်းကျွန်းဘူတာကို ဘယ်တော့ သွားမလဲဟင် ချစ်ထူး "
" ဒီနေ့ပဲ သွားမှာပေါ့ ၊ ခဏနေ သွားမယ်လေ မြို့ပါတ်ရထားစီးသွားမယ် "
" ငါ မြို့ပါတ်ရထားလည်း မစီးဖူးဘူး ၊ နေဦး ချစ်ထူး ၊ အဲဒီမှာ အမေစိန်နဲ့များ တွေ့မလား မသိဘူးနော် ။ ငါ ဗိုက်ကြီးတဲ့ အကြောင်း သူ့ကိုပြောချင်တယ်ဟယ် ၊ မတွေ့တာ ကြာလှပြီ ဟဲ့ "
" အေး... အဘနဲ့ ငါနဲ့လဲ မတွေ့တာ ကြာပြီ ၊ အဘ မေးကြည့်ရင်တော့ သိမှာပဲ ၊ သင်္ကန်းကျွန်းမှာ တွေ့ချင်လည်းတွေ့မှာပေါ့ဟာ ၊ သူလည်း ပလက်ဖောင်းပေါ်မှာနေလို့ ဘယ်ဖြစ်မလဲ ၊ မိုးလုံရာ တစ်ခုခုသွားမှာပေါ့ "
" တွေ့ပါစေဟယ် ၊ ဒါဖြင့် ငါတို့ သွားကြစို့လေ "
နေရစ်ခဲ့ပေဦးတော့ ကီလီရေ ၊ စက်ဝိုင်းတို့ ပိုင်ဆိုင်သမျှ အထုပ်လေးကို ချစ်ထူးကဆွဲ ၊ စက်ဝိုင်းက နောက်ကလိုက်ရင်း တစ်နေရာပြောင်းဖို့ မြို့ပါတ် ဘူတာဆီကို ထွက်ခဲ့ကြတယ် ။ မိုးတဖွဲဖွဲကြားထဲမှာ မြို့ပါတ်စီးရတော့ စက်ဝိုင်း ပျော်လို့... ။ နေရာမရလို့ ရထားအပေါက်ဝမှာ နှစ်ယောက်သား ရပ်စီးကြရတယ် ။ ဘေးပါတ်ဝန်းကျင်ကို ငေးမောလိုက်လာတဲ့ စက်ဝိုင်းလက်တွေကို ဆွဲထားတဲ့ချစ်ထူးကို စက်ဝိုင်း ပြန်ကြည့်မိရင်း ချစ်ထူးကို ချစ်လာသလိုပဲ ။ တဂျုံးဂျုံး အရှိန်မြန်လာတဲ့ ရထားသံကြားမှာ စက်ဝိုင်း ချစ်ထူးကို အော်ပြောတယ် ။
" ဟိုမှာကျရင် ၊ နင် အရက်မသောက်ရတော့ဘူးနော် ချစ်ထူး "
" အံမယ် ... နင်ကတော့ရော "
" ငါ့ကလေး ဒုက္ခရောက်မှာကို ငါဘယ်တော့မှ မလုပ်ဘူး ၊ နင်လဲ မသောက်နဲ့ "
ကြည့်လေ... ချစ်ထူးက စပ်ဖြဲဖြဲနဲ့ မဖြေဘူး ။
" ပြော... နင်မသောက်ဖူးလား ၊ သောက်မှာလား "

" ..... "
" ပြောလေ "
" အေးပါဟာ... နင်ကလဲ ၊ မသောက်ဘူး ၊ မသောက်ဘူး ..... "
စက်ဝိုင်း ချစ်ထူးမျက်နှာကို စေ့စေ့ကြည့်တယ် ။ ပြီးတော့ ရထားသံ တဂျုံးဂျုံးကြားမှာ ပြတ်တောင်း ပြတ်တောင်း ပေါ်လာတဲ့ စက်ဝိုင်းရဲ့ ကျိန်စာတိုက်တဲ့ အသံ ။
" နင့်ကို ဘုရားစူး ၊ မိုးကြိုးပစ် ၊ မြွေကိုက် ၊ အရက်ပြန်သောက်ရင် နင်.... ငါတို့ သားအမိနဲ့ ရှင်ကွဲ သေကွဲ အကုန်ကွဲမှာ "
သင်္ဘောန်းကျွန်းဘူတာက အကြီးကြီးရယ် ။
လူတွေလည်း စည်တယ် ။ ဈေးသည်တွေလည်း စည်တယ် ။
စက်ဝိုင်းတို့လို အခြေမဲ့ အနေမဲ့ အိမ်မဲ့ယာမဲ့တွေကလည်း ခိုကပ်နေကြတာ အများကြီး ။ မိုးတွင်းဆိုတော့ သည်မှာ လာစုကြတာပေါ့ ။ ဘူတာရုံ ပလက်ဖောင်းတိုင်ခြေတွေမှာ ပလက်စတစ်လေးတွေ ၊ စောင်ပိုင်းလေးတွေ ၊ ပုဆိုးပိုင်းလေးတွေ ခင်းပြီး ထိုင်နေ၊ အိပ်နေကြတဲ့ သူတွေက အပုံကြီး ။ ဘူတာထဲမှာ ဘူတာအပြင်မှာ ပြေးလွှားဆော့ကစားနေကြတဲ့ ကလေးတွေ တချို့ကိုလည်း မြင်ရတယ် ။
မည်းညစ်ပေရေနေတဲ့ ကလေးဘဝ ၊ ပျော်ရွှင်ရယ်မောနေကြတဲ့ သာတီးဒီကလေး လေးတွေကို စက်ဝိုင်း ငေးကြည့်နေမိတယ် ။ အဖေအမေ သွားလေရာ ၊ အိပ်လေရာ ၊ နေလေရာကို နေပူမရှောင် မိုးရွာမရှောင် တပေပေနဲ့ လိုက်ရှာကြတဲ့ ဟာလေးတွေ ။ သင်းတို့လေးတွေ အတွက် အိမ်ဆိုတာ ဘယ်မှာလဲ ၊ ကစားစရာဆိုတာ ဘယ်မှာလဲ ။ အို... ဘာထူးလဲလေ ။ စက်ဝိုင်းရဲ့ သားလေးလား သမီးလေးလား ၊ သင်းကလေးလည်း သူတို့လေးတွေလို အိမ်မဲ့ ၊ ကျောင်းမဲ့ ကစားစရာမဲ့ ဘဝနဲ့ ကြီးပြင်းရှာရလိမ့်ဦးမယ် ။ ဘာပဲဖြစ်ဖြစ် အဖေအမေရင်ခွင်စုံမှာ ကြီးပြင်ခွင့်ရတာကိုက သူကလေးရဲ့ ကုသိုလ်ထူးကြောင့်လို့ပဲ မှတ်ယူရတော့မှာပေါ့ ။ စက်ဝိုင်းရော ချစ်ထူးပါ ဘယ်မှာ အမေနဲ့ ကြီးခဲ့ရလို့လဲ ။ ခုတစ်လော ဗိုက်ကြီးပြီဆိုမှ အမေ့ကို ပိုသတိရမိတယ်၊ ပိုတွေ့ချင်မိတယ် ။
အမေလည်း စက်ဝိုင်းလိုပဲ ခံစားရသလား၊ ဗိုက်ထဲက ကလေးအတွက် မမြင်ရခင်က အမျိုးမျိုးတွေတွေးပြီး စိတ်ပူပင်တာ ၊ ချစ်နေမိတာ ၊ စိုးရိမ်မိတာမျိုးတွေ ... စက်ဝိုင်းအမေလည်း ဖြစ်ခဲ့သလား.... ။
ပြီးတော့ စက်ဝိုင်းလို အမျိုးမျိုး ပူပင်တွေးတောရမယ့် ကိုယ့်အခြေအနေနဲ့ကိုယ် ထမင်းစားဖို့ပဲ ကြိုးစားရုန်းကန်နေရတော့ ကျန်းမာရေးလည်း ဂရုမစိုက်နိုင် ၊ အစားအသောက်လည်း မရွေးနိုင် ၊ အိပ်ရာနေရာလည်း မရွေးနိုင်ပဲ သည်ဗိုက်ကို မေ့ထားရတဲ့ အဖြစ်မျိုး အမေကြုံခဲ့ရသလား... ။
စက်ဝိုင်းကို အမေ ဘယ်မှာ မွေးခဲ့သလဲ ။
အမေ့ကို သတိရတိုင်း အမေစိန့်ကို သတိရမြဲမို့ ဘူတာရုံထဲကို စက်ဝိုင်းလှျောက်ကြည့်မိပြန်တယ် ။ ရောက်တဲ့နေ့က စက်ဝိုင်းရှာခဲ့တာ အမေစိန်ကို မတွေ့ပါဘူး ။ ဘယ်ဘူတာတွေများ သွားတယ်မသိဘူး ။ အေးလေ... သူကတော့ ကုန်တိုက်နဲ့ နီးတဲ့နေရာ သွားမှာပေါ့ ။ မြို့ပါတ်ရထား တစ်စင်း ဝင်လာတယ် ၊

ရန်ကုန်ဘက်ကလာတဲ့ ရထား ။ ရထားပေါ်က ဖိတ်အန်ကျလာတဲ့ လူတွေ ၊ ဈေးသည်တွေ ဘူတာရုံထဲမှာ ပြည့်လျှံသွားတာကို စက်ဝိုင်း ေးကောင်းကောင်းနဲ့ ေးကြည့်နေမိတယ် ။
ဆင်းတဲ့လူတွေ ၊ တက်တဲ့လူတွေ ဆူညံရှုပ်ထွေးနေတဲ့ကြားမှာ တွဲပြောင်းတက်ဖို့ ကြိုးစားနေတဲ့ တယောလေးတစ်လက်နဲ့ မျက်မမြင်လင်မယားလည်း လူတွေကြားမှာ တိုးဝှေ့လို့ ။ ခဏလေးပဲ ရပ်တဲ့ မြို့ပါတ်ရထားက အော်သံ ၊ ခေါ်သံ ၊ ဟစ် သံတွေကြားမှာ ငြိမ့်ခနဲလည်း စထွက်ရော...
ဟို မျက်မမြင်လင်မယား လူမတိုးနိုင်ပဲ ကျန်ရစ်ခဲ့ရှာပြီ ။ မျက်မမြင်လင်မယားက နှစ်ယောက်သား စမ်းစမ်း စမ်းစမ်း နဲ့ ဘူတာထဲ လျှောက်လာရင်း စက်ဝိုင်းနားလေးမှာ ဝင်ထိုင်ကြတယ် ။
" ဒီနေရာလောက်ဆို ရထားနဲ့ မဝေးပါဘူး နော် "
ယောက်ျားကြီးက ဖင်ကို ကောင်းကောင်းချမထိုင်နိုင်ပဲ ရထားနဲ့ ဝေးမှာကို စိုးရိမ်ပူပန်နေရှာတယ် ။ စက်ဝိုင်း က မနေနိုင်ပဲ...
" မဝေးဘူး... မဝေးဘူး... အနီးလေးရယ် "
စက်ဝိုင်းအသံကို မိန်းမကြီးက မှန်းဆ နားထောင်ရင်း...
" မိန်းကလေးလည်း ရထားနဲ့ လိုက်မှာလား " တဲ့ ။
" မလိုက်ပါဘူး အဒေါ်ရယ် ၊ ကျွန်မတို့က ဒီမှာနေတာပါ "
" သြော်... မိန်းကလေး တစ်ယောက်တည်းလား "
" မဟုတ်ဘူး ၊ ကျွန်မယောက်ျားနဲ့ "
" မိန်းကလေးရဲ့ မိဘတွေ ကရော "
စက်ဝိုင်းက " မရှိပါဘူး " လို့ တိုတိုတုတ်တုတ် ပြောလိုက်တုန်း ယောက်ျားကြီးက သူ့မိန်းမကို " ဘာတွေ လျှောက်မေးနေတာလဲ " တဲ့ ၊ ငေါက်တယ် ။ မိန်းမကြီးက ခဏငြိမ်သွားပြီး မျက်လုံးလေးတွေကို လက်ကလေးနဲ့ ကာရင်း...
" စိတ်မဆိုးပါနဲ့ သမီးရယ် ၊ ဘာရယ် ညာရယ်ကြောင့် မဟုတ်ပါဘူး ၊ အဒေါ်က သမီးရှူး ရှူး နေတာ ၊ မိန်းကလေး ငယ်ငယ် အသံကြားရင် အဒေါ်ေ့သမီးလေးပဲမှတ်တယ် ၊ အဒေါ်ေ့သမီးနဲ့ ငယ်ငယ်ကတည်းက ကွဲသွားတာ "
" ဟင် .. "
စက်ဝိုင်းရင်တွေ ဒိန်းခနဲ တုန်သွားတုန်းမှာပဲ ၊ မြို့ပါတ်ရထားဝင်လာပြီး ယောက်ျားကြီးက " လာမြန်မြန် " ဆိုပြီး ကပျာကယာ ထသွားကြတယ် ။
" ဒေါ်ကြီး... ဒေါ်ကြီး "
စက်ဝိုင်းလှမ်းတော့ ခေါ်လိုက်မိတယ် ။ စိတ်တပိုင်းကလည်း သည်မျက်မမြင် လင်မယားတော့ မဖြစ် နိုင်ပါဘူးလေ ဆိုတဲ့အတွေးနဲ့ ထိုင်ရာက မထမိဘူး ။ အိုး... ဒါပေမယ့် အမေ့အကြောင်းကို တွေးနေတုန်းမှာပဲ လာတွေ့ရတယ် ။

" စက်ဝိုင်း "
ချစ်ထူးက ရထားဆီကို တွေတွေကြီးကြည့်နေတဲ့ စက်ဝိုင်းဘေးမှာ ဝင်ထိုင်တယ် ။ ချွေးတွေ သံတွေ တရွှဲရွှဲနဲ့ ။
" ရော့ ၊ ငါးကျပ်တော့ရပြီ ။ ဈေးလေးထဲ သွားထမ်းတာ ၊ ပဲခူးလော်ကယ် ဝင်ရင်တော့ ပိုရမယ်တဲ့ ၊ ကုန်စိမ်းတွေ ပါမယ်လေ ၊ ဟ... စက်ဝိုင်း ၊ ငါပြောတာကြားလား ၊ နင် ဘာဖြစ်နေတာလဲ "
" အသာ နေစမ်းပါဟာ "
ချစ်ထူးက ဘုမသိ ၊ ဘမသိနဲ့ စက်ဝိုင်း ငေးရာကို လိုက်ကြည့်နေတုန်း ၊ မြို့ပါတ်ရထားက စ ထွက်တယ် ။ စထွက်တာနဲ့ လူသံ ဆူသံတွေကြားမှာ ချွဲချွဲနွဲ့နွဲ့ ပေါ်လာတဲ့ တယောသံနဲ့ လွမ်းစရာကောင်းတဲ့ သီချင်းသံ ။
...ခုနေ ရှုနေ ခုနေ... မောင်တို့ ၊ မယ်တို့ မိခင်တွေ ၊
မိခင်တွေ.. သားသမီးအပေါ်မှာ ထိုထို အနန္တ....
လိုအင်ဆန္ဒ... ပြည့်ရှာတဲ့... ဂုဏ်ကျေးဇူးတွေ
အချိန်တန်အရွယ်ရောက်ရင် ချစ်တဲ့သူတွေ ပေါင်းရစေဖို့
အာဝါဟရယ်.. ဝိဝါဟရယ် ... လူသိနတ်ကြား မင်္ဂလာဆောင်တာတွေ...
ကျောင်းဒကာ... ကျောင်းအမ ခေါ်တာတွေ ... အမှန်ပေ.... မွေးမေမေရဲ့
ဂုဏ်ကျေးဇူး အသချေ်......
မြို့ပါတ်ရထား ထွက်သွားတာနဲ့ စက်ဝိုင်း ချစ်ထူးဘက်ကို ဆတ်ခနဲ လှည့်လာပြီး...
" ချစ်ထူး ၊ အဲဒါ ငါ့အမေလား မသိဘူးနော် .. "
" ဘာ... "
ချစ်ထူးကတော့ မျက်ရည် တရွှဲရွှဲ နဲ့ ငိုစပြုနေတဲ့ စက်ဝိုင်းကို နားမလည်တဲ့ အကြည့်နဲ့ ၊ စိတ်ရှုပ်တဲ့ အကြည့်နဲ့... ။

အပိုင်း ၁၄

ရှာလိုက်တဲ့မိုးရယ် ၊ စက်ဝိုင်းသမီးလေး ချမ်းရှာတော့မှာပဲ ။ စူပုံ့နေတဲ့ ဝမ်းဗိုက်ကို စက်ဝိုင်း လက်နှစ်ဖက်နဲ့ ထွေးပွေ့ထားမိတယ် ။ ဒါကြောင့် စက်ဝိုင်းကို ချစ်ထူးက ပြောတာ ၊ ပိုတယ် အကဲပါတယ်တဲ့ ။
ပြီးတော့ စက်ဝိုင်းက " သမီးလေး သမီးလေး " နဲ့ ဗိုက်ထဲကို ခေါ်တာလည်း သူက မကျေနပ်ဘူး ။ သူက သားတဲ့လေ ၊ သားမှ တဲ့ ။ ဟင့်အင်း... စက်ဝိုင်းကတော့ သမီးမှ သမီး ။ စက်ဝိုင်း မခံစားခဲ့ရတဲ့ အမေ့မေတ္တာတွေကို တစ်ပြုံတစ်လှေကြီးရစေဖို့... စက်ဝိုင်း သမီးလေးကို မွေးမယ် ။ ဘယ်မှာပဲ နေရနေရ ၊ ဘာနဲ့ပဲ စားရစားရ ၊ စက်ဝိုင်း သမီးလေးမှာ ဖခင်နဲ့ မိခင် မေတ္တာတွေ အများကြီး ရစေရမှာပေါ့ ။
တဖြန်းဖြန်းရိုက်ခတ်ပြီး ဘူတာထဲကို စင်တဲ့ မိုးဖွားတွေကြောင့် အထုပ်ထဲက စောင်ပိုင်းလေးကိုထုတ်ပြီး ဗိုက်ပေါ်လွှမ်းခြုံထားလိုက်တယ် ။ ချစ်ထူးတစ်ယောက်ကတော့ ဘူတာဈေးလေးထဲမှာ မိုးစိုတာ ၊ ချမ်းတာကို ဂရုမစိုက် ၊ ပြေးဟယ် ၊ လွှားဟယ် ၊ ထမ်းဟယ် ၊ ပိုးဟယ်နဲ့ ချွေးတောင် ထွက်ချင်ထွက်နေမှာ ။
စက်ဝိုင်းကိုတော့ ဗိုက် သုံးလကျော်လောက် ပဲခူးလော်ကယ် အဆိုက်မှာ ကုန်ဝင်ရွက်ရင်း ချော်လဲပြီးကတည်းက ချစ်ထူးက မခိုင်းတော့ဘူး ။ စက်ဝိုင်းလည်း ကြောက်သွားတယ် ။
တော်ပါသေးရဲ့ ။ စက်ဝိုင်း ဗိုက် ပျက်မကျတာ ။ မိုး ချောချောမှာ ခေါင်းပေါ်က ကုန်စိမ်းတောင်းတွေကလည်း နင့်နေတာနဲ့တော့....လဲလိုက်ရင် မလွယ်ဘူး ။ ဒါတောင် စက်ဝိုင်း အလဲကောင်းလို့ ဒုက္ခမရောက်တာ ။ စက်ဝိုင်း သမီးလေးရဲ့ ကုသိုလ်ကံကြောင့်... ။
" အစ်မ ၊ ပဲခူးလော်ကယ် ဝင်တော့မယ် ၊ ကုန်မရွက်တော့ဘူးလား "
စက်ဝိုင်း ဆီကို စောင်းငန်း စောင်းငန်းနဲ့ " အပုလေး " ဆိုတဲ့ ကောင်လေး လျှောက်လာတယ် ။
ပဲခူးလော်ကယ်ကို ရွှစိ ရွှစိနဲ့ မျှော်နေကြတဲ့ သူတွေကြားထဲမှာ အသက်အရွယ်နဲ့ မလိုက်အောင် ပုနေရှာတဲ့ သူ့အရပ်ကလေးနဲ့ သူက ဘာလုပ်ရတယ် မသိ ။ ခါးချည့်လေး ၊ ကျောကုန်းမှာ ဘုလေးနဲ့ အပုလေးက ကုန်များထမ်းဦးမလို့လား မသိပါဘူး ။
" နင်က ကုန်ထမ်းမလို့လား အပုလေးရဲ့ ၊ ငါတော့ မရွက်တော့ဘူး ၊ ငါ့ယောကျ်ား ထမ်းလိမ့်မယ် "
အပုလေးက ခေါင်းကိုခါပြရင်း စက်ဝိုင်းဘေးမှာ ဝင်ထိုင်တယ် ။ ကြုံလှီသေးကွေးလှတဲ့ အပုလေး ခန္ဓာကိုယ်လေးက ထိုင်လိုက်တော့ ပိုပုဝင်သွားလိုက်တာ ။ အသက်က ဘာရှိဦးမှာလဲ ၊ ဆယ့်သုံးနှစ်လောက် ရှိဦးမှာ ။ သက်နိုးကျွန်းဘူတာရုံရဲ့ အိုးမဲ့ အိမ်မဲ့ မိဘမဲ့ ကလေးလေး ။
ဘူတာထဲက ကွမ်းယာဆိုင်ကနေ ကျွေးမွေးပြီး ၊ လက်တိုလက်တောင်းလေးတွေ ခိုင်းတယ် ။ ညလည်း ကွမ်းယာဆိုင်ဘေးမှာ စောင့်အိပ်ပေါ့ ။ သူ့ကို သူ့အမေက သုံးနှစ်သားလေးမှာ သည်ဘူတာရုံထဲ ပစ်ထားခဲ့တာတဲ့ ။ သည်လိုနဲ့ ဟိုကကျွေး သည်ကကျွေးနဲ့ ကြီးပြင်းလာရင်း ရှစ်နှစ်ကိုးနှစ် အရွယ်နဲ့ မမျှတဲ့ ကုန်တွေကို ထမ်းရပိုးရတာနဲ့ ဒဏ်သင့်ပြီး လူစဉ်မမှီဖြစ်သွားရတာတဲ့ ။ စက်ဝိုင်းကတော့ အမေပစ်သွားတဲ့

ဘ၀တူ အပုလေးကို သိပ်သနားတာပဲ ။ ပြူးကျယ်ဝိုင်းစက်ပြီး အပြစ်ကင်းတဲ့ အပုလေးရဲ့ မျက်လုံးပြူးလေးတွေဟာ အမြဲတမ်း ညှိုးမှိန်နေတတ်တယ် ။
" အစ်မ... အစ်မ ... ယောက်ျားရော ... ဘယ်... ဘယ်မလဲ "
အပုလေးရဲ့စကား ထစ်ထစ် ထစ်ထစ်နဲ့ ဂရုတစိုက် မေးနေတာကို စက်ဝိုင်းပြုံးပြီး ဈေးလေးဘက် မေးငေါ့ပြရတယ် ။
" ဈေးလေးမှာ ကုန်သွားထမ်းနေတယ် ၊ လော်ကယ်ဝင်ခါနီး သူပြေးလာမှာပေါ့ ၊ ဟော.. ဟိုမှာ လာနေပြီ ၊ ဦးဘိုကြီးနဲ့ နှစ်ယောက် "
ဈေးလေးဘက်ကနေ လျှောက်လာနေတဲ့ ချစ်ထူးနဲ့သည်ဘူတာထဲနေတဲ့ ဦးဘိုကြီးဆိုတဲ့ လူကြီးကို အပုလေးက ခုန်ဆွခုန်ဆွနဲ့ မတ်တပ်ရပ်ပြီး လက်ယပ်ပြ လှမ်းခေါ်နေတယ် ။ အပုလေးကြည့်ရတာ ပျော်နေတဲ့ပုံ ။ လူက ခုန်ဆွ ခုန်ဆွနဲ့ ၊ မျက်လုံးတွေကလည်း ဂနာမငြိမ်ဘူး ။
" ဟော့ကောင် အပုလေး ၊ ဘာဖြစ်နေတာလဲ ၊ လော်ကယ် ဝင်တော့မယ်ဆိုရင် မင်း ဂနာမငြိမ်ဖြစ်ပြီ ။ ပြီးတော့မှ .. တောင်လုပ်မြောက်လုပ်တွေ လုပ်လိမ့်မယ် ၊ မင်းနော်.... နာမယ် "
စက်ဝိုင်းတို့နားကို ရောက်လာတဲ့ ဦးဘိုကြီးကို ကြည့်ပြီး အပုလေး မျက်နှာမဲ့သွားတယ် ။ မကျေနပ်တဲ့ ပုံစံနဲ့ ဆတ်ခနဲမတ်တပ်ထရပ်ပြီး စက်ဝိုင်းတို့နားက ထပြေးသွားတယ် ။
" ဟော့ကောင် ၊ ပါးစပ်က ပွစိပွစိလုပ်မသွားနဲ့နော် ၊ ငါလိုက်ပြီး ကုပ်ချိုးသတ်ပစ်လိုက်မယ် ၊ ဘာမှတ်လဲ "
အပုလေးကတော့ ဦးဘိုကြီးကို လှည့်တောင်မကြည့်တော့ဘူး ၊ တစ်ချိုးတည်း ပြေးပြီ ။
" ဦးဘိုကြီးကလဲ မလုပ်ပါနဲ့ သနားပါတယ် ၊ သူခမျာ လူတိုင်းကို ကြောက်နေရှာတာ ၊ လူစဉ်ကမမှီနဲ့ ၊ အေးလေ... ကိုယ့်အမေနဲ့ ကိုယ့်သားဆို ဒီလိုဘယ်ဖြစ်မလဲ "
" လာပြီ... သူ့ရောဂါက တစ်မျိုး "
ချစ်ထူးက စက်ဝိုင်း ဗိုက်ပေါ်က ပုဆိုးပိုင်းနဲ့ ချွေးနဲ့မိုးရေ ရောနေတာတွေကို သုတ်ရင်း စက်ဝိုင်းကို မကျေမနပ်ပြောတယ် ။ စက်ဝိုင်းကတော့ ဗိုက်စရှိပြီဆိုကတည်းက အမေကိုပိုင်တ်လာသူပီပီ ချစ်ထူးကို ဂရုမစိုက်ပဲ..
" အပုလေးလဲ ငါ့လိုပဲ အမေတွေ့ချင်ရှာမှာပဲနော် ၊ တွေ့များတွေ့ရင် ဘယ်လောက်များ ပျော်လိုက်မလဲ "
ဦးဘိုကြီးက စက်ဝိုင်းကို နားမလည်သလို မျက်မှောင်ကျုံ့ကြည့်ရင်း ပါးစပ်ထဲငုံထားတဲ့ ကွမ်းဖတ်တွေကို ဖွီးခနဲ ထွေးထုတ်တယ် ။
" ဟ.... အပုလေးက သူ့အမေနဲ့ ခဏခဏတွေ့နေရတာပဲ ဥစ္စာ ၊ ဘာဆန်းလို့လဲ "
"ဟင်... ဘာရယ်.. ဦးဘိုကြီး "
" ဩော်... နင်ကပြောလို့ပါ ၊ သူ့အမေတွေ့ချင်ရှာမှာပဲဆိုလို့ ၊ အပုလေးနဲ့ သူ့အမေတွေ့နေတာပဲလို့ ပြောတာ "
" ဟင်... ဟုတ်လား၊ ဘယ်မှာလဲ သူ့အမေက ၊ သူ့ကိုတွေ့တော့ ဝမ်းမသာဘူးလား ၊ ပြန်မခေါ်သွားဘူးလား "

စက်ဝိုင်းကသာ မျက်လုံးပြူးမျက်ဆံပြူးနဲ့ အထိတ်တလန့်မေးနေပေမယ့် ဦးဘိုကြီးကတော့
အေးအေးဆေးဆေးပဲ လော်ကယ်ဝင်မဲ့ဘက်ကို မျှော်ကြည့်ရင်းက...
" ဘာလို့ပြန်ခေါ်ရမှာလဲ ၊ အစကတည်းက မကျွေးနိုင်လို့ ပစ်ခဲ့တာပါဆိုနေမှ ၊ အပုလေးအမေက နှစ်ရက်ခြား
သုံးရက်ခြား တစ်ခါ ဟိုလော်ကယ်နဲ့ ကုန်စိမ်းရောင်းဖို့ ပါပါလာတတ်တယ် ။ အပုလေးကလည်း
အပုလေးဘာသာနေပေါ့ ၊ သူကလည်း သူ့ဟာသူ ရောင်းချပြီး ပြန်တာပဲ ။ ကောင်မလေးကိုကြည့်ရတာ
တော်တော်လည်း ဆင်းရဲပုံရပါတယ် ၊ နောက်မွေးထားတဲ့ သားသမီးတွေကလည်း ရှိသေးတယ် ဆိုလား
မသိပါဘူး "
" အပုလေးက သူ့အမေမှန်း သိလားဟင် ၊ အမေကလဲ အပုလေးကို သိတယ် မဟုတ်လား "
" ဟော ... ချစ်ထူးရေ ... လာပြီပေါ့ ပဲခူးလော်ကယ် ၊ စက်ဝိုင်း နင်သိချင်ကြည့်နေ ၊ အပုလေးတို့
အမေပါလာရင် အပုလေးတို့ သားအမိ ဘယ်လိုဖြစ်တယ်ဆိုတာ မြင်ရလိမ့်မယ် ၊ လာဟေ့... ချစ်ထူး "
ဦးဘိုကြီးနဲ့ ချစ်ထူးတို့ နှစ်ယောက်သား တလိမ်လိမ်နဲ့ ဝင်လာတဲ့ ပဲခူးလော်ကယ်ဆီကို ပြေးကပ်ကြတယ် ။
ခဏမှာတော့ စက်ဝိုင်း အပုလေးကို မေ့ပြီး ချစ်ထူး ရထားပေါ် ဘေးကင်းရန်ကင်း ရောက်မရောက်
စိုးရိမ်တကြီး ကြည့်မိသေးတယ် ။ ကုန်စိမ်းတွေနဲ့ ပြည့်ကျပ်သိပ်နေတဲ့ ရထားပေါ်ကို အပြာဝတ်ဘူတာ
အလုပ်သမားတွေနဲ့ ချစ်ထူးတို့ ဦးဘိုကြီးတို့လို ဘောက်ထမ်းသမားတွေက
ရောနှောလုယက်တက်နေကြတယ် ။ ဘောက်ထမ်းသမား အများစုဟာ စက်ဝိုင်းတို့လို
သာတီးဒီသမားတွေချည်းပဲ ။ ချစ်ထူးတို့ဟာ ဘယ်တော့များမှ တရားဝင် အစည်းအရုံးဝင်
အလုပ်သမားဘဝနဲ့ စိတ်အေးချမ်းသာ ကုန်ထမ်းရမှာပါလိမ့် ။
ထမ်းဖို့ ကုန်ရအောင်လဲ ရှာရသေးတယ် ၊ အပြာဝတ် အလုပ်သမားအစစ်တွေနဲ့ တွေ့မှာကိုလဲ
ကြောက်ရသေးတယ် ။ ဘောက်ထမ်းသမားတွေက ဘယ်နေရာမှာဖြစ်ဖြစ် သည်လိုလူမျိုးတွေကို
ချစ်ထူးကြုံနေရဦးမှာပဲနော် ။ ဘာပဲ ပြောပြော သည်နေ့အဖို့မှာတော့ ချစ်ထူးတစ်ယောက် အနှောင့်အယှက်
ကင်းကင်းနဲ့ ကုန်ထမ်းနိုင်ပါစေ ။
ပိုက်ဆံရပါစေ ၊ များများရပါစေ ။ စက်ဝိုင်းတို့ ထမင်းစားဖို့အတွက် သမီးလေးအတွက် ။ ဟော ဟိုမှာ
ကြည့်စမ်း အပုလေးရယ် ၊ ရထားတွဲတွေဘေးမှာ ပျာယာခတ်လို့ ၊ သူ့အမေကို ရှာနေတယ် ထင်တယ် ။
စက်ဝိုင်း အပုလေးကို မျက်တောင် မခတ်လိုက်ကြည့်နေမိတယ် ။ ရထားတွဲတစ်တွဲ တစ်နေရာရောက်တော့
အပုလေးတုန့်ခနဲ ရပ်တယ် ။ တွေ့ပြီလားမသိ သူ့အမေကို ။
အပုလေးရပ်နေတဲ့ ရထားတွဲ တံခါးပေါက်က ကုန်စိမ်းတောင်းတွေနဲ့ မိန်းမတွေ ဒရောသောပါး
ဆင်းလာကြတယ် ။ သူတို့နားမှာလည်း ဘောက်ထမ်းသမားတွေ ဝိုင်းလို့ ။ အဲသည်ထဲက အနွမ်းညစ်ဆုံး
မိန်းမတစ်ယောက်က ပဲသီးအထုပ်ကြီးတစ်ထုပ်ကို ခေါင်းပေါ် စွေ့ခနဲနေအောင် ရွက်လိုက်တယ် ။
ကြည့်စမ်း... အဲသည်မိန်းမကို အပုလေး မျက်တောင်မခတ်ကြည့်နေတာပဲ ။ အဲသည်မိန်းမဟာ

အပုလေးအမေထင်ပါရဲ့ ။ ဟုတ်မှာပါ ၊ ပြူးပြီးဝိုင်းစက်နေတဲ့ အဲသည်မိန်းမရဲ့ မျက်လုံးတွေဟာ အပုလေး မျက်လုံးတွေနဲ့ တစ်ထေရာတည်းပဲ ။
အဲသည်မိန်းမ အထုပ်တစ်ထုပ်ရွက်၊ အထုပ်တစ်ထုပ်ဆွဲပြီး ဈေးလေးဘက် လျှောက်သွားတဲ့နောက်ကို အပုလေး တဖြည်းဖြည်းချင်း လျှောက်လိုက်သွားတယ် ။ ဘူတာဈေးလေးထိပ်အထိ အနောက်ကနေ သူ့အမေကို မျက်တောင်မခတ်ကြည့်ရင်း အပုလေး လိုက်သွားတယ် ။ ဈေးလေးထိပ်လဲရောက်ရော ချာခနဲလှည့်ပြန်လာပြီး ဘူတာရထားသံလမ်းဘေးကို အပုလေးဆင်းတယ် ။
" ဟဲ့... အပုလေး... အပုလေး "
စက်ဝိုင်းက လှမ်းခေါ်ပေမယ့် အပုလေး ဂရုမစိုက် ၊ သူ့မျက်နှာက စူပုပ်ပြီးစိတ်ဆိုးနေတဲ့မျက်နှာ ။ ရထားသံလမ်းဘေးမှာထိုင်ပြီး သူဘာလုပ်နေတာလဲ ။ စက်ဝိုင်း ထပြီးရပ်ကြည့်လိုက်တော့ ပလက်ဖောင်းပေါ် ပြန်တက်လာတဲ့ အပုလေးရဲ့ ပုဆိုးခါးပိုက်ထောင်ကြီးထဲမှာ ကျောက်ခဲတွေအပြည့် ။
" အပုလေး... ငါပြောမယ် ၊ ဒီကို လာပါဦးလို့ဆို "
စက်ဝိုင်းဘယ်လောက်ခေါ်ခေါ် အပုလေးက ဂရုမစိုက်ဘူး ။ သူ့ ကျောက်ခဲခါးပိုက်ကြီး မနိုင့်တနိုင်နဲ့ ဈေးလေးဘက်အထိလျှောက်နေတယ် ။ အပုလေး ဘာလုပ်မှာပါလိမ့်.... ။
ဘူတာထိပ် ၊ ဘူတာရုံအပြင်ရောက်နေတော့ အပုလေးက ရပ်နေတယ် ။ မလှုပ်မယှက် ၊ ငြိမ်ငြိမ်သက်သက် ။ ဒါပေမယ့် ၊ ခဏနေလို့ ဟိုမိန်းမ သူ့အမေဈေးလေးထိပ်မှာလည်း ပေါ်လာရော အပုလေး စက်ရုပ်တစ်ရုပ်လို လှုပ်ရှားလာတယ် ။ ပါးစပ်က ဘာတွေလည်းမသိဘူး ဗလုံးဗထွေးအော်ပြီး ခါးပိုက်ထဲက ခဲတွေနဲ့ သူ့အမေကို တရစပ် ပစ်ပေါက်တော့တာပဲ ။
" ဟဲ့..ဟဲ့.. ကောင်လေး မလုပ်ပါနဲ့ဟဲ့ ၊ သူများတွေမှန်လိမ့်မယ် ၊ သြော်... အပုလေးဟာလေ "
အပုလေးအမေက အော်ရင်းဟစ်ရင်း ရှောင်တိမ်းပြီးပြေး ၊ အပုလေးက နောက်ကလိုက်နဲ့ဟာ ဘူတာတစ်ခုလုံး ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားတယ် ။ စက်ဝိုင်းကတော့ အံ့သြတကြီးနဲ့ အပုလေးတို့နောက်ကို ပြေးလိုက်ပြီး ကြည့်တယ် ။ ဘုရား...ဘုရား... ဦးဘိုကြီးပြောတဲ့ သူတို့သားအမိ အဖြစ်ဆိုတာ ဒါပဲ ထင်ပါရဲ့ ။
" ဟောဒီ သေနာလေးဟာလေ ဒီလိုချည်းပဲ ၊ မအေလာရင် ကောင်းကောင်းကိုမနေရဘူး ၊ ဟိုတစ်ခါလည်း ခေါင်းပေါက်ပြီးပြီ ရှုးများရှူးနေလားလဲ မသိပါဘူးတော် "
ဘေးနားက ဈေးသည်မိန်းမတစ်ယောက် အပုလေးကို မဲ့ရွဲ့ပစ်တင်နေတုန်း အပုလေးပြန်ရောက်လာတယ် ။ ကျောက်ခဲမရှိတော့တဲ့ ခါးပိုက်ကြီးတွဲလောင်းနဲ့ ။ မျက်နှာတွေက နီရဲပြီး မိုးရေတွေကရွဲလို့ ။ အံကိုလည်း အားရပါးရကြိတ်ထားလိုက်သေးတယ် ။ ပြီးတော့ ဘူတာရုံထဲက ဆိုင်တစ်ဆိုင်မှာ မောမောပန်းပန်းနဲ့ မှီထိုင်ချတယ် ။ ဈေးသည်မကြီးက အပုလေးကို မျက်စောင်းထိုးရင်း...
" ဟဲ့.. ကောင်လေး ထုလို့အားရခဲ့ပလား ၊ မအေကို အဲလို ကျပ်ကျပ်လုပ် ၊ နင် ကံကြီးထိုက်လိမ့်မယ် ။ ကြားလား ၊ ခု နင့်အမေကို မှန်သွားသေးသလား "
အပုလေးက ပေစောင်းစောင်းနဲ့ မဖြေပဲ မျက်တောင်တွေကိုသာ တဖျပ်ဖျပ်ခတ်နေတယ် ။

"ကဲ... နင့်အမေ မျက်လုံးတွေဘာတွေ မှန်ပြီး ကန်းသွားရင် ၊ သေသွားရင် ဘယ့်နှယ့်လုပ်မလဲ .. ဟင် "
ဈေးသည်မိန်းမကြီးကို အပုလေး သေချာစိုက်ကြည့်ရင်း မျက်ရည်တွေ စီးကျလာတယ် ။
" ဒါပဲ ၊ လုပ်ပြီးရင်တော့ ငိုပါပြီ ၊ ရွှေမျက်ရည် တစိုစိုနဲ့ "
အပုလေးကတော့အားရပါးရ ရှိုက်ကြီးတငင် အသံထွက်ပြီး ငိုနေပါပြီ ။ ပါးစပ်က ဗလုံးဗထွေးထွက်လာတဲ့ အသံက " အမေ... အမေ " တဲ့ ။ အို .. အပုလေးရယ် ၊ ဖြစ်မှ ဖြစ်ရလေ ။ အပုလေးကို ကြည့်ရင်း စက်ဝိုင်းငိုချင်လာတာနဲ့အမျှ စက်ဝိုင်းရင်ထဲက အနှစ်နှစ်အလလ မျှော်လင့်နေမိတဲ့ " အမေ " ဆိုတဲ့ မျှော်လင့်ချက် တောင်ကြီး တအိအိနဲ့ ပြိုကျပျက်စီးလို့ သွားခဲ့ပါပြီ ။
" ငါ့အမေနဲ့ ပြန်တွေ့ရင် အပုလေးတို့ သားအမိလို ဖြစ်မှာလားဟင်... ချစ်ထူး ၊ ငါ့အမေကလဲ အပုလေးလိုပဲ ၊ ငါ့ကို မလိုချင်လို့ ပစ်ထားခဲ့တာနေမှာပါဟယ် "
" ကဲ .. ထပ်ငိုချင်သေးလို့လား ၊ တစ်ညနေလုံးလည်း ဒါချည်းပဲ ၊ ကဲဟာ... နင့်အမေက နင့်ကို မလိုချင်လို့ ပစ်ခဲ့တော့ ငါကလိုချင်လို့ယူလိုက်ရော ရှင်းရော ၊ ဟုတ်ပြီလား "
" သွားစမ်းပါဟာ "
ချစ်ထူးတစ်ယောက် ဒီည အာသွက်နေတာကိုတောင် စက်ဝိုင်း ဂရုမစိုက်နိုင်ပဲ သက်ပြင်းတွေကို ချမိတယ် ။သက်န်းကျွန်းဘူတာရုံ ပလက်ဖောင်းတွေပေါ်မှာ အစီအရီလဲလျောင်းနေကြတဲ့ အိမ်မဲ့ယာမဲ့တွေနဲ့ စည်ကားစ ပြုနေပြီ ။ ပလက်ဖောင်းပေါ်မှာ ထိုင်တချို့ ထတစ်ချို့ ကိုယ့်အိပ်ရာလေးတွေကို ခင်းနေကြပြီ ။ မီးရောင်မှိန်မှိန်အောက်မှာ စက်ဝိုင်းတို့ သာတီးဒီတွေ အရောင်အဆင်းက ပိုပြီးညစ်ထေးနေသလိုပဲ ။
" အပုလေးတို့ သားအမိနှစ်ယောက် ဘာလို့ ဒီလိုဖြစ်ရတာပါလိမ့်နော် ၊ အပုလေးက သူ့အမေကို မချစ်ဘူးလား ၊ သူ့အမေကကော အပုလေးကို မချစ်ဘူးလား "
စက်ဝိုင်း မပြီးနိုင် မစီးနိုင်ညည်းညူနေတာကို ချစ်ထူးကတော့ အရေးမလုပ်တော့ပဲ ငြိမ်နေတယ် ။ စက်ဝိုင်းတို့ကတော့ ဘေးနားကပ်အိပ်နေတဲ့ ဦးဘိုကြီးကသာ ကွမ်းမြုံ့နေရာက..
" အဲဒီလို ဖြစ်နေကြတာပဲဟေ့ ၊ ချစ်တာတွေ မချစ်တာတွေတော့ မသိဘူး ၊ ငါဆို ဘယ့်နှယ့်လုပ်မလဲ ငါ့မှာ သားသမီးတွေ ရှိတာပဲ ၊ သုံးယောက် ၊ ရန်ကုန်မှာ နှစ်ယောက် ၊ နယ်မှာတစ်ယောက် ။ သူတို့လည်း ငါ့ မခေါ်ထားနိုင်ဘူး ၊ ငါလဲ မနေချင်ဘူး ၊ သူတို့မှာ တစ်နေ့လုပ် တစ်နေ့စားဘဝနဲ့ မလောက်နိုင်တဲ့ သူတို့ ထမင်းခွက်ထဲ ဝင်မနှိုက်ချင်ဘူး ။ ကိုယ့်ဘာသာကို ရှာစားပြီး ဒီလိုနေလိုက်တော့လဲ အေးတာပဲ "
စက်ဝိုင်း ဦးဘိုကြီးကို မယုံနိုင်သလို ငေးကြည့်မိတယ် ၊ အကွက်မပေါ်တော့တဲ့ ပုဆိုး ၊ ကြေးအထပ်ထပ်ညစ်တင်နေတဲ့ ဆွယ်တာအစုတ်အပြတ်ကြီးနဲ့ သန်သန်မာမာရှိလှတဲ့ သည်အဘိုးကြီးမှာ သားသမီးတွေ ရှိတယ်ဆိုတာ တကယ်ပဲလား ။
" ဦးဘိုကြီး မိန်းမကကော ဘယ်မှာလဲ ၊ သားသမီးတွေဆီမှာလား "
" မဟုတ်ပေါင်ဗျာ ၊ မနှစ်ကမှ ဒီထဲမှာတင် သေသွားတာ ၊ မရမ်းသီးတောင်း အလေးကြီးရွက်လိုက်တာ ဇက်ကျိုးပြီးသေတာ ၊ ငါတို့ လင်မယား နှစ်ယောက်လုံး ဘယ်သားသမီးမှ အားမကိုးဘူး ။

တောက တက်လာကတည်းက ဟိုနားနေ ဒီနားနေနဲ့ သားသမီးတွေအရွယ်ရောက်ပြီး သူ့ဟာသူတွေလဲ ဖြစ်ရော ငါတို့လင်မယား ဒီပဲ လာနေလိုက်တာပဲ "
ဦးဘိုကြီးရဲ့စကားတွေဟာ စက်ဝိုင်းရင်ထဲက မှုန်မှေးမှေးကျန်နေသေးတဲ့ အမေဆိုတာလေးကို လွင့်ထွက်သွားအောင် လုပ်နေသလိုပဲ ။ စက်ဝိုင်းတို့အတွက် အဖေဆိုတာဘာလဲ ၊ အမေဆိုတာဘာလဲ ၊ မိဘမေတ္တာဆိုတာ ဘာလဲ.... ။
" ဟော ၊ အပုလေးတို့ကတော့ သွားပဟေ့ ရုပ်ရှင် ၊ ဒီကောင်က ရုပ်ရှင်တော့ အတော်ဝါသနာပါတဲ့ ကောင် "
ဦးဘိုကြီးစကားဆုံးတာနဲ့ စက်ဝိုင်းဘေးမှာ လှဲအိပ်နေတဲ့ ချစ်ထူးက ကပျာကယာ ထထိုင်တယ် ။
" ဟေ့... စက်ဝိုင်း လာ ၊ တို့လဲ ရုပ်ရှင်သွားကြည့်မယ် ၊ ဆေးရောင်စုံကားတဲ့ဟ ၊ ကောင်းမှာ လာဟာ "
" အို... မကြည့်ချင်ပါဘူး ၊ ပိုက်ဆံ ကုန်ကကုန်နဲ့ ၊ ငါ့မှာ ပိုက်ဆံ နှစ်ကျပ်ပဲရှိတယ် "
" ရပါတယ်ဟ ၊ သုံးမတ်တန်းက ကြည့်မှာပေါ့ ၊ တစ်ကျပ်ခွဲပဲ ကုန်မှာ ၊ ကျန်တဲ့ငါးမူး ၊ နေကြာစိ ဝယ်စား ၊ ပြတ်နေတာပဲ "
"ဟင်း... တယ်တတ် "
စက်ဝိုင်း ချစ်ထူးကို မျက်စောင်းထိုးပစ်လိုက်တယ် ။
" သွားချင် သွားကြည့်ကြလေ ၊ နင်တို့အိပ်ရာ ငါကြည့်လိုက်ပါ့မယ် "
ဦးဘိုကြီးကလည်း ဝင်ပြောပေးရော ၊ ချစ်ထူးက စက်ဝိုင်းလက်ကို အတင်းဆွဲတော့တာပဲ ။
" လာပါဟ... မိန်းမရ ၊ ရုပ်ရှင်ကြည့်လိုက်ရင် နင်ငိုချင်နေတာတွေ ပျောက်သွားမှာပါ ၊ လာ "
" ကဲပါ .. ဖယ်စမ်းပါ ၊ သွားစမ်းပါ ၊ ပိုက်ဆံလေး တစ်မတ်ပိုပို ငါးမူးပိုပို စုထားမလို့ ဆိုနေမှ ငါမွေးတော့ ဘာတွေညာတွေ ဝယ်ရဦးမှာဟဲ့ ၊ သိရဲ့လား "
သူ့နောက်လိုက်လာရင်း ပါးစပ်ကပွစိပွစိ လုပ်နေတဲ့ စက်ဝိုင်းကို ချစ်ထူးကတော့ တဟဲဟဲ ရယ်ရင်း " နောက်နေ့တွေ ပိုက်ဆံရဦးမှာပါဟာ " တဲ့ ။
ရထားသံလမ်းကို ကျော်ပြီး တောင်ဘက်ကို နည်းနည်းလျှောက်လိုက်တာနဲ့ ရုပ်ရှင်ရုံက သီချင်းဖွင့်တဲ့အသံကို ကြားနေရပြီ ။ ရထားဘူတာနဲ့ ရုပ်ရှင်ရုံက နီးနီးလေးရယ် ။ သည် သင်္ဘောက်နားဘူတာထဲ မိုးလာခိုရတာ ၊ တစ်ခုတော့ ကောင်းတယ် ။ ညဘက်ကျ ရုပ်ရှင် နီးနီးနားနားကြည့်လို့ရတယ် ။ အပုလေးကတော့ ညတိုင်းနီးပါးပဲ ၊ သူ့ကိုတော့ ရုပ်ရှင်ရုံဝန်ထမ်းတွေက သနားပြီး ပိုက်ဆံမယူကြဘူး ။ ကြည့်ချင်တဲ့အချိန် ဝင်ကြည့်ပဲ ။ ဒါပေမယ့် အပုလေးက တကယ့်မာနအိုးလေး ၊ ရုပ်ရှင်ရုံပေါက် ဝင်ခါနီးပြီဆို အမြဲ ပိုက်ဆံပေးတယ် ။ ဟိုက လူတွေက " မယူဘူး ၊ ဝင် " ဆိုမှ ဝင်တာ ။ အပုလေးက ပိုက်ဆံနဲ့ ပက်သက်လို့ကတော့ သိပ်သစ္စာရှိတဲ့ ကလေးလေး ။ ဆိုင်ပိုင်ရှင်က ဈေးဝယ်ခိုင်းလဲ ပိုက်ဆံကို တစ်ပြားမလိုစေရဘူး ။ တစ်ပြားခိုးမထားဘူး ။ အတိအကျ အပ်တယ် ။ ပိုက်ဆံကို တောင်းလဲ မတောင်းဘူး ၊ ပေးမှယူ ၊ ကျွေးမှစားတဲ့ ကောင်လေး ။

ချစ်ထူးက လက်မှတ်ရုံပေါက်ဝမှာ သုံးမတ်တန်း နှစ်စောင်ဝယ်ပြီး ကျန်တဲပိုက်ဆံနဲ့ စက်ဝိုင်းကြိုက်တဲ့ ဇီးထုပ် ဝယ်ပေးပါတယ် ။ သူက ဆေးပေါ့လိပ် တစ်လိပ်ဝယ်တယ် ။
"ဆေးလိပ်က ဘာကိစ္စ ဝယ်ရတာလဲ ၊ ရုံထဲမှာ ဆေးလိပ်မသောက်ရဘူးဆို "
" ရပါတယ်ဟ ၊ မပြခင် သောက်မှာပေါ့ "
" ဒဏ်တပ်နေဦးမယ်နော် " လို့ ပိုက်ဆံတစ်ပြားမှ မရှိတော့တဲ့ စက်ဝိုင်းက စိုးရိမ်နေပေမယ့် တော်သေးရဲ့၊ ရုံပေါက်စောင့်တဲ့လူကြီးက ချစ်ထူးဆေးလိပ်ခဲလာတာကို ဘာမှ မပြောလို့ ။
" အစ်မ... အစ်မ .. ဒီကိုလာ "
သုံးမတ်တန်းမှာ အစွင့်သားထိုင်နေတဲ့ အပုလေးက စက်ဝိုင်းတို့ကို လှမ်းခေါ်တယ် ။ အပုလေးလက်ထဲမှာ နေကြာစေ့ထုပ်နဲ့ သကြားလုံးနဲ့ ။ ရုပ်ရှင်ခမပေးရတဲ့ ပိုက်ဆံကို သူမုန့်ဝယ်စားထားပြီလေ ။
" ဟေ့ကောင်... အပုလေး ၊ ငါ့ နေကြာစေ့ နည်းနည်းပေးစမ်း "
ချစ်ထူးက အပုလေးနားကပ်ထိုင်ပြီး လက်ဖြန့်ခံတာကို အပုလေးကတော့ ခပ်တည်တည်ပဲ မျက်လုံးပြူးကြီးနဲ့ချစ်ထူးကို ကြည့်ရုံသာကြည့်တယ် ၊ ခေါင်းကို ဖြည်းဖြည်းချင်းခါတယ် ၊ မပေးဘူး ။ ဘာလို့လဲမသိဘူး ၊ ချစ်ထူးတို့ ဦးဘိုကြီးတို့ဆို သူမခင်ဘူး ။
သူ့ကို အမြဲတမ်းခြောက်လှန့် ငေါက်ငမ်းပြောဆိုတဲ့သူတွေဆို အပုလေးက အမှတ်ကြီးကြီးနဲ့ မှတ်ထားတတ်တယ် ။
" အေးပါ... မင်းသိမယ် ၊ တစ်နေ့နေ့ကျ မီးရထားလာတဲ့အောက် ဆွဲသွင်းပစ်မယ် ။ အဲဒီကျမှ မင်း မငိုနဲ့ "
အာဂ အပုလေး ။ ချစ်ထူးပြောတာတွေကို ဂရုမစိုက်လေဟန် ၊ မကြားလေဟန်နဲ့ ရှေ့တည့်တည့်က ပိတ်ကားကိုပဲ စူးစိုက်ကြည့်နေတယ် ။
" အပုလေး ၊ ဒီရုပ်ရှင်ကို နင်ဘယ်နှစ်ခါ ကြည့်ပြီးပြီပဲ "
စက်ဝိုင်းက မေးတော့ အပုလေးက လက်နှစ်ချောင်းထောင်ပြတယ် ၊ နှစ်ခါ တဲ့ ။
အပုလေးက သည်တစ်ကားထဲကို ညတိုင်းကြည့်ရလဲ မရိုးဘူး ။ သွားနေတာပဲ ။
" ရုပ်ရှင်ကောင်းလား "
" ကောင်းတယ် "
အပုလေးကတော့ ဘယ်တော့မေးမေး ကောင်းချည်းနေတာပဲ ။
မီးမှိတ် ရုပ်ရှင်စပြတော့ အပုလေးက စက်ဝိုင်းလက်ထဲကို တိတ်တိတ်ကလေး နေကြာစေ့လေးတွေ လာထည့်တယ် ။ ဩော်... အပုလေးရယ် ၊ သူ့ကိုသနားမှန်းသိတဲ့ စက်ဝိုင်းကို သူခင်တယ်လေ ။ ပထမဆုံး စပြတဲ့ နမူနာ ကားတိုလေးတွေက တကယ်ရယ်ရတယ် ။ လူပုလေးတွေ ပါတဲ့ကား ။ အပုလေးက ပါးစပ်တစ်ခုလုံးကို ဖြဲပြီး သဘောကျနေရာက စက်ဝိုင်းကို လက်နဲ့ကုတ်တယ် ။
" အစ်မ... အဲလိုမျိုး... ဖြစ်.. ဖြစ်.. ချင်တယ် "
" ဘယ်လိုမျိုးလဲ "

" ဟို.. ဟို.. လူပုလေးလို ... ရုပ်...ရုပ်.....ရှင်...ရိုက်ချင်တာ "
" အံမယ်လေး အပုလေးရယ် ... နင်က တယ်အကြံကြီးပါလား "
စက်ဝိုင်းရယ်တော့ အပုလေးမျက်နှာက ရှက်စနိုးနဲ့ ။ အတော်ဟုတ်တဲ့ အပုလေး ။ ရုပ်ရှင်ထဲပါတဲ့ သူ့လို လူပုလေးတွေကို မြင်တော့ သူအကြံရလာဟန် တူပါတယ် ။တစ်ခါတည်း ကြည့်နေလိုက်တာ မျက်တောင်မခတ် ။
" နင် ရုပ်ရှင်ရုံ မန်နေဂျာကြီးကို သွားပြောပေါ့ ၊ နောက်တစ်ခါ ဒီလိုကားမျိုး ရိုက်ရင် ပါပါရစေလို့ "
" ပြော.... ပြောတယ် ၊ သူ.. သူတို့က.. လုပ်... လုပ်ပေးမယ် ၊ စောင့်... စောင့်ဦးတဲ့ "
တကယ်လာတဲ့ အပုလေး ၊ စက်ဝိုင်းပြောတာတောင် နောက်ကျနေသေးတယ် ။
" ရုပ်...ရုပ်...ရှင်ထဲပါရင် ဒီ..ဒီမှာ... မနေတော့ဘူး "
" အံမယ်လေးတော် ... မနေပါနဲ့ မနေပါနဲ့ ၊ ရုပ်ရှင် မင်းသားကြီးဖြစ်သွားရင် ငါတို့ကိုတော့ မေ့မသွားပါနဲ့ ကိုအပုလေးရယ် .. နော် "
အပုလေးက ခေါင်းညိတ်တယ် ။ ပြုံးကျယ်ဝိုင်းစက်နေတဲ့ မျက်လုံးတွေမှာလည်း အပျော်တွေနဲ့ ၊ ပါးစပ်ကလည်း ပြုံးလို့ ၊ စက်ဝိုင်းလည်း အပုလေးနဲ့ စကားပြောရတာပျော်လာတယ် ။
စိတ်ညစ်နေတာတွေတောင် မေ့သွားတယ် ။ စက်ဝိုင်း ရင်ထဲမှာ သည်လို ပျော်ပျော်ရွှင်ရွှင် ရုပ်ရှင် ကြည့်ခဲ့တဲ့ ၊ ပထမဆုံးတစ်ခါ ရုပ်ရှင်ကြည့်ရတဲ့ အခိုက်လေးကို ဖျတ်ခနဲမှတ်မိလာတယ် ။အစ်ကိုလေ... အစ်ကိုနတ်သားက စက်ဝိုင်းကို ရုပ်ရှင်ပြတာ ၊ ထမင်းကျွေးတာ ၊ ရုပ်ရှင်ရုံထဲမှာ ရယ်စရာတွေ အများကြီးပြောတာ ။ အစ်ကိုနဲ့ ကြည့်ပြီးတဲ့နောက် ဒါဟာ စက်ဝိုင်း ဒုတိယအကြိမ် ရုပ်ရှင် ကြည့်တာပဲ ။ အစ်ကို... ခု ဘယ်မှာပါလိမ့် ။ ရုပ်ရှင်ရုံထောင့်ကွေးလေးမှာတော့ သူနေလို့ရတော့မှာ မဟုတ်ဘူး ။ သူ ဘယ်များ မိုးသွားခိုနေမလဲ ။
ကားတိုလေးတွေပြပြီး ဇာတ်ကားကြီးလည်း စပြတော့ အပုလေးပါ ငြိမ်သွားကြတယ် ။ ဇာတ်လမ်း စကတည်းကဇာတ်လမ်း နောက်ကို မျောပါပြီး ပိတ်ကားကို စူးစိုက်ကြည့်မိကြတယ် ။ ကြည့်မိမှာပေါ့ ၊ ဇာတ်ကားအစကတည်းက မီးလောင်ပြီး ကလေးလေးနဲ့ အမေ ကွဲသွားတာလေ ။
စက်ဝိုင်းရင်ထဲမှာ ဘာဖြစ်မှာလဲ ၊ ဘယ်လိုဖြစ်မှာလဲ ။ သားအမိပြန်တွေ့မှာလား .. တွေ့ရင်တော့ သူတို့သားအမိနှစ်ယောက် ဘယ်လိုဖြစ်ကြမှာလဲ ။ ဘယ်လိုဆက်ဆံကြမှာလဲ.. ဆိုတာ သိပ်သိချင်နေမိတယ် ။
ဇာတ်ကားတစ်ဝက်လောက်မှာ အပုလေးက ဆတ်ခနဲ မတ်တပ်ရပ်တယ် ။
" ဟဲ့... အပုလေး ဘာဖြစ်တာလဲ ၊ ရုပ်ရှင်မပြီးသေးဘူးလေ "
" ဟင့်အင်း .. တော်ပြီ ၊ ဦးနှောက်ပြေပြီ "
အပုလေးက စက်ဝိုင်းတို့ကို တိုးဝှေ့ပြီး အပြင်ကို ထွက်သွားတယ် ။
" သူက ဒီလိုပဲ ၊ သူဆက်မကြည့်ချင်တော့ဘူး ဆိုရင် ဦးနှောက်ပြေပြီဆို ထပြေးတာပဲ "

ဘေးနားက အကြောင်းသိတဲ့လူတစ်ယောက်က စက်ဝိုင်းကို တိုးတိုးလေးပြောတယ် ။ သြော်...
အပုလေးရယ် နင်ဘာလို့ မကြည့်ချင်တော့တာလဲဆိုတာ ဇာတ်ကားဆုံးခါနီးကျတော့ ငါသိပြီ ။
ဇာတ်ကားဆုံးခါနီးမှာ ကွဲနေတဲ့ သားအမိပြန်တွေကြတယ်လေ ။ အို.... သိပ်ချစ်ကြတာပဲ ။
တစ်ယောက်နဲ့တစ်ယောက် လွတ်ထွက်မသွားအောင် တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ကြတာ ။ သူတို့
နှစ်ယောက် ဘယ်တော့မှ မခွဲတော့ဘူးတဲ့ ။ ဇာတ်ကားပြီးတော့ ဇာတ်ပေါင်းကြတာလဲ ပျော်စရာကြီးဟယ် ။
သူတို့သားအမိ သိပ်လှတဲ့ ကားလေးတစ်စီးထဲမှာ ပွေ့ဖက်ပြီး ပျော်ကြလို့ ။ အပုလေးရယ် နင့်ကို ငါ
နားလည်ပါတယ် ။ ရုပ်ရှင်ထဲက သားအမိကိုကြည့်ပြီး ငိုချင်ရက်လက်တို့ ဖြစ်နေတဲ့ငါ မငိုမိဘူး ။
ဘာဖြစ်နေမှန်းလဲ မသိဘူး ။ ရင်ထဲမှာ ရှုပ်ထွေးပြီး နာကျင်နေတယ် ။ သေချာတာကတော့ ငါ့အမေကို
ငါတွေ့ရမှာ သိပ်ကို ကြောက်မိနေတယ် ။ ငါ့အမေဟာ ရုပ်ရှင်ထဲကလို အမေဖြစ်ပါ့မလား ဆိုတာကို
မယုံမရဲနဲ့ စိတ်ရှုပ်ထွေးပြီး ပြန်လာပါမှ... လမ်းမှာ ငါ ဘာတွေ့ရလဲ သိလား ။
ဘူတာထဲမှာ အမြဲတမ်းရိုက်နှက် ရန်ဖြစ်နေကြတဲ့ လင်မယားနှစ်ယောက်လေ ။ ထုံးစံအတိုင်း ယောကျ်ားက
ရိုက်နှက်ကန်ကျောက်လို့ ထွက်ပြေးလာတဲ့ မိန်းမက မြေကြီးပေါ်မှာ ထိုင်ပြီးပါးစပ်က..
" ငါ့ကို လမ်းပေါ်မှာပစ်ထားခဲ့လို့ ဒီလို ဒုက္ခရောက်ရတာ ၊ သည်လို လင်မျိုးနဲ့ တွေ့ရတာ... "
ဘုရား...ဘုရား.. အပုလေးရေ ၊ ငါတော့ သိပ်သေချာသွားပြီ ။ ငါ့အမေကို ငါ မတွေ့ချင်တော့ဘူး ။

အပိုင်း ၁၅

မိုးကုန်ခါနီးမှ မုန်တိုင်းဆိုတာတွေလည်း ခဏခဏ ဝင်နေတော့တာပဲ ။ မုန်တိုင်းဝင်ပြီဆိုရင် စက်ဝိုင်းတို့တကယ်စိတ်ညစ်တယ် ။ တစ်နေ့လုံး တစ်ညလုံးမည်းမှောင်ပြီး မိုးက အေးစိမ့်နေအောင်ကို ရွာတာ ။
လေကလည်း တိုက်သေးတယ် ။ ည ည ဘူတာထဲမှာ အိပ်ရတာ သိပ်ဒုက္ခရောက်တာပဲ ။ လေက တဖြုန်းဖြုန်းတိုက်တော့ နေစရာမရှိဘူး ။ မိုးက အကုန်စိုကုန်တာ ။ ချမ်းလိုက်တာလည်း ဆောင်းတွင်းထက်ကို ပိုဦးမယ် ။ အနွေးထည်မရှိရတဲ့ ကြားထဲမှာ တကယ် နှိပ်စက်တဲ့ မုန်တိုင်း ။
ပြီးတော့ ညရွာပြီး မနက်မတိတ်ဘူး ။ ကြည့်လေ... မနက်ခင်းကလည်း မနက်ခင်းနဲ့ မတူဘူး ။ တစ်မိုးလုံး မှောင်ပိန်းပြီး မိုးက ဒလဟော ရွာနေတယ် ။ ဘူတာရုံထဲမှာတောင် မီးဖွင့်ထားရတယ် ။ လူတွေလည်း ဘူတာရုံထဲမှာ ရှင်းလို့ ။ မသွားမဖြစ်တဲ့လူတွေကလွဲရင် အားလုံး အိမ်ထဲမှာ ကုပ်နေပုံရတယ် ။ အေးလေ.. အိမ်ရှိတဲ့လူတွေကိုး ။ မသွားမဖြစ်တဲ့လူတွေက သွားစရာရှိတာ သွားပြီးရင် ကိုယ့်အိမ်ကိုယ် အပြေး အလွှားပြန်ကြလိမ့်မယ် ။
မစားမဖြစ်တဲ့ စက်ဝိုင်းတို့ကတော့... ပြန်စရာဆိုတာ ဖယ်ထား ၊ နေစရာဆိုတာလည်း မစဉ်းစားအားပဲ စက်ဝိုင်းတို့အားလုံး အရေးတကြီး မျှော်နေကြတာကတော့ ပဲခူးလော်ကယ်လေ ။ စက်ဝိုင်းတို့ကို စားစရာပေးမယ့် ပဲခူးလော်ကယ် ။ မုန်တိုင်းကြောင့် လမ်းချော်ပြီး ပဲခူးလော်ကယ် မနေ့က မဝင်နိုင်ဘူး ။ လော်ကယ်ကိုမှီပြီး တစ်နေ့ တစ်နေ့ ထမ်းပိုးစားရတဲ့ ဘူတာထဲက အထမ်းသမားတွေအားလုံး ဒုက္ခရောက်ကြတော့တာပဲ ။ ပိုဆိုးတာက ချစ်ထူးတို့ ဘောက်ထမ်းတွေပေါ့ ။
မနေ့က ချစ်ထူး ငါးကျပ်ပဲရတယ် ။ ဒါတောင် ချစ်ထူး လျှင်လို့ ၊ ဈေးလေးထဲပြေးလိုက် ၊ မြို့ပါတ်ဆိုက်လာရင်လည်း ပစ္စည်းများတဲ့လူတွေဆီ ပြေးသယ်လိုက်နဲ့ လုပ်လို့ ။ ငါးကျပ်နဲ့ မနေ့က စက်ဝိုင်းတို့ ဘယ်ထမင်းဝမှာလဲ ။ စက်ဝိုင်းကလည်း လရင့် လာတာနဲ့အမျှ ထမင်းကလည်း ဘယ်လိုစားကောင်းမှန်း မသိဘူး ။ ဟင်းမပါပဲနဲ့ ထမင်းချည်း စားတာကိုကပဲ ကောင်းနေတော့တာပဲ ။ စက်ဝိုင်းတို့ စားနေကျ ဘူတာရုံဈေးလေးက ထမင်းဆိုင်သေးသေးလေးမှာ ထမင်းတစ်ပန်းကန် မောက်မောက် ဟင်းပုံပြီး သုံးကျပ်ပေးရတယ် ။ ဆန်မကောင်းဘူး ၊ ဟင်းကလည်း အသီးအရွက်နဲ့ အသားပါလေကာ ဟင်းရည်ကျဲပဲ ။ ဒါပေမယ့် စားလို့ သိပ်ကောင်းတာပဲ ။ အဲသည်ဆိုင်မှာ မနေ့က မနက်စာကို နှစ်ကျပ်ဖိုးစီပဲ ပေးပါဆိုပြီး ဝယ်စားရတယ် ။ ကျန်တဲ့ တစ်ကျပ်ကို ကိုင်ပြီး ညနေပိုင်း ပိုက်ဆံရနိုး ရနိုးနဲ့ စောင့်နေပေမယ့် ပိုက်ဆံက မရတော့ဘူး ။ ချစ်ထူးက ဈေးလေးကဆိုင်မှာ နှစ်ကျပ် အကြွေးခံပြီး သုံးကျပ်ဖိုး ထမင်းထုပ်လာတယ် ။ သူလည်း အရက်ကို အကြွေးသောက်လာတယ် ။ စက်ဝိုင်း သည်တစ်ခါ ချစ်ထူးကို မကျိန်တော့ပါဘူး ။ သူ အရက်သာမသောက်ရင် ဖျားမှာ ဧကန်ပဲ ။ မိုးထဲ လျှောက်သွားနေရတာ ချမ်းတုန်နေတာပဲ ။

အင်း.... ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် လော်ကယ် ဝင်ပါစေတော် ၊ မုန်တိုင်းလည်း သည်နေ့ပြီးရင် ပြီးပါတော့ ။ မိုးကုန်ပြီး မြန်မြန်ဆောင်းပေါက်ပါစေတော့ ။ ဆောင်းဦးပေါက်ရင် စက်ဝိုင်းတို့ ကီလီကို ပြန်ကြမယ် ။ သမီးလေးကို မွေးမယ် ။ ပြောရင်းဆိုရင်း သမီးလေးက ဗိုက်ထဲမှာ လှုပ်လိုက်တာ အပြင်ကိုထွက်ချင်လှပြီပေါ့ ၊ ဟုတ်လား သမီး ။ အမေ့ကို တွေ့ချင်လှပြီပေါ့လေ ။ စက်ဝိုင်း ကိုယ့်ဗိုက်ကိုယ် အသာအယာ ပွတ်သပ်နေမိပြန်တယ် ။

" အံမယ်လေး... လာပါတော့ဟ ၊ ပဲခူးလော်ကယ်ရ ၊ ထိုင်ရထရလွန်းလို့ ဗိုက်ထဲမှာလည်း တူတူမြည်နေပြီ"

" အေးလေကွာ ၊ ငါ့ချီးတဲ့မှ.... စီမံချက်များကလည်း အခုလို မုန်တိုင်းဝင်နေတဲ့အချိန်မျိုးလေးများ လာဆွဲပါတော့လား ၊ လိုက်ချင်စမ်းပါဘိတော့ ၊ ဇိမ်ပဲ ဟိုထဲမှာ ၊ ထမင်းပေး အချိန်တန်စား လူတွေထဲမှာ ကျပ်ညပ်တိုးခွေ့ပြီးအိပ် ၊ ခုလိုချမ်းမှာ မဟုတ်ဘူး ၊ နွေးနေမှာဟ "

" အလကားပါဗျာ ၊ စီမံချက်က မိုးတွင်းဆို မလုပ်ဘူး ၊ တကယ်နားတာဗျ ၊ စီမံချက်က ဘူတာတွေဘက်လည်း မရောက်တာနေမှာ ၊ မြို့ထဲတော့ လုပ်မှာပဲဆိုပြီး ကျုပ်မနေညက သွားနေပြီးပြီ ၊ တစ်ညလုံးမျှော်လိုက်ရတာဗျာ , လာပါဘူး ။ နောက်ဆုံး ကျုပ်သာ တိုက်ကြားထဲ မိုးတွေနဲ့ အိပ်သာ ပျော်သွားရော "

" အေး ၊ စီမံချက်မလာ လော်ကယ်လာလိမ့်မပေါ့ ၊ ကဲ.... "

တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြတဲ့ လူတွေကို စက်ဝိုင်းကြည့်နေမိတယ် ။ ခုချိန်မှာ သူတို့လိုပဲ စီမံချက်ကို စက်ဝိုင်းမျှော်ချင်ပါဘိတော့ ။ နေစရာက စိုစိုစွတ်စွတ် ၊ အလုပ်အကိုင်က မလုပ်ရ ၊ ထမင်းတစ်လုပ်စားရဖို့ မနည်းရုန်းကန်နေရတဲ့အချိန်မျိုးမှာ မိုးလုံလေလုံနဲ့ ကျပ်သပ်တိုးခွေ့အိပ်ရတဲ့ မိလ္လာချောင် နဲ့ ပလက်စတစ်အိတ်ကို စက်ဝိုင်း တကယ်ကို လွမ်းနေမိတော့တယ် ။ မိလ္လာနံ့တွေ နံချင်သလောက် နံပါစေ ၊ ထမင်း ဟင်း ခံရတဲ့ ပလက်စတစ်အိတ်ထဲက နိုင်လွန်ဟင်းက ဘယ်လောက်ပဲ ကျဲပါစေ ၊ စက်ဝိုင်းသွားလိုက်ချင်တော့တာပဲ ။ ခုနေသာ ဘူတာထဲကို စီမံချက်ဟေ့ ဆိုပြီးတော့များ လာခဲ့ရင် အားလုံး အားရဝမ်းသာ အော်ဟစ်ပြီး အလုအယက်လိုက်ကြမှာပဲ ထင်တယ် ။

" ဟော... ကြားပြီဟေ့ ၊ လော်ကယ် ဥဩသံ.... လော်ကယ်လာပြီဟေ့.. "

ဘူတာတစ်ခုလုံး တဟေးဟေး အော်သံတွေဆူညံသွားသလို မိုးက ပိုသည်းလာတယ် ။ လေက ပိုတိုက်လာတယ် ။ လုံချည်ကို တိုတိုနဲ့ မြဲနေအောင် ပြင်ဝတ်လိုက်တယ် ။ ချစ်ထူး စက်ဝိုင်းကို ကြည့်နေမှာ မဟုတ်ပါဘူး ။ စက်ဝိုင်းလည်း ပိုက်ဆံရအောင် ကုန်ရွက်ရမယ် ။ လော်ကယ်က မိုးမတိတ်မချင်း သေချာတာမဟုတ်ဘူး ။ နောက်နေ့ မလာဘူးဆိုရင် ဘယ့်နှယ့်လုပ်မလဲ ၊ ရတုန်း ရှာထားမှ ။ ကဲ... သမီးလေးရေ ၊ အမေ့ဗိုက်ထဲမှာ ငြိမ်ငြိမ်လေးနေနော် ။

လော်ကယ်စက်ခေါင်းကို မိုးရေတွေကြားထဲမှာ လှမ်းမြင်နေရပြီ ၊ ဟော... ကြည့် အပုလေးတစ်ယောက်လည်း သူများတွေလို ခုန်ဆွခုန်ဆွနဲ့ လော်ကယ်လာမှာကို ဂနာမငြိမ်ဖြစ်စပြုပြီ ။

" အပုလေ.. အပုလေး.. ဒီမှာ "

စက်ဝိုင်းလှမ်းခေါ်တော့ အပုလေးက ပြေးလာတယ် ။
" အပုလေး.. နင်အမေတကယ်လို့ ဒီရထားပေါ် ပါလာရင် နင်ခဲနဲ့ မပေါက်နဲ့နော် ၊ သနားပါတယ် ဟယ် ၊
သူ့ခမျာ မိုးရွာကြီးထဲမှာ ပြေးနေရဦးမယ် ၊ ကြားလား… အပုလေး "
အပုလေးက မဖြေဘူး ၊ မျက်နှာကတော့ မိုးသားတွေလိုပဲ အုံ့မှိုင်းညိုဆိုင်းလာတယ် ။ လော်ကယ်က
ဥသြသံပေးရင်း ဘူတာထဲကို ဖြည်းဖြည်းချင်း ဝင်လာနေတယ် ။
" ငါ ကုန်သွားရှက်လိုက်ဦးမယ် ဟေ့… "
အပုလေးနားကနေ ၊ စက်ဝိုင်း ရထားတွဲတွေနားကို ပြေးကပ်ခဲ့တယ် ။ ထုံးစံအတိုင်း ကုန်တွေရော ၊
လူတွေရော အနင့်သားနဲ့ တွဲတွေထဲမှာ ရှုပ်ထွေးဆူညံနေတယ် ။
" အစ်မ… ငှားဦးမလား ၊ လူငှားဦးမလား .. အစ်မ "
တွဲတစ်တွဲပေါ်ကို စက်ဝိုင်း တိုးတက်ပြီး မိန်းမကြီးတွေနား တစ်ယောက်ပြီး တစ်ယောက် ကပ်မေးရတယ် ။
ခေါင်းခါတဲ့သူက များနေတယ် ။ ကုန်စိမ်းခြင်းတွေကနည်းပြီး ထမ်းချင်တဲ့သူတွေကများ
များနေလားမသိဘူး ။ စက်ဝိုင်းလို " ငှားဦးမလား " ဆိုပြီး မေးနေတဲ့ မိန်းမကြီးတွေကလည်း အပုံ ။
" ကဲ… ဒီနှစ်ခြင်း သယ်မယ် ဟေ့ ၊ လာ ဘယ်လောက်ပေးရမလဲ "
မိန်းမတစ်ယောက်ကလည်း လှမ်းခေါ်ရော စက်ဝိုင်းတို့ မိန်းမသုံးလေးယောက် ပြေးကပ်လိုက်ကြတယ် ။
" ဈေးလေး ၊ ဘယ်နားလဲ အစ်မ , တစ်ခြင်း ငါးကျပ်ပေးပါ "
စက်ဝိုင်းက သွက်သွက်လက်လက် ကပ်ပြောလိုက်တော့ မိန်းမက ရှုံ့ရှုံ့မဲ့မဲ့နဲ့ …
" ငါးကျပ်က ကိစ္စမရှိဘူး ၊ ညည်း ရွက်လို့ဖြစ်မလား ၊ ဗိုက်ကြီးနဲ့ မနိုင်မနင်းနဲ့ ချော်လဲကုန်မှ ဒုက္ခများ
ကုန်ပါ့မယ်အေ "
" နိုင်ပါတယ်အစ်မရဲ့ ၊ ကျွန်မကို ပင့်သာပေးလိုက် ၊ လုပ်ပါ အစ်မရယ် ၊ ကျွန်မတို့ မနေ့က
လော်ကယ်မဝင်လို့ ထမင်းတောင်ငတ်တယ် "
မိန်းမကြီးက ချီတုံချတုံဖြစ်နေရင်းက စက်ဝိုင်းကို သနားသွားဟန် တူတယ် ။
" ကဲ… ဒီလိုလုပ် ၊ ညည်းက ဒီပဲသီးခြင်းရွက်သွား ၊ သုံးကျပ်ပေးမယ် ။ ဒီမယ် ရှင်က ခရမ်းသီးတောင်းရွက်
လေးကျပ်ယူ ၊ ဈေးလေးထဲအထိသွား ၊ ကျွန်မနောက်က လိုက်ခဲ့မယ် "
မိန်းမက တခြားကျန်တဲ့ ကုန်စိမ်းခြင်းတွေကို သယ်ဖို့ အခြားလူတွေနဲ့ ဈေးပြောနေတုန်း စက်ဝိုင်းက
ပဲသီးခြင်းကို လက်နဲ့ဆွဲယူရင်း ခရမ်းသီးတောင်းရွက်မယ့် မိန်းမကို ..
" အစ်မရယ် ၊ ကျွန်မ မပေါ့မပါးနဲ့မို့ တစ်ဖက်လောက် "
" ဟဲ့… ညည်း ဒီရောက်နေတာလား ၊ ငါ တူပါတယ် လို့ ကြည့်နေတာ "
ဩော် … လက်စသတ်တော့ ခရမ်းသီးတောင်း ထမ်းမယ့် မိန်းမက စက်ဝိုင်း ထောင်ထဲမှာတွေ့ခဲ့တဲ့ မိန်းမပဲ ။
သာတီးဒီ သားအမိနှစ်ယောက်လေ ၊ သူ့နာမည် ဘယ်သူတဲ့ ၊ မလှမြင့်ဆိုလား ။
" အစ်မ သမီးလေးရော ၊ ဖြည်းဖြည်း… ဖြည်းဖြည်း အစ်မ ခဏလေး ထိန်းထားပါဦး "

စက်ဝိုင်း ခေါင်းပေါ်ကို ပဲသီးခြင်း အထိုင်ကျအောင် အဲသည်အစ်မကို ခဏထိန်းထားခိုင်းရသေးတယ် ။
တော်ပါသေးရဲ့ ၊ ကောင်းကောင်း ရွက်နိုင်သေးတာပဲ ။
" လာ အစ်မ ၊ ကျွန်မဆင်းနှင့်မယ်နော် "
စက်ဝိုင်းရှေ့က ဖြည်းဖြည်းဆင်းသွားရင်း ဘူတာထဲမှာ ချစ်ထူးကို မျက်လုံးဝေ့ကြည့်လိုက်တယ် ။ ချစ်ထူးကို
မတွေ့ပဲ ဟို .. မလှမြင့် သမီးလေးကို ဘူတာတိုင်ခြေတစ်ခုမှာ ကုပ်ကုပ်လေးထိုင်နေတာ သွားတွေ့တယ် ။
" ဟိုမှာလေ... သမီးက ထိုင်စောင့်နေတယ် "
စက်ဝိုင်းနောက်ကနေ ခရမ်းသီးတောင်းနဲ့ လိုက်လာတဲ့ မလှမြင့်က စက်ဝိုင်း ကို လှမ်းပြောတယ် ။
" မြင်တယ် ၊ ဒါနဲ့ အစ်မတို့ ဒီနေ့မှပဲ တွေ့တော့တယ် ၊ ကျွန်မဖြင့် ရောက်တာကြာလှပြီ ၊ ခု ဘူတာကြီးရှေ့မှာ
အိပ်လို့ရသေးလား "
"ဘယ်ရတော့မှာလဲ အေ ၊ ဒီမှာမတွေ့ဘူးဆို တို့သားအမိ မလွှကုန်းဘူတာမှာ ခိုနေကြတာ ။ မနေ့ညကတော့
မလွှကုန်းဘူတာက လူတအားများပြီး မိုးမလုံတာနဲ့ မနက်အစော မြို့ပါတ်နဲ့ လိုက်လာကြတာ "
" ဒီမှာတော့ မဆိုးသေးပါဘူး ၊ အိပ်လို့ရပါသေးတယ် ၊ ကျွန်မတို့နား လာအိပ်လေ "
" အေး... အေး ၊ ညည်းလဲ ဘယ်နှစ်လ ရပြီတုန်း "
" ငါးလ ကျော်ပြီ ၊ ခြောက်လထဲမှာ "
" ညည်း ကြည့်ရတာ ပေါ့သားပဲ ၊ ယောက်ျားလေး မွေးလိမ့်မယ် ထင်တယ် "
" အိုး... အစ်မကလဲ ၊ မိန်းကလေးမွေးမှာပါ ၊ ကျွန်မက သမီးလိုချင်တာ "
" ညည်းကလဲ တစ်မျိုးပဲ ၊ သူများတွေဖြင့် မိန်းမလေး မမွေးချင်ကြဘူး "
စက်ဝိုင်းတို့နှစ်ယောက် ဈေးထဲရောက်ခါနီးတော့ ပိုင်ရှင် မိန်းမလိုက်လာပြီး သူချခိုင်းတဲ့ နေရာမှာ
ချပေးရတယ် ။ သူ့ဆီက ပိုက်ဆံတောင်းပြီး မလှမြင့် နှစ်ယောက် နောက်တစ်ခေါက် ပြန်ရွက်ဖို့
ထွက်လာကြတော့ လမ်းမှာ ချစ်ထူးနဲ့ ဆုံတယ် ။ ချစ်ထူးက အထမ်းကြီးနဲ့ ။
" နင်တော့ သေလိမ့်မယ်နော် စက်ဝိုင်း ၊ ငါမပြောတော့ဘူး "
" အေးပါဟဲ့... ဒီတစ်ခေါက်တည်းပါ ၊ ငါ ဘာမှ မဖြစ်ပါဘူး "
မလှမြင့်က " နင့်ယောက်ျားက တော်သားပဲ "တဲ့ ။
စက်ဝိုင်းရင်ထဲ ကျေနပ်သွားတယ် ။ ချစ်ထူးဟာ မဆိုးပါဘူးနော် ၊ စက်ဝိုင်းအပေါ်မှာ ကောင်းရှာပါတယ် ။
" ဟဲ့.. ကလေးမ ကလေးမ ၊ ချစ်ထူးမိန်းမလေး... "
လော်ကယ်ရထားတွဲဆီကို ခပ်သုတ်သုတ် လျှောက်နေရာက စက်ဝိုင်း တုံ့ခနဲရပ်လိုက်မိတယ် ။ စက်ဝိုင်းကို
လှမ်းခေါ်နေတဲ့သူက မြို့ပါတ်ရထားပေါ်က ဆင်းလာနေတဲ့ အဘိုးကြီး ။
" ဟာ အဘ.. ၊ အဘ ဘယ်ပျောက်နေတာလဲ "
" အံမယ်... ညည်းတို့က ပျောက်တာပါ ၊ ငါ မလွှကုန်းက လိုက်လာတာ "

ရုပ်ရှင်ရုံ ပလက်ဖောင်းပေါ်မှာ အမေစိန်တို့ ၊ စက်ဝိုင်းတို့နဲ့ အတူနေခဲ့တဲ့ အဘကို ခုမှပဲ ပြန်တွေ့ရတော့တယ်
။
" အဘကို ကီလီမှာတုန်းကလည်း မတွေ့ဘူး ၊ အဘ ခု ဒီမှာနေမလို့လား "
" အေး ဒီမှာ နေမလို့ ၊ မလွှကုန်းက လူတွေများလွန်းလို့ ရှေ့လလောက် မိုးပြတ်ရင်တော့ တို့ ကီလီကို
ပြန်ရကောင်းပါရဲ့ ၊ ချစ်ထူးကော "
" ချစ်ထူး ကုန်ထမ်းနေတယ် ၊ အဘ အမေစိန်ရောဟင် ... အမေစိန် "
အဘက အမောတကောနဲ့မေးတဲ့ စက်ဝိုင်းကို နားမလည်သလို မျက်မှောင်ကြုတ်ကြည့်တယ် ။
" ရှိမှာပေါ့ ၊ သူလဲ မိုးလွတ်ရာ တစ်နေရာမှာ ၊ အလျင်ကတော့ တို့ ရုပ်ရှင်ရုံ ပလက်ဖောင်းမှာပဲ နေတာပေါ့၊
ဘာဖြစ်လို့တုံး "
" ဘာမှမဖြစ်ပါဘူး အဘရယ် ၊ အမေစိန်က ကျွန်မထွက်သွားတော့ ကျွန်မကို ဘာပြောနေသေးလဲ ဟင် ၊
ကျွန်မကို သူ သတိရလားဟင် "
" ဘာမှ မပြောပါဘူး ၊ တစ်ခါတလေ စကားစပ်မိတော့လည်း ပြောတာပေါ့ "
စက်ဝိုင်း မျက်နှာငယ်သွားတယ် ။ တစ်ခါတလေ... တဲ့ ၊ တစ်ခါတလေ ၊ မမှတ်သေးဘူးလား စက်ဝိုင်း ရယ်
... ။
လောလောဆယ် ကုန်နောက်တစ်ခေါက် ထပ်ရွက်ဖို့ အရေးကြီးနေတဲ့ မလှမြင့်နောက်ကို " သွားမယ် အဘ "
လို့ ပြောပြီး အပြေးလိုက်ရင်း စက်ဝိုင်း ရင်ထဲက " နောက်ဆုံး ကပ်သပ် ကျန်နေသေးတဲ့ " အမေ " ဆိုတဲ့
မျှော်လင့်ချက် အမှုန်အမွှားလေး ပျောက်လွင့်ပြယ်လို့ သွားခဲ့ပြီ ။
ဆောင်းဦးပေါက်တာနဲ့ ကီလီကို ပြန်မယ်လို့ ချစ်ထူးနဲ့ စက်ဝိုင်း တစ်ကြိမ်းတည်း ကြိမ်းခဲ့ကြပေမယ့်
တကယ့် တကယ်ကျတော့ မိုးက လုံးဝ မပြတ်တာနဲ့ ၊ စက်ဝိုင်းတို့ သည်မှာဆက်ပြီး သောင်တင်နေတယ် ။
ရှေ့လ မိုးပြတ်ရင် မိုးပြတ်ရင်နဲ့ မိုးက မပြတ်တော့ နှစ်လတောင် ထပ်ကြာသွားပြီ ၊ မိုးက ရွာလို့ကောင်းတုန်း
။
" ရာသီတွေလဲ ဘာဖြစ်ကုန်ပြီလဲ မသိပါဘူး ၊ ဆောင်းတွင်းတဲ့ ၊ ချမ်းလဲ မချမ်းဘူး ၊ မိုးပဲ ရွာနေတာပဲ ၊ ဒါနဲ့ပဲ
ကီလီကို မပြန်ရတာ "
" အံမယ် .. မချော ၊ မချမ်းတာပဲ ကျေးဇူးတင်ဦး ၊ အနွေးထည်မရှိ ဘာမရှိနဲ့ ၊ ငါကတော့ မချမ်းလေ
ကြိုက်လေပဲ "
စက်ဝိုင်းက ညည်းပေမယ့် မလှမြင့်ကတော့ ဘူတာနားက အများသုံးရေကန်ဘေးမှာ ကျကျနန ရေချိုး
ခေါင်းလျှော်ရင်း မချမ်းတာကို သဘောကျနေတယ်။ စက်ဝိုင်းလည်း သဘောတော့ကျပါတယ် ။ ဒါပေမယ့်
မိုးကုန်စေချင်ပြီ ။ ကိုယ့်နေရာဟောင်းလေးကိုယ် ပြန်ချင်ပြီ ။
ကီလီဗောတံတားချောင်လေးကို ပြန်ချင်ပြီ ။ စက်ဝိုင်းမွေးဖို့ ဖွားဖို့ကလဲ ရှိသေးတယ် ။ ချစ်ထူးကတော့
ကြီးကြီးကျယ်ကျယ်၊ စီမံချက်တွေ ရှောင်ရင်း ပြည်ထောင်စုကွင်းမှာ သွားမွေးမယ်တဲ့လေ ။

" ဟဲ့... စက်ဝိုင်း ၊ အောက်သတိထား နင်းနော် .. ၊ ရေညှိတွေနဲ့ ချော်လဲမယ် "
" အင်းပါ "
စူဖောင်နေတဲ့ နေ့စေ့ လစေ့ဗိုက်ကြီးကို စက်ဝိုင်း ထိန်းပြီး ဖြည်းဖြည်းချင်း ရေလောင်းချိုးတယ် ။ ဘူတာ ရက်ကွက်က သည်အများသုံး ရေကန်လေးရှိလို့သာ စက်ဝိုင်းတို့ ရေဖိုးမကုန်တာ ။ သောက်ချင်တော့လဲ လာခပ်သောက်လိုက် ၊ ချိုးချင်တော့လဲ လူရှင်းတဲ့အချိန် လာချိုးလိုက်လုပ်ရုံပဲ ။
" ဟဲ့... ဘုတ်ဆုံ..ဘုတ်ဆုံ ၊ ဘယ်ရောက်သွားပြန်ပြီလဲ ၊ အင်္ကျီချွတ်လို့ ငါပြောနေတယ် မဟုတ်လား "
မလှမြင့်က ရေတဗွမ်းဗွမ်းလောင်းချိုးရင်း သူ့သမီးကို အော်ခေါ်တယ် ။ ဘုတ်ဆုံ အနားမှာ မရှိဘူး ။
" ဟောဟိုမှာ မြို့ပါတ်ပေါ်က ဘာပါလာတယ် မသိဘူး ၊ လူတွေဝိုင်းတဲ့ နောက်မှာ ရှင့်သမီး သွားမော့နေတာ "
စက်ဝိုင်းက အင်္ကျီ လုံချည်တွေ ပြန်ဝတ်ရင်း ပြတဲ့ဆီကို မလှမြင့်က လှမ်းအော်ခေါ်တယ် ။
" ဘုတ်ဆုံရေ၊ ဟဲ့ ...ဘုတ်ဆုံ ... လာခဲ့စမ်း ၊ ဒီကို... "
ဘုတ်ဆုံက ဂါဝန် အနွမ်းလေး လွင့်နေအောင် သူ့အမေဆီ ပြန်ပြေးလာတယ် ။
" အမေ... အမေ ၊ ရထားပေါ်က အရူးကြီး ပါလာတယ် ၊ သိပ်ရယ်ရတာပဲ အရူးကြီးက... "
" ဘာရယ်ရတာလဲ ၊ လာ.. ရေချိုး ၊ တစ်ခါတည်း ၊ မအေခေါ်ရင် အနားမှာမရှိဘူး "
မလှမြင့်က ဘုတ်ဆုံဂါဝန်ကို ဆွဲချွတ်ရင်း မြည်တွန်တောက်တီးနေတာကို စက်ဝိုင်း ဘေးမှာ ရပ်ပြီး ငေးနေမိတယ် ။ စက်ဝိုင်း သမီးလေးနဲ့ စက်ဝိုင်းလည်း သည်လိုပဲ ရှိမှာပေါ့နော် ။
" အမေ... အရူးကြီးကလေ သူ့ကိုယ်သူ နတ်သားတဲ့ သိလား "
သူ့အမေ ရေလောင်းချိုးပေးနေတာကို ခံရင်း ဇတ်ခနဲ ထပြောလိုက်တဲ့ ဘုတ်ဆုံရဲ့စကားက စက်ဝိုင်းကို တုံ့ခနဲရပ်သွားစေတယ် ။
" ဘာရယ်... ဘုတ်ဆုံ ၊ နတ်သား ဟုတ်လား "
စက်ဝိုင်း ခြေလှမ်းတွေ လူစုစုဝိုင်းနေတဲ့ ဆီကို အလိုလို ရွေ့သွားတယ် ။ ဘုရား...ဘုရား နတ်သားတဲ့ ၊ အရူးကြီးတဲ့ ။ စက်ဝိုင်းရဲ့အစ်ကို နတ်သားဟာ အရူးကြီးတော့ မဟုတ်ပါဘူး ။
******
" ဟေ့... အားလုံးဖယ်ကြစမ်း ၊ နတ်သားတဲ့ ကွ "
အော်လိုက်တဲ့ အသံပြာပြာနဲ့အတူ ဝိုင်းနေတဲ့လူတွေ ရှဲခနဲ ဖြစ်သွားကြတော့ စက်ဝိုင်း မြင်လိုက်ရပြီ ။ လူတွေရဲ့အလယ်ကောင်မှာ အဆမတန် ပိန်လှီနေတဲ့ ခန္ဓာကိုယ်နဲ့ စက်ဝိုင်းတစ်သက် မေ့နိုင်စရာမရှိတဲ့ သည်မျက်မှန် ၊ သည်မျက်လုံး ။ ခုတော့ ပိုပြီးပြူးကျယ်ဟောက်ပတ်နေတဲ့ မျက်လုံး ။ ပြီးတော့... ပြီးတော့ ... ရှိရွဲစုတ်ပြတ်နေပေမယ့် သည်အင်္ကျီအဖြူနဲ့ လုံချည်အစိမ်းကွက်ဟာ သူ ကြိုက်နှစ်သက်တဲ့ အရောင် ။ လက်စွဲတော် လွယ်အိတ်အစိမ်း အစုတ်ထဲမှာတော့ သစ်ရွက်တွေ စက္ကူစုတ်တွေ အပြည့်အသိပ် ။ အစ်ကို...

အစ်ကို ဟာ ဘုတ်ဆုံပြောသလို အရူးကြီးပေါ့နော် ။ အစ်ကို ရူးနေတာပေါ့နော်... ။ အစ်ကို ဘာလို့ ရူးရတာလဲ... ။ အစ်ကို့ အဖေကလည်း သည်လိုပဲ ပစ်ထားတာလား ... ။
" ကျုပ် ဝမ်းနည်းပါတယ်ဗျာ ၊ အိုင်အမ် ဆောရီးပဲဗျာ ၊ ကျုပ် အော်ချင်လို့ အော်တာမဟုတ်ပါဘူး ။ ကျုပ် သိပ်အော်ချင်လာတယ် ဗျာ ၊ ဒါပဲ ၊ ခင်ဗျားတို့က သိပ်အလုအယက်တိုးတာကိုး ၊ ဖြည်းဖြည်းချင်းသာလာ ကျုပ်က တစ်ယောက်ကို ပိုက်ဆံ ငါးထောင်စီပေးမယ်၊ လာယူ... တစ်ယောက်ချင်း စတက်ဘိုင်စတက် ၊ ဝမ်းဘိုင် ဝမ်း "
ပြောချင်ရာတွေပြောပြီး လွယ်အိတ်ထဲက သစ်ရွက်တွေကို သေချာထပ်နေတဲ့ အစ်ကို့ကို ကြည့်ပြီး လူတွေက ရယ်ကြတယ် ။ စက်ဝိုင်းက ဝမ်းနည်းလာပြီး ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ် ။ လူတွေကြားကနေ စက်ဝိုင်း အစ်ကို့နားကို တိုးသွားမိတယ် ။
" အစ်ကို... အစ်ကို .. သတိထားလေ ၊ အစ်ကို ထမင်းစားမလားဟင် ၊ လာ.. ထမင်း စားရအောင် "
" မစားဘူး ၊ မစားဘူး ၊ ခင်ဗျား ကျုပ်နောက်ကို ဘာလို့ လိုက်လာတာလဲ ၊ ဘီလူးမ "
" မဟုတ်ပါဘူး အစ်ကိုရဲ့ ၊ ရုပ်ရှင်ရုံ ပလက်ဖောင်းပေါ်က စက်ဝိုင်းလေ "
" သိပ်ဟုတ်တာပေါ့ ၊ ခင်ဗျားက ကျုပ်အဖေရဲ့ကလေးတွေကို ဗိုက်ထဲမှာ လွယ်ထားပြီး စားပစ်တဲ့ ဘီလူးမ "
အစ်ကို က စက်ဝိုင်းကို တကယ်မသိတော့ဘူး ၊ သူ့မျက်နှာက သိပ်ကို ရွံရှာ စက်ဆုပ်နေတဲ့ပုံ ။ စက်ဝိုင်းကို သူ့မိထွေးလို့ ထင်နေပုံရတယ် ။ ဒုက္ခပါပဲ ... စက်ဝိုင်း ငိုချင်လာတယ် ။
" အစ်ကို အခု ဘယ်ကလာတာလဲဟင် ၊ ဟိုတစ်ခါလို ဆေးရုံမတက်တော့ဘူးလား.. "
" ဘာ... ဆေးရုံ ... ဆေးရုံ... ဟုတ်လား ၊ ငါမသွားဘူး .. ငါမသွားဘူး "
အစ်ကို တအားအော်ပြီး တစ်ချိုးတည်း ထွက်ပြေးတော့တာပဲ ။
" အို ... အစ်ကို... အစ်ကို.. နေပါဦး "
အစ်ကို့ကို သနားစိတ်နဲ့ စက်ဝိုင်း ဗိုက်ကြီးတကားကားနဲ့ နောက်က ပြေးလိုက်မိတယ် ။ စက်ဝိုင်းကို မိုက်တယ်လို့ ဆိုမလား ၊ စက်ဝိုင်း အစ်ကို့ကို ထမင်းကျွေးချင်တယ် ၊ မှတ်မိလာအောင် မေးချင် မြန်းချင်တယ် ။ စက်ဝိုင်း ထမင်းသိပ်ဆာနေတုန်းက အစ်ကို စက်ဝိုင်းကို ထမင်းကျွေးခဲ့တယ်လေ ၊ ရုပ်ရှင်လည်း ပြခဲ့တယ် ။ အဲသည်တုန်းက အစ်ကိုဟာ သိပ်ကို ချိုသာနူးညံ့တဲ့အစ်ကိုပါ ။ ဖြစ်မှ ဖြစ်ရလေ အစ်ကိုရယ် ... ။
ရထားသံလမ်းတစ်လျှောက် ပြေးသွားတဲ့ အစ်ကို့ကို စက်ဝိုင်း မလိုက်နိုင်တော့ဘူး ။ လူလည်း မောဟိုက်နေပြီ ။ စက်ဝိုင်းက မျက်ရည်တလည်လည်နဲ့ ဘူတာထဲကိုလည်း ပြန်လာရော ဈေးလေးထဲကနေ မျက်နှာကြီး ပုပ်သိုးပြီးထွက်လာတဲ့ ချစ်ထူးနဲ့ လမ်းမှာဆုံပြီး ပြဿနာဖြစ်တော့တာပဲ ။
" နင်ဘာတွေ သောက်ရူးထနေတာလဲ စက်ဝိုင်း ၊ အရူးကို နင်က ဘာကိစ္စနဲ့ လိုက်ခေါ်ရတာတုံး "
"အံမယ်... ငါနဲ့ ခင်လို့ပေါ့ ၊ ဘာဖြစ်လဲ... ခေါ်တော့... "
" နင့်လင်မို့ နင်က ခေါ်ရတာလား ၊ နင် အရှက်မရှိဘူးလား "

" နင်နော် ... ငါ့ကို မမိုက်ရိုင်းနဲ့ ၊ ငါ့လင်က နင်ဟဲ့ ၊ သိရဲ့လား ၊ ငါ့ဘာသာ ခင်လို့ သနားလို့ ခေါ်တာပဲ ၊ ဘယ်သူ့ကို ရှက်ရမှာလဲ ၊ မရှက်ပေါင် "
" နင်မရှက်ပေမယ့် ငါရှက်တယ် ၊ အဲသည်ကောင်က အရင်တုန်းက နင့်ရည်းစားမလား ၊ ငါမသိဘူးများ မှတ်နေလား "
" မဟုတ်ပေါင် ၊ ဘာရည်းစားမှ မဟုတ်ဘူး ။ နင် လျှောက်မပြောနဲ့နော်... ငါမခံဘူးမှတ် "
" အံမာ... နင်နော်.. နင်ကလည်း မှားသေးတယ် ၊ ဒါကို ကက်ကက်လန်လို့ ၊ ငါ တယ်လေ ...ကလေးကြောင့်မို့သာနော် ၊ ဟင်း... "
ချစ်ထူးက လက်နဲ့ရွယ်ရာက စက်ဝိုင်းကို ဒေါသတကြီး ဆောင့်ဆွဲခေါ်လာတယ် ။ ချစ်ထူးနဲ့ စက်ဝိုင်း ရန်ပွဲကို အပုလေးက အနားမှာလာပြီး ငေးကြည့်နေတယ် ။ စက်ဝိုင်း ဘုတာရုံထဲက တိုင်ခြေမှာ ဒေါ်နဲ့မောနဲ့ မှီထိုင်ချပြီး ချစ်ထူးက မလှမြင့်ကို မကျေမနပ်နဲ့ ပြောနေတဲ့အထိ အပုလေးက အနားမှာလာပြီး နားထောင်တုန်း ။ ညနေစောင်းလို့ ချစ်ထူး အရက်မူးလာပြီး ဆက်ပြီး ဂျစ်တိုက်နေတဲ့အချိန်မှာ စက်ဝိုင်း ငိုကြီးချက်မဖြစ်အောင် သတင်းကို သယ်လာသူကလည်း အပုလေးရယ်လေ... ။ ထစ်အ ထစ်အနဲ့ ပြေးလာပြီး..
" အစ်... အစ်မ... ဟို... ဟို... အရှူးကြီးကို ရထား ကြိတ်... ကြိတ်.. မိလို့တဲ့ ၊ သွေး.... သွေးတွေနဲ့.. သေ.. သေပြီတဲ့ "
" ဘာ... သေပြီဟုတ်လား "
စက်ဝိုင်း ချစ်ထူးကို ဂရုမစိုက်နိုင်တော့ဘူး ၊ အပစ်မရှိရှာတဲ့ အစ်ကို့ကို သနားစိတ်နဲ့ ဝမ်းနည်းပက်လက် ငိုချလိုက်တော့တယ် ။ ရှိုက်ကြီးတငင်ငိုချလိုက်မိတော့တယ် ။
အို.... ဘာပြောကောင်းမလဲ ၊ ချစ်ထူးရယ်လေ... မနာလို ဝန်တိုစိတ်နဲ့ စက်ဝိုင်းကို ဆဲတယ် ၊ ဆိုတယ် ၊ ဦးဘိုကြီးတို့ မလှမြင့်တို့ ဆွဲတဲ့ကြားက တွန်းထိုးပစ်တယ် ။ ပြီးတော့ ဘာတဲ့....
" ငါ နင်နဲ့ မနေဘူး ၊ သွားမယ် ၊ အလကားကောင်မ ၊ သစ္စာမရှိတဲ့ဟာမ ၊ နင့်ဘာသာ သေသေ ... နေခဲ့ "
သွားပါလား ၊ စက်ဝိုင်းကတော့ ဂရုမစိုက်ပေါင် ၊ လူတစ်ယောက် ဒီလောက်အဖြစ်ဆိုးတာကို စက်ဝိုင်းငိုတာ အပြစ်လား ... ။
ငိုမယ်... စက်ဝိုင်းငိုမယ် ။ အစ်ကို့ရဲ့ နောက်ဆုံးခရီးမှာ ငိုတာကလွဲရင် စက်ဝိုင်းဘာမှ လုပ်မပေးနိုင်ပါဘူး အစ်ကိုရယ်... ။
သည်နေ့နဲ့ဆို ချစ်ထူးထွက်သွားတာ ဆယ့်သုံးရက် ရှိသွားပြီ ။ ချစ်ထူး ထွက်သွားမှ ဆောင်းကပီသလာပြီး အေးလာတယ် ။ မိုးလည်း ပြတ်သွားပြီ ။ တကယ်ဆို စက်ဝိုင်းတို့ ကီလီကို ပြန်လို့ရပြီ ။ ဟို.. ရုပ်ရှင်ရုံ ပလက်ဖောင်းမှာနေတဲ့ အဘတောင် အစောကြီးပြန်သွားပြီ ။ မိုးလာခိုတဲ့ သာတီးဒီတွေလည်း နေရာဟောင်းတွေကို ပြန်ကုန်ကြပြီ ။

ချစ်ထူးက တကယ်ပဲ စက်ဝိုင်းကိုပစ်ထားခဲ့ပြီလား ။ စက်ဝိုင်း မတွေးခဲ့တဲ့ မလှမြင့်တို့ သားအမိဘဝမျိုး စက်ဝိုင်းရင်ဆိုင်ရတော့မှာလား ။ အလကားပါ ၊ ချစ်ထူးဟာ စက်ဝိုင်းကို ရက်စက်နိုင်ပါတယ် ။ နေ့စေ့ လစေ့ စက်ဝိုင်းလွယ်ထားရတဲ့ သူ့ရင်သွေးလေးကိုလည်း သင်း ရက်စက်နိုင်တာပဲ ။ စက်ဝိုင်း ဘယ်သူ့အားကိုးနဲ့ သည်ကလေးကို မွေးရပါ့မလဲ... ။
ချစ်ထူးမရှိမှ စက်ဝိုင်း အားငယ်တတ်လာတယ် ။ ဘယ်လောက်ပဲ တကျက်ကျက်ရန်ဖြစ် ရန်ဖြစ် ၊ စက်ဝိုင်းမှာ အားငယ်စိတ်ဆိုတာမရှိခဲ့ဘူး ။ ထမင်းရှာစားနေရတဲ့ ဒုက္ခကိုလည်း စက်ဝိုင်းပိုသိလာတယ် ။ တကယ်တော့ နေ့စေ့ လစေ့ကြီးနဲ့ စက်ဝိုင်းဘာမှ မလုပ်နိုင်ဘူး ။ ဦးဘိုကြီးနဲ့ မလှမြင့်တို့ ခွဲကျွေးနေလို့သာ ၊ သူတို့ ခွဲကျွေးတာလေးနဲ့ စက်ဝိုင်းအသက်ဆက်နေရတာ ။ စက်ဝိုင်းသမီးလေးဟာ စက်ဝိုင်းလိုပဲ ကံဆိုးရှာပါတယ် ။ ချစ်ထူးရယ်... နင် တို့သားအမိကို တကယ် ရက်စက်တယ် ။
" စက်ဝိုင်းရေ... မနေ့ညက မလှကုန်းမှာ စီမံချက်ဝင်လို့တဲ့ ၊ ဒီနေ့ည တို့ဆီများလာနေရင် ဒုက္ခတော့ "
မလှမြင့်က ဈေးလေးထဲကနေ အပြေးအလွှား ပြန်လာတယ် ။ ဒုက္ခပါပဲ ၊ မိုးကုန်တာနဲ့ စီမံချက်က စပြီထင်တယ် ။
ဘုရား... ဘုရား သမီးလေးကို စက်ဝိုင်း ထောင်ထဲမှာတော့ မမွေးပါရစေနဲ့ ။ မွေးမွေးချင်း သမီးလေး ထောင်ကျရတဲ့ အဖြစ်မျိုး မဖြစ်ပါရစေနဲ့... ။
" ဘယ့်နှယ့် လုပ်မလဲ မလှမြင့် ... ဟင် ၊ ကျွန်မဗိုက်ကလဲ တစ်ချိန်လုံးလှုပ်နေတာပဲ "
" ဘုတာကြီးရှေ့ပြန်အိပ်ရင်တော့ ဖြစ်တယ် ။ ဒါပေမယ့် ညည်း အဲဒီမှာနေရင် ဒုက္ခ ၊ ချစ်ထူးကလည်းအေ ... နေနိုင်လိုက်တာ ဒီလောက်ကြီးထိ "
" ချစ်ထူး သေများသွားပြီလား မသိဘူးနော်... မလှမြင့် ၊ သင်းက မူးမူးရူးရူးနဲ့ ၊ ရထားပေါ်တွေ ဘာတွေကများ ချော်ကျပြီး သေရင် သေမှာ "
" အို...ဖွဟဲ့... မဟုတ်ပါဘူးအေ .. ညည်းကလဲ "
စက်ဝိုင်း မျက်ရည်တွေ စိမ့်ကျလာတယ် ။ ချစ်ထူးရယ် တကယ်တော့ နင်သေမှာကို ငါသိပ်ကြောက်ပါတယ် ။ နင်ဘယ်မှာ ရောက်နေလဲ ။
" မလှမြင့်တို့ စက်ဝိုင်းတို့ ထုပ်ပိုးကြပေ့ ၊ ဒီထဲကလူတွေ ဒီနေ့ည ကျိုက္ကဆံကွင်းသွားနေကြတော့မလို့တဲ့ ၊ ငါတို့လဲ လိုက်ကြရအောင် "
ဦးဘိုကြီးက အဝေးကလှမ်းအော်လာတာကို ကြားကြားချင်း မလှမြင့်မျက်နှာ ဝင်းခနဲ ဖြစ်သွားတယ် ။
" ဟင်... ပြည်ထောင်စုပွဲက စပြီလား... ဦးဘိုကြီး ၊ ကျွန်မက စောသေးတယ် မှတ်တာ "
" စတော့ မစသေးဘူးပေါ့ ၊ ဒါပေမယ့် အလျင်နှစ်တွေလိုပဲပေါ့ ၊ ဈေးဆိုင်တွေဘာတွေ ခင်းကြင်းပြင်ဆင်နဲ့ လူတွေ နေကုန်ကြပြီ "

" ဒါဆို ဟန်ကြပြီ ၊ စက်ဝိုင်းဘာမှ မပူနဲ့ ၊ တို့ အဲဒီကွင်းမှာဆို တစ်လလောက်တော့ စီမံချက်ကို ဂရုစိုက်စရာမလိုဘူး သိလား ၊ ပွဲတွေလည်း ကြည့်ရမယ် ။ အစားအသောက်လဲမရှားဘူး ၊ အလုပ်လဲမရှားဘူး ၊ ပြည်ထောင်စုပွဲဟာ တို့လိုလူတွေအတွက် ပွဲတော်ပဲ "

စက်ဝိုင်း ချစ်ထူးကို ပိုသတိရလာတယ် ။ သူပဲ အားရဝမ်းသာပြောခဲ့တာလေ ။ စက်ဝိုင်းတစ်ခါမှ မရောက်ဖူးလို့ လိုက်ပို့ချင်တဲ့ ၊ သူ့ကလေးကို.. မွေးချင်တယ်ဆိုတဲ့ ပြည်ထောင်စုပွဲကို စက်ဝိုင်း ရောက်ရတော့မယ်ပေါ့ ။ အဲသည့်နေ့ညမှာ စက်ဝိုင်းတို့ ကျိုက္ကဆံကွင်းအရှေ့ဘက် ဘေးက အဝိုင်းလေးထဲမှာ နေရာယူကြတယ် ။ အဲသည်ညမှာပဲ အဝိုင်းလေးမြက်ခင်းထဲမှာ စက်ဝိုင်း ကလေးမွေးတယ် ။

ချစ်ထူးမွေးချင်တဲ့ ပြည်ထောင်စုကွင်းမှာ ချစ်ထူးလိုချင်တဲ့ သားလေး စက်ဝိုင်းမွေးတယ် ။

နက်ဖြန်ဆို ပြည်ထောင်စုပွဲကြီး စတဲ့နေ့တဲ့ ။

ကျိုက္ကဆံကွင်းကြီး တစ်ခုလုံး မီးရောင်တွေနဲ့ ထိန်ထိန်ညီးနေတာပဲ ။ ပွဲတော်မစခင်ကတည်းက ဈေးဆိုင်တွေ လူတွေနဲ့ စည်ကားနေခဲ့တဲ့ ပွဲဈေးတန်းကြီးရဲ့ ဘေးနားမှာ စက်ဝိုင်းတို့ သာတီးဒီတွေ ၊ အိမ်ခြေ ယာခြေမဲ့တွေ နေရာယူထားကြတယ် ။ မြို့တော် စီမံချက်ကနေ တစ်ခဏလွတ်မြောက်ရာ နယ်မြေ ။ ဈေးဆိုင်တွေမှာ ခိုင်းတာလုပ် ကျွေးတာစားပြီးရင် ပွဲကြည့်လိုက် ၊ မြက်ခင်းပေါ်ပြန်အိပ်လိုက် ၊ ဒါမှမဟုတ် ဇာတ်ရုံတွေမှာ သွားအိပ်လိုက်နဲ့ သည်အချိန်ဟာ ဘယ်လိုပျော်စရာကောင်းမှန်းမသိဘူးတဲ့ ၊ မလှမြင့်က ပြောတယ် ။ ဟုတ်မှာပါ ၊ အားလုံးက ဘယ်ကိုကြည့်ကြည့် ဘယ်သူ့ကို ကြည့်ကြည့် ပျော်နေကြသလိုပဲ ။ အထူးသဖြင့် စက်ဝိုင်းတို့လို ပျော်စရာရှားတဲ့ သာတီးဒီတွေအဖို့ သည်လိုအခါဟာ အခွင့်ထူး အခါထူးပေါ့နော် ။ ပျော်ရမယ့် အချိန်လေးမှာ ၊ သားရယ်... သည်ပွဲကြီးဟာ တို့သားအမိနဲ့ မဆိုင်သလိုပဲ ။ ရင်ခွင်ထဲမှာ စောင်ပိုင်လေးနဲ့ ထွေးပိုက်ထားတဲ့သာလေးကို စက်ဝိုင်းဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ငုံ့ကြည့်မိပြန်တယ် ။ ရုပ်က တကယ့် သူ့အဖေရုပ် ။ သိပ်ကို ချစ်ဖို့ကောင်းတဲ့သား ။ သည်သားကို အားကိုးပြီး စက်ဝိုင်းဘဝကို အများကြီး ရုန်းကန်ရဦးမယ် ။

အခြေအနေမဲ့ သာတီးဒီ သားအမိနှစ်ယောက် ဘဝနဲ့ ထမင်းနပ်မှန်အောင် စက်ဝိုင်းအများကြီး အလုပ်လုပ်ရဦးမယ် ။

" ဟဲ့... စက်ဝိုင်း ၊ မအိပ်သေးဘူးလား အိပ်တော့လေ ။ တို့စောင်တွေပါ ခြုံအိပ် ၊ တို့သားအမိက ပွဲထဲအိပ်မှာ "

မလှမြင့်တို့ သားအမိ ပွဲဈေးကနေ တစ်ခေါက်ပြန်လာကြတာ ပျာယာပျာယာနဲ့ . "ကဲ.. သွားမယ် ၊ ညည်းစိတ်မချလို့ လာကြည့်တာ " ဆိုပြီး ပြန်ထွက်သွားကြတယ် ။

ပျော်နေကြတဲ့ သူတို့ သားအမိနောက်ကနေ စက်ဝိုင်း ငေးကြည့်နေမိတယ် ။ ဦးဘိုကြီးလည်း ခုချိန်ဆို လက်ဖက်ရည်ဆိုင်မှာ ကူလုပ်ရင်း အာတော်တော် သွက်နေရောပေါ့ ။။

စက်ဝိုင်းမအိပ်ချင်သေးဘူး ၊ ကွင်းထဲက ထိုးထောင်ထွက်နေတဲ့ မီးရောင်တွေနဲ့ လူတွေကို ကြည့်ရတာ စိတ်သက်သာရာ ရသလိုပဲ ။ စက်ဝိုင်းရှေ့မှာ လမ်းလျှောက်နေတဲ့ မိသားစုတွေ ၊ အတွဲငယ်ငယ်လေးတွေ ၊ မိန်းကလေး အုပ်စုတွေ ကို တငေးတမော ကြည့်လိုက် ၊ စက်ဝိုင်းဘေးနားက ကွမ်းယာသည် ၊ မုန့်ဟင်းခါးသည် ၊ ခဲတံချောင်းသည်လေးတွေကို ကြည့်လိုက်နဲ့ သူတို့ဆီက အပျော်တွေ ၊ အရယ်အမောတွေဟာ စက်ဝိုင်း ရင်ထဲကို ကူးစက်လာသလိုပဲ ။

ကြည့်စမ်းပါဦး ... ဟိုမှာ ဂျီကျတွန့်လိမ်နေတဲ့ လေးနှစ်သားအရွယ် ကလေးလေး ။ ဖအေ့ပခုံးပေါ်မှာ တွန့်လိမ်နေလိုက်တာ ။ မအေက နောက်ကလိုက်ရင်း လက်ထဲက ပူစီဖောင်းအရုပ်ကလေး တလှုပ်လှုပ်နဲ့ ချော့လို့ ။ သူတို့ နောက်မှာက ရဟတ်စီးပြီး မူးလာတာလား မသိ ။ မျက်စိမှိတ်ပြီး ပခုံးပေါ်မှေးလာတဲ့ မိန်းကလေးကို ယောက်ျားလေးက တယုတယတွဲလို့ ။

သူတို့ နောက်မှာကျတော့ အဘိုးကြီး ၊ အဘွားကြီး နှစ်ယောက် ။ အဘိုးကြီးက လက်က တုတ်ကောက်လေး တဆဆနဲ့ လမ်းဘေးဈေးသည်တွေကို ပြပြီး အဘွားကြီးကို ဘာတွေပြောပြနေတယ် မသိဘူး ။ ခေါင်းတညိတ်ညိတ်နဲ့ လုပ်လာတဲ့ အဘွားကြီးရဲ့ ရုပ်ရည်ကလည်း ဖြူသန့်နေတာပဲ ။ အဘိုးကြီးနဲ့ အဘွားကြီးနောက်ကို ကပ်လိုက်လာတဲ့ ကောင်လေးနှစ်ယောက်က လူမိုက်ရုပ်လေးတွေ ။ မျက်နှာတွေက မူးနေတဲ့ပုံ ၊ တစ်ယောက်နဲ့ တစ်ယောက် ထိန်းဖက်လို့... ။

မဆုံးနိုင်တဲ့ လူတွေကိုကြည့်ရင်း သားက အဲ့ခနဲငိုတော့ သားကို စက်ဝိုင်း နို့တိုက်ရပြန်တယ် ။ ငြိမ်သွားတဲ့ သားကို တစိမ့်စိမ့် ကြည့်ရာက စက်ဝိုင်း ပြန်မော့လိုက်တော့ မဆုံးနိုင်တဲ့ လူတန်းကြီးရဲ့ နောက်နားမှာ ဖြည်းဖြည်းလျှောက်လာနေတဲ့ ၊ အထုပ်တစ်ထုပ်ကို ဆွဲပြီးလာနေတဲ့ လူပုံသဏ္ဍာန်တစ်ခု ၊ မျက်နှာ တစ်ခု ၊ ဟိုရှာ သည်ရှာ ရှာနေတဲ့ မျက်နှာ တစ်ခု.....

" ချစ်ထူး "

အို... စက်ဝိုင်းအသံ ဘယ်လောက်ကျယ်သွားလဲ ဆိုတာ စက်ဝိုင်း မသိတော့ဘူး ။ ချစ်ထူး စက်ဝိုင်းတို့ သားအမိဆီ ဝမ်းသာအားရ ပြေးလာတာ ၊ သားက တဝါးဝါး ငိုတာ ၊ စက်ဝိုင်း ငိုချလိုက်မိတာတွေကို စက်ဝိုင်း ဘာမှ မသိသလိုပဲ... ။

အိပ်မက်လိုပဲ ။ ချစ်ထူးက စက်ဝိုင်းလက်ကို ဆွဲလှုပ်ရင်း...

" ငါ ရှာလိုက်ရတာ ဟာ " တဲ့ ။ ကြည့်စမ်း... သူ ဘာမှ မဟုတ်သလို ။

" ဒီမှာ နင်လိုချင်တဲ့သား... ရော့ "

ချစ်ထူးက တဝါးဝါး ငိုနေတဲ့သားကို ပွေ့ချီနမ်းရင်း ဘေးမှာကျနေတဲ့ အထုပ်ကို မေးငေါ့ပြတယ် ။

" အဲဒီမှာ ၊ နင်စားဖို့ ခေါက်ဆွဲထုပ် ၊ ငါဝယ်လာတာ "

စက်ဝိုင်း ရယ်ချင်သွားရာက ရင်ထဲမှာ ကျေနပ်လို့လာတယ် ။ ချစ်ထူး ပြန်လာပြီ... ။ စက်ဝိုင်းတို့ သားအမိကို သူ မရက်စက်ပါဘူး နော် ။

" လာ...ထ ၊ နင် ပြည်ထောင်စုပွဲ တစ်ခါမှ မရောက်ဖူးဘူး ဆို ၊ လျှောက်ကြည့်ရအောင် .. လာ "

စက်ဝိုင်းက ပေါ့ပေါ့ပါးပါးထရပ်လိုက်ရင်း သူ့ကို ကြည့်နေတဲ့ ချစ်ထူးကို ...
" နင့်ကို သေပြီ မှတ်လို့ "
" အံမယ် ... ချစ်ထူးတို့က ဘယ်တော့မှ မသေဘူး သိလား "
ချစ်ထူးက အာကျယ်ပါကျယ်နဲ့ တအားအော်ပြောရင်း တဟားဟား ရယ်တော့ လမ်းသွားလမ်းလာ လူတွေက ကြည့်ကြတယ်။ ဘေးနားက ဈေးသည်တွေက ကြည့်ကြတယ် ။ သူတို့ ဘာများဖြစ်နေပါလိမ့် ဆိုတဲ့ အကြည့်တွေနဲ့ ။
အို... ကြည့်ကြစမ်းပါစေ ။ သားကို ပွေ့ထားတဲ့ ချစ်ထူးလက်ကို စက်ဝိုင်းခပ်တင်းတင်းလေး ဆုပ်ကိုင်လိုက်တယ် ။ တကယ်တော့ စက်ဝိုင်းတို့ဟာ လူတွေ အားလုံး ထက် နိမ့်ကျတဲ့ အခြေအနေမဲ့တွေပါ ။ ဒါပေမယ့် စက်ဝိုင်းတို့လည်း ပျော်ချင်တာပေါ့ ၊ ရယ်ချင်တာပေါ့ ။
စက်ဝိုင်းတို့လည်း လူတွေပဲ မဟုတ်ဘူးလား..... ။

ပြီးပါပြီ #နုနုရည်(အင်းဝ)

Continue..

https://web.facebook.com/hashtag/%E1%80%85%E1%80%AC%E1%80%9B%E1%80%AD%E1%80%AF%E1%80%80%E1%80%BA?source=feed_text&epa=HASHTAG&_rdc=1&_rdr